ဂ ရက် သတင်းဂျာနယ်
7DAY NEWS
JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၁) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက် ၊ ကြာသပတေး၊ (မတ် ၁၀ ၊ ၂၀၁၁)

TRI
MEN'S AND LADIES' WEARS



ရန်ကုန်မြို့အတွင်း ဖွင့်လှစ်ထားသည့် အဆင့်မြင့်ရှော့ပင်းစင်တာနှင့်ပလာဇာစုစုပေါင်း ၅၀ခန့်ရှိပြီး ၂၀၁၀စက်တင်ဘာလက အသစ်ဖွင့်လှစ်ခဲ့သည့် ဂျန်းရှင်းမော်တင်ဈေးဝယ်စင်တာအတွင်းပိုင်းအား တွေ့ရစဉ် ဓာတ်ပုံ - ရဲမောင်မောင်(အမရပူရ)

# ဆိုင်ခန်းငှားရမ်းခ မြင့်မားမှုကြောင့် စားသုံးသူ ဝန်ပိလာ

ယုဇနကိုကို၊ဝတ်ရည်

ရန်ကုန်မြို့တွင်းရှိ ဈေးဝယ်စင်တာများ၊ စူပါမားကက်များ၊ ကုန်တိုက်များနှင့် အခြားသော လူစည်ကားရာနေရာအများအပြားတို့တွင် ဆိုင်ခန်းငှားရမ်း၍ ရောင်းချကြသည့်ဆိုင်များသည် ငှားရမ်းခ မြင့်မားလာနေမှုများကြောင့် ကုန်စည်များကိုဈေးမြှင့်ရောင်းချနေကြရသည့်အတွက် ရေရှည်ရပ်တည်နိုင်ရေး ခက်ခဲလာနေကြောင်း လုပ်ငန်းရှင်များကသုံးသပ်သည်။

စာ(၂၇) သို့

# လောင်စာဆီဈေးမြင့်မားလာမှုကြောင့် ဒေသအလိုက် ကုန်စည်ပို့ဆောင်ခများ နှစ်ဆယ်ရာခိုင်နှုန်းခန့် မြင့်တက်

အောင်သူရ၊ပြည့်သိမ်း

ရန်ကုန်၊ မတ် - ၃

တစ်ဂါလန် ကျပ်လေးထောင်ကျော်ဈေးသို့ ရောက်ရှိသွားခဲ့သော ဒီဇယ်နှင့် ဓာတ်ဆီဈေးများမှာ ပြည်တွင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းအပေါ် သက်ရောက်မှုရှိလာကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့မှ မူဆယ်မြို့သို့ပို့ဆောင်ပေးနေသော ကုန်တင်ယာဉ်များ၏ တန်ဆာခမှာ ယာယီဈေးနှုန်းသတ်မှတ်ချိန်မှစ၍ ဈေးတက်လာခဲ့သော ကုန်တစ်တန်လျှင် ကျပ်နှစ်သိန်းဝန်းကျင်ရှိခဲ့သော ဈေးနှုန်းမှာ ယခုရက်ပိုင်းမှစ၍ ကျပ်ငါးသောင်းစီ ထပ်မံဈေးမြင့်တက်လာခဲ့ကြောင်း သိရှိရသည်။

စာ(၁၂)သို့

ပြည်ဝင်ခွင့် ဗီဇာ

# ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားမှုများကို ဗြိတိန်သံ ုံးက ခေတ္တဆိုင်းငံ့

နေလင်းထွန်း

ရန်ကုန်၊ မတ် - ၅

ဧပြီလမှစတင်၍ပြည်ဝင်ခွင့်လျှောက်ထားမှုပုံစံပြောင်းလဲမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံရုံးတွင် ပြည်ဝင်ခွင့်လျှောက်လွှာတင်သွင်းမှုများကို ခေတ္တရပ်ဆိုင်းမည်ဟု ကြေညာချက်ထုတ်ပြန်ထားကြောင်းသိရသည်။

စာ(၁၂)သို့

# ဘော်ဒါကျောင်း ၁၈ကျောင်း ပ မတန်းမှ န၀မတန်းအထိ ကျောင်းသားများကို အတန်းတင်စာမေးပွဲစစ်ခွင့်ရ



အတန်းတင်စာမေးပွဲ စစ်ခွင့်ရသည့် ဘော်ဒါကျောင်း ၁၈ကျောင်းတွင် ပါဝင်သည့် ရွှေပင်ရွှေသီး ဘော်ဒါဆောင် ဓာတ်ပုံ - နေလင်းထွန်း

နေလင်းထွန်း

ရန်ကုန်၊ မတ် - ၂

ပဉ္စမတန်းမှ နဝမတန်းအထိ အချိန်ပြည့် ပညာသင်ကြားခြင်းနှင့် အတန်းတင်စာမေးပွဲ စစ်ဆေးခြင်းတို့အတွက် ပြည်တွင်းရှိ တက္ကသိုလ်ဝင်တန်း ဘော်ဒါဆောင်ကျောင်း ၁၈ ကျောင်းအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်မှစတင်ဆောင်ရွက်ရန်ခွင့်ပြုချက်ရရှိခဲ့ကြောင်း သိရသည်။

ယခင်နှစ်က သတင်းထွက်ပေါ်ခဲ့သော ရန်ကုန်မြို့မှ ပုဂ္ဂလိကကျောင်း ၁၀ ကျောင်းနှင့် မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့မှ ဘော်ဒါဆောင် ၈ ကျောင်းတို့သည် ကျောင်းသားများအား အချိန်ပြည့် ပညာသင်ကြားခွင့်သာမက စာမေးပွဲစစ်ဆေးခွင့်ပါ ရရှိခဲ့ခြင်းဖြစ်သည်။

စာ(၁၂)သို့

7Day News ဂျာနယ်အား အစဉ်တစိုက်အားပေးခဲ့ကြသော စာဖတ်ပရိသတ်၏ကျေးဇူးကို တုံ့ပြန်သောအားဖြင့် ဂျာနယ် (၉)နှစ်ပြည့်နှစ်ပတ်လည်အထူးထုတ်ကို အချပ်ပို(၁၂)မျက်နှာဖြင့် မေတ္တာလက်ဆောင် ထည့်သွင်းဖြန့်ချိလိုက်ပါသည်



7 DAY NEWS JOURNAL
Vol.10, No.1 ▪ MARCH 10 , 2011

# နိုင်ငံတကာ စားအုန်းဆီဈေးကျသော်လည်း ပြည်တွင်းကိုယ်စားလှယ်ထုတ်ဈေးတက်

သိမ့်သိမ့်စိုး

ရန်ကုန်၊ မတ် - ၂

နိုင်ငံတကာ စားအုန်းဆီပေါက်ဈေးနှင့် ပြင်ပလက်ကားဈေးများ ကျဆင်းနေသော်လည်း စားအုန်းဆီကိုယ်စားလှယ်များ၏ ဘဏ်သွင်းဈေး မြင့်တက်ခဲ့ကြောင်း စားအုန်းဆီ ကိုယ်စားလှယ်များက ပြောသည်။

စားအုန်းဆီကိုယ်စားလှယ်များ ဆီထုတ်ဈေး(ဘဏ်သွင်းဈေး)မှာ တစ်ပိဿာလျှင် ၂,၀၁၅ ကျပ်မှ မတ်လ ၁ရက်တွင် ၂,၀၃၉ ကျပ်သို့မြင့်တက်ခဲ့သည်။

နိုင်ငံတကာ စားအုန်းဆီဈေးများမှာ ဖေဖော်ဝါရီလလယ်တွင် တစ်စည်လျှင် ၁,၃၅၀ ဒေါ်လာ၊ လကုန်ပိုင်းတွင် ၁,၂၂၅ဒေါ်လာထိ ကျဆင်းခဲ့သည်။

ထို့အတူ ပြင်ပစားအုန်းဆီလက်ကားဈေးကွက်၌လည်း တစ်ပိဿာလျှင် ၂,၇၄၀ ကျပ်မှ၂,၇၁၅ ကျပ်သို့ကျဆင်းနေချိန်၌ ကိုယ်စားလှယ်များ ဘဏ်သွင်းဈေး မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း စားအုန်းဆီကိုယ်စားလှယ်များက ပြောသည်။



စားအုန်းဆီခဲချိန် ဆောင်းရာသီကုန်က ရာသီပူလာပြီဖြစ်သည့်အတွက် စားအုန်းဆီသုံးစွဲသူ ပုံမှန်ပြန်လည်မြင့်တက်ချိန်လည်း ဖြစ်သည်။ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဆိပ်ကမ်းရောက်တစ်ပိဿာဈေးနှုန်းမှာလည်း ၂,၀၇၁ ကျပ်မှ ဖေဖော်ဝါရီလကုန်ပိုင်းတွင်၁,၈၈၈ ကျပ်သို့ ကျဆင်းခဲ့သည်။

ဘဏ်သွင်းဈေး ၂,၀၃၉ ကျပ်ဖြစ်၍ မြို့တွင်း ၃၃မြို့နယ် ပြန်ရောင်းဈေးမှာ ၂,၀၆၉ ကျပ် ဖြစ်ပြီး မြို့ပြင်ပြန်ရောင်းဈေးမှာ ၂,၀၇၉ ကျပ်ဖြစ်သည်။

ယခုရက်ပိုင်း မြေပဲဆီဈေးနှုန်းများမှာလည်း တစ်ပိဿာလျှင် ၄,၃၀၀ ကျပ်မှ ၄,၁၀၀ ကျပ်သို့ ကျဆင်းလာခဲ့သည်။

## ဈေးဝယ်စင်တာအချို့ အကြွေပြဿနာဖြေရှင်းသောနည်းလမ်းတွေ့

အောင်သူရ

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၆

ရန်ကုန်မြို့ရှိ ဈေးဝယ်စင်တာကြီးများတွင် ငွေအကြွေပြန်အမ်းရာ၌ အဆင်ပြေစေရန် တန်ဖိုးညီ စက္ကူကူပွန်များပြုလုပ်၍ ဆောင်ရွက်လာကြကြောင်းသတင်းရရှိသည်။

ငွေကျပ် ၅၀၊ ၁၀၀နှင့် ၂၀၀တန် အကြွေအဆင်ပြေစေရန် ကူပွန်များ ပြုလုပ်၍ သက်ဆိုင်ရာ ကုမ္ပဏီတံဆိပ်ရိုက်ကာ ငွေစက္ကူအစားပြန်အမ်းပေးခြင်းဖြစ်သည်။

"ငွေအကြွေပြန်အမ်းတဲ့နေရာမှာ အဆင်ပြေအောင် ဆောင်ရွက်ပေးတာပါ။ ဈေးဝယ်စင်တာကြီးတွေအားလုံးနီးပါးလုပ်လာကြပါပြီ"ဟု လပြည့်ဝန်းပလာဇာတွင် လူသုံးကုန်နှင့် စားသောက်ကုန်မျိုးစုံရောင်းချသောဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့အပြင် အင်တာနက်ဆိုင်များတွင် ပြန်အမ်းရမည့်ငွေ အကြွေပမာဏအား စာရွက်တွင်ရေးပေး၍ Code နံပါတ်တစ်ခု ပေးကာ ငွေစက္ကူအစား အမ်းလာကြကြောင်းသတင်းရရှိသည်။

# မြန်မာနိုင်ငံ အလယ်ပိုင်းတွင် ငါးရက်အတွင်း ငလျင်နှစ်ကြိမ်လှုပ်

**ငလျင်လှုပ်ခတ်မှု တစ်လအတွင်း အကြိမ်ရေ၂၀၀ဖြင့် မြန်မာနိုင်ငံတွင် လှုပ်ခတ်မှုအများဆုံးဖြစ်ခဲ့သော နေရာမှာ မန္တလေးမြို့ဖြစ်သည်**

အိဖြူမွန်

ရန်ကုန်၊ မတ် - ၃

မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ဒေသအချို့တွင် ရက်ပိုင်းအတွင်း အင်အားအနည်းငယ်ရှိသော ငလျင်လှုပ်ခတ်မှု ဆက်တိုက်ဖြစ်ပေါ်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားရေးမှူးဦးစီးဌာနမှ သတင်းရရှိသည်။

ယင်းလှုပ်ခတ်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများ မရှိခဲ့ချေ။ ဖေဖော်ဝါရီ ၂၄ရက်တွင် ရမည်းသင်းမြို့ အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ ၈ အဆင့်ရှိငလျင်တစ်ခု လှုပ်ခတ်ခဲ့သည်။ မြန်မာနိုင်ငံ ငလျင်ကော်မတီမှ ဦးစိုးသူရထွန်းက ယခုလပိုင်းအတွင်း ငလျင်လှုပ်သည့်အကြိမ်ရေ စိပ်လာခြင်းနှင့်ပတ်သက်၍ "ငလျင်ကြီးတွေ လှုပ်ရင်တော့ ရှေ့ပြေးနိမိတ်ငလျင်တွေက ရက်မခြားပါဘူး။ စိုးရိမ်တဲ့ အခြေအနေ မဟုတ်ပေမယ့်လည်း နှစ်ငါးဆယ်ကျော်ရင် ငလျင်လှုပ်နိုင်တဲ့ အန္တရာယ်ရှိတာမို့ သတိတော့ထားသင့်ပါတယ်။ အဲဒီလထဲမှာ ငလျင်လှုပ်တာတွေကတော်တော်များပါတယ်။ စစ်ကိုင်းပြတ်ရွေ့တိုက်ရိုက်ဆက်စပ်မှုတော့ မရှိဘူး"ဟု သုံးသပ်ပြောကြားသည်။

ရမည်းသင်းမြို့ အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာ လှုပ်ခတ်မှုအပြီး လေးရက်အကြာ ဖေဖော်ဝါရီ ၂၈ရက်၌ တောင်တွင်းကြီးမြို့၏ အနောက်ဘက် ၁၅မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ ၄အဆင့်ရှိသည့် ငလျင်လည်း ထပ်မံလှုပ်ခတ်ခဲ့သည်။

ယင်းလှုပ်ခတ်မှုများ မတိုင်မီတွင် အင်အားရစ်ချ်တားစကေး ၆ဒသမ၄အဆင့်ရှိသည်။ မြေငလျင်တစ်ခုသည် တမူးမြို့ အရှေ့မြောက်ဘက် ၃၅မိုင်အကွာကို ဗဟိုပြု၍လှုပ်ခတ်ခဲ့သည်။ ဖေဖော်ဝါရီလအတွင်း လှုပ်ခတ်ခဲ့သော မြေငလျင်များအနက် အင်အားအပြင်းဆုံးငလျင်တစ်ခုလည်းဖြစ်သည်။ ယင်းဒေသသည် မန္တလေးမြေငလျင်စခန်း၏အနောက်မြောက်ဘက်တွင် တည်ရှိ၍ ရက်ပိုင်းအတွင်း အင်အားအသင့်အတင့်ရှိသည့် မြေငလျင်များနှစ်ကြိမ် ဆက်တိုက်လှုပ်ခတ်ခဲ့သည်။

မြန်မာနိုင်ငံတွင် တစ်လအတွင်း လှုပ်ခတ်မှုများခဲ့သော နှစ်မှာ ၂၀၀၅ ခုနှစ်ကဖြစ်သည်။ ထိုစဉ်က မန္တလေးတွင် တစ်လအတွင်း အကြိမ် ၂၀၀မျှ လှုပ်ခတ်ခဲ့သည်။ ယင်းနောက် နမ့်စမ့်မြို့နှင့် အနီးတစ်ဝိုက်တွင်လည်း တစ်လအတွင်း အကြိမ် ၄၀ နှင့် ၅၀အကြား လှုပ်ခတ်ခဲ့သည်။ ယခုနှစ် နှစ်လအတွင်း ငလျင်လှုပ်ခတ်မှုသည် အကြိမ်ရေခြောက်ကြိမ်ရှိခဲ့သည်။

# ဂီရိမုန်တိုင်းသင့်ဒေသ ကယ်ဆယ်ရေးလုပ်ငန်းများ ကြက်ခြေနီက မတ်လကုန်အထိ ဆောင်ရွက်သွားမည်

သီဟ


ရန်ကုန်၊မတ် - ၄

ဂီရိဆိုင်ကလုန်းမုန်တိုင်း ဒဏ်သင့်ဒေသများတွင် ကယ်ဆယ်ရေးပစ္စည်းများဖြန့်ဝေခြင်း ကျန်းမာရေးကဏ္ဍများ၊ သန့်ရှင်းရေးကဏ္ဍများတွင် ပညာပေးဆောင်ရွက်ခြင်းများအား ယခုလကုန်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂီရိဒဏ်ခံရသည့် မြေပုံနှင့် ပေါက်တောမြို့နယ်များရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ Hygine Kit, Kitchen Set, Family Kit များဝေငှခြင်းလုပ်ငန်းများအား မုန်တိုင်းတိုက်ခတ်ပြီးချိန် အောက်တိုဘာ ၂၇ရက်မှ စတင်ကာ ဝေငှခဲ့ကြောင်း သိရသည်။

အလားတူ ရေတွင်းရေကန်များ ပြန်လည်သန့်စင်ပေးခြင်း၊ ရေကန်အသစ်များ တူးဖော်ပေးခြင်း၊ ရပ်ရွာသုံး ကျောင်းသုံး ယင်လုံအိမ်သာများ ဆောက်လုပ်ပေးခြင်းစသည့်လုပ်ငန်းများလည်း လုပ်ဆောင်ပေးကြောင်း သိရသည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက် ဥရောပကော်မရှင်၊ သဘာဝဘေး အန္တရာယ် အရေးပေါ်ကယ်ဆယ်ရေးရန်ပုံငွေ၊ဩစတြေးလျကြက်ခြေနီ အစရှိသည့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

# ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်း သုံးစွဲသူနှစ်သိန်းခန့်ရှိ



နိုင်ငံလူဦးရေနှင့် နှိုင်းယှဉ်လျှင် သုံးစွဲနိုင်သည့်အရေအတွက်မှာ အလွန်နည်းနေသေးသော်လည်း ယခုနှစ်ပိုင်းအတွင်း လက်ကိုင်ဖုန်းအသုံးပြုသူများမှာ လူတန်းစားတစ်ရပ်အသွင် မဆောင်တော့ပေ။ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ယုဇနကိုကို

ရန်ကုန်၊ မတ် - ၂

ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်းများကို တစ်နိုင်ငံလုံးအနှံ့သုံးစွဲနေသူ နှစ်သိန်းဝန်းကျင်ရှိနေပြီဖြစ်ကြောင်း ယင်းလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ပြီးခဲ့သည့် ၂၀၁၀၊ ဇန်နဝါရီလက စတင်ချထားပေးခဲ့သည့် အဆိုပါစီဒီအမ်အေ ၈၀၀ မဂ္ဂါဟတ်ဇ် ဖုန်းများသည် ဈေးနှုန်းသက်သာခြင်း၊ စတင်ချထားပေးပြီး မကြာမီတွင်ပင် ရွေ့လျားမိုဘိုင်းဖုန်းများအဖြစ်အသုံးပြုနိုင်ခဲ့သဖြင့် ယခုကဲ့သို့သုံးစွဲသူများနှစ်သိန်းအထိ တိုးတက်လာရခြင်းဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူကဆိုသည်။

"အရင်တစ်နှစ်ကျော်က လူတိုင်း မိုဘိုင်းမကိုင်နိုင်ဘူး။အခုတစ်နှစ်လောက် ကာလအတွင်းမှာ လူပေါင်းနှစ်သိန်းနီးပါးလောက် မိုဘိုင်းဖုန်းကိုင်လာနိုင်ပြီဆိုတော့ ဆက်သွယ်ရေးကဏ္ဍက တိုးတက်လာတယ်လို့ ပြောလို့ရပါတယ်။ ဒီထက်ပိုတိုးတက်လာဖို့ပဲ လိုပါတယ်"ဟု ပြည်တွင်းကွန်ပျူတာ ပညာရှင်တစ်ဦးကသုံးသပ်ပြောကြားသည်။

ယခုလက်ရှိ သုံးစွဲသူနှစ် သိန်းဝန်းကျင်ရှိနေပြီဖြစ်သည့် အဆိုပါဖုန်းများအား ရန်ကုန်နှင့် မန္တလေးမြို့များတွင်သုံးစွဲနေကြခြင်းဖြစ်ပြီး ရန်ကုန်တွင် ဖုန်းနံပါတ်ပေါင်း တစ်သိန်းခြောက်သောင်းကျော်နှင့် မန္တလေးတွင် ဖုန်းနံပါတ်အရေအတွက် လေးသောင်းခွဲကျော်အထိချထားပေးပြီးဖြစ်ကြောင်းသိရသည်။

ဂျီအက်စ်အမ်ဖုန်းများကဲ့သို့ မော်ဒယ်မြင့် အမှတ်တံဆိပ် ဟန်းဆက်များ အများအပြားမရှိသည့် အားနည်းချက်ရှိခဲ့သော်လည်း ယခုလက်ရှိကာလတွင်မူ Windows OS(Operation System) ပါရှိသည့် Google Andorid အမျိုးအစားဖုန်းများ ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် အင်တာနက်အသုံးပြုနိုင်သည့် စနစ်များကြောင့် အသုံးပြုသူများ ဆက်လက်ရှိနေကြောင်း သုံးစွဲသူများထံမှသိရသည်။

၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

## စက်သုံးဆီကို မျှတသောနှုန်းဖြင့် ရောင်းချရန် ပုဂ္ဂလိကစက်သုံးဆီဆိုင်များအား အသိပေး

အားမာန်

ရန်ကုန်၊ မတ် – ၅

ကမ္ဘာ့ရေနံဈေးနှုန်း ဆက်တိုက်မြင့်တက်မှုကြောင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများလည်း မြင့်တက်နေရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များကို သင့်တင့်မျှတသောဈေးနှုန်းဖြင့် ရောင်းချပေးရန် မတ်လ၃ရက်က ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနရုံးတွင် မတ်လ၃ရက်နေ့ကပြုလုပ်ခဲ့သော အစည်းအဝေး၌ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ တာဝန်ရှိသူများကို သက်ဆိုင်ရာမှ ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်နေသော်လည်း ပြည်တွင်း၌ စက်သုံးဆီများကို မျှတသောနှုန်းဖြင့်ရောင်းချရန် မှာကြားခဲ့ခြင်းဖြစ်ကြောင်း အစည်းအဝေးတက်ရောက်ခဲ့သူများကပြောသည်။ စာ(၁၂)သို့

စာ(၁၂)သို့

# ဝက်နားရွက်ပြာရောဂါကြောင့် မန္တလေးတွင် ဝက်များသေဆုံး

စိုင်းသာအောင်၊ ညီညီဇော်

မန္တလေး၊ မတ် – ၄

မန္တလေးမြို့ရှိ မြို့နယ်အချို့တွင် ဖေဖော်ဝါရီပထမပတ်မှ စ၍ ဝက်များသေဆုံးနေခြင်းမှာ ဝက်နားရွက်ပြာရောဂါကြောင့်ဖြစ်ကြောင်း တာဝန်ရှိသူကပြောသည်။

ဝက်များရုတ်တရက်သေဆုံးမှုနှင့် ပတ်သက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန (မန္တလေးတိုင်းဒေသကြီးရုံး)မှ တိုင်းဦးစီးဌာနမှူးက "မန္တလေးမြို့တော်ရေိယာချမ်းအေးသာစံ၊ အောင်မြေသာစံ၊ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်၊ အမရပူရမြို့နယ်တို့မှ ဖေဖော်ဝါရီ ၁ ရက်မှ မတ်လ ၃ ရက်အထိ ဝက်တွေ ရုတ်တရက်ရောဂါဖြစ်သေဆုံးတာဝက်ကောင်ရေ ၃၃၀ ခန့်ရှိပါတယ်။ ဝက်တွေ ရုတ်တရက်သေဆုံးမှုဖြစ်စဉ်ကို တိမွေးကုဦးစီးဌာန သိလျှင်သိချင်းချက်ချင်းကာကွယ်ကုသရေး လုပ်ငန်းတွေလုပ်ပါတယ်။ အစားတွေ မသန့်ရှင်းတာ၊ ခြံတွေ မသန့်ရှင်းတာလဲပါတယ်။ ဖြစ်ပွားတဲ့ ရောဂါက ဝက်နားရွက်ပြာရောဂါပါ။ အရင်က မြန်မာနိုင်ငံမှာ တစ်ခါမှ မဖြစ်ဘူးပါဘူး"ဟု ပြောသည်။

အဆိုပါ ရောဂါထိန်းချုပ်ရေးနှင့်ပတ်သက်၍လည်း "ဝက်နားရွက်ပြာရောဂါနဲ့ပတ်သက်ပြီး၊ ရောဂါ ချက်ချင်းထိန်းချုပ်နိုင်ဖို့အတွက် အစာတွေသန့်ရှင်းရေး၊ ဝက်ခြံတွေ သန့်ရှင်းရေး၊ ရောဂါ မပြန့်ပွားရေးအတွက် အဖွဲ့တွေဖွဲ့ပြီး ဆေးဝါးကုသတယ်။ ခြံတွေ သန့်ရှင်းရေးအတွက် ဆေးဖြန်းပေးတယ်။ ဝက်သေတွေကို ဈေးကွက်မှာ မရောင်းဘဲ မြေမြှုပ်ပစ်ပါတယ်။ မတ်လ ၃ ရက်မှာ မန္တလေးမှာ ဖြစ်တဲ့ဝက်နားရွက်ပြာရောဂါကို ထိန်းချုပ်နိုင်ပါပြီ။ ဒီရောဂါကတော့ အသက်ရှူလမ်းကြောင်းနဲ့ မျိုးပွားလမ်းကြောင်း



ပြည်တွင်းဝက်မွေးမြူမှုပုံစံမှာ အများစုက အစာစနစ်သီးသန့်မရှိဘဲ စားကြွင်းစားကျန်များကိုသာ စုစည်းကျွေးမွေးသည့်ပုံစံမျိုးဖြစ်နေသည်။ ဓာတ်ပုံ–ဂျေမောင်မောင်(အမရပူရ)

မှာ ရောဂါပိုးကပ်ပြီး အစာမစားနိုင်ဘဲ ဝက်တွေချက်ချင်းသေဆုံးကြတာပါ"ဟု ၎င်းကဆက်လက်ပြောသည်။

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ အိမ်ရှင်မတစ်ဦးက "ကျွန်မတို့ ရပ်ကွက်က ဆင်းရဲသားရပ်ကွက်ဆိုတော့ ဝက်မွေးမြူသူတွေ များပါတယ်။ စောစောက ဝက်တွေ သေတာဘာရောဂါမှန်းမသိဘူး။ ရိုးရိုးသေတာထင်ပြီး ရပ်ကွက်ထဲမှာ ဝက်သားတစ်ပိဿာ ကျပ်၅,၀၀၀ ကျပ်၊ နောက် ကျပ် ၄,၀၀၀နဲ့ ကျပ် ၃,၀၀၀ထိ ဝက်သားတွေရောင်းကောင်းတယ်။ နောက်ကျမှ ဝက်တွေက ရောဂါနဲ့သေတာဆိုလို့ ဝက်သားမစားရဲတော့ဘူး။ ဘယ်သူမှ မဝယ်တော့ဘူး။ နောက်ဆုံး ဝက်သားတစ်ပိဿာ ကျပ် ၂,၀၀၀ အထိရောင်းတာတောင် ဝယ်မယ့်သူမရှိဘူး။ အချို့သူတွေကမူဆယ်ဘက်ပို့ဖို့အတွက် ဝက်သားခြောက် ဝက်ဆီဖတ်ကြော်၊ ဝက်အူချောင်းလုပ်ဖို့ဆိုပြီး တစ်ပိဿာ ကျပ် ၂,၀၀၀နဲ့ ဝယ်တဲ့လူတွေလည်းရှိတယ်။ နောက်တော့ တိမွေးကုက ဝက်သေတွေကို ရောင်းခွင့်မပြုဘူးလို့ အသိပေးတယ်" ဟု ပြောသည်။

အမရပူရမြို့နယ်မှ ဝက်မွေးထားသူတစ်ဦးကလည်း "အစ်မတို့မှာ ချမ်းသာတာဆိုလို့ ကလေးတွေနဲ့ ဝက်တွေပဲရှိတာ။ အခုသေသွားတဲ့ဝက်ဆို သုံးသိန်းလောက်တန်တယ်။ အသေကိုပြန်ရောင်းလိုက်တော့ သုံးသောင်းပဲရတယ်" ဟု ညည်းညူရင်းပြောသည်။

ယခုနှစ်ဆန်းပိုင်း ရခိုင်ပြည်နယ်၊ စစ်တွေမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ဒေသအချို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့သည်။ ထို့နောက်စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်အချို့တွင်လည်း နွားများ ခွာနာ၊ လျှာနာဖြစ်ပွားခဲ့၍ သေဆုံးခဲ့ကာ ယခုဝက်များ သေဆုံးနေပြန်သည်။



7 DAY NEWS JOURNAL
Vol.10, No.1 · MARCH 10 , 2011

CRIME CORNER

## ကျပ်နှစ်သောင်းတန် ရွှေနားကွင်းရယူလို ငါးနှစ်အရွယ်ကလေးငယ်ကို သတ်

အိဖြူလွင်

ရန်ကုန်၊ မတ် - ၅

ငွေကျပ် နှစ်သောင်းခန့် တန်ဖိုးရှိသော ရွှေနားကွင်းအား ရယူလို၍ ငါးနှစ်အရွယ် ကလေးငယ်အား သတ်ခဲ့သည့် လူသတ်လုယက်မှု တစ်ခု ပဲခူးတိုင်းသာယာဝတီမြို့နယ်တွင်ဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှသိရသည်။

သာယာဝတီမြို့နယ်၊ စာဖြူစုကျေးရွာတွင် ဖေဖော်ဝါရီလ ၂၈ရက်က အဆိုပါ လူသတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကျေးရွာအတွင်း နေထိုင်သူ ငါးနှစ်အရွယ် ကလေးငယ်အား တစ်ရွာတည်းနေ အသက် ၂၀နှစ်နှင့် အသက် ၂၁နှစ်ရှိ ဇနီးမောင်နှံနှစ်ဦးက သရက်သီးကောက်ရန် ရွာအရှေ့ဘက် ၂ဖာလုံခန့်အကွာရှိ ရေနံချက်စက်ရုံဝင်းသို့ ချော့မော့ခေါ်သွားခဲ့သည်ဟုသိရသည်။

စက်ရုံဝင်းအတွင်းရှိ ငါးကန်ဘောင်အနီး၌ ကလေး၏ လည်ပင်းကို ညှစ်ကာ ရွှေနားကွင်းအား ချွတ်ယူ၍ ရေကန်အတွင်း ရေနစ်သတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါအမှုကို သာယာဝတီရဲစခန်းမှ (ပ)၄၂/၂၀၁၁ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂/၃၀၂ (လုယက်မှု/လူသတ်မှု)ဖြင့် အမှုဖွင့်၍ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ကျခံစေရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ဥက္ကံမီးကြောင့် နေအိမ်နှစ်လုံး ဆုံးရှုံး

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၃

ဥက္ကံမြို့နယ်တွင် ဖေဖော်ဝါရီ ၁၉ရက်က မီးဖိုမီးကြွင်းမီးကျန်မှ စတင်လောင်ကျွမ်းသောမီးလောင်မှုကြောင့် နေအိမ်နှစ်လုံး ဆုံးရှုံးခဲ့ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

အဆိုပါမီးလောင်မှုမှာ ဥက္ကံမြို့နယ် ဆင်ဖြူရှင်ရပ်ကွက်၊ အောင်ချမ်းသာ ၃လမ်းရှိ နေအိမ်မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် ၁၀ပေ× ၁၅ပေ အကျယ်ရှိသော သုံးပင် ၂ခန်း၊ ဓနိမိုး၊ ထရံကာ၊ ကြမ်းခင်း အိမ်အမျိုးအစားနှစ်လုံး မီးလောင်ခဲ့သည်။

ယင်းအိမ်နှစ်လုံး မီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးမှာ ၇၀,၀၀၀ကျပ်ရှိသည်ဟု ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှ ခန့်မှန်းပြောကြားသည်။ အဆိုပါအိမ်ထောင်စုနှစ်ခုမှ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသောသူလေးဦးအား ရွှေဘိုဘုန်းကြီးကျောင်း၌ ကယ်ဆယ်ရေးစခန်းဖွင့်ထားကြောင်း သိရသည်။

မီးစတင်လောင်ကျွမ်းချိန် မှာ ၁၉ ရက်နေ့လယ် ၁နာရီကဖြစ်ပြီး ၁နာရီ ၁၅မိနစ်ခန့်၌ သတင်းရရှိ၍ ၁နာရီခွဲတွင် မီးထိန်းနိုင်ကာ ၁ နာရီ ၃၅မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း အထက်ပါဌာနကပြောသည်။ ယင်းမီးလောင်မှုသို့ ဥက္ကံမြို့မှ မီးသတ်ယာဉ်၃စီး၊ မီးသတ်တပ်ဖွဲ့ဝင်၁ဦးနှင့် အရန်၁၅ဦး သွားရောက်ငြိမ်းသတ်ခဲ့ကြောင်းသိရသည်။

# ရတနာဓာတ်ငွေ့စီမံကိန်းက ထိုင်းနိုင်ငံစွမ်းအင်လိုအပ်ချက် နှစ်ဆယ်ရာခိုင်နှုန်းကို တင်ပို့ရောင်းချနေ

နေလင်းထွန်း

ကံပေါက်၊ မတ် - ၁

**ကမ်းလွန်သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းတစ်ခုဖြစ်သော ရတနာစီမံကိန်းမှ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံဈေးကွက်သို့ နေ့စဉ် ဓာတ်ငွေ့ကုဗပေသန်း ၇၀၀ကျော် ရောင်းချလျက်ရှိကြောင်း တိုတယ်အီးအင်ပီ (မြန်မာ)မှသိရသည်။**

၂၀၁၀ပြည့်နှစ်အတွင်း ဓာတ်ငွေ့ထုတ်လုပ်မှုသည် နေ့စဉ်ပျမ်းမျှ သန်းပေါင်း ၇၂၈ ကုဗပေရှိခဲ့ပြီး ထိုင်းနိုင်ငံသို့ ကုဗပေသန်း ၆၀၀ ကျော်နှင့် ပြည်တွင်းသို့ ကုဗပေသန်း ၁၂၀ ကျော် ပို့လွှတ်လျက်ရှိကြောင်းသိရသည်။

ရတနာစီမံကိန်းသည် ဧရာဝတီတိုင်းဒေသကြီးရှိ ကမ်းလွန်ပင်လယ်ပြင်တွင်တည်ရှိပြီး ရတနာ၊ စိန်နှင့် ပတ္တမြားဓာတ်ငွေ့သိုက်တို့တွင် သဘာဝဓာတ်ငွေ့



ဓာတ်ပုံ - နေလင်းထွန်း

**ထိုင်းနိုင်ငံသို့ဓာတ်ငွေ့ပို့လွှတ်သည့် ရတနာဓာတ်ငွေ့စီမံကိန်းအထိုင်ပိုက်လိုင်းနေရာ။**

ကုဗပေ ၆ထရီလီယံကျော် ခို အောင်းနေနိုင်ကြောင်းသိရသည်။

အဆိုပါစီမံကိန်းမှနေ၍ ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရောင်းချလျက်ရှိပြီး ၎င်းနိုင်ငံ၏ စွမ်းအင်သုံးစွဲမှု ၂၀ ရာခိုင်နှုန်းကို ထောက်ပံ့ပေးလျက်ရှိကြောင်းသိရသည်။

ရတနာစီမံကိန်းမှ ၁၉၉၈ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့စတင်ပို့လွှတ်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် ပြည်တွင်းအသုံးပြုမှုအတွက် ဓာတ်ငွေ့ပို့လွှတ်ခဲ့ကြောင်း သိရသည်။

၂၀၀၆ခုနှစ်တွင် မြိုင်ကလေးမှ ရန်ကုန်သို့ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းတိုးချဲ့လိုက်ခြင်းကြောင့် ကုဗပေသန်း ၅၀ မှသန်း ၁၁၀ ထိ တိုးမြှင့်၍ နေ့စဉ်ပို့လွှတ်နိုင်ခဲ့သည်။



**ဆိုင်မှဝယ်ယူလာသည့်ဆီကို တစ်ဆင့်ပြန်လည်ရောင်းချနိုင်သည့် အရောင်းအဝယ်နေရာတစ်နေရာအား ရန်ကုန်မြို့တစ်နေရာတွင် ယခုလ ၅ရက်ကတွေ့ရစဉ်။**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# လမ်းပေါ်တွင် စက်သုံးဆီပြန်ရောင်းခြင်း တွေ့က ဒဏ်ငွေ ၃ နှစ်သောင်း ပေးဆောင်ရမည်

အောင်သူရ

ရန်ကုန်၊ မတ် - ၁


ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဝယ်ယူ၍တစ်ဆင့်ပြန်လည်ရောင်းချသူများအား ကားလမ်းမများပေါ်တွင် ထုတ်၍ ရောင်းချနေသည်ကို တွေ့ရှိပါက ဒဏ်ငွေကျပ် ခုနစ်သောင်းပေးဆောင်ရမည်ဟု သတင်းရရှိသည်။

"နွေရာသီရောက်လာတော့ မီးအန္တရာယ်အတွက် စိုးရိမ်လို့ဆိုပြီး အကြောင်းကြားလာတာ။ ယာဉ်ထိန်းပါတယ်၊ ရဲပါတယ်၊ အုပ်ချုပ်ရေးအဖွဲ့တွေပေါင်းပြီးတွေ့ရင် ဒဏ်ရိုက်မယ်လို့ အကြောင်းကြားလာတာပါ"ဟု ကမာရွတ်မြို့နယ်တွင် နေထိုင်ပြီး လေးဘီးကားဖြင့် ဆီဝယ်ရောင်းလုပ်သူတစ်ဦးကဆိုသည်။

ထို့အပြင် မြန်မာနိုင်ငံ အနှံ့အပြားရှိ မြို့အချို့တွင် မြို့တော်စည်ပင်က သတ်မှတ်ထားသော စည်ပင်နယ်နိမိတ်အတွင်း ဓာတ်ဆီ၊ ဒီဇယ်များအား မတ်လဆန်းမှစ၍ ရောင်းချခွင့် မပြုတော့ကြောင်း သိရှိရသည်။

ပွင့်လင်းရာသီရောက်ရှိလာချိန်မှစ၍ နယ်မှ ဓာတ်ဆီဝယ်လိုအားမြင့်လာကာ ပြင်ပပေါက်ဈေးမြင့်လာသဖြင့် လေးဘီးကားအပါအဝင် အချို့သော ဓာတ်ဆီကားများမှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်များတွင် တန်းစီ၍ ဓာတ်ဆီထုတ်ကာ ဝယ်ရောင်းပြုလုပ်လာကြသည်။

လက်ရှိပုဂ္ဂလိက ဓာတ်ဆီဆိုင်များတွင် ဓာတ်ဆီတစ်ဂါလန်အား ၂,၆၀၀ ကျပ်ဖြင့် ရောင်းချပေးနေသောလည်း ပြင်ပပေါက်ဈေးတွင် ဓာတ်ဆီတစ်ဂါလန် ၄,၀၀၀ ကျပ်နီးပါး ရောက်ရှိနေကြောင်းသိရှိရသည်။




TRI
LIVESBRILLIANTLY
Travelling With TRI


i-MAX
COLLECTION
Ph:(01)-203166,200796
MY STYLE // MY DREAM
MEN'S AND LADIES WEARS

7 DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

## ကျပ်တစ်သောင်းတန် ငွေဖြည့်ကတ်များကို ငွေရင်းအတိုင်း ရောင်းချသည့်ဆိုင်များပစ္စည်းပြတ်နေ

**အောင်သူရ**

**ရန်ကုန်၊ မတ် – ၄**

ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်းများအတွက် အသုံးပြုရသော ကျပ်တစ်သောင်းတန် ငွေဖြည့်ကတ်များအား ငွေရင်းအတိုင်း ကျပ်တစ်သောင်းဖြင့် ရောင်းချသောဆိုင်များတွင် ပစ္စည်းပြတ်နေကြောင်း ဝယ်ယူသူများကပြောသည်။

"လှည်းတန်း၊ အင်းစိန်လမ်းပေါ်မှာရှိတဲ့ တစ်သောင်းနဲ့ရောင်းတဲ့ဆိုင်ရော တစ်သောင်းငါးရာနဲ့ ရောင်းတဲ့ဆိုင်အားလုံး လိုက်ဝယ်တာ ဘယ်ဆိုင်မှမရခဲ့ဘူး"ဟု မတ်လ ၄ရက်က ကျပ်တစ်သောင်းတန် ငွေဖြည့်ကတ်လိုက်လံဝယ်သူတစ်ဦးကပြောသည်။

အဆိုပါ ငွေဖြည့်ကတ်များမှာ မတ်လ ၃ရက် ညနေပိုင်းမှစ၍ ပစ္စည်းပြတ်နေကြောင်း ရန်ကုန်မြို့တွင်းရှိ ဖုန်းကတ်ရောင်းချသူဆိုင်ရှင်အချို့ဆိုသည်။

"ကုမ္ပဏီနှစ်ခုကနေ အပြိုင်ရောင်းနေတာ ဘာကြောင့် ပစ္စည်းပြတ်တာလဲမသိဘူး။ ကျွန်တော်တို့ကတော့ ပုံမှန်ရောင်းပေးနေပါတယ်"ဟု အဆိုပါငွေဖြည့်ကတ်များအား မြန်မာ့ဆက်သွယ်ရေးမှ ကိုယ်စားလှယ်ယူရောင်းချနေသော Elite Tech ကုမ္ပဏီမှ တာဝန်ရှိသူကပြောသည်။

သို့သော် ကျပ်တစ်သောင်းတန်ကတ်အား ကျပ်တစ်သောင်းငါးရာနှင့် သုံးသောင်းတန်ကတ်အား ကျပ်သုံးသောင်းတစ်ထောင်ဖြင့် ရောင်းချသောဆိုင်များတွင်မူ ဝယ်ယူ၍ရရှိနေသည်ဟုဆိုသည်။

## ဖေဖော်ဝါရီတစ်လအတွင်း ရန်ကုန်တိုင်း ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၁၁ဦးရှိ

**သားကျော်**

**ရန်ကုန်၊ မတ် – ၄**


ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းတွင် ၂၀၁၁ ခုနှစ်ဖေဖော်ဝါရီလအတွင်း ယာဉ်မတော်တဆမှုပေါင်း ၆၉မှု ဖြစ်ပွားခဲ့ကာ ၁၁ဦး သေဆုံးခဲ့ကြောင်းသိရသည်။

ဇန်နဝါရီလ အတွင်းဖြစ်ပွားမှုထက် ၂၁မှုလျော့နည်းသွားကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီမှထုတ်ပြန်သော စာရင်းဇယားများအရသိရသည်။

ဖေဖော်ဝါရီလအတွင်း ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူအရေအတွက်မှာလည်း လျော့ကျခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူအရေအတွက်မှာလည်း ၉၈ ဦးရှိခဲ့ကြောင်း သိရသည်။

ဇန်နဝါရီလအတွင်း၌ ယာဉ်မတော်တဆမှုပေါင်း ၉၀လ မှုဖြစ်ပွားခဲ့၍ သေဆုံးသူ ၁၇ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၁၅ ဦးအထိရှိခဲ့သည်။ အဆိုပါထုတ်ပြန်ထားသော စာရင်းဇယားများအရ ကိုယ်ပိုင်ယာဉ်များကြောင့် ဖြစ်ပွားမှုမှာ ဖေဖော်ဝါရီလ၌ ၃၄ မှုဖြစ်ပွားခဲ့၍ ဇန်နဝါရီလ၌ ၄၀မှုဖြစ်ပွားခဲ့သည်။

## ကြက်သွန်နီပေါ်ချိန်ဖြစ်သည့်အပြင် အထွက်နှုန်းမြင့်နေ ဈေးကျဆင်း



ဘုရင့်နောင်ကြက်သွန်ပွဲရုံမှ လုပ်သားများ ကြက်သွန်ရွေးကြစဉ်။ ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ် – ၄**

ကြက်သွန်နီအသစ်များ ပေါ်ချိန်ရောက်၍ ဈေးနှုန်းများ ကျဆင်းလာကြောင်း ဘုရင့်နောင်ကြက်သွန်ဈေးကွက်တွင်းမှ စုံစမ်းသိရသည်။

ကြက်သွန်ဈေးနှုန်းကျဆင်းခြင်းမှာ မိုးကြက်သွန်အသစ်များသည် ဇန်နဝါရီလဆန်းပိုင်းမှစ၍ ထွက်ပေါ်နေပြီး မတ်လကုန်ထိဆက်ရှိနေမည်ဖြစ်သည့်အပြင် ကြက်သွန်အထွက်များလာခြင်းကြောင့်ဖြစ်သည်ဟု ပွဲရုံလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ဆိပ်ဖြူကြက်သွန်မှာ ပြီးခဲ့သည့်တစ်ပတ်အတွင်း၌တစ်ပိဿာ ၄၀၀-၅၇၅ ကျပ်ရှိနေရာမှ ယခုလ ၄ ရက်တွင် တစ်ပိဿာ ၃၂၅-၅၀၀ ကျပ်သို့ကျဆင်းလာခဲ့သည်။

ရှမ်းကြက်သွန်ဖြူမှာ တစ်ပိဿာ ၂,၀၀၀-၂,၉၀၀ ကျပ်မှ ၁,၆၀၀-၂,၂၀၀ ကျပ်ထိ တစ်ပိဿာ ၇၀၀ ကျပ်ကျဆင်းလာသကဲ့သို့ ကြူကုတ်ကြက်သွန်မှာလည်း တစ်ပိဿာ ၃,၂၀၀-၃,၃၀၀ ကျပ်မှ ၃,၁၀၀-၃,၂၀၀ ကျပ်ထိ ကျဆင်းလာခဲ့သည်။

လက်ရှိကြက်သွန်ဈေးကွက်တွင် မိုးကြက်သွန်အသစ်တစ်မျိုးတည်းသာ ဝင်ရောက်နေသေးသော်လည်း ယခုလကုန်တွင် နွေကြက်သွန်များပါ ဝင်ရောက်လာမည်ဖြစ်၍ ယခုကဲ့သို့ ဈေးစတင်ကျဆင်းလာခြင်းဖြစ်ကြောင်းသိရသည်။

"အခု ဝင်နေတဲ့ မိုးကြက်သွန်နဲ့ နွေကြက်သွန်ပါထွက်လာရင် ပုံမှန်လည်း ဈေးကျတတ်တယ်။ နွေကြက်သွန် ပေါ်တဲ့အချိန်ဆို လှောင်လက်သမားတွေ လှောင်တဲ့ရာသီလည်း ရောက်ပြီဆိုတော့ ဈေးက ဆက်ကျနိုင်သေးတယ်"ဟု ကြက်သွန်ပွဲစားတစ်ဦးက ပြောသည်။ ပုံမှန်အားဖြင့် နွေကြက်သွန်ပေါ်သည့်ကာလ လှောင်လက်သမားများလှောင်ချိန်တွင် ကြက်သွန်ဈေးမှာ တစ်ပိဿာ ၂၀၀-၂၅၀ ကျပ်ထိ ကျဆင်းလေ့ရှိကြောင်း သိရသည်။

## ပင်ရင်းဖြတ်တောက်ခွန် အက်ဖ်အီးစီဖြင့် ပေးသွင်း၍မရတော့

**အားမာန်၊ အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၂၈**

**သွင်းကုန် လုပ်ငန်းများအပေါ် ကောက်ခံသော ပင်ရင်းဖြတ် တောက်ခွန် (Withholding Tax) ပေးသွင်းရာတွင် ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်၍ အက်ဖ်အီး စီဖြင့် ပေးသွင်းခွင့်လက်ခံရာမှ ဖေဖော်ဝါရီနောက်ဆုံးပတ်မှစ၍ အက်ဖ်အီးစီဖြင့် ပေးသွင်းခြင်းကို လက်မခံတော့ကြောင်း သွင်းကုန်လုပ်ငန်းရှင်များက ပြောသည်။**

သွင်းကုန်လုပ်ငန်းများအပေါ် ပင်ရင်းဖြတ်တောက်ခွန်အဖြစ် ပစ္စည်းတန်ဖိုး၏ ၃ဒသမ ၃ရာခိုင်နှုန်း ပေးဆောင်စေခြင်းကို ယခုနှစ်ဇန်နဝါရီလ ၁ရက်မှ စတင်ခဲ့သည်။ ထိုအခွန်စတင်စည်းကြပ်ပြီး တစ်လအကျော်တွင် အက်ဖ်အီးစီဖြင့် ပေးဆောင်ခြင်းကို စတင်လက်ခံခဲ့ကြောင်း လုပ်ငန်းရှင်များကပြောသည်။ ထို့ကြောင့် အက်ဖ်အီးစီးဈေးနှုန်းများမှာ ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်၍ဆက်တိုက်မြင့်တက်လာခဲ့သည်။

အက်ဖ်အီးစီး တစ်ယူနစ်လျှင် ကျပ် ၈၀၀အောက်သာရှိခဲ့ရာမှ ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် ကျပ်၉၀၀ ဝန်းကျင်ထိ ဆက်တိုက်တက်ခဲ့ခြင်းဖြစ်သည်။ သို့သော် အက်ဖ်အီးစီဖြင့် ၃ ဒသမ ၃ရာခိုင်နှုန်းအခွန်ပေးဆောင်ခြင်းကို နောက်ဆုံးလက်ခံခဲ့သော ဖေဖော်ဝါရီလနောက်ဆုံးပတ်မှ စတင်၍ ဈေးနှုန်းများ ပြန်လည်ကျဆင်းလာသည်။ ဖေဖော်ဝါရီ ၂၈ရက်တွင် အက်ဖ်အီးစီး တစ်ယူနစ်လျှင် ၈၆၅ကျပ်ဈေးပေါက်သည်။ ထိုသို့ ပင်ရင်းဖြတ်တောက်ခွန်ကို အက်ဖ်အီးစီဖြင့် ပေးသွင်းခြင်းလက်မခံတော့သည့်အတွက် အက်ဖ်အီးစီတန်ဖိုးများ လာမည့်ရက်ပိုင်းအတွင်း ဆက်လက်ကျဆင်းဖွယ်ရှိကြောင်းလည်း စီးပွားရေးလုပ်ငန်းရှင်များက ခန့်မှန်းသည်။

## ရတနာဓာတ်ငွေ့စီမံကိန်း အကျိုးအမြတ်များမှ ဒေသခံများအတွက် နှစ်စဉ် သုံးစွဲဟုဆို

**နေလင်းထွန်း**

**ရန်ကုန်၊ မတ် – ၁**

ကမ်းလွန်သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းဖြစ်သော ရတနာစီမံကိန်းက ၎င်း၏အကျိုးအမြတ်များမှ ဒေသခံများအတွက် လူမှုစီးပွားရေးအစီအစဉ်အဖြစ် နှစ်စဉ် အမေရိကန်ဒေါ်လာ ၃ သန်းခန့် အသုံးပြုလျက်ရှိကြောင်း တိုတယ်အီးအင်ပီမြန်မာမှသိရသည်။

လူမှုစီးပွားရေးအစီအစဉ်တွင် ဒေသဖွံ့ဖြိုးရေးနှင့် ဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်း၊ တံတား၊ အဆောက်အအုံပိုင်းဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းတို့အား ဦးစားပေးလျက်ရှိကြောင်းသိရသည်။



ပညာရေးထောက်ပံ့မှုအစီအစဉ်တစ်ခုအား တွေ့ရစဉ်။ ဓာတ်ပုံ – နေလင်းထွန်း

ကျေးရွာများတွင် နေထိုင်ကြသူများအတွက် ရွာအခြေစိုက်ဆေးခန်း ၈ ခုနှင့် ဆေးခန်းငယ် ၁၄ ခုကို ဆောက်လုပ်ထားရှိပြီး ကျန်းမာရေးကုသမှုနှင့် ဆေးဝါးများအတွက် အခမဲ့စီစဉ်ဆောင်ရွက်ထားကြောင်းသိရသည်။

ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချသော ရတနာပိုက်လိုင်းသွယ်တန်းရာဒေသသည် လူနေမှုကျဲပါးပြီး ဆက်သွယ်မှုအလှမ်းကွာဝေးသော ကျေးလက်ဒေသဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်အတွင်းရှိ ကံပေါက်နှင့် ပတ်ဝန်းကျင် ကျေးရွာများဖြစ်သည်။

ရတနာစီမံကိန်းဒေသတွင် ကျေးရွာပေါင်း ၂၅ ရွာပါဝင်ပြီး၊ လူဦးရေ ၃၂,၀၀၀ ကျော် နေထိုင်လျက်ရှိကြသည်။ တိုင်းရင်းသားနှင့် ဘာသာတရားကိုးကွယ်မှုအနေဖြင့် မြန်မာဗုဒ္ဓဘာသာ ၆၈ ရာခိုင်နှုန်း၊ မွန်ဗုဒ္ဓဘာသာ ၂၄ ရာခိုင်နှုန်း၊ ကရင် ခရစ်ယာန် ၇ ရာခိုင်နှုန်းနှင့် မွတ်ဆလင် ၁ ရာခိုင်နှုန်း အသီးသီး စုစည်းနေထိုင်လျက်ရှိကြသည်။

သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းထားသောဒေသများမှ ကျေးရွာ ၂၅ ရွာတွင် ရတနာစီမံကိန်းမှ ရရှိသောအကျိုးအမြတ်များဖြင့် လူမှုစီးပွားရေးအစီအစဉ်ကို ၁၉၉၆ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၂၀၀၇ ခုနှစ်မှ စတင်ခဲ့သော ရတနာစုဘူးအစီအစဉ်ဖြင့် ကျေးရွာ ၂၆ရွာမှ လူဦးရေ ၁၅၀၀ ကျော်ကိုချေးငွေထုတ်ပေးထားလျက်ရှိပြီး ကျပ်နှစ်သောင်းမှ ငါးသိန်းအထိ လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ အတိုး ၂ကျပ်နှုန်းဖြင့် ငွေထုတ်ချေးကြောင်း သိရသည်။

ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းသည် နှစ်၃၀သက်တမ်းစာချုပ်ရှိပြီး ၂၀၂၈ ခုနှစ်တွင် ပြီးဆုံးမည်ဖြစ်သောကြောင့် ဒေသခံများအနေဖြင့် လူမှုဖွံ့ဖြိုးရေးအစီအစဉ်များအား ကိုယ်တိုင် ပါဝင်ဆောင်ရွက်သွားရန်ပံ့ပိုးသွားမည်ဟုဆိုသည်။

7 DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

# ရာသီဥတုပြောင်းလဲမှုကြောင့် တစ်နှစ်အတွင်း လယ်ယာသီးနှံပျက်စီးဆုံးရှုံးမှု ကေတစ်သိန်းကျော်ရှိ

**အိဖြူမွန်**
**ရန်ကုန်၊ မတ် - ၃**

ရာသီဥတုပြောင်းလဲမှုကြောင့် ၂၀၁၀ပြည့်နှစ်၏ လယ်ယာကဏ္ဍ သီးနှံပျက်စီးဆုံးရှုံးမှုသည် အခြားသောအကြောင်းအရာများကြောင့် ဖြစ်ပေါ်သော ပျက်စီးဆုံးရှုံးမှုများထက် များပြားနေကြောင်း အမျိုးသားအဆင့် မှတ်သုံ ဖိုရမ်တွင် ထုတ်ပြန်ခဲ့သော စာရင်းဇယားများအရ သိရသည်။

မိုးရေချိန်လက်မ မျှတမှုမရှိခြင်းကြောင့် ရေကြီးရေလျှံမှုများ ပြီးခဲ့သည့် ၂၀၁၀ပြည့်နှစ်တွင်ဖြစ်ပေါ်ခဲ့သည်။ ယင်းအကျိုးသက်ရောက်မှုမှာ စိုက်ပျိုးဧကပေါင်း လေးသိန်းနီးပါးရှိခဲ့ပြီး ပျက်စီးဆုံးရှုံးမှုမှာ ဧကတစ်သိန်းဝန်းကျင်ရှိခဲ့သည်။ မိုးခေါင်ရေရှားမှုကြောင့် ထိခိုက်ခဲ့သော သီးနှံပျက်စီးဆုံးရှုံးမှုသည် ဧကနှစ်ထောင်ကျော်ရှိခဲ့သဖြင့် စုစုပေါင်းသီးနှံပျက်စီးမှု ဧကတစ်သိန်းကျော်ရှိခဲ့သည်။


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်မြို့မှ ပဲစိုက်ခင်းတစ်ခု။**

နှစ်တစ်နှစ်၏ လယ်ယာစိုက်ပျိုးရေးမှ သီးနှံပျက်စီးဆုံးရှုံးမှုကို နှစ်စဉ်တွက်ချက်ရာ၌ မိုးခေါင်ရေရှားမှု၊ ရေကြီးရေလျှံမှု၊ သီးနှံဖျက်ပိုးကျရောက်မှုနှင့် အခြားသောအကြောင်းအရာများဟူ၍ အကြောင်းအရာလေးခုခွဲခြားတိုင်းတာသည်။

၂၀၁၀ပြည့်နှစ် မြန်မာနိုင်ငံ၏ အပူဆုံးနှစ်များစာရင်းတွင် မှတ်တမ်းတင်စာရင်းဝင်ခဲ့သည်။

မြန်မာနိုင်ငံ အနှံ့အပြားရှိ ဒေသအချို့တွင် စံချိန်တင်အပူချိန်မြင့်တက်မှုများလည်း ကြုံတွေ့ခဲ့ရသည်။ ယင်းအကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်းတွင် ရေခန်းခြောက်မှုများ၊ ရေချိုပြတ်လပ်မှုများကိုလည်း ကြုံတွေ့ခဲ့ရသည်။ မိုးရာသီ၌ မိုးဝင်နောက်ကျခြင်း၊ မိုးကာလတိုတောင်းခြင်းနှင့် မိုးအကုန်တွင် တိုက်ခတ်ခဲ့သော အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းတစ်ခုဖြစ်သည့် ဂီရိမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်။

မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲခြင်းကို အများဆုံးခံစားရသောဒေသများမှာ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့်မြန်မာနိုင်ငံ အလယ်ပိုင်းတို့ဖြစ်ကြောင်း NCEA ၏ ဆယ်နှစ်တာကာလအတွင်း ကြုံတွေ့ခဲ့သော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာမှတ်တမ်းတင်ထားချက်များအရသိရသည်။



# သုံးထပ်ပိုက်ဖြင့် ငါးဖမ်းဆီးခြင်း ၂၀၁၂ ခုနှစ် ငါးဖမ်းရာသီတွင် ခွင့်မပြုတော့

**သန်းဌေး**
**ရန်ကုန်၊ မတ် - ၁**

ငါးသလောက်အား သုံးထပ်ငါးဖမ်းပိုက်ဖြင့် ဖမ်းဆီးနေခြင်းကို ၂၀၁၂ ခုနှစ် ငါးဖမ်းရာသီတွင် ခွင့်ပြုတော့မည်မဟုတ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးကပြောသည်။

"ပိုက်လွှာသုံးလွှာပါတော့ ဘယ်ငါးမဆို အရွယ်အစားမရွေး ဖမ်းမိလို့ ငါးသလောက်မျိုးစိတ်သယံဇာတထိန်းသိမ်းရေးအတွက် ကြိုတင်သတိပေးချက်ထုတ်ပြန်တာပါ"ဟု ၎င်းကပြောသည်။

ယခင်က ရခိုင်ပြည်နယ် ကမ်းရိုးတန်းတစ်လျှောက်တွင် ပုစွန်ဖမ်းဆီးရန်အတွက်သာ ခွင့်ပြုခဲ့သော အဆိုပါပိုက်အမျိုးအစားကိုအသုံးပြုကာ ငါးသလောက်ငါးများ ဖမ်းဆီးနေသောကြောင့်ဖြစ်သည်။

"ချက်ချင်းပိတ်လိုက်ရင် ရေလုပ်သားတွေအတွက် အခက်အခဲဖြစ်မှာစိုးလို့ပါ။ နောက်နှစ် ငါးဖမ်းရာသီဆိုရင်တော့ လိုင်စင်ချထားပေးတော့မှာမဟုတ်ပါဘူး"ဟု ငါးလုပ်ငန်းဦးစီးဌာနမှ ငါးဖမ်းခွင့်လိုင်စင်ချထားပေးရေး တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါထုတ်ပြန်ကြေညာချက်သည် ၂၀၁၂ ခုနှစ် ငါးဖမ်းရာသီဖြစ်သော စက်တင်ဘာတွင် စတင်သက်ရောက်မည်ဖြစ်သည်။



7 DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

## နိုင်ငံတော်အာဏာကို မူလပိုင်ရှင်ဖြစ်သောပြည်သူ့ထံသို့လွှဲပြောင်းပေးတော့မည်ဟု ဆို

**ရန်ကုန်၊ မတ် - ၂**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်အာဏာကို မူလပိုင်ရှင်ဖြစ်သော ပြည်သူတို့ထံသို့လွှဲပြောင်းပေးမည်ဖြစ်ကြောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၁၁ ခုနှစ် တောင်သူလယ်သမားနေ့ သဝဏ်လွှာတွင်ဖော်ပြထားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ၇ ရပ်ကို ပြီးမြောက် အောင်မြင်အောင်ဆောင်ရွက်နေပြီဖြစ်၍ ပြည်သူ့ကိုယ်စားလှယ်များဖြင့် လွှတ်တော်များကို ခေါ်ယူကျင်းပလျက်ရှိသည်။ မကြာမီကာလတွင် ပြည်ထောင်စုလွှတ်တော်က ရွေးကောက်အတည်ပြုပေးသော အစိုးရအဖွဲ့သစ်ပေါ်ပေါက်လာတော့မည်ဖြစ်ပြီး၊ ဤနည်းအားဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်အာဏာကို မူလပိုင်ရှင်ဖြစ်သော ပြည်သူတို့ထံလွှဲပြောင်းပေးမည်ဖြစ်ကြောင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၁၁ ခုနှစ် တောင်သူလယ်သမားနေ့ သဝဏ်လွှာတွင်ပါရှိကြောင်း မတ်လ ၂ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြထားသည်။

## သတင်းပို့စနစ် မကျင့်သုံး၍ ယာဉ်အစီးရေတစ်ရာကျော်အား အရေးယူ

သို့မ်သို့မ်စိုး

**ရန်ကုန်၊ မတ်- ၅**

ရန်ကုန်မှ ပြည်နယ်နှင့်တိုင်းအသီးသီးသို့ ထွက်ခွာသော ကားများကို မတ် ၄ ရက်က ဘုရင့်နောင်ဝင်းအတွင်း စစ်ဆေးရာတွင် သတင်းပို့စနစ်ဖြင့် ထွက်ခွာခြင်းမရှိသည့် ယာဉ်အစီးရေတစ်ရာကျော် ဖမ်းဆီးရမိကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်တစ်ဦးကပြောသည်။ ယင်းနေ့တွင် ဖမ်းဆီးမိသည့်ယာဉ် ၁၁၉ စီးအပါအဝင် ပြည်နယ်နှင့်တိုင်းအသီးသီးသို့ ထွက်ခွာသော ကားစီးရေသည် ၆၆၈ စီးရှိခဲ့ကြောင်း သိရသည်။

"အခုဖမ်းဆီးမိတဲ့ ကားဂိတ်တွေကိုအစည်းအဝေးခေါ်ပြီးတော့ ဥပမာ ၆ စီးထွက်တဲ့ဂိတ်က ၅ စီး သတင်းပို့ပြီး ၁ စီးက အကြောင်းအမျိုးမျိုးကြောင့်မပို့ဖြစ်တာဆိုရင် သတိပေးလုပ်ဆောင်သွားမယ်။ တမင်မပို့ဘဲ ထွက်တဲ့ဂိတ်တွေဆိုရင် သတ်မှတ်ဒဏ်ကြေးအတိုင်း ဒဏ်ရိုက်အရေးယူသွားမယ်" ဟု အဆိုပါအသင်းမှ အလုပ်အမှုဆောင်တစ်ဦးကပြောသည်။ သတင်းပို့စနစ်ဖြင့် ထွက်ခွာခြင်းမရှိသော ကားများကို ဒဏ်ကြေးကျပ် ၂၀,၀၀၀ သတ်မှတ်ထားသည်။ သတင်းပို့စနစ်ပြုလုပ်ပါက ပုံစံကြေး ကျပ်၁၀၀ နှင့် ထွက်ခွာခွင့်လက်မှတ်အတွက် ကျပ် ၄၀၀ စုစုပေါင်း ကျပ် ၅၀၀ ကုန်ကျသည်ဟု ဆိုသည်။

## စည်းကမ်းမလိုက်နာသည့် ယာဉ်လုပ်သားသုံးဦးကို ထုတ်ပယ်

သားကျော်

**ရန်ကုန်၊ မတ် - ၄**

ခရီးသည်တင်ယာဉ်လိုင်းအသီးသီးမှ ချမှတ်ထားသောစည်းကမ်းများကို မလိုက်နာသည့် ယာဉ်လုပ်သားသုံးဦးကို ဖေဖော်ဝါရီလအတွင်းက ထုတ်ပယ်ခဲ့ကြောင်းသိရသည်။ ပြီးခဲ့သည့်လက ထုတ်ပယ်ခဲ့သော ယာဉ်လုပ်သားများထက် ၁၂ ဦးလျော့နည်းသွားကြောင်း မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု(ဗဟို)ကော်မတီမှ ထုတ်ပြန်ထားသော စာရင်းဇယားများအရ သိရသည်။

မ. ထ. သ(ဗဟို)မှ ခရီးသည်တင်ယာဉ်လိုင်းအသီးသီးရှိ ယာဉ်လုပ်သားများ လိုက်နာရန်စည်းကမ်းချက် ၁၃၈ ချက်ကို ချမှတ်ထားရှိပြီး စည်းကမ်းချက်များထဲမှ ၇ ချက်ကို မလိုက်နာသည့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား သက်ဆိုင်ရာယာဉ်လိုင်းအသီးသီးမှ ရာသက်ပန်ထုတ်ပယ်နိုင်သည်။ ထုတ်ပယ်ခံရသော ယင်းလုပ်သားများမှာ အမည်ပျက်စာရင်းဝင်သွားပြီး၊ ၎င်းတို့၏အမည်စာရင်းကို ယာဉ်လိုင်းအသီးသီးသို့ပေးပို့ထား၍ မည်သည့်ယာဉ်လိုင်းတွင်မှ အလုပ်ပြန်မရနိုင်တော့ဟုဆိုသည်။

# ဩစတြီးယားက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံရန် လာရောက်ဆွေးနွေးမည်

ပြည်သိမ်း

**ရန်ကုန်၊ မတ် - ၂**

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများပြန်လည်ပြုလုပ်ရန် ဥရောပသမဂ္ဂ(EU)အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဩစတြီးယားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးပွဲကို မတ်လ ၁၇ ရက်တွင် ပြုလုပ်ရန်စီစဉ်ထားကြောင်း ကုန်သည်/စက်မှုအသင်းချုပ်မှ စုံစမ်းသိရသည်။

ဥရောပ အဖွဲ့ဝင်နိုင်ငံများသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးချဲ့ပြုလုပ်မှုကို ဆယ်စုနှစ်တစ်ခုနီးပါး ရပ်နားခဲ့သည်။ လက်ရှိနိုင်ငံ၏အပြောင်းအလဲကာလတွင် တရုတ်နိုင်ငံ၏ စီးပွားရေးမူဝါဒအပြောင်းအလဲတို့ကြောင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စိတ်ဝင်စားလာခြင်းဖြစ်ကြောင်း UMF-CCI မှ အတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးကပြောသည်။

"အာရှနိုင်ငံလိုပဲ အပြောင်းအလဲကာလမှာ သူတို့က ရင်းနှီးမြှုပ်နှံမှုတွေလုပ်ချင်တယ်။ စီးပွားရေးပိတ်ဆို့မှုရှိတော့ အများကြီးမလုပ်ရဲဘူး"ဟု အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။ ဥရောပနိုင်ငံများက မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ဝင်ရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကလည်း "ကြိုဆိုပါတယ်။ ငွေကြေးအရင်းအနှီးတင်မဟုတ်ဘူး။ နည်းပညာလည်းရမယ်။ ပြည်တွင်းက အလုပ်သမားတွေလည်း ထိုက်တန်တဲ့လုပ်ခလစာနဲ့ အခွင့်အရေးရမယ်။ လုပ်ငန်းရှင်တွေအနေနဲ့လည်းပူးပေါင်းဆောင်ရွက်နိုင်တယ်။တိုင်းပြည်ဖွံ့ဖြိုးမှုမှာ ဥရောပရဲ့ရင်းနှီးမြှုပ်နှံမှုက အကျိုးကျေးဇူးတွေအများကြီးရနိုင်တယ်"ဟုပြောသည်။

ဥရောပနိုင်ငံများမှာမြန်မာနိုင်ငံတွင် လုပ်ငန်းပေါင်း ၃၂ ခု၌ ပမာဏ ကန်ဒေါ်လာ၉၆၀၃ ဒသမ ၁၆၈ သန်းတန်ဖိုး ရင်းနှီးမြှုပ်နှံထားသည်။ ဩစတြီးယားနိုင်ငံမှာ လုပ်ငန်းနှစ်ခုတွင် ဒေါ်လာ ၇၂ ဒသမ ၅၀၀ သန်း တန်ဖိုးရင်းနှီးမြှုပ်နှံထားသည်။

## အမဲသားတင်ပို့မှုများကြောင့် ရန်ကုန်-မူဆယ်လမ်းပိုင်းကားဂိတ်များ ဝင်ငွေတိုးလာ

သို့မ်သို့မ်စိုး

**ရန်ကုန်၊ မတ်- ၅**

ရန်ကုန်-မူဆယ်လမ်းပိုင်းတွင် အမဲသားတင်ပို့ရမှုများကြောင့် ကားအစီးရေ ပိုတိုးထွက်ရ၍ ကားဂိတ်လုပ်ငန်းရှင်များ ဝင်ငွေတိုးလာကြောင်း အဆိုပါ လမ်းကြောင်းသွား ကားဂိတ်လုပ်ငန်းရှင်များကပြောသည်။



"အရင်ကအဲဒီလမ်းမှာ ဖရဲသီးတစ်မျိုးပဲ တင်ပို့မှုများတော့ တစ်ရက်ကို ၁၀ စီးထွက်ရရင် အခု အမဲသားတင်တဲ့ ကားကလည်း ၅ စီး၊ ၁၀ စီးထွက်တော့ ဝင်ငွေပိုများသွားတဲ့သဘောပဲ"ဟု ကားဂိတ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ရန်ကုန်မှ မူဆယ်သို့ အမဲသားတင်၍ ထွက်ခွာသည့် ကားအရေအတွက်မှာ တချို့ရက်များတွင် အစီး ၆၀ ဝန်းကျင်ထိရှိကြောင်းသိရသည်။

ပြီးခဲ့သည့် လအတွင်းမှ စတင်ကာ အမဲသားတင်ပို့ရမှုများလာ၍ အဆိုပါ လမ်းကြောင်းတွင် တင်ပို့ပစ္စည်းများကာ ကားရှားလာ၍ တန်ဆာခများလည်း မြင့်တက်သွားခဲ့ကြောင်း ကားဂိတ်လုပ်ငန်းရှင်များကပြောသည်။

အမဲသားတင်ပို့ပါက ရန်ကုန်-မူဆယ်လမ်းတွင် ၁ တန် ကျပ် ၂၅၀,၀၀၀ ထိရှိ၍ ဖရဲသီးတန်ဆာခများမှာလည်း မြင့်တက်လာသည်။ "အမဲသား တင်ပို့ချင်ရင် မွေး မြူရေးနဲ့ ရေလုပ်ငန်းဌာနက မှျောစာပါမှ ထွက်လို့ရတယ်။ အမဲသားက ပြည်တွင်းကထွက်တဲ့ဟာမဟုတ်ဘူး။ နိုင်ငံခြားက လာတာကို ပို့ပေးရတာ။ အမဲသားပို့ရလို့ ကားဂိတ်တွေ ဝင်ငွေတိုးပေမယ့် ဖရဲစိုက်တောင်သူတွေနဲ့ ပွဲစားတွေက အဆင်မပြေဘူး"ဟု ကားဂိတ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ဖရဲစိုက်တောင်သူများအဆင်မပြေရခြင်းမှာ အမဲသားတင်ပို့ရ၍ ကားရှားသဖြင့် တန်ဆာခ တက်ယူသောကြောင့် ပွဲစားများက တောင်သူများထံမှ ဈေးလျှော့ဝယ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

## ဒုတိယကမ္ဘာစစ်ကြောင့် ကျန်ခဲ့သော ကျောက်စာချပ်များ မွန်ပြည်နယ်သို့ ပြန်လည်သယ်ဆောင်

မင်းဒင်

**မန္တလေး၊ မတ် - ၇**

မင်းတုန်းမင်းလက်ထက်တွင် ထွင်းထုပူဇော်ခဲ့သော ပိဋကတ်သုံးပုံကျောက်စာများ၏ မူအတိုင်းရသေ့ကြီး ဦးခန္တီက ထွင်းထု၍ မွန်တို့ဒေသ (သုဝဏ္ဏဘူမိ) သို့ပို့ဆောင်စေခဲ့ရာ ဒုတိယကမ္ဘာစစ်ကြောင့် ကျန်ရှိနေခဲ့သော ကျောက်စာချပ်ရေတစ်ရာကျော်အား မွန်ပြည်နယ်သို့ ပြန်လည်ပင့်ဆောင်ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

အဆိုပါ ကျောက်စာများအား မန္တလေးတောင်ခြေကျောက်တော်ကြီးဘုရားဝင်းအတွင်းမှ မွန်ပြည်နယ်သို့ သယ်ဆောင်ခြင်းပြီးစီးလျှင်ယခင်ရောက်ရှိပြီးကျောက်စာချပ်ရေ (၅၈၅) ချပ်နှင့် ပေါင်းပါက အချပ်ရေ ခုနစ်ရာကျော်ရှိမည်ဖြစ်၍ ပိဋကတ်သုံးပုံကျောက်စာများ ပြည့်စုံပြီဆိုနိုင်ကြောင်း ပင့်ဆောင်သယ်ယူရေးအတွက် ဆောင်ရွက်နေသူတစ်ဦးက ပြောကြားသည်။ ယခု သယ်ယူသွားသည့် ကျောက်စာများအား မွန်ပြည်နယ် ဘီးလင်းမြို့နယ် မြဦးတောင် ကျိုက်ထီးဆောင်း ဆံတော်ရှင်စေတီတော်ပရဝုဏ်အတွင်း ပူဇော်ထားရှိမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မင်းတုန်းမင်း၏ ပဉ္စမသင်္ဂါယနာတင် ပိဋကတ်သုံးပုံကျောက်စာများသည် မန္တလေးတောင်ခြေ ကုသိုလ်တော်ဘုရားဝင်းအတွင်း၌ တည်ရှိသည်။ ကျောက်စာချပ်ရေပေါင်း (၇၂၉) ချပ်ဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးဟုတင်စားခေါ်ဝေါ်ခြင်းခံရသည်။ ပဉ္စမမြောက် သင်္ဂါယနာတင်ခြင်းကို မင်းတုန်းမင်းလက်ထက်တွင် ကျင်းပခဲ့သည်။

စတုတ္ထ သင်္ဂါယနာကိုသီဟိုဠ်ပြည်တွင် ထေရဝါဒရဟန်းတော်များက ပေထက်အက္ခရာတင်ညှိနှိုင်းစိစစ်တော်မူခဲ့သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီဟူသော သတင်းထွက်လာသောအခါ တောထွက်ရဟန်းကြီး သုဘဒ္ဒက "ရဟန်းကြီး ဂေါတမ၏ အချုပ်အချယ်အောက်မှ လွတ်ပေပြီ" ဟု စကားဆို၏။ ထိုစကားကို ရှင်မဟာကဿပကြားရာမှ ဗုဒ္ဓသာသနာတော်အတွက် သင်္ဂါယနာတင်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုမှ ဘုရားပရိနိဗ္ဗာန်ပြုအပြီးသုံးလအကြာတွင် အဇာတသတ်မင်းလက်ထက်၌ ပထမသင်္ဂါယနာတင်ပွဲစတင်ခဲ့သည်။ဒုတိယသင်္ဂါယနာတင်ပွဲအား ထေရဝါဒ ရဟန်းတော်တို့က ထပ်မံကျင်းပခဲ့သည်။

အသောကမင်းကြီး လက်ထက်တွင် တတိယသင်္ဂါယနာ တင်ပွဲအား ကျင်းပနိုင်ခဲ့ပြီး ကိုးတိုင်းကိုးဌာနသို့သာသနာပြုခရီးစေလွှတ်နိုင်ခဲ့သည်။

သက္ကရာဇ် ၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း၈ နိုင်ငံမှ ရဟန်းတော်များက ရန်ကုန်မြို့ မဟာပါသာဏလိုဏ်ဂူ၌ ဆဋ္ဌသင်္ဂါယနာတင်လျှုပူဇော်နိုင်ခဲ့သည်။ ထိုဆဋ္ဌသင်္ဂါယနာပူဇော်ပွဲ ကျင်းပရာအချိန်သည် ဘုရားပရိနိဗ္ဗာန်ပြုအပြီး နှစ်ပေါင်းနှစ်ထောင့်ငါးရာပြည့်အချိန်အခါ သမယလည်း ဖြစ်သည်။

သင်္ဂါယနာတင်ခြင်းဟူသည် ရဟန်းသံဃာတော်များက ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူသော တရားတော်များကို အညီအညာစုပေါင်းစည်းဝေး၍ ရွတ်ဆိုခြင်းကို ဆိုလိုသည်။







Life
7 DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

## ကျောက်စိမ်းမြေမှ
# မညီမျှသော ဘဝအခြေပြပုစ္ဆာ

**ယဉ်ယဉ်သိန်း(နဘား)**

စိမ်းညို့ညို့တောတန်းတို့၏ နောက်ခံ၌ အနီရင့်ရင့်ပေါက်ပန်းပွင့်များ၏ အဝေးကြည့်အလှပုံရိပ်များက ဆွဲဆောင်မှုအားကောင်းလှသည်။ တပို့တွဲလ၏ နွေနံ့သင်းသော တောရိပ်တောင်ရိပ်အလှအပတို့က သစ်ပင်ဝါးပင်များပေါ်မှ ရွက်ဝါရွက်ခြောက်များနှင့် ရိုးတံပြိုင်းပြိုင်းလှချင်တိုင်း လှနေသည့် ရှုခင်းတွေသာ ဝန်းကျင်တစ်ခိုဖုံးလွှမ်း၍နေပုံက စိတ်ကိုတစ်နည်းတစ်ဖုံ ညို့ချက်ပြင်းနေခဲ့သလို၊ အမှတ်မထင်ရောက်ရှိခဲ့ရသော မော်မြေသည် လူတွေ လှုပ်လှုပ်ရှားရှား တက်ကြွရုန်းကန်မှုအမှတ်အသားတွေသာ ထင်ထင်ရှားရှား တွေ့နေရ၏။ ကားလမ်းတစ်လျှောက် နွေဦးကာလပိပိ ဖုန်လုံးကြီးတွေသာ လွင့်ပျံလှိုင်းထနေသော လုံးခင်သွားကားလမ်းမှာ ကားတွေ၊ဆိုင်ကယ်တွေ ပျားပန်းခတ်မျှ အသွားအပြန်မောင်းနှင်နေကြပုံက အချိန်ကိုအလုအယက် အသုံးချနေကြရော့သလား၊ စာရေးသူ လုံးခင်ရောက်နေစဉ်ကာလ အနိမ့်အမြင့်မညီညာသော လမ်းချိုးလမ်းကွေ့များကို မြင်တွေ့ရသည့်နည်းတူ လူနေမှု စနစ်တို့ အနိမ့်အမြင့်ကွာဟနေပုံများကိုပါ လက်ငင်းမြင်တွေ့ရပြန်သည်။ ရောဂါဘယဒဏ်အမျိုးမျိုးကြောင့် လူစဉ်မမီဖြစ်ကြရသူတွေ၊ ဘဝကို လက်မြှောက်၍ အရှုံးပေးသွားကြသူတွေ အချိုးအစားများပြားလှ၏။ နီးနီးပါးပါးမှာ ထိတွေ့ခွင့်ရခဲ့သော ရောဂါသည်တစ်ဦး၏အဖြစ်က ရင်နင့်စရာပင်။ အိတ်ချ်အိုင်ဗီဝေဒနာရှင် အမျိုးသမီးတစ်ယောက်။

သူမ၏ မိသားစုကလည်း စာနှင့်ပေနှင့်ဗဟုသုတဖြန့်ဖြူးပေးစေချင်ပုံရှိ၏။ ဒီလိုဘဝမှာ ရင်ဆိုင်ရ၍ ဝန်းကျင်က အထင်အမြင်သေးစွာ ပစ်ပယ်နေပုံတွေကို ပညာပေးသဘောရေးပြပေးစေလိုသည်ဆိုတော့ လေးစားရပြန်သည်။ သူမနာမည် မသူဇာ။ ဒါက နာမည်အရင်းပါပဲ။ အသက်က ၃၉ နှစ်လို့ပြောပြ၏။ ဇာတိချက်ကြွေမွေးရပ်မြေကို စွန့်ခွာခဲ့ပြီးမှ ရေကြည်ရာမြက်နုရာဆိုသလို ဖားကန့်ဘက်ကို မိသားစုအလိုက် ရွှေ့ပြောင်းလုပ်ကိုင်စားသောက်ခဲ့ကြသည်။ မမျှော်လင့်ဘဲ ရောဂါဆိုးနှင့် ပက်ပင်းတိုးလိုက်ရပြီး ရက်ပေါင်းများစွာ စိတ်လျှော့ ကိုယ်လျှော့အနေအထားတွင်နောက်ဆုံး လက်လျှော့ရမည့်အခြေအနေကြောင့် စာရေးသူက ဆေးရုံသို့ပို့ပေးခဲ့ရ၏။ ဆေးရုံရောက်သည့်အခါ ဆရာမတွေက အခြားဆေးရုံတွေလို ဝတ်ကျေတမ်းကျေမဟုတ်ကြဘဲ စစ်မှန်သောစေတနာပုံရိပ်တို့ ထင်ဟပ်နေသည်ကို အထင်အရှားမြင်တွေ့လိုက်ရ၍ လွန်စွာအံ့သြရ၏။

> **လူ့ဦးရေအဆမတန် တိုးနေသော**
> **မော်တောလုပ်ကွက်များကို တွယ်မှီရင်း**
> **အခြေချ နေထိုင်သူတို့အဆမတန်များသည်ထက်**
> **များ၍လာခဲ့ရာ ကူးစက်ရောဂါများလည်း လွယ်ကူ၏။**
> **မဆင်မခြင် လိင်ဆက်ဆံမှုဆိုင်ရာ**
> **အနိုပ်ခန်း၊ ဖျော်ဖြေခန်းတို့ဖောင်းပွနေသည်ဖြစ်ရာ**
> **ကူးစက်ရောဂါအတွက် ရင်လေးစရာဖြစ်ရသည်။**

ဝေဒနာခံစားနေရရှာသူ၏နောက်ဆုံးနေ့၊ နောက်ဆုံးအချိန်ကို စိတ်မကောင်းစွာ စောင့်ကြည့်နေခဲ့ရသည်။ ဘဝနောက်ဆုံးကာလမှာ စိတ်သက်သာစွာနှင့် ဘဝကူးကောင်းဖို့ ဝေဒနာရှင်ကို ဖြည့်ဆည်းပေးရုံမှတစ်ပါး ဘာမျှရည်ရွယ်ချက်မရှိခဲ့။ လူနာက အိမ်ကိုလုံးဝစိတ်ချပုံမပေါ်။ ကလေးငယ်လေးတွေအတွက် နောက်ဆံတင်းနေပုံရ၏။ တားမရသည့်ကြားမှပင် ဆေးရုံက ဆင်းခွင့်တောင်းပြီး ဆင်းသွား၏။ 'သားသမီးတွေကို စိတ်မချလို့ ဆင်းသွားရတာပါ'ဟု ပြန်ပြောတော့ စိတ်နှလုံးနွမ်းကြေရပြန်သည်။ သြော်. . . ကိုယ်ချင်းစာနာခဲ့ရပါပြီကောလေ။

ကိုယ့်မှာလည်း မသူဇာလို သားသမီးသုံးဦးရှိနေတာမို့ တကယ်ကို စိတ်မကောင်းဖြစ်ခဲ့ရသည်။ ဝေဒနာရှင်မသူဇာရဲ့ အဖြစ်ကရင်နင့်ကြေကွဲစရာတွေသာ လွှမ်းခြုံနေခဲ့ရတာကြောင့် စိတ်မချဖြစ်နေရတာဟာ 'အမေ'တစ်ယောက်ပီသတဲ့ ရွေးချယ်မှုပဲပေါ့။ အိတ်ချ်အိုင်ဗီဝေဒနာရှင် မသူဇာ ဆေးရုံတက်နေရစဉ် ခင်ပွန်းဖြစ်သူက အနီးကပ်စောင့်ရှောက်ရ၏။ အိမ်မှာကျန်ခဲ့သော ၁၅ နှစ်အရွယ်သားအကြီးဖြစ်သူက အပြင်မှာရရာ အလုပ်တစ်ခုခုရှာပြီး ဝင်ငွေဖန်တီးရ၏။ များသောအားဖြင့် မြစိမ်းမြေဂေါက်ကလပ်မှာ လောပန်းတွေနဲ့ သုံးနိုင်ဖြုန်းနိုင်သူတွေရဲ့ ဂေါက်သီးအိတ်တွေကိုလိုက်ပြီး ထမ်းရင်းငွေရှာရသည်။ အလတ်ကောင် ၁၃ နှစ်ကောင်လေးက ၈ နှစ်အရွယ် သမီးငယ်လေးကို ကျောင်းပို့ကျောင်းကြိုလုပ်ပြီး ကလေးထိန်းပေးရသလို မောင်နှမတစ်တွေစားဖို့ ထမင်းဟင်းပါ ချက်ပြုတ်ရရှာသည်။ ဘဝတွေက ဘယ်မှာလှပလို့လဲ။

ဝေဒနာရှင်မသူဇာက အိမ်ရဲ့ မပြည့်စုံမှုအခြေအနေကို တွေးရင်း မောရင်းနဲ့ ဆေးရုံက ဆင်းသွားရတာဆိုတော့ လူတန်းစားမညီမျှတဲ့အခင်းအကျင်းတွေ ဒီဝန်းကျင်မှာ မနည်းမနောရှိနေတာသေချာ၏။

စာ(၁၁)သို့






ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ဈေးဝယ်**

## ပူပြင်းတဲ့ရာသီဥတုမှာ ဝတ်ဖို့ အေးမြတဲ့ချည်သားအင်္ကျီတွေရှိတဲ့နေရာ

**အိဖြူလွင်**

ဥဩငှက်ရဲ့တွန်သံချိုတွေနဲ့ ချဉ်းနင်းဝင်ရောက်လာတဲ့ လတပေါင်းက ရာသီအကူးအပြောင်းကို သိသာစေလောက်အောင်ပဲ မြင့်မားတဲ့ အပူချိန်တွေကိုပါသယ်ဆောင်လာခဲ့ပါပြီ။

နေဘယ်လောက်ပူပူ နေ့စဉ်ဝတ္တရားတွေအတိုင်း လှုပ်ရှား ရုန်းကန်သွားလာ နေကြရသူတွေအတွက် နေရောင်အောက်မှာ ဝတ်ဆင်ဖို့ သက်သောင့်သက်သာအဝတ်အစားတွေလည်း လိုအပ်လာပါပြီ။

ဘောင်းဘီ ကြပ်ကြပ်၊ အင်္ကျီကျပ်ကျပ်တွေအစား အသားအေးပြီး ချောင်ချောင်ချိချိအဝတ်အစားလေးတွေကို ရှာဖွေဝတ်ဆင်ကြရသလို သက်သောင့်သက်သာ ရှိဖို့အပြင် စတိုင်ကျဖို့ပါလိုသေးတဲ့ မိန်းကလေးတွေကတော့ အဝတ်အစားကို သေသေချာချာ ရွေးချယ်ဝယ်ယူရလေ့ရှိပါတယ်။

အဝတ်အစားဝယ်ဖို့ အချိန်ပိုပေးရတဲ့မိန်းကလေးတွေ အချိန်ကုန်သက်သာစေဖို့ ဒီတစ်ပတ်မှာ ပရိသတ်ကြီးကို လမ်းညွှန်ချင်တဲ့နေရာကတော့ အရွယ်မရွေး အဆင်ပြေမယ့် ထိုင်းနိုင်ငံ ထုတ်ချည်ထည်လေးတွေကို အစုံရနိုင်တဲ့ဆိုင်ပါ။

မိန်းကလေးငယ်တွေအတွက် စတိုင်ကျပြီး ပေါ့ပါးတဲ့ နွေရာသီဖြစ် ချည်ထည်လေးတွေကို ဂါဝန်၊ စကတ်၊ အင်္ကျီဒီဇိုင်းစုံရနိုင်သလို၊ လူလတ်ပိုင်းနဲ့လူကြီးပိုင်းအမျိုးသမီးတွေအတွက်လည်း ဒီဇိုင်းဆန်းဆန်းနဲ့ အရောင်လွင်လွင်ရှိတဲ့ အင်္ကျီလေးတွေပါ ရနိုင်ပါတယ်။

ဈေးနှုန်းအနေနဲ့ ကျပ် ၁၀,၀၀၀ ဝန်းကျင်ရှိပြီး နွေရာသီနဲ့ သင့်တင့်တဲ့ ဝတ်စုံတွေရှိနေတဲ့နေရာက ဈေးဝယ်ထွက်ဖို့ အဆင်ပြေမယ့် နေရာတစ်ခုလို့ မျှော်လင့်ပါတယ်။

ဆိုင်ရဲ့လိပ်စာကတော့ မြေနီကုန်းမှတ်တိုင်အနီး၊ စမ်းချောင်းလမ်း၊ အမှတ်(၁၆၆)မှာရှိတဲ့ Dream Fashion Shop ပဲဖြစ်ပါတယ်။



## ဒီလိုလေး ချက်ကြရအောင်

■ဝိုက်ဇီ

ဒီတစ်ပတ် 7Day News နှစ်ပတ်လည် အထူးထုတ်ကစပြီး "ဒီလိုလေးချက်ကြရအောင်"ကဏ္ဍသစ်ကို တင်ဆက်သွားပါမယ်။ ဒီကဏ္ဍလေးမှာတော့ ဒေသအစားအစာတွေကို လွယ်လွယ်ကူကူ ချက်ပြုတ်စားသောက်လိုသူတွေအတွက် မီးဖိုဆောင်ထဲက ပုံမှန်ဟင်းချက်စရာပစ္စည်းတွေနဲ့ပဲ ချက်ပြုတ်စီမံနိုင်မယ့် ဟင်းလျာတွေကို အပတ်စဉ်ဖော်ပြသွားမှာပါ။

ဒေသမျိုးစုံက ထမင်းသုပ်နည်း မျိုးစုံတွေထဲက ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းက သဲကုန်းမြို့ဆိုတဲ့ မြို့ငယ်လေးတစ်မြို့ရဲ့ အထိမ်းအမှတ်အစားအစာတစ်ခုဖြစ်တဲ့ "သဲကုန်းထမင်းသုပ်"လေးနဲ့ပဲ ဒီကဏ္ဍကိုဖွင့်ပါရစေ။



သဲကုန်းထမင်းသုပ် ကောင်းကောင်းစားရဖို့ အဓိကလိုအပ်ချက်က ငရုတ်သီးခွဲကြမ်းကို မွှေးနေအောင်သတ်ထားတဲ့ ငရုတ်သီးဆီချက်၊ နီရဲပြီးရွနေအောင် ကြော်ထားတဲ့ ကြက်သွန်နီကြော်နဲ့ ပဲအကျတ်မှုန့်တို့ပါပဲ။

ငရုတ်သီးဆီချက်ကို ပြုလုပ်ဖို့ကတော့ ဆီပူပူထဲမှာ ကြက်သွန်အဖြူပါးပါးလှီးထားတာတွေကို ထည့်လိုက်ပြီး အမွှေးနံ့ထွက်လာတာနဲ့ငရုတ်သီးခွဲကြမ်းထည့်လိုက်ရုံပါပဲ။ ဆီချက်ကတော့ ကိုယ်သုပ်လိုတဲ့ ထမင်းသုပ်ပွဲ အရေအတွက်ပေါ်မူတည်ပြီး လိုသလောက်ဆီထည့်ရမှာပါ။

စာ(၁၁)သို့

# နိုင်ငံတကာစာပေများ သီးသန့်ဝယ်ယူနိုင်မည့် စာအုပ်ဆိုင်သစ် ဖွင့်လှစ်

ရန်ကုန်၊ မတ် – ၅

နိုင်ငံတကာမှ စာအုပ်မျိုးစုံကို လေ့လာဝယ်ယူနိုင်မည့် Monument Book စာအုပ်ဆိုင်ကို ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ လင့်ခ်လမ်းကားမှတ်တိုင်အနီးတွင် ဖွင့်လှစ်လိုက်ကြောင်းသိရသည်။

စာပေဖတ်ရှုသူများအတွက် စာအုပ်အမျိုးပေါင်းတစ်သောင်းကျော်နှင့် ဘာသာစကားပေါင်းများစွာ လေ့လာနိုင်ရန် ရည်ရွယ်ထားပြီး သင်ကြားမှုနှင့် သင်ယူမှုအထောက်အကူပြုစာအုပ်များကို ဝယ်ယူနိုင်ကြောင်း သိရသည်။

“နိုင်ငံတကာက ကမ္ဘာကျော်စာအုပ်ထုတ်ဝေရေးက စာအုပ်တွေဖြစ်တဲ့အတွက် အရည်အသွေးမြင့်မားပြီး တန်ဖိုးရှိတဲ့စာအုပ်တွေ တစ်စုတစ်စည်းတည်းရရှိနိုင်ပါတယ်။ စာအုပ်တွေအားလုံးအတွက် ကျပ်သိန်းတစ်ထောင်လောက် ရင်းနှီးမြှုပ်နှံထားပါတယ်”ဟု ယင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အသက်အရွယ်စုံသော ကလေးများအတွက် ကလေးစာအုပ်ခန်း စီစဉ်ထားပြီး အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ရသ၊ သုတ၊ ဘာသာရပ်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာစာအုပ်များရရှိနိုင်ကြောင်းသိရသည်။












## စာ-၉၊ မညီမျှသော ဘဝအခြေပြုစာ မှ

လုံးခင်ဟာ ရွာဆိုပေမယ့် အဆင်အပြင်ရပ်တည်မှုတွေက မြို့ပြဟန်ပန်တစ်ပြားသားမှ မလျော့ခဲ့။ အိတ်ချ်အိုင်ဗီကူးစက်ခံရရှာသည့် ဝေဒနာသည်ကို အနီးဝန်းကျင်ရှိလူတွေက ရှောင်ဖယ်ကြ၊ လျစ်လျူရှုခဲ့ကြပုံမှာ အရိုင်းဆန်လှသည်။ ကူးစက်မှာကို ကြောက်ရွံ့နေသော မျက်နှာပေးတွေက ရက်စက်သည့် အသွင်ကိုဆောင်ကြဉ်းနေသည့်နှယ်။ ပြဟ္မစိုရ်တရားလေးပါး ထွန်းကားသည့် လူမှုနယ်ပယ်လို့ ပြောဆို ဂုဏ်တင်ရမှာ ခက်သွားရပြီ။ သူမ၏ဆွေမျိုးအရင်းအချာတို့ကလည်း ရှောင်တိမ်းကြ၏။ မျက်နှာလွှဲနေကြ၏။ မြေနိမ့်ရာလှံစိုက်ခဲ့ရပြီလား မသူဇာရယ်။ အနီးကပ်ပြုစုနေသော စာရေးသူကိုတောင် မရွံ့ရှာဘူးလားဟူသော အကြည့်အမြင်များနှင့် မသိနားမလည် သကဲ့သို့ဆက်ဆံကြသည်ပင်။

ဝေဒနာရှင်၏ ဆေးမှတ်တမ်းကို လေ့လာကြည့်၏။ ဆရာဝန်က ဝေဒနာရှင်၏မိသားစုအားလုံး သဇင်ဆေးခန်းမှာ ဆေးစစ်ရန်ဟုညွှန်ကြား၏။ ထို့ကြောင့် ကလေးအားလုံးနှင့် ဖခင်ဖြစ်သူကိုပါ ဆေးခန်းသို့ပို့ပေးရသည်။ ထိုသဇင်ဆေးခန်းကို လုံးခင်၌ စုံစမ်းကြည့်သောအခါ အိတ်ချ်အိုင်ဗီ၊ တီဘီနှင့် ငှက်ဖျားရောဂါတို့ကို အခမဲ့စစ်ဆေးပေးခြင်း၊ ကုသပေးခြင်းတို့အပြင် အခက်အခဲအမျိုးမျိုးကြုံကြိုက်နေရသည့် လူနာတို့ကို ထောက်ပံ့ပေးမှု၊ ကူညီရိုင်းပင်းမှုများနှင့် အနစ်နာခံပေးသောဆေးခန်းဟုကြားသိလိုက်ရ၏။ ဒီလို နယ်စွန်နယ်ဖျားအရပ်မှာ ဒီလိုဆေးခန်းမျိုးတောင် ရှိနေပါပေါ့လားဟု မုဒိတာဖြစ်ရပါသည်။ ထို့နောက် MSF (နယ်စည်းမထားဆရာဝန်များအဖွဲ့၊ ဟော်လန်)၏ လက်အောက်ခံ AZGဆေးခန်း၊ သဇင်ဆေးခန်းမှ ဒေါက်တာအိမ္ဘန်ခိုင်နှင့်တွေ့ဆုံစကားပြောခဲ့ရာ၌ မသူဇာ၏ပိုးအတွက် ၂၇ လုံးသာရှိကြောင်း၊ ပိုး ၁၀၀ ကျော်သည်အထိ အေအာရ်တီဆေး၏အစွမ်းကြောင့် လူ့သက်တမ်းစေ့နေနိုင်သေးသည်ဟုဆို၏။ မသူဇာကို စမ်းသပ်ကြည့်လိုပါသည်။ လိုလိုလားလားဖိတ်ခေါ်၍ သုံးဘီးဖြင့်ပို့လိုက်၏။


အလာကောင်းခဲ့ရသော်လည်း အခါနှောင်းသွားခဲ့ရပြီလားကွယ်။ အလွန်အမင်းကျဆင်းခဲ့ရသော ဆင်းရဲမွန်းကျပ်မှု၊ စိတ်အနာတရဒဏ်တို့အပြင် အစာအာဟာရငတ်မွတ်မှုအခြေအနေ အရပ်ရပ်တို့က ထိုးနှက်ချက်ပေါင်းများစွာနှင့် ဖြတ်သန်းခဲ့ရပြီးပြီ။ ဒေါက်တာအိမ္ဘန်ခိုင်နှင့် သဇင်ဆေးခန်းမှ ဆရာမတို့ဘက်က နွေးထွေးစွာပြုစုဂရုစိုက်နေသည့်ကြားမှာပင် နောက်တစ်နေ့ နံနက် ၂ နာရီခန့်မှာ ကွယ်လွန်ခဲ့ရသည်။

ဒေါက်တာအိမ္ဘန်ခိုင် ထောက်ပံ့ပေးခဲ့သော အလှူငွေသည်ပင် မသူဇာ၏ သင်္ဂြိုဟ်စရိတ်ဖြစ်ခဲ့ရပြီပေါ့လေ။ ကံဆိုးမသွားလေရာ နောက်သို့ မိုးကအမြိုးနဲ့ရွာလိုက်သည့်နှယ် မသူဇာရဲ့ခင်ပွန်းကိုဝင်းခိုင်(၃၇နှစ်)လည်း မသူဇာကို စောင့်ရှောက်ရသည့်နေ့ရက်များအတွင်း အအိပ်မမှန်၊ အစားမမှန်နှင့် လုံးခင်းတိုက်နယ်ဆေးရုံသို့ လိုက်ပို့ပေးခဲ့ရပြန်သည်။ အပူရုပ်ကို ဟန်လုပ်နေကြရသော ပရိဒေဝနယ်ပယ်၌ မသူဇာ၏ ကျန်ရစ်ခဲ့တဲ့ ဥမမည်စာမမြောက်သေးသော ကလေးငယ်လေးယောက်ကို ဆွေမျိုးများနှင့် ရပ်ရွာလူကြီးတွေထံ တတ်စွမ်းသမျှနှင့် ကာကွယ်စောင့်ရှောက်ပေးကြပါရန် မေတ္တာရပ်ခံ၍ အပ်နှံခဲ့ရသည်။

စင်စစ်. . . လုံးခင်၊ ဖားကန့်နယ်မြေ၌ နေ့စဉ် လူဦးရေ ထောင်ဂဏန်းအထက်မှာ လာရောက်ကြရင်း၊ အလုပ်အကိုင်ရှာဖွေရင်း ရုန်းကန်လျက်ရှိကြ၏။ လူဦးရေအဆမတန်တိုးနေသော မှော်တောလုပ်ကွက်များကို တွယ်မှီရင်း အခြေချနေထိုင်သူတို့ အဆမတန်များသည်ထက်များ၍လာခဲ့ရာ ကူးစက်ရောဂါများလည်း လွယ်ကူ၏။ မဆင်မခြင် လိင်ဆက်ဆံမှုဆိုင်ရာ အနှိပ်ခန်း၊ ဖျော်ဖြေခန်းတို့ ဖောင်းပွနေသည်ဖြစ်ရာ ကူးစက်ရောဂါအတွက် ရင်လေးစရာဖြစ်ရသည်။ မည်ကဲ့သို့ ပပျောက်အောင် ဆောင်ရွက်ကြပါမည်လဲ။ စိုးရိမ်ဖွယ်ရာအနေအထားမှာရှိနေ၏။ လူတွေက ပိုက်ဆံကိုရှာကြ၏။ ပိုက်ဆံရသည်နှင့် လိင်ဖျော်ဖြေရေးကိစ္စတို့တွင် နစ်မွန်းနေသူတို့ထံမှ ပေါက်ဖွားလာမည့် ရောဂါပိုးတို့ကို ကြောက်စိတ်နှင့် တိုက်ဖျက်ရပါမည်။ ကာကွယ်ရပါမည်။

ဖားကန့်လက်ဆောင် မက်ကလောင်ဆိုသည့်နှယ် ကျောက်မရတောင် ငှက်ဖျား၏ မြစ်ဖျားခံရောဂါကတော့ မလွဲမသွေရရှိမည်သာ။ ထိုကဲ့သို့ လူမျိုးပေါင်းစုံတို့ ထွေပြားရာ မှော်ဒေသ၌ အိတ်ချ်အိုင်ဗီ၊ တီဘီ၊ ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့အစည်းမှ အခမဲ့စစ်ဆေးပေးမှု၊ ကုသပေးမှုတို့ မရှိမဖြစ်လိုအပ်ပါသည်။ သဇင်ဆေးခန်းက အခမဲ့ဖြန့်ဖြူးဝေငှနေသော ကျန်းမာရေးလက်ကမ်းစာစောင်များမှာ အားလုံးအတွက် ပညာလည်းရ၊ ဗဟုသုတလည်းရရှိစေ၏။ စာထည့်ပုံးအရွယ်သေတ္တာငယ်အတွင်း ကွန်ဒုံးနှစ်ပုံးအပြည့် ထည့်ထားခဲ့ရာ တစ်ရက်တည်းမှာ လေးပုံးမှ ခြောက်ပုံးအထိ ထပ်၍ထပ်၍ဖြည့်ဆည်းပေးနေခဲ့ရသည်ဟုဆို၏။ အမျိုးသမီးများအနေနှင့် ကျောထောက်နောက်ခံဆွေမျိုးအရင်း၊ အစ်ကိုမောင်အရင်းများ မရှိခဲ့လျှင် မနေထိုင်သင့်သောဒေသဟုပြောပြကြ၏။ "ကျွန်မဘဝ ပျက်ခဲ့တာဟာ. . ဖားကန့်"ဟု အပြောင်အပျက်သီဆိုသံကို ကြားရပြန်တော့ ထိန်းသိမ်းနိုင်ဖို့ မည်မျှအရေးကြီးသည်ဆိုတာ တွက်ဆမိရ၏။

သဇင်ဆေးခန်းသို့ နောက်တစ်ကြိမ်ရောက်ရှိခဲ့စဉ် ပတ်တီးလိပ်နှင့် တိပ်ခွေတို့ပြတ်တောက်နေ၏။ အခမဲ့ပေးတာပဲဆိုပြီး အသုံးတည့်တည့်၊ မတည့်တည့် အလကားယူသွားတာမျိုးကတော့ အားနာဖို့ပင်ကောင်းပါသည်။ မိမိတို့ဘက်မှ ပြန်၍ပေးဆပ်နိုင်မည့် ပံ့ပိုးမှုဆိုတာတွေကိုပါ ထည့်တွက်ကြဖို့လိုပါသည်။ ပရဟိတဆေးခန်းလိုနေရာမှာ ဖြည့်စွက်ပေးနိုင်ကြဖို့ စေတနာရှင်တွေကို ဖိတ်ခေါ်နေသောနေရာဆိုတာ နားလည်ပေးနိုင်ကြရမည်။ ပြည်ပနိုင်ငံတွေက လူသားချင်းစာနာထောက်ထားမှုနှင့် လှူဒါန်းနေကြ၍သာ ရပ်တည်နိုင်၏။ နေရာအတော်များများ၌မူ ဘီယာဆိုင်၊ ဘားဆိုင်တွေထဲ ငွေတွေ အလဟဿလွှင့်ပစ်သလို ဖြုန်းနိုင်ကြ၏။ အသုံးမလိုသည့် ပကာသနကိစ္စရပ်တို့၌ အကြောင်းမဲ့ ပုံ၍လှူဒါန်းကြ၏။ အကျိုးရှိမည့်နေရာ၊ အမှန်တကယ် လိုအပ်နေသည့် ဒုက္ခသည်တို့၏နေရာ၌ လှူဒါန်းဖို့ဒုံးဝေးနေကြ၏။ စဉ်းစားကြည့်ရန်လိုပါပြီ။ လူသားတိုင်း ဒုက္ခတွေကို ဖြေသိမ့်ပေးနေသော လူသားအကျိုးပြုလုပ်ငန်းတွင် ဘဝကိုနှစ်မြှုပ်၍ အနစ်နာခံပေးနိုင်ကြသော ပုဂ္ဂိုလ်များ၏ စွန့်လွှတ်စိတ်၊ စာနာစိတ်တို့ကို တကယ်လေးစားပါသည်။ MSF၏ လူသားချင်းစာနာထောက်ထားမှု၊ ရည်ရွယ်ချက်များကို လွန်စွာတန်ဖိုးထားရပါ၏။ သားသမီးတို့ကိုစွန့်၍၊ ဇနီးမယားကို ဥပေက္ခာပြု၍၊ အများအကျိုးကို ဆောင်ရွက်သယ်ပိုးနေသော လူတော်လူကောင်း၊ လူကောင်းလူမြတ် အမျိုးသမီးခေါင်းဆောင်တို့ကိုလည်း အလွန်တရာမှပင် အားကျဂုဏ်ယူရပါသည်။ လူသားအချင်းချင်း ရိုင်းပင်းကူညီစိတ်ရှိဖို့သာ ပို၍ လူသားပီသသည်ဟု ရှုမြင်မိ၏။ လူ့ဘဝဆိုတာ တိုတိုလေးပါပဲ။ ။



စမူ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## မိမိဘဝဖြစ်တည်ခြင်းကို နားလည်ခြင်း. . .

လူအတော်များများဟာ ဘဝရဲ့ဖြစ်ရပ်အမှန်တွေကို ရင်ဆိုင်ရမှာ မနှစ်သက်ဘူး။ သူတို့က ချိုမြိန်တဲ့ဘဝအိပ်မက်တွေကိုမက်ပြီး လွဲမှားတဲ့ လုံခြုံမှုကို မလုပ်ဘဲနဲ့ ရရှိခံစားရမယ်ဆိုတဲ့ စိတ်ကူးယဉ်နေရတာမျိုးကို ပိုပြီးနှစ်သက်ကြတယ်။ ဒီလူတွေဟာ အရိပ်ကိုအကောင်ထင်ပြီး လွဲချော်နေကြတာဖြစ်တယ်။ ဘဝဆိုတာ ဘာတစ်ခုမှ သေချာတဲ့သဘောမရှိဘူး၊ အနေကန္တတရားကြီးဖြစ်တယ်ဆိုတဲ့အချက်ကို သူတို့သတိမပြုမိကြဘူး။ ဘဝနေနည်း၊ ဘဝကို ရင်ဆိုင်နည်းတစ်ခုကတော့ ဘဝရဲ့ သဘောကို နားလည်အောင်လုပ်ပြီး သေခြင်းတရားကို နားလည်ပြီးရင်၊ ရင်ဆိုင်ရဲဖို့ပဲဖြစ်တယ်။

သေခြင်းတရားကို နားလည်ခြင်းပြီးနောက် ကျွန်ုပ်တို့အနေနဲ့ ဖြစ်တည်နေတဲ့ မိမိတို့ရဲ့ဘဝဖြစ်တည်ခြင်းကိုလည်း ကောင်းကောင်းနား လည်သဘောပေါက်ဖို့လိုတယ်။ မိမိတို့အသက်ရှင်ဖြစ်တည်နေတဲ့ဘဝဟာ ကိုယ်လျှောက်ချင်တဲ့၊ ချောမွတ်တဲ့ပန်းခင်းလမ်းမဟုတ်ဘူး။ ဒါကိုသိထားရမယ်။ ဘဝမှာ မကြာခဏပြဿနာတွေကိုတွေ့ရမယ်။ အခက်အခဲတွေကို ရင်ဆိုင်ရမယ်။ ဒီဘဝပြဿနာတွေ၊ ဘဝအခက်အခဲတွေကို ကြောက်လန့်နေလို့မဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီပြဿနာတွေ၊ ဒီအခက်အခဲတွေကို သဘာဝကျကျထိုးထွင်းသိမြင်ခြင်းအားဖြင့် ကျွန်ုပ်တို့အနေနဲ့ ဘဝရဲ့ နက်နဲတဲ့ အတွင်းသဘောတွေကို ထိုးထွင်းသိမြင်နိုင်လို့ဖြစ်တယ်။

ရည်ညွှန်း - "ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက" ဆန်းလွင် (ရှင်အာဒိစ္စရံသီ)

## သံဃာအပါး ၁၂၀ တစ်ပြိုင်နက် ကုသမှုခံယူနိုင်မည့် ဇီဝိတဒါနဆေး ုံသစ် ယခုနှစ်ကုန် အပြီးသတ်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊
ဖေဖော်ဝါရီ - ၂၃



စုစုပေါင်း ကျပ်သိန်းပေါင်း ၇,၀၀၀ ကျော်အကုန်ကျခံတည်ဆောက်မည့်သံဃာတော်များ ဆေးကုသမှုဆိုင်ရာ အဆင့်မြင့် ခြောက်ထပ်ဆေးရုံသစ်ကြီးကို ယခုနှစ်ကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ဇီဝိတဒါနသံဃာ့ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်ကပြောသည်။

"ဒီဆေးရုံသစ်ကြီးကို ပြီးခဲ့တဲ့ ဇန်နဝါရီလက စတင်ဆောက်လုပ်နေပါတယ်။ ပြီးသွားရင် သံဃာတော်အပါး ၁၂၀ တစ်ပြိုင်နက် ဆေးကုသမှုခံယူနိုင်မှာပါ။ ဆေးရုံသစ်ကြီးအတွက် လက်ရှိအချိန်ထိ အလှူငွေ ကျပ်သိန်း ၂,၅၀၀ လောက်ရပြီးပါပြီ။ ဒီနှစ်ကုန်အပြီး တည်ဆောက်သွားမှာပါ" ဟု ဦးမောင်မောင်ကပြောသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် လက်ရှိ၌ သံဃာတော်အပါး ၁၀၀ နှင့် သီလရှင်အပါး ၅၀ တစ်ပြိုင်နက် ဆေးရုံတက်ရောက် ဆေးဝါးကုသမှုခံယူနိုင်သည်။ "အခုတော့ အဆောင်တွေမှာ နေရာတွေခွဲထားရတာပေါ့။ ဆေးရုံသစ်ကြီးပြီးသွားရင်တော့ သီးသန့်တစ်နေရာတည်းမှာပဲ သူ့အဆောင်အလိုက်ခွဲခြားသွားမှာပါ။ လက်ရှိ သီလရှင်ဆေးကုသမှုအဆောက်အအုံကိုလည်း ပြန်လည်မွမ်းမံဖို့ ပြင်ဆင်နေပါတယ်"ဟု ဦးမောင်မောင်ကပြောသည်။

၎င်းဆေးရုံကြီးသည် သံဃာတော်များ၊ သီလရှင်များအား အခမဲ့လှူဒါန်းဆေးကုသပေးပြီး ဖျော်ရည်အပါအဝင် တစ်နေ့လေးကြိမ် ဆွမ်း စသောအာဟာရများ ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်းသိရသည်။ ထို့အပြင် လူပုဂ္ဂိုလ်များအတွက်လည်း ပြင်ပလူနာဌာနဖွင့်လှစ်ကာ သက်သာသောနှုန်းထားဖြင့် အထူးကုဆရာဝန်ကြီးများထံတွင် ဆေးကုသမှုခံယူနိုင်ပြီး ခွဲစိတ်ကုသမှုခံယူရမည့် လူပုဂ္ဂိုလ်များအား ဆေးရုံတက်ရောက်ခွင့်ပြုကြောင်းသိရသည်။

ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် လက်ရှိ၌ အထွေထွေရောဂါကုဆရာဝန်၃၂ဦး၊ ဆေးဝန်ထမ်း ၁၅၄ ဦးရှိပြီး လုပ်အားဒါနပြုသည့် ဆရာဝန်အရေအတွက် ၁၄၀ ကျော်ရှိကြောင်းနှင့် ၎င်းတို့အနက် ၉၀ ရာခိုင်နှုန်းမှာ အထူးကုဆရာဝန်များဖြစ်ကြောင်း ဦးမောင်မောင်ကပြောသည်။

## စာ-၉၊ ဒီလိုလေးချက်ကြရအောင် မှ

အသုပ်ထဲထည့်မယ့် ကျန်အမယ်တွေကို ပြင်ဆင်တဲ့အခါမှာတော့ ခေါက်ဆွဲ၊ ကြာဆံနဲ့ အာလူးတို့ကို ပြုတ်ဖို့ပါ။ ပြီးတော့ ပြုတ်ပြီးသား အာလူးကို ပါးပါးလေးတွေ အနေတော်လှီးထားရပါမယ်။ တို့ဟူးကတော့ ကိုယ်တိုင်ကျိုတာပဲဖြစ်ဖြစ်၊ ကျိုပြီးသားပဲဖြစ်ဖြစ် ဈေးထဲက လိုသလောက် ဝယ်ယူလို့ရပါတယ်။ တို့ဟူးကိုလည်းခြစ်နဲ့ ခြစ်နိုင်သလို၊ ဓားနဲ့လည်း ကြိုက်သလို လှီးထားနိုင်ပါတယ်။

နောက်တစ်ခုကတော့ သင်္ဘောသီးစိမ်းကို ခြစ်ခပ်စိပ်စိပ်လေးနဲ့ အမျှင်ပါးပါးလေးရအောင် ခြစ်ထားရပါမယ်။ နောက်ဆုံးမှ ထည့်ရမယ့် ကြက်သွန်နီနဲ့နံနံပင်ကိုလည်း ပါးပါးလှီးထားပါ။ အဲဒီအသုပ်အမယ်လေးတွေကို ဗန်းတစ်ခုထဲမှာ တစ်ပုံချင်းစီပုံထားပြီးပြီဆိုရင်တော့ ကိုယ်ကြိုက်သလောက်ထမင်းကိုထည့်ပြီး ဗန်းထဲကတစ်ခုချင်းစီကို လိုသလောက် ထမင်းပေါ်ပုံ၊ မွှေးနေအောင် သတ်ထားတဲ့ ငရုတ်သီးဆီချက်ကို ဆမ်း၊ ငံပြာရည်၊ ပဲအကျက်မှုန့်တို့ကို ဖြူးလိုက်ပြီးတော့ နယ်ဖတ်လို့ရပါပြီ။

သေသေချာချာနှံ့အောင် နယ်ပြီးပြီဆိုရင်တော့ စားမယ့် ပန်းကန်ထဲကို ထည့်၊ ကြက်သွန်နီကြော်နဲ့၊ ပါးပါးလှီးထားတဲ့ ကြက်သွန်နီနဲ့ နံနံပင်ကို ဖြူးလိုက်ရုံပါပဲ။ ဒါဆိုရင်တော့ သဲကုန်းထမင်းသုပ် မွှေးမွှေးလေးကို စားလို့ရပြီပေါ့။

အဆင်သင့်ဖြစ်နေတဲ့ ထမင်းသုပ်ကို ပိုပြီး အရသာရှိသွားအောင်ပုစွန်ခြောက်နဲ့ ငရုတ်ကောင်းခပ်ထားတဲ့ ဘူးသီးဟင်းချိုပူပူလေးတစ်ခွက်ရယ် ပဲတီချဉ်လို့ခေါ်တဲ့ ပဲပင်ပေါက်ချဉ်လေးရယ်၊ ရဲနေအောင်ကြော်ထားတဲ့ ငရုတ်သီးအပွတောင့်လေးရယ်လိုက်ဖက်ညီအောင် တွဲဖက်ပြင်ဆင်လိုက်မယ်ဆိုရင်တော့ အရသာထူးတဲ့ဒေသအစားအစာတစ်ခုကို မြည်းစမ်းလို့ရပြီပေါ့။

7 DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

## မျက်နှာဖုံး-လောင်စာဆီဈေးမြင့်မားမှုကြောင့် ကုန်စည်ပို့ဆောင်ခများ နှစ်ဆယ်ရာခိုင်နှုန်းကျော် မြင့်တက် မှ

" Supply နဲ့ Demand မမျှတဲ့လိုင်းတွေ ဈေးတက်ကြတယ်။ မော်လမြိုင်တို့ ရေးတို့လို လိုင်းတွေကတော့ မတက်ရဲဘူး။ ကုန်ကသိပ်မရှိတော့ ဈေးတက်ရင်ပို့မယ့်သူမရှိမှာစိုးလို့" ဟုရန်ကုန်အခြေစိုက်ကုန်ကားပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့မှ မူဆယ်မြို့သို့ ဖရဲသီးပို့သော ကားများပင် တစ်နေ့အစီး ၁၀၀ ကျော်ရှိပြီး ယခုကဲ့သို့ လယ်ယာထွက်ကုန်ထွက်သောအချိန်တွင် ကားရှားသည့် ပြဿနာကြုံတွေ့နေရကြောင်း ကုန်သည်တစ်ဦးကဆိုသည်။

ထို့ကဲ့သို့ အာဆီယံစံနှုန်း သတ်မှတ်ပြီး ထပ်မံဈေးတက်လာသဖြင့် လယ်ယာထွက်ကုန်သီးနှံများဖြစ်သော ပဲတီစိမ်းနှင့် ဖရဲသီးဈေးနှုန်းများ အနည်းငယ်ဈေးကျသွားခဲ့ကြောင်း သိရှိရသည်။

"တန်ဆာခ အတက်အကျတွေက နောက်ဆုံး တောင်သူတွေပဲထိတာပဲ။ အခုပဲတီစိမ်းတစ်တင်းကို ကျပ်နှစ်သောင်းလောက် ဈေးကျသွားပြီ"ဟု ပဲခူးဒေသခံတောင်သူတစ်ဦးက ဆိုသည်။

ထို့အပြင် မန္တလေးမှ မင်းကွန်းသို့ ပို့ဆောင်ပေးနေသော သင်္ဘောများဈေးနှုန်းမှာ ၂၀ရာခိုင်နှုန်းထပ်၍ တက်သွားကြောင်း မန္တလေးဒေသခံ ခရီးသွားလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

"ကားခတွေလည်း၁၀ရာခိုင်နှုန်းတက်လိုက်ကြတယ်။ ၂၀၀၉ခုနှစ် ၁၀ လပိုင်းက ဒီဇယ်ဈေးတစ်ဂါလန်ကို ၃၀၀၀ ဝန်းကျင်ရှိတုန်းက ကျပ် ၃၅၀၀လောက်နဲ့ တွက်ပြီးရောင်းထားတာ။ အခုတစ်ဂါလန်ကို ၄၀၀၀ ကျော်သွားပြီး ငွေဈေးကလည်းကျနေတော့ ဈေးတက်လိုက်ရတာ"ဟု မန္တလေးဒေသခံ ခရီးသွားလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

သို့သော် ပုဂံဒေသတွင် ယခင်ရောင်းထားသော ခရီးစဉ်များအတွက်ဈေးမတက်သေးသော်လည်း မတ်လဆန်းမှ စတင်ရောင်းချသော ခရီးစဉ်များအား ၁၀ ရာခိုင်နှုန်းတက်၍ ရောင်းချပေးရန် ခရီးသွားကုမ္ပဏီများသို့ ပြောဆိုထားကြောင်း ပုဂံဒေသခံလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

"အရင်ကတည်းက အာဆီယံနိုင်ငံတွေ ရောင်းတဲ့ဈေးကိုယှဉ်လို့မရတာ။ အခုဒီနှစ် ဟိုတယ်ကလည်းတက်တယ်။ ကားကလည်းတက်တော့ ရောင်းရတာ တော်တော်ခက်သွားလိမ့်မယ်" ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ရေနံထွက်ရှိသော အရှေ့အလယ်ပိုင်း နိုင်ငံများ၏ နိုင်ငံရေးမငြိမ်သက်မှုကြောင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်း ဈေးတက်နေချိန်နှင့် ပြည်တွင်းငွေလဲလှယ်သည့် ဈေးနှုန်းမတည်ငြိမ်မှုကြောင့် ဒီဇယ်တင်သွင်းသူများ၏ တင်သွင်းမှုလျော့ကျခဲ့သဖြင့် ဒီဇယ်ဈေးမှာ ကျပ် ၃၃၀၀မှ ကျပ် ၄၀၀၀ကျော်ထိရှိလာခဲ့သည်။

သို့သော် မတ်လ ၅ ရက်မှစ၍ ဒီဇယ်တစ်ပီပါလျှင် ကျပ် ၂,၀၀၀ ဈေးကျလာခဲ့ပြီး ပုဂ္ဂလိကဆိုင်များတွင်လည်း ဒီဇယ်တစ်ဂါလန် ကျပ်၃၉၅၀ဖြင့် ပြန်လည်ရောင်းချလာခဲ့သည်။

## မေလတွင် ငါးနှစ်အောက်ကလေးငယ် သုံးသန်းကျော်ကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမည်

မေဝင်းမွန်

**ရန်ကုန်၊ မတ်-၄**

လာမည့်မေလတွင် မြန်မာနိုင်ငံရှိ မြို့နယ် ၁၁၅မြို့နယ်မှ အသက်ငါးနှစ်အောက် ကလေးသူငယ် ၃. ၄သန်းကို ပိုလီယိုအကြောသေ ရောဂါကာကွယ်ဆေး နှစ်ကြိမ်တိုက်ကျွေးရေးလှုပ်ရှားမှုကို ပြုလုပ်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ယူနီဆက်တို့ သတင်းထုတ်ပြန်ချက်အရ သိရသည်။



ဓာတ်ပုံ-အေးမြကျော်

ပိုလီယိုကာကွယ်ဆေးများကို ပုံမှန်တိုက်ကျွေးခဲ့သည်ဟုသိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရှေ့တောင်အာရှ ဒေသဆိုင်ရာရုံးနှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်) တို့၏ အကြံပြုချက်အရ ဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း သုံးနှစ်လုံးလုံး ပိုလီယိုကင်းစင်သည့်နိုင်ငံအဖြစ် ရပ်တည်ခဲ့ပြီး

သို့ရာတွင် ၂၀၁၀ ပြည့်နှစ်ဒီဇင်ဘာလက မန္တလေးတိုင်းဒေသကြီးအတွင်း ပိုလီယိုအကြောသေရောဂါပိုးတွေ့ရှိခဲ့ပြီး၊ ပိုလီယိုအကြောသေရောဂါပိုးတွေ့ရှိရာဒေသနှင့်အနီးတစ်ဝိုက်ရှိ ကလေးတစ်ယောက်မျှမကျန်စေရန် တစ်အိမ်တက်တစ်အိမ်ဆင်း ကာကွယ်ဆေးတိုက်ကျွေးမည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် လွန်ခဲ့သည့် ၁၀နှစ်ကာလအတွင်း ပိုလီယိုကာကွယ်ဆေး ၁၀ဘီလီယံကျော်ကိုတိုက်ကျွေးခဲ့သဖြင့် ပိုလီယိုအကြောသေရောဂါဖြစ်ပွားမှု ၃. ၅သန်းကို ကြိုတင်ကာကွယ်နိုင်ခဲ့သည်။

## စာ-၃၊ စက်သုံးဆီကို မျှတသောနှုန်းဖြင့် ရောင်းချရန် ပုဂလိကစက်သုံးဆီဆိုင်များကို မှာကြား မှ

"အတတ်နိုင်ဆုံး သင့်တင့်မျှတတဲ့ဈေးနှုန်းနဲ့ ရောင်းပေးကြဖို့ ပြောတာပါ"ဟု ပုဂ္ဂလိကစက်သုံး ဆီဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

ကမ္ဘာ့လောင်စာဆီဈေးနှုန်း မြင့်တက်မှုကြောင့် ပုဂ္ဂလိကစက်သုံးဆီဆိုင်များတွင် တစ်ဂါလန် ကျပ် ၃,၀၀၀ ဝန်းကျင်ဖြင့် ရောင်းချသော ဒီဇယ်မှာ ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် ကျပ် ၄,၀၀၀ အထိ မြင့်တက်ခဲ့သည်။ ဓာတ်ဆီဈေးမှာ တစ်ဂါလန် ကျပ် ၂,၅၀၀ နှုန်း သတ်မှတ်ထား၍ စက်သုံးဆီဆိုင်များတွင် ထိုနှုန်းအတိုင်းပင် ရောင်းချရသည်။ အမြင့်ဆီဖြစ်သော အောက်တိန်းဈေးမှာလည်း အနည်းငယ်တက်ခဲ့သည်။ ပြင်ပဈေးကွက်တွင် ဈေးနှုန်းများမှာ ဆိုင်ဈေးထက်ပိုများပြီး ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄,၂၀၀၊ ဓာတ်ဆီမှာ ကျပ် ၄,၅၀၀ အထိ ဈေးပေါက်ခဲ့သည်။

ထို့ကြောင့် ဓာတ်ဆီရောင်းသည့် ပုဂ္ဂလိကစက်သုံးဆီဆိုင်များတွင် နောက်နေ့မနက် ဝယ်ရန် ယနေ့ညနေပိုင်းကတည်းက ၁၂ နာရီဝန်းကျင် ညအိပ်စောင့်၍ တန်းစီသူများပင် ရှိလာသည်ကို တွေ့ရသည်။

ထိုသို့ အရှေ့အလယ်ပိုင်း နိုင်ငံရေးမငြိမ်သက်မှုမှစတင်ပြီး ကမ္ဘာ့ရေနံဈေးတက်၍ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ ဆက်တိုက်မြင့်တက်လာချိန်တွင် သက်ဆိုင်ရာ တာဝန်ရှိသူများက ပုဂ္ဂလိကစက်သုံးဆီဆိုင်များကို သင့်တင့်မျှတသောနှုန်းဖြင့် ရောင်းချကြရန် ပြောကြားခဲ့ခြင်းဖြစ်သည်။ သို့သော် ဒီဇယ်ကို မည်သည့်နှုန်းဖြင့် ရောင်းရမည်ဟု သတ်မှတ်ပေးခဲ့ခြင်းမရှိကြောင်း စက်သုံးဆီဆိုင်များမှ တာဝန်ရှိသူများကပြောသည်။

ထိုသို့မှာကြားပြီး နှစ်ရက်အကြာတွင် ပုဂ္ဂလိကစက်သုံးဆီဆိုင်အချို့၌ ဒီဇယ်ကို ဈေးစတင်ချ၍ တစ်ဂါလန် ၃,၉၅၀ ဖြင့် ရောင်းချလာသည်ကိုလည်းတွေ့ရသည်။

သက်ဆိုင်ရာက ပုဂ္ဂလိကစက်သုံးဆီဆိုင်များကို မတ်လ ၃ ရက်တွင် နေပြည်တော်သို့ အစည်းအဝေးခေါ်ယူခြင်းမှာ ယခုနှစ်အတွင်း ဒုတိယအကြိမ်ဖြစ်သည်။ ဖေဖော်ဝါရီ ၇ ရက်ကလည်း အစည်းအဝေးခေါ်ယူပြီး ကားနှင့်ဆိုင်ကယ်များအပြင် စက်သုံးဆီအသုံးပြုသော အခြားကဏ္ဍများကိုပါ တိုးချဲ့ရောင်းချရန်မှာကြားခဲ့သည်။

အစိုးရက ကာလရှည်လုပ်ကိုင်ခဲ့သော စက်သုံးဆီရောင်းဝယ်ခြင်းကို ပုဂ္ဂလိကသို့ ၂၀၁၀ နှစ်ဆန်းပိုင်းတွင် စတင်လွှဲပြောင်းပေးခဲ့ပြီး၊ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ထိုနှစ် ဇွန် ၁၁ မှစတင်၍တစ်ပြေးညီ ဖွင့်လှစ်လုပ်ကိုင်ခဲ့ကြသည်။

## မျက်နှာဖုံး-ပြည်ဝင်ခွင့် ဗီဇာလျှောက်ထားမှုများကို ဗြိတိန်သံ ုံးက ခေတ္တဆိုင်းငံ့ မှ

ဗြိတိန်နိုင်ငံသို့ သွားရောက်ရန်ပြည်ဝင်ခွင့်လျှောက်ထားသူများအနေဖြင့် လျှောက်လွှာတင်မည့်ရက်ကို တယ်လီဖုန်းဖြင့် ကြိုတင်ချိန်းဆိုရသည်။ ယခု ပြည်ဝင်ခွင့်လျှောက်ထားမှုကို ပုံစံပြောင်းလဲမည်ဖြစ်သည့်အတွက် မတ်လ၁၀ရက်မှစတင်၍ လျှောက်လွှာတင်သွင်းမှုကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။

"သံရုံးရှေ့မှာ ကြေညာချက်ကပ်ထားတယ်။ ဧပြီလထဲမှာ ဗီဇာအပြောင်းအလဲရှိလို့လို့ပြောတယ်။ မတ်လ ၂၈ရက်နောက်ပိုင်းမှ ပြန်တင်ရမယ်ထင်တယ်"ဟု ပြည်ဝင်ခွင့်အတွက်ဝန်ဆောင်မှုဆောင်ရွက်နေသော အေးဂျင့်တစ်ဦးကပြောသည်။

သံရုံးတွင် ပြည်ဝင်ခွင့် ဗီဇာလျှောက်လွှာတင်သွင်းမှုကန့်ကတ်လိုက်ခြင်းကြောင့် ဗြိတိန်နိုင်ငံသို့ဧပြီလအတွင်း အားလပ်ရက် အလည်အပတ်သွားရောက်မည့်သူများ၏ခရီးစဉ်အချို့ဖျက်သိမ်းနေကြရပြီး ပညာသွားရောက်သင်ယူရန် ကျောင်းသားဗီဇာလျှောက်ထားမည့်သူများမှာလည်း အခက်အခဲတွေ့လျက်ရှိကြောင်းသိရသည်။

ဗြိတိန်ပြည်ဝင်ခွင့်ဗီဇာသည် ၂၀၀၉ ခုနှစ်မတ်လတွင် မူဝါဒသစ်ပြောင်းလဲခဲ့ပြီးနောက်ပြည်ဝင်ခွင့်လျှောက်ထားသူများအတွက် အခက်အခဲများဖြစ်ပေါ်လျက်ရှိခဲ့ရာမှ ယခုကဲ့သို့ ထပ်မံပြောင်းလဲရန် သတင်းထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

## မျက်နှာဖုံး-ဘော်ဒါကျောင်း ၁၈ကျောင်း ပ မတန်းမှ န၀မတန်းအထိ ကျောင်းသားများကို အတန်းတင်စာမေးပွဲ စစ်ခွင့်ရ မှ

"၁၀ တန်းတော့ အစိုးရ ကျောင်းတွေမှာပဲ တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုဖြေဆိုရမှာပါ။ ၅ တန်းကနေ ၉ တန်းထိကတော့ မိမိကျောင်းမှာပဲ စာမေးပွဲဖြေဆိုခွင့်ရရှိပါပြီ"ဟု ဘော်ဒါဆောင်ပိုင်ရှင်တစ်ဦးကပြောသည်။

အခြေခံပညာအဆင့်တွင် သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသားများ စာမေးပွဲကျရှုံး ပါက ပြန်လည်ဖြေဆို၍ အတန်းတင်ပေးသောစနစ်ကို ကျင့်သုံးလျက်ရှိပြီး န၀မတန်းတွင် ကျရှုံးပါက ပြန်လည်သင်ယူရသောစနစ်ကို ကျင့်သုံးလျက်ရှိသည်။

"သက်ဆိုင်ရာနယ်မြေက အထက်တန်းကျောင်းတွေနဲ့ ချိတ်ဆက်ထားရတာပေ့ါ။ ၅တန်းကနေ ၉တန်းထိတော့ ကိုယ့်ဘာသာမေးခွန်းထုတ်၊ အတန်းတင်လုပ်ရတယ်။ အဲဒီ့အတိုင်း ဆက်လက်လုပ်ကိုင်ခွင့်ပေးထားပါတယ်။ ပုဂ္ဂလိကပညာရေးဥပဒေမထွက်သေးတာပဲရှိတယ်"ဟု ဘော်ဒါဆောင်ပိုင်ရှင်တစ်ဦးက ပြောသည်။

၂၀၀၉ ခုနှစ် နှစ်ကုန်ပိုင်းမှ စတင်၍ ဘော်ဒါဆောင်အချို့အား ပုဂ္ဂလိကကျောင်းဖွင့်လှစ်ခွင့်ပြုရန် သတင်းများထွက်ပေါ်လာခဲ့သော်လည်း ယခုအချိန်ထိ တရားဝင်ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။

## စာ-၄၊ ရတနာဓာတ်ငွေ့စီမံကိန်းက ထိုင်းနိုင်ငံစွမ်းအင်လိုအပ်ချက်၏ နှစ်ဆယ်ရာခိုင်နှုန်းကို ရောင်းချပေးနေ မှ

၂၀၁၀ခုနှစ် ဇွန်လမှ စတင်၍ ကမ်းလွန်ပင်လယ်မှ ရန်ကုန်သို့ တိုက်ရိုက်သဘာဝဓာတ်ငွေ့ပို့လွှတ်နိုင်ခဲ့၍ မြို့တွင်း လျှပ်စစ်မီးရရှိမှု ပိုမိုကောင်းလာခဲ့သည်။

သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းသည် ဝယ်လိုအားပေါ်မူတည်၍ ရောင်းချနေလျက်ရှိပြီး ပြည်တွင်းသို့ ကုဗပေသန်း ၂၀၀ ထိ ရောင်းချသွားနိုင်ရန် ရည်ရွယ်ထားကြောင်း ၎င်းက ပြောသည်။

"ဓာတ်ငွေ့က လှောင်ထားလို့မရပါဘူး။ ဓာတ်ငွေ့ထုတ်လုပ်နိုင်မှုနဲ့ ပျမ်းမျှရောင်းချနေမှုကို ပြောလို့ရတယ်။ ကျွန်တော်တို့ရဲ့ ထုတ်လုပ်နိုင်မှုက တစ်နေ့ကို ကုဗပေသန်း ၉၀၀ ရောင်းလို့ရပါတယ်။ ကျွန်တော်တို့ရဲ့ ဦးတည်ချက်က တစ်နေ့ကို ကုဗပေသန်း ၆၀၀ နဲ့ပြည်တွင်းကို ကုဗပေ သန်း ၂၀၀ ပါ။ ထိုင်းနိုင်ငံဆိုရင်လည်း သင်္ကြန်တို့ နှစ်သစ်ကူးချိန်တို့ဆို နည်းနည်းပဲယူတယ်။ စက်ရုံ၊ အလုပ်ရုံတွေ ပိတ်တဲ့အတွက်ပါ။ ကျွန်တော်တို့က ရောင်းချင်တိုင်းလည်း ရောင်းလို့မရပါဘူး။ ဝယ်သူရှိမှ ရောင်းလို့ရတာပါ"ဟု ဓာတ်ငွေ့ထုတ်လုပ်မှု တာဝန်ခံတစ်ဦးက ရှင်းပြသည်။

# Health

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011



# ခါးနာခြင်း

သီဟ

**ခါးနာခြင်းကို လူတိုင်း တစ်ချိန်ချိန်တွင် ခံစားဖူးကြပါမည်။ ထို့ကြောင့်ခါးနားခြင်းသည် လူတော်တော်များများတွင် ခံစားရလေ့ရှိသည့် ဝေဒနာတစ်ရပ်ဖြစ်သည်ဟု ကျွမ်းကျင်သူ ဆေးပညာရှင်များကပြောသည်။**

တကယ်တမ်းတွင် ခါးနာခြင်းသည် ရောဂါတစ်ခုမဟုတ်ဘဲ ရောဂါလက္ခဏာတစ်ခုသာဖြစ်ပြီး လှုပ်ရှားသွားလာမှုကြောင့်သော်လည်းကောင်း၊အခြားအကြောင်းအရင်းတစ်ခုခုကြောင့်သော်လည်းကောင်း မှားယွင်းနေခြင်းအား သတိပေးအချက်ပြသည့် လက္ခဏာတစ်ရပ်ဖြစ်သည်။

ခါးနာခြင်းသည် အသက်အရွယ်မရွေး ကျား၊မ မရွေးဖြစ်ပွားတတ်ပြီး ခါးနာသူများ၏ ၉၇ ရာခိုင်နှုန်းသည် မည်သည့်အကြောင်းအရင်းကြောင့် ခါးနာသည်ကိုပင်မသိလိုက်ဘဲပြန်ကောင်းသွားတတ်ကြသည်ဟု ပါမောက္ခဒေါက်တာခင်မျိုးလှုကပြောသည်။

ခါးနာရခြင်း၏ အကြောင်းအရင်းများတွင် ထိခိုက်ဒဏ်ရာကြောင့်သော်လည်းကောင်း၊ ခန္ဓာကိုယ်အနေအထား ပုံစံမမှန်ဘဲ အလေးအပင်များမခြင်း၊ ပုံစံမမှန်ဘဲ အိပ်စက်ခြင်း၊အလွန်မြင့်သည့် ဒေါက်ဖိနပ်စီး၍ အချိန်ကြာမြင့်စွာလမ်းလျှောက်ခြင်း(သို့မဟုတ်)မတ်တပ်ရပ်ခြင်း၊ အိ၍နစ်ဝင်နေသည့် ဆိုဖာခုံများပေါ်တွင် အချိန်ကြာမြင့်စွာထိုင်နေခြင်း ခါးလိမ်ခါးချိုးခြင်းနှင့် အနင်းအနှိပ်ခံခြင်းများသည်လည်း ခါးနာရခြင်း၏ အကြောင်းအရင်းများအနက်မှ အချို့ဖြစ်သည်။

အလားတူ ခါးနာစေသော အခြားအကြောင်းအရင်းများမှာ ကျီးပေါင်းတက်ခြင်းကြောင့် လည်းကောင်း၊ ရောဂါပိုးများကြောင့်လည်းကောင်း ဥပမာ တီဘီရောဂါပိုးများ ခါးရိုးဆစ်များတွင်းသို့ ဝင်ရောက်ခြင်းကြောင့်လည်း ဖြစ်တတ်ပြီး ကင်ဆာရောဂါများကြောင့်လည်း ခါးနာတတ်သည်ဟုသိရသည်။

တီဘီရောဂါကြောင့် ခါးနာခြင်းတွင် တီဘီရောဂါပိုးများသည် ခါးရိုးဆစ်များအတွင်း ရောက်ရှိသွားကာ အခြားတီဘီရောဂါများကဲ့သို့ တီဘီရောဂါ၏ လက္ခဏာများမပြဘဲ ခါးနာခြင်းသာပြသတတ်ကြောင်းသိရပြီး ဓာတ်မှန်ရိုက်ကြည့်ချိန်တွင်မှ တီဘီရောဂါပိုးများသည် ခါးရိုးဆစ်များကိုလိုက်စားနေခြင်းဖြစ်တတ်သည်ဟု ဒေါက်တာခင်မျိုးလှုက ပြောသည်။

စာ(၁၄)သို့

# ကြိုတင်ကာကွယ်၍မရသည့် ရင်သားကင်ဆာ

## "ရင်သားကင်ဆာရဲ့၈၅ရာခိုင်နှုန်းလောက်က လက်နဲ့စမ်းသပ်ခြင်းနည်းနဲ့ ကြိုသိနိုင်တယ်"

**ဝတ်ရည်**

အမျိုးသမီးများ ဖြစ်ပွားမှုအများဆုံးဖြစ်သည့် ကင်ဆာရောဂါများတွင် အချို့မှာ အမျိုးသားများနှင့် အတူနေထိုင်ခြင်းကြောင့် ဖြစ်ပွားသည့် ကင်ဆာရောဂါများရှိသကဲ့သို့ အိမ်ထောင်မရှိသည့် အပျိုကြီးများ၊ ရင်သွေးအား နို့တိုက်ခြင်း မရှိသည့် မိခင်များ၌ ကြုံတွေ့ခံစားရနိုင်သည့် ကင်ဆာရောဂါများလည်းရှိသည်။



မြန်မာနိုင်ငံရှိ အမျိုးသမီးများတွင် ဖြစ်ပွားမှုအများဆုံးဖြစ်သည့် ကင်ဆာရောဂါများမှာ သားအိမ်ခေါင်းကင်ဆာ၊ ရင်သားကင်ဆာနှင့် အဆုတ်ကင်ဆာရောဂါများဖြစ်ကြပြီး ထိုအထဲမှ ရင်သားကင်ဆာသည် အသက်ငယ်ရွယ်တွင် ရာသီစပေါ်ခြင်း၊ နောက်ကျမှ သွေးဆုံးခြင်းနှင့် ကိုယ်ဝန်မဆောင်ခြင်း၊ ကယ်လိုရီများသော အစာများ စားသုံးခြင်း စသည်များကြောင့် ဖြစ်ပွားနိုင်ကြောင်း 'မြတ်သောပန်းကလေး လန်းစေချင်' ဆေးပညာ ဟောပြောပွဲတွင် ကင်ဆာရောဂါ ကုသခြင်းဆိုင်ရာ ဆရာဝန်များကပြောကြားခဲ့သည်။

သားအိမ်ခေါင်းကင်ဆာ မဖြစ်စေရန် ကြိုတင်ကာကွယ်ဆေးထိုး၍ ကာကွယ်နိုင်သည်။ အဆုတ်ကင်ဆာသည် ဆေးလိပ်သောက်ခြင်းအား ဆင်ခြင်ခြင်းဖြင့် ကာကွယ်နိုင်သော်လည်း ရင်သားကင်ဆာသည် ထိုကဲ့သို့ ကြိုတင်ကာကွယ်နိုင်ခြင်းမရှိဘဲ ရောဂါအား စောစီးစွာသိရှိခြင်းဖြင့်သာ အသက်သေဆုံးမှုမှ ကာကွယ်နိုင်ကြောင်းသိရသည်

"ဘယ်နိုင်ငံမှာပဲကြည့်ကြည့် ရင်သားကင်ဆာက ဖြစ်ပွားမှုအများဆုံးထဲမှာပါတယ်။ သူက ကာကွယ်လို့လည်းမရဘူး။ အနေအထိုင်ပုံစံဆင်ခြင်လို့လည်းမရတဲ့အတွက် စောစီးစွာသိနိုင်ဖို့အရေးကြီးပြီး အသက် ၂၀ ကျော် အမျိုးသမီးတွေကိုယ်တိုင် ရင်သားစမ်းသပ်ခြင်းနည်းလမ်းတွေနဲ့ အမြဲတမ်းစစ်ဆေးနေသင့်ပါတယ်။ ရင်သားကင်ဆာရဲ့ ၈၅ ရာခိုင်နှုန်းလောက်က လက်နဲ့စမ်းသပ်ခြင်းနဲ့ သိနိုင်တယ်"ဟု ပါမောက္ခဦးစိုးအောင်ကပြောသည်။

မိမိရင်သားအား တစ်လတစ်ကြိမ် ရာသီလာပြီးချိန်တွင် စမ်းသင့်ပြီး ရင်သားအနိမ့်အမြင့်မတူခြင်း/အရွယ်မတူခြင်း၊ ရင်သားပေါ်တွင် အရေပြားချိုင့်ဝင်ခြင်း၊ ရင်သားတွင် မြင်သာသော အကျိတ်ရှိ မရှိ၊ နို့သီးချိုင့်ဝင်နေခြင်း၊

စာ(၁၄)သို့

# ငှက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်တိုးလာ

**ဝတ်ရည်**

ရန်ကုန်၊ မတ် - ၃

ရာသီဥတုပြောင်းလဲလာခြင်းကြောင့် ယခုနှစ်ပိုင်းအတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်တိုးလာကြောင်း ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်မှ သိရသည်။

"ဒီ ၄၊ ၅ နှစ်အတွင်း ရာသီဥတုတွေပြောင်းပြီး အရမ်းပူလာတော့ဖြစ်တဲ့နှုန်းပြန်များလာတယ်"ဟု အဆိုပါစီမံချက်မှ ဒေါက်တာဦးမျိုးမင်းကပြောသည်။

ယခင်က အမြင့်ပေ ၃၀၀၀ အထက် ဒေသများတွင် ရာသီဥတု အေး၍ ငှက်ဖျားရောဂါဖြစ်စေသော ခြင်များ မပေါက်ဖွားနိုင်သော်လည်း ယခုရာသီဥတု ပူပြင်းလာသည့်အတွက် အဆိုပါဒေသများတွင်ပါ ငှက်ဖျားရောဂါဖြစ်ပွားမှုများ ရှိလာကြောင်း ဒေါက်တာမျိုးမင်းကပြောသည်။

ငှက်ဖျားရောဂါသည် ရောဂါဖြစ်စေနိုင်သော ခြင်အကိုက်ခံရခြင်းကြောင့်သာ ဖြစ်ပွားခြင်းဖြစ်ပြီး လွန်ခဲ့သော ဆယ်စုနှစ်များနှင့်ယှဉ်လျှင် သွေးစစ်ဆေးသည့် ကိရိယာများ အသုံးပြုလာခြင်း၊ ဆေးဝါးများ၊ ဆေးစိမ်ခြင်ထောင်များအသုံးပြုမှုများပြားလာခြင်းတို့ကြောင့် ရောဂါဖြစ်ပွားနှုန်းကျဆင်းခဲ့ကြောင်းသိရသည်။

"လွန်ခဲ့တဲ့ ဆယ်စုနှစ် (၁၉၉၀)လောက်နဲ့စာရင်တော့ အခုချိန်မှာ သေဆုံးနှုန်း ၃ပုံ၂ပုံလောက်၊ ဖြစ်ပွားနှုန်း ၃ ပုံ ၁ပုံလောက်ကျသွားတယ်"ဟု အဆိုပါဆရာဝန်ကပြောသည်။

မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါဖြင့် တစ်နှစ်လျှင်သေဆုံးသူဦးရေ သုံးထောင်မှလေးထောင်အတွင်းရှိကြောင်း အဆိုပါစီမံချက်မှ ဆရာဝန်တစ်ဦးကပြောသည်။



7 DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

## သွားဖုံးရောဂါများကြောင့် အသက်ဆုံးရှုံးနိုင်

**လော့စ်အိန်ဂျလိစ်၊ မတ် – ၁**

သွားဖုံးရောဂါရှိသူများအနေဖြင့် သွားတိုက်ခြင်း၊ အစားအသောက် စားခြင်းပြုလုပ်ချိန်တွင် ရောဂါပိုးများသည် သွေးလမ်းကြောင်းအတွင်း ရောက်ရှိသွားနိုင်ပြီး၊ သွေးကြောပိတ်ခြင်းအန္တရာယ်နှင့် လေဖြတ်ခြင်းအန္တရာယ်များ ရင်ဆိုင်ရနိုင်ကြောင်း အမေရိကန်သွားနှင့်သွားဖုံးပညာရှင်တစ်ဦးကပြောသည်။

မိမိ၏သွားကို ဂရုစိုက်ခြင်းသည် သွားနှင့် သွားပတ်လည်ရှိ တစ်သျှူးများတွင် ရောဂါပိုးဝင်ခြင်းကိုကာကွယ်နိုင်ပြီး ယင်းမှနေ၍ လေဖြတ်ရောဂါဖြစ်နိုင်ခြေကိုလည်း ကာကွယ်နိုင်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ်မှ သွားနှင့် သွားဖုံးအထူးကု ဒေါက်တာမာဇာရက်ရှ်တီကပြောကြားသည်။

သွားနှင့်သွားဖုံးကျန်းမာရေးကို ဂရုစိုက်ခြင်းဖြင့် လေဖြတ်ခြင်း ဖြစ်နိုင်ခြေကို လျော့ပါးစေရုံသာမက နှလုံးရောဂါ၊ ဆီးချို၊ လမစေ့မီ ကလေးမွေးဖွားခြင်း၊ ဆီးကျိတ်ကင်ဆာ၊ ရင်သားကင်ဆာဖြစ်ပွားခြင်းများကို ကာကွယ်ပေးနိုင်ကြောင်း အဆိုပါဆရာဝန်က ဆက်လက်ပြောကြားသည်။

သွားနှင့်သွားဖုံးရောဂါမှာ သွားဝန်းကျင်ရှိ သွားဖုံးနှင့် အနီးတစ်ဝိုက် တစ်သျှူးများတွင် ရောင်ရမ်းနာကျင်စေသည့် ဝေဒနာဖြစ်ပြီး မကုသဘဲထားပါက ခန္ဓာကိုယ်၏ အခြားကျန်းမာရေးစနစ်များကိုပါ ထိခိုက်နိုင်ကြောင်းသိရသည်။

အသက် ၃၅နှစ်နှင့်အထက် လူများသည် နေ့စဉ်သွားတိုက်ခြင်းနှင့် သွားပွတ်ကြိုးအသုံးပြုခြင်းများအပြင် သွားနှင့်သွားဖုံးရောဂါများအတွက် နှစ်စဉ် စစ်ဆေးမှုခံယူသင့်ကြောင်းသိရသည်။

—Ref: UPI

## စာ – ၁၃၊ ခါးနာခြင်း မှ

ထို့အပြင် အချို့သောကင်ဆာရောဂါများ၏ ကင်ဆာဆဲလ်များသည် ကျောရိုးအတွင်းသို့ ပျံ့နှံ့ဝင်ရောက်တတ်သဖြင့် ခါးနာခြင်းဖြစ်ပွားတတ်ကြောင်းလည်း သိရသည်။

ခါးရိုးဆစ်များအတွင်းသို့ ပျံ့နှံ့ဝင်ရောက်တတ်သည့် ကင်ဆာများမှာ အမျိုးသားများတွင် ဖြစ်တတ်သည့်ကင်ဆာများထဲတွင် အဆုတ်ကင်ဆာနှင့် ဆီးကျိတ်ကင်ဆာများသည် ခါးရိုးဆစ်များသို့ ပျံ့နှံ့တတ်ပြီး အမျိုးသမီးများ၌ ရင်သားကင်ဆာနှင့်သားအိမ်ဆိုင်ရာ ကင်ဆာများသည် ခါးရိုးဆစ်များအတွင်းသို့ ပျံ့နှံ့တတ်ကြောင်း သိရသည်။

ထို့ကြောင့် အချို့သူများသည် မိမိတွင် ကင်ဆာဖြစ်နေသည်ကို မသိရဘဲ ခါးနာသဖြင့် စစ်ဆေးကြည့်ချိန်တွင်မှ ကင်ဆာရောဂါဖြစ်ပွားနေသည်ကို တွေ့ရှိရတတ်ကြောင်း သိရသည်။

အမျိုးသမီးများ သွေးဆုံးချိန်တွင်ဖြစ်ပွားတတ်သည့် အရိုးပါးအရိုးပွခြင်းများကြောင့်လည်း ခါးနာတတ်ကြောင်း သိရသည်။အခြားသောခန္ဓာကိုယ်အစိတ်အပိုင်းများတွင်ဖြစ်သည့် ရောဂါများကြောင့်လည်း ခါးနာတတ်ပြီး သွေးလွှတ်ကြောမကြီး ရောင်ခြင်း၊ ပန်ကရိယရောင်ခြင်း၊ ဆီးကျောက်တည်ခြင်းများကြောင့်လည်း ခါးနာတတ်ကာ အမျိုးသမီးများတွင် မီးယပ်ဆိုင်ရာရောဂါများကြောင့် ခါးနာခြင်းဖြစ်ပွားတတ်ပြီး အဖြစ်များသည့် ရောဂါများမှာ သားအိမ်ရောင်ခြင်း၊သားဥပြွန်ရောင်ခြင်းတို့ကြောင့် ဖြစ်ပွားတတ်ကြောင်း သိရသည်။

ထို့ကြောင့်ခါးနာခြင်းသည် လှုပ်ရှားသွားလာမှု မှားယွင်းခြင်းကြောင့်သာမက ကိုယ်တွင်းရောဂါများကြောင့်လည်း ခါးနာခြင်းဖြစ်ပေါ်တတ်သဖြင့် ခါးနာခြင်းကို စမ်းသပ်စစ်ဆေးရာတွင် သေချာစစ်ဆေးရန်လိုအပ်ကြောင်း ဒေါက်တာခင်မျိုးလှကပြောသည်။

ထို့ကြောင့် အချို့သော ခါးနာခြင်းများသည် အိမ်၌ အနားယူနေခြင်း၊ ရေနွေးအိတ်ကပ်ခြင်းနှင့် အခြားအကိုက်အခဲပျောက်စေသည့် အိမ်သုံးဆေးဝါးများ သောက်သုံးရုံနှင့် ပျောက်ကင်းသည်များရှိသကဲ့သို့ အချို့သောလက္ခဏာများပြသလာပါကလည်း ဆရာဝန်နှင့် ချက်ချင်းပြသသင့်ကြောင်း သိရသည်။

ဆရာဝန်နှင့် ချက်ချင်းပြသသင့်သည့် လက္ခဏာများမှာ နာကျင်မှုများသည် အောက်ပိုင်းသို့ ပျံ့နှံ့သွားခြင်း၊ ခြေနှစ်ဖက်စလုံး



အားနည်းသွားခြင်း၊ ခြေလက်ပေါင်ခြံနှင့်စအိုတစ်ဝိုက်တွင် ထုံခြင်း၊ခါးနာနေစဉ် ဖျားခြင်း၊ပို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ဆီးဝမ်းလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ခြင်းမရှိခြင်း၊နာကျင်လွန်းသဖြင့် လှုပ်ရှားမရနိုင်ခြင်း ညဘက်အိပ်မရအောင် နာကျင်ခြင်း၊ ခါးနာနေစဉ် ရုတ်တရက်အလေးချိန်ကျဆင်းခြင်းနှင့် နှစ်ပတ်မှ သုံးပတ်ကြာသည်အထိ နာကျင်မှုမသက်သာခြင်း စသည့် လက္ခဏာများပင်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် အရိုးပါး အရိုးပွရောဂါရှိနေသူများ စတီးရွိုက်ဆေးများသောက်သုံးနေရခြင်းကြောင့် အရိုးပါးနေသူများ ခါးနာပါက ခါးဆစ်ရိုးကျိုးခြင်းများ ဖြစ်ပွားတတ်သဖြင့် ဆရာဝန်နှင့်ပြသသင့်ကြောင်းသိရသည်။

ခါးနာလာပါက သက်သာစေရန်အတွက် အကောင်းဆုံးအနေအထားမှာ ညီညာသည့် မွေ့ရာပါးပါးပေါ်တွင် ခေါင်းအုံးကို ဒူးအောက်၌ ထားပေးခြင်း သို့မဟုတ် ပလက်အနေအထားမှ ခြေထောက်ဒူးဆစ်အောက်ပိုင်းအား ထိုင်ခုံတစ်ခုပေါ်သို့တင်ထားကာ ဒူးနှင့်ပေါင်ကို ကွေးထားခြင်းများပြုလုပ်၍ အိပ်ရာပေါ်တွင် စိတ်ရောကိုယ်ပါ အနားယူသင့်ကြောင်း သိရသည်။

ထို့အပြင် နာကျင်မှုမှ သက်သာစေရန်အတွက် ရေနွေးအိတ် (သို့မဟုတ်) ရေခဲအား မိနစ် ၂၀ မှ ၃၀ အထိကပ်ပေးနိုင်ကြောင်း သိရသည်။

ခါးနာမှုမှ ကင်းဝေးစေရန်အတွက် ပစ္စည်းများအား ခါးကုန်း၍ မ,ခြင်းမပြုသင့်ဘဲ ဒူးကွေး၍ ဆောင့်ကြောင့်ထိုင်ကာ ပုံသဏ္ဌာန်မှန်ကန်စွာ မ,သင့်သည်။ထို့အပြင် ကြာရှည်စွာ ထိုင်ရမည်ဆိုပါက တင်ပါးနှင့် ကြောအား နောက်မှီနှင့်ကပ်ထားကာ တည့်တည့်မတ်မတ်ထိုင်ရမည်ဖြစ်သည်။

လေးလံသည့်ပစ္စည်းများကို ရွှေ့သည့်အခါတွင်လည်း ဆွဲ၍မရွှေ့ဘဲ တွန်း၍ရွှေ့ခြင်း၊ကြာရှည်စွာ ကားမောင်းရမည်ဆိုပါက မကြာခဏနားနေပေးခြင်း၊ ဒေါက်မြင့် ဖိနပ်များ အချိန်ကြာမြင့်စွာစီးခြင်းမှ ရှောင်ကြဉ်ခြင်း၊ လေ့ကျင့်ခန်းပုံမှန် လုပ်ပေးခြင်း စသည်များ လုပ်ပေးခြင်းဖြင့် ပုံစံမမှန်ခြင်းကြောင့် ဖြစ်ပွားတတ်သည့် ခါးနာခြင်းမှ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း ပညာရှင်များက ပြောကြားသည်။

## စာ – ၁၃၊ ကြိုတင်ကာကွယ်၍မရသည့် ရင်သားကင်ဆာ မှ

အရောင်ပြောင်းခြင်း၊ နို့သီးခေါင်းမှအရည်(သို့မဟုတ်)သွေးထွက်ခြင်း၊ လက်မောင်းရောင်ခြင်း၊ လည်ပင်းနှင့် ချိုင်းများတွင် အကျိတ် ရှိမရှိ သတိထားစမ်းသပ်ခြင်းများ ပြုသင့်ကြောင်း သိရသည်။ ရင်သားကင်ဆာသည် အတွင်းခံအကျီကြပ်ကြပ်များ ဝတ်ဆင်ခြင်း၊ ရင်သားလှပစေရန် အသုံးပြုကြသည့် ထိုးဆေး၊ လိမ်းဆေးများတွင် ဟော်မုန်းဓာတ်များပါရှိသည့်ပစ္စည်းများအား အသုံးပြုမိခြင်းများကြောင့်လည်း ဖြစ်ပွားနိုင်ကြောင်း ပါမောက္ခဦးစိုးအောင်က ဆက်လက်ပြောသည်။

ရောဂါဖြစ်ပွားသည့် ပုံစံအဆင့် သတ်မှတ်ချက်များရှိပြီး၊ ရောဂါနုသည့်အချိန် စောစီးစွာကုသမှုရရှိလျှင် ပျောက်ကင်းနိုင်သည့်ရာခိုင်နှုန်း ပိုမိုများပြားကာ ကုန်ကျစရိတ်လည်း ပိုမိုသက်သာနိုင်သည်။ ရင်သားကင်ဆာရောဂါဖြစ်ပွားလာပါက သောက်ဆေး၊ ထိုးဆေးများ၊ ခွဲစိတ်ခြင်းနည်းလမ်းနှင့် ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်း နည်းလမ်းများဖြင့် ပေါင်းစပ်ကုသရကြောင်းသိရသည်။

"ဆေးရုံကို ရောက်လာတဲ့သူတွေက များသောအားဖြင့် အချိန်နောက်ကျမှ ရောက်လာလေ့ရှိတယ်"ဟု ပါမောက္ခဦးစိုးအောင်က ဆက်လက်ပြောသည်။

ကင်ဆာရောဂါသည် လူထုအတွင်း မကြာခဏကြားလာရသည့်ရောဂါဖြစ်လာသော်လည်း ထိုရောဂါသည် ဖြစ်ပွားလာပါက ခေတ်မီနည်းပညာများဖြင့် ဆေးကုသမှုခံယူခြင်းထက် ကျိန်းသေအသက်သေဆုံးမည်အထင်ဖြင့် စိတ်ဓာတ်များ ကျဆင်းလာခြင်း၊ အကျိတ်မှန်သမျှ ကင်ဆာအထင်ဖြင့် နီးစပ်ရာ၊ ကောင်းနိုးရာရာ ဆေးဝါးများအသုံးပြု၍ ကုသခြင်းများကြောင့် အသက်သေဆုံးမှုများပြားနေဆဲဖြစ်သည်။


"ကင်ဆာအကျိတ်က နာလေ့မရှိပါဘူး။ ဒါကြောင့် မနာတဲ့အကျိတ်တွေဆို ပိုသတိထားသင့်တယ်။ ဒါပေမဲ့ ကင်ဆာအကျိတ်လား၊ ဘာလား သေချာခွဲခြားနိုင်အောင် ကျွမ်းကျင်ဆရာဝန်နဲ့ပြသသင့်ပါတယ်"ဟု ပါမောက္ခဦးစိုးအောင်ကပြောသည်။

ကင်ဆာရောဂါဖြစ်လာလျှင် လူအများ လွဲမှားစွာ ထင်မြင်လေ့ရှိသည့်အရာများမှာ အစားအသောက်မှားသည့်အခါ ပျောက်ပြီးသား ကင်ဆာရောဂါများ ပြန်ဖြစ်နိုင်သည်ဟု ထင်မြင်ခြင်း၊ ငါးမန်းတောင်များ၊ ငှက်သိုက်များစားသုံးခြင်းတို့မှာ အဟာရ ရရှိစေနိုင်သော်လည်း ကင်ဆာရောဂါများ ပျောက်ကင်းနိုင်မည်မဟုတ်ကြောင်း အဆိုပါဆရာဝန်ကပြောသည်။

အမျိုးသားများတွင်လည်း ရင်သားကင်ဆာဖြစ်ပွားနိုင်ခြေရှိပြီး ထိုကဲ့သို့ ဖြစ်ပွားမှုများမှာ မျိုးရိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

ရင်သားကင်ဆာ ဖြစ်ပွားဖူးသူများတွင်လည်း နောက်တစ်ကြိမ် ပြန်လည်ဖြစ်ပွားနိုင်သည့်အတွက် မပေါ့ဆသင့်ဘဲ အမြဲမပြတ် စစ်ဆေးမှုများ ပြုလုပ်နေသင့်ပြီး ကင်ဆာရောဂါများနှင့်ပတ်သက်၍ စစ်ဆေးလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဓာတ်ရောင်ခြည်ဌာနတွင် စစ်ဆေးနိုင်ကြောင်း သိရသည်။



Regional
7DAY NEWS JOURNAL
Vol.10, No.1 · MARCH 10 , 2011

# ဆောက်လုပ်ရေးလုပ်ငန်းအချို့ ကုန်ကြမ်းအဝယ်ရပ်

**ထူးသန့်**

**နေပြည်တော်၊ မတ် - ၁**

နေပြည်တော် တည်ဆောက်ရေးလုပ်ငန်းခွင်မှ ဆောက်လုပ်ရေးလုပ်ငန်းအချို့ အခြေခံကုန်ကြမ်းဖြစ်သော အုတ်၊ သဲ၊ ကျောက်ပစ္စည်းများ ဝယ်ယူမှု ယာယီရပ်ဆိုင်းထားကြောင်း သတင်းရရှိသည်။

လတ်တလောအချိန်တွင် စက်သုံးဆီဈေးနှုန်းများ မြင့်မားကာ အဆိုပါကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်သယ်ယူမှုစရိတ်လည်း မြင့်တက်လာခဲ့သည့်အတွက် ကုန်ကြမ်းအားလုံး ဈေးနှုန်းပြောင်းလဲသွားပြီး ဆောက်လုပ်ရေးလုပ်ငန်းများကလည်း အရေးတကြီးလိုအပ်သောပစ္စည်းမှလွဲ၍ အဝယ်ရပ်ဆိုင်းထားကြောင်း အုတ်၊ သဲ၊ ကျောက် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"အုတ်ဖုတ်တဲ့နေရာတွေ၊ ကျောက်ထုတ်လုပ်ရတဲ့နေရာတွေက ဝေးတော့ သယ်ယူစရိတ်က အရေးကြီးတယ်။ အချို့နေရာတွေမှာ နှစ်ဆင့်၊ သုံးဆင့်သယ်ရတာဆိုတော့ စရိတ်ပိုကြီးတယ်။ အဲဒါကြောင့် အခုဆိုရင် ကျွန်တော်တို့ဘက်က ဈေးတိုးတောင်းဖို့ စီစဉ်နေရသလို ကုမ္ပဏီအချို့ကလည်း အရင်လို ပစ္စည်းမမှာသေးဘူး။ အရေးတကြီးလိုအပ်တာလောက်ကိုပဲ မှာနေတယ်"ဟု ၎င်းက လက်ရှိလုပ်ငန်းလည်ပတ်မှုအခြေအနေကိုပြောသည်။



*နေပြည်တော်ရှိ ဆောက်လုပ်ဆဲအဆောက်အအုံတစ်ခုနှင့်ဒေသခံကလေးငယ်သုံးဦး*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

လက်ရှိဈေးကွက်ပေါက်ဈေးများအရ အုတ်တစ်လုံးလျှင် ၅၅ ကျပ်နှင့်အထက်တွင်လည်းကောင်း၊ အသုံးများသော အာလူးကျောက်တစ်ကျင်းလျှင် ကျပ်သုံးသောင်းအထက်တွင်လည်းကောင်း၊ အာလူးခွဲကျောက်တစ်ကျင်းလျှင် ကျပ်လေးသောင်းအထက်တွင်လည်းကောင်းရှိနေပြီး၊ အဆိုပါဈေးနှုန်းများမှာ စက်သုံးဆီဈေးနှုန်း အပြောင်းအလဲကြောင့် မြင့်တက်လာသော ဈေးနှုန်းများဖြစ်ကြောင်း သတင်းရရှိသည်။

## တာကာငွေအတုများကြောင့် မြန်မာကုန်သည်များ နစ်နာ

**မောင်ကံ**

**မောင်တော၊ မတ်- ၃**

မြန်မာ-ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနဖ်သို့ နေ့စဉ်ကူးသန်းသွားလာနေကြသည့်တစ်ပိုင်တစ်နိုင်ကုန်သွယ်သူများမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရောင်းချခဲ့သည့်ကုန်များအတွက် ပေးလိုက်သည့်တာကာငွေများတွင် အတုများရောနှောပါလာသဖြင့် ကုန်သွယ်သူများအတွက် နစ်နာမှုများရှိနေကြောင်း သတင်းရရှိသည်။ တာကာငွေအတုများ ရောနှောပါလာသည့်အတွက် ကုန်ဖိုးပေးသည့် ငွေများကိုဂရုတစိုက်ယူသင့်ကြောင်း တာကာငွေလဲလှယ်သူတစ်ဦးကဆိုသည်။

"တစ်ရွက်တည်းပေးတဲ့အခါ မပါပါဘူး။ အရွက်နှစ်ဆယ်လောက်မှာ တစ်ရွက်၊ နှစ်ရွက်လောက်တော့ အမြဲလိုလိုတွေ့ရပါတယ်။ တန်ဖိုးနည်းငွေထက်တန်ဖိုးကြီးငါးရာတာကာ တန်တွေမှာပါလာတာများပါတယ်"ဟု ဆက်လက်ပြောပြသည်။ တစ်ဖက်နိုင်ငံမှ ငွေကြေးအတုများ ရောပါလာသည့်အတွက် ကုန်သွယ်သူများအနေဖြင့်လည်း အတုအစစ်ခွဲခြားတတ်ရန်လိုအပ်လာကြောင်း တာကာငွေလဲလှယ်သူက အကြံပြုပြောကြားသည်။ "အဓိကတော့ အဲဒီဘက်မှာ ရောင်းလို့ရတဲ့ ငွေကိုအဲဒီဘက်မှာ ပြန်သုံးစွဲခဲ့တာ အသင့်တော်ဆုံးပါပဲ။ ပစ္စည်းမဝယ်ဘဲ ငွေကိုင်လာမယ်ဆိုရင်တန်ဖိုးကြီးငွေထက် တန်ဖိုးနည်းငွေကို တောင်းယူသင့်ပါတယ်"ဟု ဆက်လက်ပြောသည်။

## သရက်-အောင်လံ မြစ်ဖြတ်ဇက်ကူးခ ဈေးတက်မည်ကို စိုးရိမ်

**ထူးအောင်ကြီး**


**သရက်၊ မတ်-၂**

ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော သရက်ခရိုင်၊ သရက်မြို့နယ်မှဒေသခံပြည်သူများအားထားရာ ဧရာဝတီမြစ်ကူး၊ ဇက်ကူးတို့လုပ်ငန်း လေလံဈေးနှုန်းများမြင့်တက်လာမှုကြောင့် မြစ်ဖြတ်ဇက်ကူးခနှုန်းများမြင့်တက်လာမည်ကို ဒေသခံများစိုးရိမ်နေကြကြောင်း သတင်းရရှိသည်။

၂၀၀၉-၁၀ ဘဏ္ဍာနှစ်တွင် လေလံဈေးမှာ ကျပ် ၁၀၃ သိန်းမှ ၂၀၁၀-၁၁ ဘဏ္ဍာနှစ်တွင် တစ်ဆယ်ရာခိုင်နှုန်းတိုး၊ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင်တစ်ဆယ်ရာခိုင်နှုန်းတိုးအပြင်လေလံဆွဲမည့်သူမရှိသောလုပ်ငန်းတစ်ခုကိုပါ ပူးတွဲယူခဲ့ရသည့်အတွက် လေလံဈေးနှုန်းမှာ ပိုမိုဈေးမြင့်ခဲ့ရခြင်းဖြစ်သည်။

သရက်-ကံမ-ပြည်ကားလမ်းမှာ ရာသီမရွေးသွားလာနိုင်ခြင်းမရှိသောကြောင့် ဧရာဝတီမြစ်ဖြတ်ဇက်ရေယာဉ်ကို အားထားနေရသော်လည်း ဇက်ကူးခနှုန်းများမှာ ၂၀၁၀-၁၁ ဘဏ္ဍာနှစ်တွင် ၆ ဘီးယာဉ်တစ်စီး ၂၀,၀၀၀ ကျပ်၊ ၈ ဘီးယာဉ်တစ်စီး ၂၅,၀၀၀ ကျပ်၊၁၀ဘီးယာဉ်တစ်စီး ၂၇,၀၀၀ ကျပ်၊၁၂ဘီးယာဉ်တစ်စီး ၃၀,၀၀၀ ကျပ်၊ ယာဉ်ငယ် အမျိုးမျိုး ၈,၀၀၀ ကျပ်နှင့် ကုန်တစ်တန် ၂,၀၀၀ ကျပ်နှုန်း ကောက်ခံလျက်ရှိသည်။

လေလံဈေးနှုန်းများမြင့်တက်လာမှုကြောင့် ဇက်ကူးခနှုန်းများ မြင့်လာပါက ကုန်တင်ယာဉ်ကြီးများကလည်း ကုန်တင်ခဈေးနှုန်းကို မြင့်တက်လာသောဈေးနှုန်းနှင့်ယှဉ်၍ တိုးမြှင့်ယူရတော့မည်ဖြစ်သဖြင့် အဓိကကျသော လေလံဈေးနှုန်းထက်သရက်-အောင်လံဇက်ကူးခနှုန်းမြင့်တက်မှုကိုသာ စိုးရိမ်နေကြကြောင်း သိရသည်။



*ဧရာဝတီမြစ်ကူးဇက်တစ်စီး*




## စက်သုံးဆီဈေးတက်၍ ကုန်တင်ခပြောင်းလဲ

**သတင်းအဖွဲ့**

**မန္တလေး၊ မတ် - ၃**

ကမ္ဘာ့စက်သုံးဆီဈေးမြင့်တက်မှုများကြောင့် ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းများလည်းအတက်ဘက်သို့ရောက်ရှိလာရာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ကုန်တင်ခများ ပြောင်းလဲလာကြောင်း သတင်းရရှိသည်။

မန္တလေးမှမူဆယ်သို့ အတက်ကုန်တင်ကားခများအနေဖြင့် တစ်ပိဿာလျှင် ၁၄၅ ကျပ်ဝန်းကျင်နှင့် မူဆယ်မှ မန္တလေးသို့ အဆင်းကားခမှာ ကျပ် ၁၁၀ ဝန်းကျင်သို့ ရောက်ရှိသွားကြောင်းသိရသည်။တရုတ်နိုင်ငံသို့ ယခုရက်ပိုင်းအတွင်း ဖရဲသီးနှင့် ဆီးသီးခြောက်များ အဓိကတင်ပို့ရပြီး ပဲမျိုးစုံအနည်းငယ်တင်ပို့နေရကြောင်း ကုန်စည်သယ်ယူပို့ဆောင်ရေးဂိတ်မှူးတစ်ဦးကပြောသည်။

"အစပိုင်း ကားခတွေတက်တာက အာဆီယံစံနှုန်းနဲ့အညီ သယ်ရမယ်ဆိုပြီး ကုန်ချိန်တွေ သတ်မှတ်လိုက်တော့ ကားတစ်စီး တင်ရမှုနည်းသွားလို့ပါ။ အခုရက်ပိုင်းတက်တာက လောင်စာဆီဈေးမြင့်လာလို့ပါ။ ကားခတက်ပေမယ့် တရုတ်ဘက်က ဖရဲအဝယ်လိုက်လို့ ကားတွေ သွားနေရပါတယ်"ဟု မူဆယ်သို့ ခေါက်ပြန်သွားနေသူ ယာဉ်မောင်းတစ်ဦးက ပြောသည်။ မန္တလေး-မူဆယ် ကုန်သွယ်မှုလမ်းကြောင်းတွင် ယခုရက်ပိုင်းအတွင်း တစ်နေ့လျှင် အတက်နှင့် အဆင်းသွားလာနေသော ယာဉ်အစီးရေ ၉၀၀ ဝန်းကျင်အထိ သွားလာနေကြောင်းလမ်းတံတားအသုံးပြုနှင့် စည်း ကမ်းထိန်းသိမ်းရေးအဖွဲ့(လားရှိုးဂိတ်)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စာ(၁၈) သို့



7 DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

## ပဲဈေးနှုန်းများ ဆက်လက်ကျ

ညီညီဇော်

**မန္တလေး၊ မတ်- ၅**

မန္တလေးမြို့ ပဲနှမ်းဈေးကွက်တွင် ယခုတစ်ပတ်၌ ပဲမျိုးစုံအသစ်ပေါ်လာသောကြောင့် ပဲအချို့ ဈေးကျလာသည်။

ပဲတီစိမ်းခရမ်းရွှေဝါသည် ဖေဖော်ဝါရီလနှောင်းပိုင်းက တရုတ်ဘက်မှဝယ်လိုအားများသောကြောင့် ၅၆ ပိဿာ၊ ၂၅ ကျပ်သားဝင် တစ်အိတ်လျှင် ၁၂၄,၀၀၀ ကျပ်ပေါက်ခဲ့ပြီး ယခုတစ်ပတ်တွင် အရောင်းအဝယ်ပုံမှန်ဖြစ်ကာ ၁၁၀,၀၀၀ ကျပ်ဈေးသို့ ကျဆင်းလာသည်။ ပဲတီစိမ်းခရမ်းရွှေဝါကို ရန်ကုန်မှတရုတ်သို့ သင်္ဘောဖြင့် တိုက်ရိုက်တင်ပို့မှုကြောင့် မန္တလေးကုန်စည်ဒိုင်သို့ အဝင်နည်းသွားခြင်းဖြစ်ကြောင်း ပဲကုန်သည်တစ်ဦးကဆိုသည်။ ပဲစင်းငုံမှာ ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး ဈေးကျလာသည်။ ဖေဖော်ဝါရီလနှောင်းပိုင်းက ပိဿာ ၆၀ ပါ ပဲစင်းငုံဖြူ (ရွှေဘို) တစ်အိတ်လျှင် ၅၂,၀၀၀ ကျပ်ဈေးပေါက်ခဲ့ပြီး ယခုတစ်ပတ်တွင် ၄၈,၀၀၀ ကျပ်ဈေးပေါက်နေသည်။ ကျပ် ၆၆,၀၀၀ ကျပ် ဈေးပေါက်ခဲ့သော ပဲစင်းငုံအနီမှာ ယခုတစ်ပတ်အတွင်း ၆၁,၀၀၀ ကျပ်ဈေးသို့ ကျဆင်းလာသည်။



*မန္တလေးကုန်စည်ဒိုင်တွင် ပဲကုန်သည်များအရောင်းအဝယ်ပြုလုပ်နေစဉ်* ဓာတ်ပုံ - ဖြိုး

ဘိတူး ကုလားပဲမှာ ၅၃,၅၀၀ ဈေးပေါက်နေပြီးထိုင်ဝမ်ကုလားပွဲမှာ ဈေးပြန်တက်ကာ အဝယ်လိုက်နေပြီး ၄၈,၅၀၀ ကျပ်ဈေးပေါက်နေသည်။ မြေပဲဆန်ဈေးကွက်ခပ်အေးအေးသာ အရောင်းအဝယ်ဖြစ်နေပြီး ဈေးအနည်းငယ်ကျနေကြောင်း သိရသည်။




# မန္တလေးကျောက်ဝိုင်း အရောင်းအဝယ်အေး

မင်းဒင်

**မန္တလေး၊ မတ်- ၄**

နေပြည်တော်တွင် ကျင်းပမည့် ကျောက်မျက်ရတနာပြပွဲအပေါ် ကျောက်စိမ်းကုန်သည်များ၏ အာရုံစိုက်မှုများကြောင့် မန္တလေးကျောက်ဝိုင်းအတွင်းသို့ ပစ္စည်းဝင်ရောက်မှုနှင့် အရောင်းအဝယ်ဖြစ်မှုလျော့နည်းသွားကြောင်း စုံစမ်းသိရသည်။

မန္တလေးမြို့ မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းအတွင်း တရုတ်နှစ်သစ်ကူးအပြီး အရောင်းအဝယ်အေးခဲ့ရာမှ ဖေဖော်ဝါရီလကုန်ရက်ပိုင်းများအတွင်း အရောင်းပြန်လည်ကောင်းမွန်ခဲ့သည်။ သို့သော် ယခုရက်ပိုင်းအတွင်း နေပြည်တော်ပြပွဲသို့ သွားရောက်ရန်ပြင်ဆင်နေမှုများကြောင့် ဈေးကွက်အတွင်း ပစ္စည်းဝင်ရောက် မှုနှင့် အရောင်းအဝယ်ဖြစ်မှုလျော့ကျလာခြင်းဖြစ်ကြောင်း ကျောက်စိမ်းကုန်သည်တစ်ဦးကပြောသည်။

"ဈေးကွက်ထဲပစ္စည်းသိပ်ဝင်မလာတော့ဘူး။ အခုရက်ပိုင်း နေပြည်တော် ကျောက်ပြပွဲအတွက် အားထုတ်နေကြတယ်။ အရင်ရက်ပိုင်းတွေကတော့ လေလံပွဲ အတွက်ငွေဖော်တဲ့အနေနဲ့ တစ်တုံးတည်းသားအကွင်းတစ်ရာ၊ နှစ်ရာ ပစ္စည်းကောင်းတွေ ဈေးကွက်ထဲဝင်လာတယ်။ လေလံပွဲအတွက် ငွေဖော်တဲ့အနေနဲ့ပါ။ ဒီရက်ပိုင်းတော့ ပစ္စည်းအဝင်နည်းသွားပြီ" ဟု လက်ကောက်ဝိုင်းမှ ဝါရင့်ကျောက်စိမ်းရောင်းဝယ်သူ အမျိုးသမီးတစ်ဦးက ဈေးကွက်အပေါ် သုံးသပ်သည်။

"ရွှေဈေး၊ ငွေဈေး အတက်အကျမြန်ဆန်နေတာက ရင်းနှီးမြှုပ်နှံသူတွေ လုပ်ကိုင်ရတာ၊ စဉ်းစားရတာ ခက်လာတယ်။ အရင်ကျောက်စိမ်းများ ရင်းနှီးမြှုပ်နှံသူတချို့လည်း ပြောင်းဖို့၊ရွှေ့ဖို့တွေ စဉ်းစားသူတစ်ချို့ရှိလာတယ်။ ကျောက်စိမ်းကတော့ အခုရက်ပိုင်း အရောင်းအဝယ်အေးတာ။ လေလံပွဲအတွက် အာရုံစိုက်ရလို့ပါ"ဟု ကျောက်စိမ်းအပွင့်ဝိုင်းမှ ဝါရင့်ပွဲစားတစ်ဦးက လက်တွေ့ကြုံတွေ့နေရသည့် ဈေးကွက်အားရှင်းပြသည်။

နေပြည်တော်တွင် ပြသရောင်းချမည့် ကျောက်စိမ်းအချောထည်လိုင်းအတွင်း ဦးသည့်သည် ဝင်ရောက်မှု၊ ဈေးနှုန်းသတ်မှတ်ထားရှိမှုများအား လေ့လာကာ ပြည်တွင်း ကျောက်စိမ်းအချောထည်လိုင်းတွင်လည်း ခန့်မှန်းတွက်ချက်လုပ်ကိုင်ရန် ပြပွဲသို့သွားရောက်လေ့လာမည်ဖြစ်ကြောင်း ဈေးကွက်အတွင်း ဆိုင်ခန်းဖွင့်လှစ်ရောင်းချသူတစ်ဦးက ပြောသည်။

"ကျောက်ဝိုင်းများမှာလည်း အရောင်းအဝယ်အေးနေတယ်။ အားလုံးက ပြပွဲအပေါ်မှာပဲ အာရုံစိုက်နေကြတယ်။ ဈေးကွက်အတွင်းပစ္စည်းအဝင်လည်း နည်းလာလို့နေပြည်တော် အချောထည်လိုင်းမှာ သွားလေ့လာဖို့ ဆုံးဖြတ်ဖြစ်တာ" ဟု ၎င်းက ဆက်လက်ပြောသည်။

ယခု ကျောက်မျက်ရတနာပြပွဲအပြီးနှင့် သင်္ကြန်မတိုင်ခင်ရက်များအတွင်း အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာတတ်ပြီး ပစ္စည်းကောင်းများလည်း ပြန်လည်ဝင်ရောက်လာတတ်ကြောင်း ကျောက်မျက်ကျွမ်းကျင်သူတစ်ဦးကဈေးကွက်အနေအထားပြောင်းလဲမှု ဖြစ်ပေါ်တတ်သည့်ကာလများအား သုံးသပ်သည်။

ပြီးခဲ့သည့် ကျောက်မျက်ပြပွဲတွင် ပြည်တွင်းကျောက်မျက်လုပ်ငန်းရှင်များအနေဖြင့် ဈေးနှုန်းမြင့်မားမှုများကြောင့် လေလံအောင်မှုနည်းပါးကာ ပစ္စည်းရရှိမှု နည်းခဲ့သည်။

သို့သော်ပြည်တွင်းကျောက်မျက်ပညာရှင်များ၏ ထွက်ရှိရာမှော်အလိုက် ကျောက်အရည်အသွေးခန့်မှန်းတွက်ချက်ဖြတ်တောက်မှုများ ကျွမ်းကျင်ပိုင်နိုင်မှုကြောင့် ကျောက်အောင်ခြင်း များပြားခဲ့ကြောင်း သိရသည်။

## ကျောက်မျက်ပြပွဲအမီ ပန်းချီပြပွဲကျင်းပမည်

ထူးသန့်

**နေပြည်တော်၊ မတ်- ၅**

နေပြည်တော်တွင် ဒုတိယအကြိမ်မြောက် ကျင်းပသည့် ၄၈ ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲအမီ ဒုတိယအကြိမ်မြောက် ပန်းချီပြပွဲကိုလည်း ပြုလုပ်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ နေပြည်တော်တွင် အဦးဆုံးအနေဖြင့် လာရောက်ဖွင့်လှစ်သော ရွှင်ရယ်ဟန်သာပန်းချီပြခန်း၌ ယမန်နှစ်ကုန်ပိုင်းက ကျင်းပပြီးစီးခဲ့သော ကျောက်မျက်ရတနာပြပွဲတွင်လည်း အချိန်ကိုက် ပန်းချီပြပွဲပြုလုပ်ခဲ့ရာ စံချိန်တင်ရောင်းချခဲ့ရကြောင်း ယခုဒုတိယအကြိမ်ပန်းချီပြပွဲကို မတ်လ ၆ ရက်မှ ဧပြီ ၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.1 ▪ MARCH 10 , 2011

# မတ်ပဲစိုက်ခင်းအချို့ရိတ်သိမ်းချိန်နီးမှ ပျက်စီးမှုနှင့်ကြုံတွေ့

ထူးသန့်

**နေပြည်တော်၊ မတ်- ၄**

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ မတ်ပဲစိုက်ခင်းများ ရိတ်သိမ်းချိန်နီးကပ်လာပြီးဖြစ်သော်လည်း စိုက်ခင်းအချို့တွင် ပင်စည်အရင်းမှ ပုပ်ဆွေးပြတ်ရှိသေဆုံးကာ ဆုံးရှုံးမှုအချို့တွေ့ကြုံတွေ့နေရကြောင်း ဒေသခံပဲစိုက်တောင်သူများထံမှ သိရသည်။



ထိုကဲ့သို့သော ဖြစ်ရပ်မျိုးနှင့် ကြုံတွေ့လာရသည်မှာ ၂နှစ်၊ ၃နှစ်ရှိပြီဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် ဧရိယာပိုမိုကျယ်ပြန့်လာကြောင်း ပုဂ္ဂလိကမှ ဖြန့်ဖြူးသော ပိုးသတ်ဆေး၊ မှိုသတ်ဆေးများ ဝယ်ယူသုံးစွဲခဲ့သော်လည်း ထိရောက်မှုမရှိကြောင်းမတ်ပဲစိုက်ပျိုးမှုအတွေ့ ၁၀ နှစ်ခန့်ရှိပြီဖြစ်သော တောင်သူ ဦးကျော်ဝင်းကပြောသည်။

စိုက်ပျိုးရေး တက္ကသိုလ်ကျောင်းဆင်းဖြစ်ပြီး ပိုးသတ်ဆေး၊ မှိုသတ်ဆေးများ ဖြန့်ဖြူးခြင်းကို တွဲဖက်လုပ်ကိုင်သူ လူရွယ်တစ်ဦးကလည်း "ကျွန်တော်လည်း စာရေးပြီးတင်ပြတာပဲ။ ဘာမှ မထူးဘူး ကျွန်တော်သိသလောက်နဲ့ဖြေရှင်းပေးဖို့လည်း မတတ်နိုင်ဘူး။ တောင်သူတွေ သနားဖို့ ကောင်းတယ်။ ဖြေရှင်းပေးဖို့လည်း မတတ်နိုင်ဘူး။ အသီးတွေ သီးပြီးရင့်နေကာမှ သေကုန်တော့ ပိုပြီးခံရပြင်းတာပေါ့"ဟု ပြောသည်။

မတ်ပဲသီးနှံကို ဆယ်နှစ်ခန့် နှစ်စဉ်စိုက်ပျိုးခဲ့သော မြေကွက်များတွင် ထိုကဲ့သို့ အဖြစ်များပြီး ၂နှစ်၊ ၃နှစ်ခန့်သာရှိသော စိုက်ခင်းများတွင်မူ မတွေ့ရကြောင်း၊ ယင်းသို့ ဖြစ်ရခြင်းမှာ မျိုးစေ့တွင် ကပ်ပါလာသော ရောဂါနှင့် မြေထဲတွင် ရှိနေသော မြေဆောင်ရောဂါများကြောင့် ဖြစ်နိုင်ကြောင်းလည်း ၎င်းက သုံးသပ်ပြောကြားသည်။

အဆိုပါ အခြေအနေနှင့် ပတ်သက်ပြီး စိုက်ပျိုးရေးပညာရှင် ဦးထင်အောင်ရှိန်အား ဆက်သွယ်မေးမြန်းရာ"အဲဒါကို ကုသချင်ရင် လယ်ကွက်ထဲမှာ အမှိုက်တွေ၊ ပဲမှော်နဲ့ ကောက်ရိုးတွေကို မီးရှို့ဖို့လိုပါတယ်။ နောက်ပြီး ပဲသိမ်းပြီးရင် မြေကြီးကို ထယ်ရေးလှန်ပြီး နေလှန်းထားရင်လည်း ရပါတယ်။ မြေဆောင်ရောဂါပိုး ဆိုရင်တော့ အဲဒီလိုကုသနိုင်ပါတယ်"ဟု ပြန်လည်ဖြေကြားသည်။

## ဆိုင်ကယ်လမ်းလုစီးရာမှ လူသတ်မှုဖြစ်ပွား

ဌေးဌေးမောင်

**နွားထိုးကြီး၊ မတ်- ၁**

ဘုရားပွဲမှပြန်လာသည့် မော်တော်ဆိုင်ကယ်စီးနင်းသူချင်း လမ်းလုစီးရာမှ သဲနှင့်ပက်ပြီး ဓားဖြင့်ထိုးသတ်ခဲ့သည့် လူသတ်မှုတစ်မှုဖေဖော်ဝါရီ ၁၁ ရက်က နွားထိုးကြီးရဲစခန်း အပိုင်မင်းရွာအနီးတွင် ဖြစ်ပွားခဲ့သည်။ အသတ်ခံရသူနှင့်အတူ သော့ခတ်ထားသည့် မော်တော်ဆိုင်ကယ်တစ်စီးပါထားခဲ့၍လူသတ်တရားခံဖမ်းမိရေးအတွက် နွားထိုးကြီးရဲတပ်ဖွဲ့က အပူတပြင်းစုံစမ်းနေသည်။ နွားထိုးကြီးမြို့နယ်၏ ၂၀၁၁ ခုနှစ်တွင် ပထမဦးဆုံးလူသတ်မှုဟု သိရသည်။ ဖြစ်စဉ်မှာ ည ၁၀ နာရီခန့်တွင် နွားထိုးကြီး ရှင်ပင်သာဒွန်းဦးဘုရားပွဲမှ သောက်စားမူးယစ်ပြန်လာသော မုတ္တောရွာသားသုံးဦးနှင့်အမည်မသိရွာမှ ရွာသားနှစ်ဦး၊ ဆိုင်ကယ်နှစ်စီးဖြင့် လမ်းလုစီးရာမှ မင်းရွာအနီးတွင် အမည်မသိရွာသားနှစ်ဦးက စောင့်၍ သဲနှင့်ပက်ကာ ဓားနှင့်ထိုးသဖြင့် မုတ္တောရွာသားတစ်ဦး သေဆုံးသွားသည်ဆိုသည်။ လူသတ်သူမှာ လွတ်မြောက်သွားပြီး သေသူမှာ မုတ္တောရွာသား မင်းအောင် ၂၅ နှစ်ဆိုသူဖြစ်ကာ နွားထိုးကြီးရဲစခန်းက ပ ၁၂/ ၂၀၁၁ ပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

## အလောင်းတော်ကဿပ လိုဏ်ဂူဝအက်ကြောင်းနေရာတွင် ငွေသား ထိုးသွင်းပူဇော်သူများလာ

မျိုးမင်းဦး

**မုံရွာ၊ မတ်- ၃**

အလောင်းတော်ကဿပစံကျောင်းတော် လိုဏ်ဂူဝပွင့်ဟခဲ့သည်ဟုဆိုသော ကျောက်သားအက်ကြောင်းနေရာများတွင်ယခုနှစ်ပွင့်လင်းရာသီ ဘုရားဖူးများစည်ကားချိန် ကျောက်သားအက်ကြောင်းများကြား အလှူငွေများ ထိုးသွင်းလှူဒါန်းသူပိုမိုများပြားလာကြောင်းသိရသည်။

"ဒီနှစ်တပို့တွဲလပြည့်နေ့ နံနက် ၁၀ နာရီခွဲမှာ အလောင်းတော်ကဿပ စံကျောင်းတော် ကျောက်သားလိုဏ်ဂူပွင့်ဟတယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်လာခဲ့တယ်။ အလောင်းတော်ကဿပစံကျောင်းတော် စောင့်တဲ့သူတွေကတော့ သေသေချာချာမမြင်လိုက်ရဘူး။ အချို့ကကျောက်သားလိုဏ်ဂူပွင့်ဟတဲ့ပုံတွေရလိုက်တယ်လို့ပြောကြတယ်။ အရင်နှစ်တွေတုန်းက ကျောက်သား လိုဏ်ဂူပွင့်ဟတဲ့ ဗီဒီယိုခွေတွေထွက်လာတယ်။ ဒီနှစ်လည်း ဗီဒီယိုအခွေတွေထွက်တယ်လို့ပြောကြတယ်။ ကျောက်သားနံရံလိုဏ်ဂူအက်ကြောင်းတွေက ဒီနှစ်ငွေသားတွေနဲ့ ပြည့်ကျပ်နေတယ်။တကယ်တမ်းကျောက်သားဟနေတဲ့နေရာအချို့မှာ လက်နှိုက်လို့ရတယ်။ ကျောက်သားနံရံတွေမှာ ပြတ်ရွေ့ကြောကြောင့်အနည်းငယ်ပွင့်ဟလာတာဖြစ်တယ်လို့ ဘူမိဗေဒပညာရှင်တွေက သုံးသပ်ထားတယ်"ဟု အလောင်းတော်ကဿပစံကျောင်းတော်စောင့်ကြပ်သော ဂေါပကအဖွဲ့ဝင်တစ်ဦးကပြောသည်။

"အလောင်းတော်ကဿပ စံကျောင်းတော်ကျောက်သားနံရံတွေပွင့်တယ်ဆိုတာ ယုံကြည်ချက်တစ်ခုကြောင့်ဖြစ်နိုင်တာတွေရှိပါတယ်။ အချို့စာအုပ်တွေမှာ အလောင်းတော်ကဿပစံကျောင်းတော်ပွင့်ဟနေပုံမှာ ကျောက်သားပွင့်ဟတဲ့နေရာက အုတ်ခဲရောင်တွေ ရှိနေတယ်။ ပုံမှန်ပွင့်ဟတဲ့ပုံက ကျောက်သား ပကတိအရောင်ဖြစ်သင့်တာကြောင့် ဈေးကွက်မှာ ရောင်းရပြီးရောဆိုပြီး အလောင်းတော်ကဿပ သမိုင်းစာအုပ်တွေစစ်ဆေးသင့်တယ်။ အလောင်းတော်ကဿပ ဒေသဖွံ့ဖြိုးရေးကျောင်းဆောင်ဆောက်လုပ်ရေး၊ လမ်းတံတားတည်ဆောက်ရေးတွေမှာ လှူဒါန်းမယ်ဆိုရင် အလောင်းတော်ကဿပ ခရီးသည်တွေအတွက်ရော အလောင်းတော်ကဿပကိုယ်တော်မြတ်ကြီးရော ပူဇော်ရာရောက်ပါတယ်။ကျောက်သားအက်ကြောင်းထဲမှာငွေသားတွေထိုးထည့်လှူဒါန်းတာက အလောင်းတော်ကဿပကိုယ်တော်မြတ်ကြီးပူဇော်တာ မှန်ပေမယ့် အလောင်းတော်ကဿပ စံကျောင်းတော်အတွက်အထောက်အပံ့မဖြစ်တော့ဘဲ ငွေသားပျက်စီးဆုံးရှုံးမှုတွေသာ ဖြစ်နေတယ်"ဟု အလောင်းတော်ကဿပ ဒေသဘုရားဖူးခရီးစဉ်လိုက်ပါလာသော ရန်ကုန်မြို့မှ ဆရာတော်တစ်ပါးက မိန့်ကြားသည်။

"ဘုရားဖူးတော်တော်များများက အလောင်းတော်ကဿပ စံကျောင်းတော်ကို အရင်နှစ်တွေတုန်းက ရွှေသင်္ကန်းကပ်လှူရာကနေ ဒီနှစ်ပိုင်းမှာ ကျောက်သားအက်ကြောင်းကြားမှာ အလှူငွေထည့်ပူဇော်လာကြတယ်။ ကျောက်သားကြားမှာ အလှူငွေ ထည့်တာထက်စံကျောင်းတော် အနီးတစ်ဝိုက်အလှူခံပုံးတွေမှာ လှူဒါန်းတာပိုအကျိုးရှိနိုင်ပါလိမ့်မယ်" ဟု အလောင်းတော်ကဿပဝန်ဆောင်ဆရာတော်တစ်ပါးက မိန့်ကြားသည်။ နှစ်စဉ်တပို့တွဲလပြည့်နေ့တွင် အလောင်းတော်ကဿပ ကိုယ်တော်မြတ်ထမနဲပူဇော်ပွဲနှင့်အတူ ဆွမ်းလောင်းပူဇော်ပွဲများ ကျင်းပလေ့ရှိပြီး ဘုရားဖူးများအစည်ကားဆုံးနေ့များဖြစ်သည်။တပို့တွဲလပြည့်နေ့တွင် ဘုရားဖူးခရီးသည်များ ကျောက်သားတံခါးလိုဏ်ဂူဝပွင့်ဟမှုရှိမရှိကို စောင့်ကြည့်သူများဖြင့် စည်ကားလေ့ရှိသည်။



ဘုရားဖူးအချို့ လိုဏ်ဂူဝအက်ကြောင်းနေရာတွင် ငွေစက္ကူများ ထိုးသွင်းပူဇော်နေစဉ်

ဓာတ်ပုံ - မျိုးမင်းဦး

## ပဲခူးရွှေမော်ဓောစေတီ ကျပ်သိန်းပေါင်း တစ်သောင်းကျော်ဖိုး ရွှေသင်္ကန်းကပ်လှူ

မေဝင်းမွန်

**ပဲခူး၊ မတ် - ၂**

ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီးကို ယခုနှစ်အတွက် ကျပ်သိန်းပေါင်း တစ်သောင်းကျော်တန်ဖိုးရှိ မျက်ပါးရွှေဆိုင်းပေါင်း ၂၅,၀၀၀ ကျော်နှင့် ရွှေစင်ရွှေပြားချပ်ရေ ၁၉၀ ကိုကပ်လှူပူဇော်ခဲ့ကြောင်း ရွှေမော်ဓောစေတီတော် ဂေါပကအဖွဲ့မှသိရသည်။

ရွှေမော်ဓောစေတီတော်အား ငါးနှစ်တစ်ကြိမ်လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူလေ့ရှိကာ စေတီတော်မုခ် လေးမုခ်ရှိ ရုပ်ပွားတော် ၁၈ ဆူကိုလည်း တစ်ဆူလျှင်ရွှေဆိုင်း ၆၀၀ နီးပါးဖြင့် ရွှေသင်္ကန်းကပ်လှူခဲ့သည်ဟု သိရသည်။


ရွှေမော်ဓောစေတီတော်၏ ၂၅၉၃ နှစ်မြောက်ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၂-၁၃၇၃ ခုနှစ်တန်ခူးလဆန်း ၁၀ ရက်မှ လပြည့်ကျော် ၄ ရက်(ဧပြီလ ၁၃ မှ ၂၂ ရက်) အထိ ၁၀ရက်တိုင် ကျင်းပမည်ဖြစ်သည်။ ဧပြီလ ၂၃ ရက်တွင်လည်း ဗုဒ္ဓပူဇနိယပွဲတော်ပိတ်ပွဲနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပွဲ ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပသွားမည်ဖြစ်သည်။

ဘုရားပွဲတော်ဈေးဆိုင်ခန်းမြေနေရာနှင့် ပျော်ပွဲရှင်ပွဲမြေနေရာများကို နှစ်စဉ်လေလံစနစ်ဖြင့် ရောင်းချပေးပြီး ယခုနှစ်တွင်လည်း ဇာတ်ကြီး၄ ဇာတ်နှင့် ဆပ်ကပ်၊ ရဟတ် စသည့်ပျော်ရွှင်ပွဲများနှင့် ဈေးဆိုင်ခန်းပေါင်း၃၀၀ ကျော် ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ အနယ်နယ်အရပ်ရပ်မှ ဒေသထွက် အစားအစာများ၊ အဝတ်အထည်၊ သနပ်ခါး၊ လူသုံးကုန်၊အလှကုန်၊ လယ်ယာသုံးပစ္စည်း စသည်များခင်းကျင်းပြသရောင်းချမည်ဖြစ်သည်။

'သင်္ကြန်ရက်နဲ့ပွဲတော်ရက်တိုက်တာက သုံးနှစ်တစ်ခါဖြစ်လေ့ရှိတယ်။ အဲဒီရက်တော့ပွဲတော်လူနည်းနည်းပါးတယ်။ ဘုရားပွဲတော်ကနေရတဲ့အလှူငွေနဲ့ ရွှေသင်္ကန်းအ တွက်စုလာတဲ့ငွေတွေကို ပေါင်းပြီး ငါးနှစ်တစ်ခါရွှေသင်္ကန်းကပ်တာဖြစ်ပါတယ်။ ဆိုင်ခန်းတွေကို ဈေးပြိုင်စနစ်နဲ့လေလံတင်တာဆိုတော့ ဈေးနှုန်းတွေ အဆမတန်မဖြစ်အောင်ကြမ်းခင်းဈေးသတ်မှတ်ပေးပြီး စနစ်တကျစီစဉ်ထားပါတယ်။ ဒီနှစ်မှာလည်း စည်စည်ကားကားဖြစ်စေဖို့ စီစဉ်လုပ်ဆောင်ထားပါတယ်' ဟု ဂေါပကအဖွဲ့မှ တာဝန်ရှိသူက ပြောကြားသည်။

ယခုနှစ်ဘုရားပွဲတော်အတွက်ပျော်ပွဲရှင်ပွဲမြေနေရာကို ယခုလ၆ ရက်၊ ဈေးဆိုင်ခန်းမြေနေရာများကို ယခုလ ၂၇ ရက်တွင် လေလံတင်ရောင်းချမည်ဖြစ်သည်။ ၂၀၀၄-၂၀၀၅ ခုနှစ်က ရွှေမော်ဓောစေတီတော်ကြီးကို ရွှေသင်္ကန်းကပ်ရာတွင် မျက်ပါးရွှေဆိုင်းပေါင်း ၂၇,၀၀၀ ကျော်ကုန်ကျခဲ့ကာ ကျပ်သိန်း ၃,၁၀၀ ကျော်ဖိုးကပ်လှူခဲ့သည်ဟု သိရသည်။

ဓာတ်ပုံ - မေဝင်းမွန်



## ဧရာဝတီတိုင်းတွင် ကျွဲမွေးမြူရေးပညာပေးစခန်း ဖွင့်လှစ်

သီဟ

**ရန်ကုန်၊မတ် - ၄**

နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းတွင် ကျွဲကောင်ရေအများ အပြားသေဆုံးခဲ့ရာ ဒေသခံတောင်သူလယ်သမားများ ကျွဲကိုဆက်လက်မွေးမြူနိုင်ရန်အတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျွဲမွေးမြူရေး ပညာပေးစခန်းတစ်ခုအား ဧရာဝတီတိုင်း လပွတ္တာမြို့တည်ဆောက်ထားပြီး ပညာပေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျွဲမွေးမြူရေးပညာပေးစခန်းတွင် ကျွဲမွေးမြူရေးဆိုင်ရာ အချက်အလက်များကို ဒေသခံများအား ပညာပေးလျက်ရှိပြီး နောက်ပိုင်းတွင် မေထုံမဲ့သားစပ်ခြင်းနည်းပညာများ ဖြန့်ဝေသွားရန်စီစဉ်လျက်ရှိကြောင်း သိရသည်။ လက်ရှိတွင်ဒေသခံများအား ပညာပေးဆောင်ရွက်နိုင်ရန်အတွက် ကျွဲကောင်ရေ ၆၁ ကောင်အား စံပြအဖြစ်မွေးမြူထားရှိပြီးဖြစ်ပြီး ဆက်လက်၍ ပညာပေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန်အ တွက် ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA ၏အကူအညီဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

## မနလေးတွင် ကြယ်လေးပွင့်အဆင့် ဟိုတယ်သစ်တစ်လုံးဖွင့်

စိုင်းသာအောင်

**မန္တလေး၊ မတ်- ၄**

မန္တလေးမြို့ကမ်းနားလမ်း၊ ရှုခင်းသာ(View Point)အနီးတွင် မတ်လ ၂ရက်က ဧရာဝတီရှုခင်းသာဟိုတယ်Ayarwaddy River View Hotel ကို ဖွင့်လှစ်ခဲ့ကြောင်း ဟိုတယ်မန်နေဂျင်းဒါရိုက်တာဦးမင်းနိုင်က ပြောသည်။

Ayarwaddy River View Hotel သည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်း မြို့ပတ်ကမ်းနားလမ်းဘေးတွင် တည်ရှိပြီး၊ ကြယ်လေးပွင့်အဆင့်ရှိ အထပ်ငါးထပ်အဆောက်အအုံဖြစ်ကာ Superior Rooms (၈)ခန်း၊ Deluxe Rooms (၄၄) ခန်း၊ SuiteRooms (၄)ခန်း၊ စုစုပေါင်း ၅၆ ခန်းပါရှိသည်။ ဧရာဝတီမြစ်ရှုခင်းကို ကြည့်ရှုနိုင်အောင် ဆောက်လုပ်ထားကြောင်းလည်း သိရသည်။

## ၁၉၇၄-၇၅ ခုနှစ်၊ မြစ်ကြီးနားကောလိပ် ကျောင်းသူ၊ ကျောင်းသားဟောင်းများ မန်းတက္ကသိုလ်တွင် တွေ့ဆုံမည်

မြစ်ကြီးနားကောလိပ်၌ ၁၉၇၄ နှင့် ၁၉၇၅ ခုနှစ်တို့တွင် ပထမနှစ်စတင်တက်ရောက်ခဲ့သော ဘာသာစုံမှ ကျောင်းသူ/သားများသည် ၂၀၁၁ ခုနှစ် ဆောင်းရာသီတွင် မန္တလေးတက္ကသိုလ်၌ ပြန်လည်စုစည်းတွေ့ဆုံကာ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပရန် စီစဉ်နေကြောင်း သိရသည်။

၃၃ နှစ်ကျော်ကွဲကွာနေသော မြစ်ကြီးနားကောလိပ်၊ ဘာသာစုံကျောင်းသူ/သားများသည် ထိုစဉ်က ပညာသင်ကြားပေးခဲ့သောကျောင်းအုပ်ကြီး၊ ဆရာကြီးဦးစိုင်းအောင်ထွန်းအမှူးပြုသည့် ဘာသာစုံမှ ဆရာဆရာမများကို ဖိတ်ကြား၍ အာစရိယပူဇော်ပွဲကျင်းပပြီး မြို့နယ်အလိုက်ကျောင်းသူ/ကျောင်းသားဟောင်းများက ကောလိပ်ကျောင်းတက်စဉ်တွင် အမှတ်တရဖြစ်ခဲ့သော ဟာသဖြစ်ရပ်များကို ပြဇာတ်အသွင်ဖြင့်လည်းကောင်း၊ မြစ်ကြီးနားနှင့် ဗန်းမော်မှ ကျောင်းသူ/သားများက မြစ်ကြီးနားကောလိပ်အမှတ်တရမနောပွဲများဖြင့်လည်းကောင်း၊ မိတ်ဆုံစားပွဲတွင် ဖျော်ဖြေရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အသေးစိတ်သိလိုက မန္တလေးတာဝန်ခံ ဒေါ်ခင်ဆွေမြင့် (၀၉-၂၀၀၉၄၉၄)၊ ကိုခင်မောင်ဝင်း (ပေါက်စ)(၀၉-၂၀၁၇၉၂၁)၊ ကိုချိုတူး (၀၉-၂၀၁၀၄၅၇)၊ ကိုထွန်းဝင်းအောင် (၀၉-၂၀၁၅၈၉၅)၊ ဗန်းမော်တာဝန်ခံ ကိုသိန်းဝင်း (၀၇၄-၅၀၄၈၅)၊ ကိုမြင့်ဆွေ(ခတ်ပုံ)၊ ကိုဖိုးတုတ်(၀၇၄-၅၀၁၄၃)၊ ကိုသက်ခိုင် (ဒီလ်မဟာဒူး) (၀၉-၉၀၃၀၉၂၄)၊ ရန်ကုန်တာဝန်ခံ ကိုတင်မောင်ချို (၀၉-၅၀၁၈၃၅၆)၊ ကိုမျိုးမြင့်(အကောက်ခွန်)(၀၉-၅၀၄၉၁၀၁)၊ မိုးညှင်းတာဝန်ခံ ကိုသာဌေး၊ ကောလင်းတာဝန်ခံ ကိုကျော်သိန်း (၀၇၅-၄၂၂၄၄)၊ မုံရွာတာဝန်ခံ မစန်းညွန့် (၀၇၄-၂၂၀၈၈)၊ မျိုးအောင်(၀၉-၂၀၀၄၆၇၀)တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

## စာ (၁၅) စက်သုံးဆီဈေးတက်၍ ကုန်တင်ခပြောင်းလဲ မှ

ကုန်တင်ခများ မြင့်တက်ခဲ့သော်လည်း ကုန်သွယ်မှုပုံမှန်ဖြစ်နေပြီး ကားအစီးရေကျဆင်းသွားခြင်းမရှိကြောင်း ကုန်စည်ပို့ဆောင်ရေးဂိတ်များကပြောကြားသည်။

ထို့အပြင် ခရီးသည်တင်ကားခများလည်း ဈေးနှုန်းများပြောင်းလဲသွားသည်။ မန္တလေး-ရွှေဘို၊ ခရီးသည်တင်ကားခကိုလည်း ဖေဖော်ဝါရီလနောက်ဆုံးပတ်မှစ၍ စက်သုံးဆီဈေးတက်၍ လူတစ်ဦးလျှင် ၁,၆၀၀ ကျပ်မှ ၄၀၀ ကျပ်ဈေးတိုးပြီး ၂,၀၀၀ ကျပ် သတ်မှတ်လိုက်သည်။ ထို့အတူ မန္တလေး-မုံရွာကားခကိုလည်း ယခင်လူတစ်ဦးလျှင် ၁၇၀၀ ကျပ်မှ မတ်လ ၁ ရက်မှစ၍ ၂၃၀၀ ကျပ်သို့လည်းကောင်း၊ မုံရွာ-ရွှေဘို၊ မုံရွာ-ပခုက္ကူ ခရီးစဉ်များကိုလည်း ယခင် ၁၃၀၀ ကျပ်မှ ၁၇၀၀ ကျပ်သို့ အသီးသီးဈေးတက်သွားကြောင်းလည်း သိရသည်။

## တောင်ကိုရီးယားအထည်ချုပ်ကုမ္ပဏီ ပဲခူးတွင် အထည်ချုပ်လုပ်ငန်းစတင်လုပ်ကိုင်ရန်စီစဉ်

ဖိုးကျော်မြင့်

**ပဲခူး၊ မတ်- ၃**

ကိုရီးယားနိုင်ငံမှ ရှင်ဆောင်းအထည်ချုပ် ကုမ္ပဏီက အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းပိုင် ပဲခူးဒေသရှိ အဆောက်အအုံများကို နိုင်ငံတော်မှ သတ်မှတ်ထားသော ဈေးနှုန်းအတိုင်း နိုင်ငံခြားငွေဖြင့် နှစ်ချုပ်ငှားရမ်းဆောင်ရွက်ရန် သေချာသွားပြီဖြစ်ကြောင်း အမှတ်(၁) စက်မှုဝန်ကြီးဌာနမြန်မာ့အထည်အလိပ် လုပ်ငန်းပိုင်ပဲခူးဒေသရှိ အဆောက်အအုံများကို ထိန်းသိမ်းကွပ်ကဲနေရသောတာဝန်ခံအရာရှိ ဦးအောင်ခိုင်၏ ပြောပြချက်အရ သိရသည်။

ပဲခူးမြို့အတွက် ပဲခူး-ရန်ကုန်(၆)လမ်းသွား ကားလမ်းဘေးတွင်ရှိသော အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းပိုင် အဆောက်အအုံများကို နိုင်ငံခြားငွေဖြင့် နှစ်ချုပ်ငှားရမ်းပြီး အထည်ချုပ်လုပ်ငန်းများ စတင်လုပ်ကိုင်ရန် မြန်မာ့အထည်အလိပ်လုပ်ငန်းပိုင်အဆောက်အအုံများကို အဖွဲ့များခွဲ၍လာရောက်ကြည့်ရှုလေ့လာလျက်ရှိကြောင်း သိရသည်။

ပဲခူးဒေသမှာ အထည်ချုပ်လုပ်ငန်းအတွက် အထည်ချုပ် အလုပ်သမများ အလွယ်တကူရှာဖွေရရှိငှားရမ်းရရှိနိုင်သည့် ဒေသဖြစ်ခြင်း၊ အခြေခံလူတန်းစား၊ အလုပ်သမားများပေါများခြင်း၊ စက်ရုံများမှ ထွက်ရှိသည့် ချုပ်ထည်များကို နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့ရန်အတွက် ပဲခူး-ရန်ကုန် (၆) လမ်းသွား ကားလမ်းမကြီးဘေးတွင်ရှိခြင်း၊ အထည်ချုပ်ရန်အတွက်အဓိကလိုအပ်သောလျှပ်စစ်မီးမှာလည်း ၂၄ နာရီရရှိအောင် နိုင်ငံတော်မှ စီစဉ်ထားသည့် မဟာဓာတ်အားလိုင်းနှင့် နီးကပ်စွာရှိခြင်း၊ လျှပ်စစ်ဓာတ်အားခွဲရုံ အမှတ်(၃) ပဲခူးမြို့နယ်နှင့် နီးကပ်စွာ တည်ရှိခြင်း၊ အထည်ချုပ်ပစ္စည်းများ တင်ဆောင်ထားသော ကွန်တိန်နာများကို ရန်ကုန် - သီလဝါ ဆိပ်ကမ်းသို့ သယ်ပို့ရန် အမှတ်(၁)လမ်း၊ အမှတ်(၂)လမ်းတို့နှင့် ချိတ်ဆက်မှုရှိခြင်းစသည်တို့ကြောင့် ပဲခူးဒေသကို ပိုမိုနှစ်သက်ကြကြောင်း သိရသည်။

ကိုရီးယားနိုင်ငံရှင်ဆောင်းအထည်ချုပ်ကုမ္ပဏီအနေဖြင့် ရန်ကုန်မြို့တွင် ရှိသော အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းပိုင် လွတ်လပ်လျက်ရှိသော ဈေးနှုန်းအရ တွက်ခြေကိုက်သော အဆောက်အအုံများကိုလည်း အထည်ချုပ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံခြားငွေဖြင့် နှစ်ချုပ်စနစ်ငှားရမ်းမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

## လပွတ္တာမြို့နယ်ရှိ ရေငန်တားတမံ ပြန်လည်ပြုပြင်



ပြန်လည်ပြင်ဆင်ထားသော ရေငန်တာတမံ

သီဟ

**ရန်ကုန်၊ဖေဖော်ဝါရီ-၂၂**

နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသည့် လပွတ္တာမြို့နယ်အတွင်းတွင် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA နှင့် ဆည်မြောင်းဦးစီးဌာနတို့မှ ရေငန်တားတမံများ ပြန်လည်ပြုပြင်ခြင်း ရွေ့ပြေးစီမံချက်အား အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိရာ လာမည့် မတ်လကုန်တွင် အဆိုပါရွေ့ပြေး စီမံချက်ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

လပွတ္တာမြို့နယ်တွင် ရေငန်တားတမံအရှည်မှာ ၅၆ကီလိုမီတာ (၃၈မိုင်ခန့်) ရှည်လျားသော်လည်း လက်ရှိလိုအပ်ချက်အရ ၃၉ကီလိုမီတာကိုသာ ပြန်လည်ပြုပြင်တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

တာတမံများပြန်လည် တည်ဆောက်ရာတွင် ရေထိန်းတံခါးများကိုပါ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းဖြစ်ပြီး ရေထိန်းတံခါးတည်ဆောက်ခြင်းအား JICA ၏ အကူအညီဖြင့် ပုဂ္ဂလိကကုမ္ပဏီတစ်ခုကတာဝန်ယူတည်ဆောက်ခြင်းဖြစ်သည်။ တာတမံပြန်လည်ပြုပြင်တည်ဆောက်ခြင်းအား ဆည်မြောင်းဦးစီးဌာနနှင့် ပုဂ္ဂလိကကုမ္ပဏီတစ်ခုတို့က တာဝန်ယူတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

ရေတံခါးများပြုပြင်ခြင်းတွင်လည်း ရေတံခါးကိုးခုရှိသည့်အနက် ခြောက်ခုအားပြုပြင်လျက်ရှိကြောင်း သိရသည်။

ရေတံခါးများတည်ဆောက်ခြင်းနှင့်ရေထိန်းတံခါးများတည်ဆောက်ခြင်းအား JICA မှ ဂျပန်ယန်း တစ်သန်းကျော်အကုန်အကျခံ တည်ဆောက်ပေးခြင်းဖြစ်ပြီး လက်ရှိရွေ့ပြေးစီမံချက်ပြီးဆုံးပါက နောက်ပိုင်းကျန်ရှိသည့် ရေထိန်းတံခါးများနှင့် တာတမံများကိုလည်း အခြေအနေပေါ် မူတည်၍ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်းအတွင်းရှိ တာတမံ ၃၄ ခုလုံး ပျက်စီးခဲ့ရသည်။

## သယ်ယူစရိတ်မြင့်လာသောကြောင့် ဈေးသည်များ တွက်ခြေမကိုက်ဟုဆို

မောင်ကံ

မောင်တော၊ မတ်- ၃

၂၀၁၀ ပြည့်နှစ်အတွင်းက လမ်းနှင့်တံတားအသုံးပြုခများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ချိတ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိစစ်တွေ-ရန်ကုန်ကားလမ်းတွင် ကုန်ပစ္စည်းသယ်ယူစရိတ်များမြင့်မားလာသည့်အတွက် အရောင်းဆိုင်များတွက်ခြေမကိုက်ဖြစ်လာကြောင်း သိရသည်။

"စစ်တွေကိုဝင်လာတဲ့ကုန်ပစ္စည်းတွေက ရန်ကုန်ကနေ ကားလမ်းနဲ့ ဝင်လာတာဖြစ်တဲ့အတွက် အခုစစ်တွေ-ရန်ကုန်ကားလမ်းမှာ ပစ္စည်းသယ်ယူစရိတ်တစ်ပိဿာကို ၁၂၀ ကျပ်ကနေ ၂၀၀ ကျပ်အထိဖြစ်သွားတဲ့အတွက် အရင်ကလောက်အခြေအနေမကောင်းတော့ပါဘူး"ဟု မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်ပို့ကုန်ပစ္စည်းများရောင်းသည့် အရောင်းဆိုင်ရှင်တစ်ဦးကပြောသည်။ ယခုကဲ့သို့ ကုန်ပစ္စည်းသယ်ယူစရိတ်များ မြင့်တက်လာခြင်းမှာ လမ်းနှင့်တံတားအသုံးပြုခများ မြင့်မားလာသည့်အတွက်ကြောင့်ဖြစ်ကြောင်း ရောင်းဝယ်ရေးဆိုင်ပိုင်ရှင်များနှင့် သယ်ယူပို့ဆောင်ရေးကိုယ်စားလှယ်များကပြောကြားသည်။

Thousand Islands
Travels and Tours
Ph: 372114, 372116, 372117, 372185, 372186
Email - thousandislandstravel@gmail.com, titicketing@gmail.com

ဝန်ထမ်းအလိုရှိသည်
- M.Sc

7 DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011



# တရားဝင်ယာဉ်မှတ်ပုံတင်ခွင့်ပြုလုပ်ပေးမည်ဆို မုံရွာတွင် လိုင်စင်မဲ့ဆိုင်ကယ်ဈေးတက်

**ရန်နိုင်ကျော်**

**မုံရွာ၊ ဖေဖော်ဝါရီ- ၂၂**

မုံရွာမြို့ပေါ်တွင်ရောင်းဝယ်ဖောက်ကားလျက်ရှိသော မော်တော်ဆိုင်ကယ်ဈေးကွက်များတွင် ယခုနှစ်ဖေဖော်ဝါရီလဆန်းပိုင်းအတွင်း လိုင်စင်မဲ့ဆိုင်ကယ်များအား တရားဝင်ယာဉ်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဆိုသော သတင်းများထွက်ပေါ်လာပြီးနောက်ပိုင်း ဆိုင်ကယ်ဈေးများမြင့်တက်လာကြောင်း မုံရွာဆိုင်ကယ်ရောင်းဝယ်သူများက ဆိုသည်။

"လိုင်စင်မဲ့ ဆိုင်ကယ်တွေဈေးတက်လာပေမယ့် လိုင်စင်ပါတဲ့ဆိုင်ကယ်တွေ ဈေးကျပြီး အဝယ်နည်းသွားတယ်။ လိုင်စင်ပါတဲ့ဂျပန်နိုင်ငံထုတ်ဆိုင်ကယ်တွေက ဈေးကွက်မှာငြိမ်နေမယ့် ဝယ်သူနည်းသေးတယ်။ ဂျပန်ဆိုင်ကယ်တွေရဲ့ အရည်အသွေးကိုကြိုက်ပေမယ့် ဈေးတန်းကတရုတ်ဆိုင်ကယ်ဈေးထက်ကွာနေတာရော၊ ရောင်းဝယ်ခွန်နဲ့ အမည်ပြောင်းသက်တမ်းတိုး အခွန်ငွေကွာဟမှုတွေကြောင့် ဂျပန်ဆိုင်ကယ်တွေဝယ်လိုအား ကျသွားတာဖြစ်တယ်။ အိန္ဒိယနိုင်ငံထုတ်ဆိုင်ကယ်တွေလည်း ဈေးကွက်မှာဝင်လာပေမယ့် အပိုပစ္စည်းရှားပါးမှုရော ဆိုင်ကယ်ဈေးကမြင့်တာရောကြောင့် တရုတ်ဆိုင်ကယ်တွေလောက်အရောင်းအဝယ် မဖြစ်ဘူး"ဟု မုံရွာဒေသခံ ဆိုင်ကယ်ဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။



မုံရွာမြို့ရှိ ကျောက္ကာလမ်းတစ်နေရာ

မုံရွာဆိုင်ကယ်ဈေးကွက် အတွင်း အရောင်းအဝယ်သွက်လျက်ရှိသော လိုင်စင်မဲ့ဆိုင်ကယ်ဈေးကွက်တွင် ဂျာလင်းစူပါကပ် (ပါကင်အထုတ်) ၄၃၀,၀၀၀ ကျပ်၊ ဂျာလင်း (ပါကင်စီးဘီး) ၄၁၀,၀၀၀ ကျပ်၊ ကင်ဘို(၁၂၅ စီစီ) ကျပ်ငါးသိန်းဝန်းကျင်၊ ရုပ်ဆိုး(၁၂၅ စီစီ) ၅၁၀,၀၀၀ ကျပ် ၊ဝိုင်တူးကေ (၁၁၀ စီစီ) ကျပ် ၃ သိန်းဝန်းကျင်၊ ဆိုင်ကလုန်း (၁၂၅ စီစီ) ကျပ်ခုနစ်သိန်းဝန်းကျင် ဈေးရှိခဲ့သည်။ တရားဝင်ယာဉ်လိုင်စင်ပါရှိသောဆိုင်ကယ်ဈေးကွက်မှာ ဂျလင်းစူပါကပ်(၉၀)၃၃၀,၀၀၀ကျပ်မှ ၆၀၅,၀၀၀၊ ဟွန်ဒါ ပတ်လည်စူပါကပ် (၉၀)၂၉၀,၀၀၀ ကျပ် မှ ၃၇၀,၀၀၀၊ Hi-bird စူပါကပ် (၉၀) ၂၈၀,၀၀၀ကျပ်မှ ၃၅၀,၀၀၀၊ ကင်ဘို (၁၂၅) ၃၆၀,၀၀၀ကျပ်မှ ၇၀၀,၀၀၀၊ တိုယိုဘို Heinsim (၁၂၅)၂၅၀,၀၀၀ ကျပ်မှ ၃၈၀,၀၀၀၊ ဝိုင်တူးကေ(၁၁၀) ကျပ် သုံးသိန်းမှ ငါးသိန်းအထိ မော်ဒယ်အလိုက်တရုတ်ဆိုင်ကယ်ဈေးကွက် အပြောင်းအလဲများရှိသည်။ ဂျပန်ဆိုင်ကယ် ဈေးကွက်တွင်လည်း ဟွန်ဒါ (၉၀) စိမ်းရွှင် ကျပ် ၁၉ သိန်းမှ ၂၅ သိန်း၊ အစိမ်းပုတ်ကျပ် ၁၀ သိန်းမှ ၁၉ သိန်း၊ ခဲရောင်(မီးခိုး)ကျပ် ၁၄ သိန်းမှ ၂၁ သိန်း၊ ဇီးရောင်ကျပ် ၇ သိန်းမှ ၁၁ သိန်း၊ YAMAHA (DT)ကျပ် ၁၆ သိန်းမှ သိန်း ၄၀အထိဈေးကွက်ငြိမ်လျက်ရှိသည်။ အိန္ဒိယဆိုင်ကယ်ပါဆာ (၁၂၅) ကျပ်၁၈ သိန်းမှ သိန်း ၄၀၊ ဟီးရိုးဟွန်ဒါ (၉၀)ကျပ် ၈ သိန်းမှ ၁၁ သိန်းအထိရှိကြောင်းသိရသည်။ ထိုင်းနိုင်ငံထုတ် Dream (၁၁၀)ကျပ်၇ သိန်းဝန်းကျင် စူပါကပ်(၉၀)(အော်တိုဂီယာ) ကျပ်သိန်း ၂၀ ဝန်းကျင်ဖြင့်ဈေးကွက်၌ အရောင်းအဝယ်ဖြစ်နေသည်။

# အသက် ၁၀၃ နှစ် အဘိုးအား သက်ကြီးပူဇော်

**စိုင်းသာအောင်**

**မန္တလေး၊ မတ်- ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် မူးကမ်းကြီးဒေသတွင် အသက် ၁၀၃ နှစ်ရှိ အဘိုးဦးဘိုးရင်အား သက်ကြီးပူဇော်ပွဲကို ရွှေကူကြီးဘုရားပရဝုဏ်အတွင်းရှိ အာရုံခံအုတ်တိုက်တွင် မတ် ၁ ရက်က ကျင်းပပြုလုပ်ခဲ့သည်။ ရန်ကုန်မြို့နေ ဦးခင်မောင်စိန် (နိုတြီပဗ္ဗလဒ်)+ ဒေါ်ခင်ခင်စီမိသားစုက အဘိုးအဖွားများ၏ ရွှေဂူကြီးဘုရားအတွင်းရှိ အဘိုးဦးကံထူး+အဖွား ဒေါ်ငြိမ်းပင်တို့၏ ၁၉၄၇ ခုနှစ်က ဆောက်လုပ်လှူဒါန်းသော အာရုံခံအုတ်တိုက်ကြီးအား ပြုပြင်လှူဒါန်းရေစက်ချပွဲတွင် အဆိုပါ သက်ကြီးပူဇော်ပွဲပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဒီပဲယင်းမြို့နယ် မူးကမ်းကြီးဒေသတွင် အသက် ၁၀၀ ကျော် ပုဂ္ဂိုလ်များအဖြစ်ဦးဘိုးရင် (၁၀၃) နှစ်၊ ဦးပျို(၁၀၁) နှစ်၊ ဦးဆယ် (သူကြီးဆယ်) (၁၀၁)နှစ်တို့သက်ရှိထင်ရှားရှိနေပြီး အမျိုးသမီးထဲတွင် ဒေါ်ငြိမ်းပင်သည် (၁၀၁)နှစ်ထိ အသက်ရှည်ခဲ့ကြောင်းဒေသခံများထံမှသိရသည်။

# စည်းကမ်းမဲ့ ဆိုင်ကယ်များကို ဒဏ်ငွေအပြင် ၁၄ ရက်ထိန်းသိမ်းမည်ဟုဆို

**ထူးသန့်**

**နေပြည်တော်၊ မတ်- ၅**

နေပြည်တော်တွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးထက်ပိုမိုစီးနင်းခြင်းနှင့် ယာဉ်မောင်းလိုင်စင်မပါရှိဘဲ မောင်းနှင်ခြင်းပြုပါကသက်ဆိုင်ရာ ဒဏ်ငွေများအပြင် ဆိုင်ကယ်ကိုလည်း ၁၄ ရက်ကြာထိန်းသိမ်းအရေးယူသွားမည်ဖြစ်ကြောင်း နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်တစ်ဦးကပြောသည်။ ထိုကဲ့သို့သော စည်းကမ်းများမလိုက်နာပါက ပြစ်မှုတစ်ခုချင်းအလိုက် စီမံခန့်ခွဲမှု ဒဏ်ငွေ ၂၀,၀၀၀ ကျပ်နှင့် တရားရုံးဒဏ်ငွေ ၁,၅၀၀ ကျပ်တို့ကိုလည်း ထပ်မံပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

ကိုရီးယားစကားပြန် M/F
Marketing ဝန်ထမ်း M/F
အရောင်းဝန်ထမ်း F
**ဖုန်း- ၀၉-၅၄၁၅၄၈၅**

--------------------------------

Public Relation (age-22-30) M, Marketing (age-22-30) F, Driver (30-45) M, Sales Girl (age-20-26) F, Network Technician (age-23-28)M. **Ph: 523523**

--------------------------------

Saler (ကျွမ်းကျင်) မ (၃)ဦး၊ Marketing (ကျွမ်းကျင်) ကျား/မ (၅) ဦး။ အိမ်၊ ခြံ၊ မြေအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။ လူမှုဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။
**ဖုန်း- ၀၉-၇၃၁၄၂၀၆၂၊ ၅၁၇၄၁၈**

--------------------------------

Advertising Media တွင် အချိန်ပိုင်းသရုပ်ဆောင်ရန်အတွက် Presenting Model အလိုရှိသည်။ (ကျား၊မ) (အသက် ၁၈ မှ ၂၅)နှစ်အတွင်းရုပ်ရည်ချောမောပြေပြစ်၍ မြန်မာစကားကို ပီသစွာ ပြောနိုင်ရမည်။ **ဖုန်း- ၃၈၆၆၉၃**

--------------------------------

Graphic Designer ကျား (၁)ဦး၊ Office Assistant ကျား၊မ (၂)ဦး၊ Sale Team Leader ကျား၊ မ (၂) ဦး၊ အရောင်းဝန်ထမ်း ကျား၊ မ (၂၀) ဦး။**ဖုန်း- ၂၂၄၈၂၀၊ ၀၉-၅၀၇၆၇၀၉**

--------------------------------

Sale Marketing & Communications မှ ပြည်တွင်းဖြစ်အိမ်သုံးဆေးများဖြန့်ချိရောင်းချရန် ဝန်ထမ်းများအမြန်အလိုရှိပါသည်။ အသက် (၂၀-၄၀)နှစ်ထိ၊ အနိမ့်ဆုံး ၁၀ တန်း၊ ကျား/မ၊နေ့စားဝင်ငွေနှင့် ကော်မရှင်ပေါင်းလျှင် တစ်လ ၈ သောင်းကျပ်ရရှိနိုင်သည်။ အခန်း(၄၀၃)၊ ၄-လွှာ၊ ဓနသီဟစင်တာ၊ အမှတ်(၇၉၀)၊ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်။
**(လူကိုယ်တိုင်လျှောက်ထားရန်)**

--------------------------------

1. Manager ကျား/မ (၁)ဦး၊ အသက်(၂၅)နှစ်အထက်၊ အင်္ဂလိပ်စာ ရေး၊ ပြော၊ ကွန်ပျူတာကျွမ်းကျင်။
2. Program Manager ကျား/မ(၁) ဦး၊ အသက် ၃၀ အထက်၊ Program တစ်ခုလုံးကို အောင်မြင်အောင် တာဝန်ယူနိုင်သူဖြစ်ရမည်။
3. Admin Staff ကျား/မ(၁)ဦး၊ အသက် (၂၅)နှစ်ထက် မကျော်ရ၊ ဘွဲ့ တစ်ခုခုရ၊ ကွန်ပျူတာကျွမ်းကျင်။
Knowledge Bank Education Services Co., Ltd၊ **ဖုန်း-၃၈၆၆၉၃**

--------------------------------

IELTS, TOEFL, 4 Skills ကို ကျွမ်းကျင်စွာသင်ကြားနိုင်သော ဆရာမတစ်ဦး အမြန်အလိုရှိသည်။ အလုပ်ချိန်- Tue to Fri(9am to 7 pm), Sat & Sun(2:30 pm to 6 pm)၊ လစာ- ၂၀၀,၀၀၀ ကျပ်၊ အမှတ်(၄၀/၄၂)၊ ၁၃၆ လမ်း၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်။ **ဖုန်း-၀၉ ၅၁၈၈၇၂၀**
**iSchool Education Club**

--------------------------------

၁။ အိမ်ခြံမြေ Marketing ကျား/မ (၁၀)ဦး၊ ၂။ အိမ်ခြံမြေ Seller ကျွမ်းကျင် ကျား/မ(၂)ဦး၊ ၃။ ယာဉ်မောင်းကျွမ်းကျင် ကျား(၁)ဦး၊ အမှတ်စဉ် (၁၊ ၂)အတွက် အသက်(၁၈-၃၀)နှစ်အတွင်းဖြစ်ရမည်။ အိမ်ခြံမြေကျွမ်းကျင်သူဖြစ်ပါက လစာ+အကျိုးခံစားခွင့် ရာခိုင်နှုန်း ကောင်းကောင်းပေးပါမည်။အမှတ်(၂၆၂)၊ ၅-လွှာ၊ ရှိုင်းကွန်ဒို၊ ဗားကရာလမ်း၊ စမ်းချောင်း။
**ဖုန်း-၀၉ ၇၃၀၇၇၅၉၅**

--------------------------------

အာလူးကြော်နှင့် ငှက်ပျောသီးအချိုကြော်ကုန်ချောထွက်သည်အထိ တာဝန်ယူနိုင်သောပညာရှင် အလိုရှိပါသည်။ အတွေ့အကြုံအရည်အချင်းနှင့်ညီမျှသောခံစားခွင့်ကောင်းကောင်းပေးပါမည်။ **ဖုန်း-၀၉ ၇၃၀၈၁၀၆၂**

--------------------------------

1. Saler ကျွမ်းကျင် မ(၃)ဦး၊ 2. Marketing ကျွမ်းကျင် ကျား/မ (၅)ဦး၊ အိမ်ခြံမြေ အတွေ့အကြုံ(၃)နှစ်ရှိရမည်။ အမှတ်စဉ်(၁)အတွက် အခြေခံလစာ ၇၀၀၀၀ + အကျိုးခံစားခွင့်ရာခိုင်နှုန်း၊ ရွှေဥဒေါင်းမင်းအကျိုးဆောင်၊အမှတ်(၁၂)၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်။ **ဖုန်း-၅၁၇၄၁၈**

--------------------------------

ကျောက်မျက်ရတနာ လုပ်ငန်းတွင်တာဝန်ထမ်းဆောင်ရန် အင်္ဂလိပ်(သို့) တရုတ်စကားပြောကျွမ်းကျင် အမျိုးသမီး၊ အသက်(၂၀-၃၀)နှစ်၊ အပျိုလူလွတ် အလိုရှိသည်။ အမှတ်(၃၀) အေ၊ ပြည်လမ်း၊ ၇ မိုင်၊ မရမ်းကုန်းသို့ Mon to Fri (၁၀ နာရီမှ ၅နာရီ) အတွင်း လျှောက်ထားနိုင်ပါသည်။

--------------------------------

1. Cashier မ(၁)ဦး၊ 2. ဖုန်းဖြင့် Marketing ထိရောက်စွာလုပ်နိုင်သူ မ (၃)ဦးနှင့် ကျား(၂)ဦးအလိုရှိပါသည်။ လစာကောင်းမွန်စွာခံစားခွင့်၊ Bonus ထပ်မံဆောင်းပေးမည်။ အမှတ်(၁၄၀)၊ ၈-လွှာ(အေ)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
**ဖုန်း-၀၉ ၇၃၁၄၆၃၀၂**

--------------------------------

**Career Opportunities**
Sale Executive M/F (5)Post, 2 years experience, Age 20-30, any Graduate or Dip in IT, No.72,Shwe Hnin Si Lane(6),A1 Street,5th Ward,9 Mile, Mayangone Tsp, **Ph: 650979,662191**

--------------------------------

1. Chinese Translator တရုတ်စကားဘာသာပြန် မ(၃)ဦး၊ ရေး၊ ဖတ်၊ပြော ကျွမ်းကျင်ရမည်။ အတွေ့အကြုံ(၁) နှစ်၊ No.18(A/1), Tharyarwaddy Street, Sayarsan Qut: Bahan Tsp,
**Ph: 542111, 400805**

--------------------------------

1. Marketing ကျား/မ(၅)ဦး၊ 2. Cashier မ(၁)ဦး၊ စာရင်းပိုင်းကျွမ်းကျင်ရမည်။ အမှတ်(၁၄၀)၊ ၈/အေ၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ **ဖုန်း-၀၉ ၈၆၁၈၉၄၆**

--------------------------------

1. Graphic Designer ကျား/မ (၂) ဦး၊ 2. Furniture & Curtain Marketing အရောင်းစာရေး မ(၅)ဦး၊ 3. စာရင်းကိုင်ကျွမ်းကျင် မ(၃)ဦး၊ 4. Security ကျား(၂)ဦး၊ အမှတ်(၁၅)၊ ပြည်လမ်း၊ (၉ မိုင် Ocean အနီး)

--------------------------------

Accountant Supervisor မ (၂)ဦး အလိုရှိသည်။ အသက် (၃၀-၄၅) အိမ်ထောင်မရှိသူဖြစ်ရမည်။ B.Com, LCCI (3) (8am-6pm) Duty, လစာ 1 L ဆေးခန်းအတွေ့အကြုံ (၂) နှစ် ရှိရမည်။ စာရင်းပိုင်းကို ထိထိရောက်ရောက်သုံးသပ်နိုင်ပြီး၊ မှန်မှန်ကန်ကန် ဖော်ထုတ်တင်ပြနိုင်ရမည်။ ဝန်ထမ်းများအား ဦးဆောင်နိုင်ရမည်။ ရွှေပုပ္ပါး အထူးကုဆေးခန်း၊ **ဖုန်း- ၅၅၆၀၀၁၊ ၅၅၆၃၀၆၊ ၀၉-၅၁၃၃၂၃၆**
(ကြော်ငြာပါပြီး နှစ်ပတ်အတွင်း)

--------------------------------

ရှမ်းပြည်တောင်ပိုင်း၊ အင်းလေးဒေသရှိ Inle Lake View Resort Hotel တွင် (၁) စာရင်းစစ် (B.Com, C.P.A) လုပ်သက်အနည်းဆုံး (၅)နှစ်။ (၂) စာရင်းကိုင် (B.Com, LCCI III) လုပ် သက်အနည်းဆုံး (၃)နှစ်။လစာကောင်း၊ နေစရိတ်၊ စားစရိတ်ငြိမ်း။ နိုင်ငံတကာအဆင့်မီ ဟိုတယ်လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ **PH: 248907,248908 (Ext:1602)**

--------------------------------

Photoshop ကျွမ်းကျင် မ (၃)ဦး၊ ပညာသင်ဝန်ထမ်း မ (၉)ဦး၊ ရုံးဝန်ထမ်း မ(၃)ဦး၊ ကြော်ငြာဝန်ထမ်း မ (၃)ဦး။ **ဖုန်း- ၂၂၇၁၉၉**

--------------------------------

Marketing Excetive မ(၁)ဦး အလိုရှိသည်။ အသက်(၂၅-၃၅)နှစ်အတွင်း၊ လုပ်ငန်းအတွေ့အကြုံရှိရမည်။ အမှတ်-၃၆၉(ဂ)၊ ရတနာလမ်း၊ ၁၃-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
**ဖုန်း- ၈၅၅၀၄၇၃၊ ၇၂၄၁၂၃**

--------------------------------

**Knowledge Bank Co.,Ltd.**
Manager M/F (1) Post, Program Manager M/F (1) Post, Admin Staff M/F (1)Post. **Ph:386693**

--------------------------------

**New Star (အလှပြင်ဆိုင်)**
ဆံပင်ညှပ်/လျှော် ကျား (၃)ဦး၊ ဆံပင်ညှပ်/မျက်နှာပေါင်းတင် မ (၃) ဦး၊ **ဖုန်း- ၀၉- ၇၃၁၂၂၈၃၀**
(၃ ရက်အတွင်း အလိုရှိသည်)

--------------------------------

**အလိုရှိသည်**
Computer Engineer/ Diploma Holder (2) ဦး M/F, Account Assistant (1) ဦး၊ M/F, **PH: 641622**

ယခုအသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ကြော်ငြာထည့်သွင်းလိုသူများ 7Day News ဂျာနယ်တိုက်သို့ (အလျား 1.5"၊ အနံ 2" )အတွင်း ကွန်ပျူတာစာစီ၍ လာရောက်ပေးပို့နိုင်ပါသည်။

# MBA SOCIETY
## Annual Get-together Dinner 2011

*The Expression of Gratitude and Recognition*
*to the Following Companies of Their Generous Contributions*
*on the Occasion of MBA Get-Together Annual Dinner 2011*

**MBA မိသားစု၏ ၂၀၁၁ ခုနှစ် နှစ်ပတ်လည်ညစာစားပွဲ**
**ဖြစ်မြောက်အောင်မြင်ရေးအတွက် အဓိကကူညီပံ့ပိုးပေးခဲ့ကြသော**
**အောက်ပါကုမ္ပဏီများအား ကျေးဇူးတင်ရှိပါကြောင်း**
**မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။**

### Main Sponsor

iDream Mobile

### Gold Sponsor

awba

### Gold Sponsor

FRESH Air Conditioning Systems

### Silver Sponsors

Alpine Purified Drinking Water

MAI

Elite Express

Royal Modern Furniture

### Bronze Sponsors

Fortune International

KTK

Education
7DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

# ဧပြီလတွင် ဗြိတိန်ကျောင်းဝင်ခွင့် ဗီဇာကြေး တိုးမြှင့်ဖွယ်ရှိ



နေလင်းထွန်း

ရန်ကုန်၊ မတ် – ၅

ဗြိတိန်နိုင်ငံတွင် သွားရောက်ပညာသင်ယူမည့်ကျောင်းသားများအတွက် ပြည်ဝင်ခွင့်ဗီဇာကြေးများ ဧပြီလမှစကာ တိုးမြှင့်သွားဖွယ်ရှိကြောင်းသိရသည်။ လက်ရှိတွင် ကျောင်းသားများအနေဖြင့် ကျောင်းသားဗီဇာလျှောက်လွှာကြေးအတွက် ၁၉၅ပေါင်နှင့် ညီမျှသောမြန်မာ ကျပ်ငွေပေးသွင်းနေရသည်။

“ငွေလဲနှုန်းနဲ့ ကျပ်သုံးသိန်း သုံးသောင်းကျော်သွင်းနေရတယ်။ ဧပြီလမှာတက်မယ်ဆိုပေမယ့် ဘယ်လောက်တက်မလဲမသိသေးဘူး။ အရင်ကတော့ ပေါင် ၅၀ကျော်လောက်တက်တာပါပဲ”ဟု ယူကေပညာရေးဝန်ဆောင်မှုတစ်ခု၏တာဝန်ရှိသူကပြောသည်။

မြန်မာကျောင်းသားများအနေဖြင့် ဗြိတိန်နိုင်ငံတွင် သွားရောက်ပညာသင်ယူရန် အဆိုပါဗီဇာလျှောက်လွှာကြေးပေးသွင်းရပြီး ဗီဇာအပယ်ခံရပါက ငွေကြေးဆုံးရှုံးမည်ဖြစ်ကြောင်းသိရသည်။

ကျောင်းသားပြည်ဝင်ခွင့်ဗီဇာလျှောက်ထားရာတွင် ပညာရေးအထောက်အထားနှင့် ဘဏ်စာရင်းငွေကြေးအထောက်အထားများ အတုပြုလုပ်သည်ကိုစစ်ဆေးတွေ့ရှိပါက ပြည်ဝင်ခွင့် ၁၀နှစ်ပိတ်ပင်မည်ဖြစ်ကြောင်း သံရုံးမှထုတ်ပြန်ကြေညာထားသည်။

## စင်ကာပူအစိုးရမူလတန်းနှင့် အလယ်တန်းကျောင်းဝင်ခွင့် သင်တန်းများတက်ရောက်နိုင်

သီဟ


ရန်ကုန်၊ မတ် – ၁

စင်ကာပူနိုင်ငံရှိ အစိုးရမူလတန်းနှင့် အလယ်တန်းကျောင်းများသို့ ဝင်ခွင့်ရလိုသည့် ကျောင်းသားများသည် စင်ကာပူအစိုးရမှ စစ်ဆေးသည့် Adumission Exercise for International Students(AEIS)ကို ဖြေဆိုရမည်ဖြစ်ကာ အဆိုပါစာမေးပွဲအတွက် ဝင်ခွင့်ပြင်ဆင်ခြင်း သင်တန်းတက်ရောက်ရန်အတွက် စင်ကာပူနိုင်ငံရှိ Ascensia Academy သို့ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

AEIS စာမေးပွဲအား နှစ်စဉ် စက်တင်ဘာနှင့် အောက်တိုဘာလများတွင်ကျင်းပလေ့ရှိပြီး စာမေးပွဲအောင်မြင်ပါက ဇန်နဝါရီတွင် အစိုးရကျောင်းများသို့တက်ရောက်ရမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါစာမေးပွဲတွင်စနစ်သည်အင်္ဂလိပ် နှင့် သင်္ချာကိုဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲအောင်မြင်ပါက ကျောင်းသားများနှင့်သင့်တော်သည့် ကျောင်းများသို့တစ်ပါတည်းရွေးချယ်ပေးကြောင်း သိရသည်။

ဝင်ခွင့်ဖြေဆိုမည့်သူများသည် Ascensia Academy တွင် Primary 1 မှ 5 အထိနှင့် Secondary 1 မှ 3 အထိသင်တန်းများဝင်ခွင့်ဖြေဆိုခြင်းအတန်းများသို့ တက်ရောက်နိုင်ကြောင်း သိရသည်။ ဝင်ခွင့်ပြင်ဆင်ခြင်းသင်တန်းများအား မတ် ၂၁ မှ မေ ၂၇ အထိ ၁၀ ပတ်သင်တန်းနှင့် ဇွန် ၂၀ မှ နိုဝင်ဘာ ၄ အထိ အ ပတ် ၂၀ သင်တန်းများတက်ရောက်နိုင်ကြောင်း Crown Education မှသိရသည်။

## မြန်မာကျောင်းသားများ သွားရောက်မှု ဒုတိယအများဆုံးနိုင်ငံမှာ ဗြိတိန်နိုင်ငံဖြစ်




Source: Corwn Education

နေလင်းထွန်း

ရန်ကုန်၊ မတ် – ၂

မြန်မာကျောင်းသားများ ပြည်ပနိုင်ငံများတွင် သွားရောက်ပညာသင်ယူလျက်ရှိရာ စင်ကာပူနိုင်ငံသို့ အများဆုံးသွားရောက်ကြပြီး ဗြိတိန်နိုင်ငံမှာ ဒုတိယနေရာတွင် တည်ရှိနေကြောင်း ငါးနှစ်အတွင်း နိုင်ငံတကာပညာရေးသုံးသပ်ချက်စစ်တမ်းတစ်ခုအရသိရသည်။

ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှုဘာသာရပ် ခေတ်စားခဲ့သော ၂၀၀၈ခုနှစ်သည် စင်ကာပူနိုင်ငံသို့ ကျောင်းသား သွားရောက်မှုစံချိန်တင်မြင့်မားခဲ့ပြီး ဗြိတိန်နိုင်ငံသည် ၂၀၀၉ ခုနှစ်အတွင်း ကျောင်းသားပြည်ဝင်ခွင့်အပြောင်းအလဲကာလတွင် ကျောင်းသားသွားရောက်မှုမြင့်တက်ခဲ့ကြောင်း စစ်တမ်းကဖော်ပြနေသည်။

“ပြည်ပပညာသင်သွားတဲ့ ကျောင်းသားဈေးကွက်က အဲဒီနိုင်ငံရဲ့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ပြည်ဝင်ခွင့်ဗီဇာအလျှော့အတင်းပေါ် မူတည်နေပါတယ်။ အဲဒီလိုမဖြစ်စေချင်ပါဘူး။ ကိုယ်နဲ့အဆင်ပြေမယ့်၊ သင့်တော်မယ့်နိုင်ငံကိုပဲ ဦးတည်ရွေးချယ်စေချင်ပါတယ်။ သူများ အဆင်ပြေတိုင်း ကိုယ်အဆင်ပြေမှာမဟုတ်ပါဘူး”ဟု နိုင်ငံတကာပညာရေးလေ့လာသူတစ်ဦးကပြောသည်။

ယခုနှစ်ပိုင်းများတွင် မြန်မာကျောင်းသားများ သွားရောက်ပညာသင်ယူလျက်ရှိသော နိုင်ငံအများစုမှာ စင်ကာပူ၊ ဗြိတိန်၊ ဩစတြေးလျ၊ အမေရိက၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြသည်။ အဆိုပါနိုင်ငံများသည် ကျောင်းသားပြည်ဝင်ခွင့်နှင့်ပတ်သက်၍ ပိုမိုစိစစ်လာလျက်ရှိပြီး ကျောင်းသားများ၏ ပညာရေးအရည်အချင်းလိုအပ်ချက်မှာလည်း မြင့်တက်လာလျက်ရှိသည်။

## ITPEC စာမေးပွဲမေလတွင် ကျင်းပမည်

ယုဇနကိုကို

ရန်ကုန်၊ ဖေဖော်ဝါရီ – ၂၆

ဂျပန်နိုင်ငံနှင့် အာဆီယံနိုင်ငံများ ပူးပေါင်းကျင်းပမည့် နည်းပညာဆိုင်ရာစာမေးပွဲဖြစ်သည့် ITPEC (Information Technology Professional Examination Council) စာမေးပွဲအား လာမည့် မေလ၁ရက်တွင် ကျင်းပမည် ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA)မှ သိရသည်။

အဆိုပါစာမေးပွဲဖြေဆိုရန်အတွက်အမျိုးအစားနှစ်မျိုးခွဲခြားထားပြီး ၎င်းတို့မှာ သတင်းအချက်အလက်နှင့်နည်းပညာလုပ်ငန်းခွင်များတွင် လုပ်ကိုင်နေသူများ၊ လုပ်ကိုင်လိုသူများအတွက် IT Passport (Information Technology Passport) စာမေးပွဲကိုဖြေဆိုရမည်ဖြစ်သည်။ ဆော့ဖ်ဝဲနှင့် ပရိုဂရမ်မာလုပ်ငန်းခွင်များတွင် လုပ်ကိုင်နေသူများအတွက် Fundamental Information Technology Engineer Examination (FE) စာမေးပွဲများကိုဖြေဆိုရမည်ဖြစ်ကြောင်းသိရသည်။

ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီးသော နည်းပညာကို စိတ်ပါဝင်စားသည့် မည်သူမဆို ဝင်ရောက်ဖြေဆိုနိုင်ကာ ဧပြီလ ၂၇ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ပညာရေးသတင်းတိုများ

## ၆ နှစ်အထက် ကျောင်းသားများအတွက် အင်္ဂလိပ်စာသင်တန်းဖွင့်မည်

ရန်ကုန်၊ မတ် – ၂

အင်္ဂလိပ်ဘာသာစကားလေ့လာသင်ယူလိုသော ကျောင်းသားများအတွက် Dynamic Academic Centre ကို စမ်းချောင်းမြို့နယ်၊ မြေနီကုန်းရှိ မြဝတီလမ်းတွင် ဖွင့်လှစ်လိုက်ကြောင်းသိရသည်။ အသက် ၆နှစ်မှ အထက်ကျောင်းသားများတက်ရောက်နိုင်သော သင်တန်းများကို ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်နှစ်သောင်းမှ ကျပ်ရှစ်သောင်းအထိရှိကြောင်းသိရသည်။

## နွေရာသီဓမ္မာစရိယစာချသင်တန်း ဖွင့်မည်

ရန်ကုန်၊ မတ် – ၃

နွေရာသီဓမ္မာစရိယစာချသင်တန်းကို ဧပြီလ ၂၄ရက်မှ ဇွန်လ ၇ ရက်အထိ ဧရာဝတီတိုင်း၊ ကြံခင်းမြို့ရှိ နဝင်းဂုဏ်ကျောင်းတိုက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ စားရေး၊ နေရေးတို့အတွက် သင်တန်း ကော်မတီမှ တာဝန်ယူမည်ဖြစ်ပြီး ဖုန်း ၀၄၄-၄၀၁၈၆ သို့ဆက်သွယ်မေးမြန်းနိုင်သည်။

## နိုင်ငံတကာ ပညာရေးပြပွဲကျင်းပမည်


ရန်ကုန်၊ မတ် – ၃

Navitar ၏နိုင်ငံတကာ ပညာရေးပြပွဲအား မတ်လ ၁၀ ရက်တွင် မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၇နာရီခွဲအထိ ကျင်းပသွားမည်ဟု သိရသည်။ အမေရိကန်၊ ကနေဒါ၊ ယူကေ၊ စင်ကာပူနှင့် ဩစတြေးလျ နိုင်ငံတို့မှ ပညာရေးအတိုင်ပင်ခံ ၂၂ ဦး လာရောက်ခင်းကျင်းပြောပြမည်ဟုသိရသည်။

## ကလေးငယ်များအတွက် သီးသန့်သင်တန်းကျောင်းဖွင့်


ရန်ကုန်၊ မတ် – ၅

အလုံမြို့နယ်၊ ငုဝါလမ်းတွင် အသက် ၂ နှစ်မှ ၆ နှစ်အရွယ်ကလေးငယ်များအတွက် Genius International Education Centre ဖွင့်လှစ်လိုက်ကြောင်းသိရသည်။ နံနက်၉နာရီခွဲမှ ညနေ ၃နာရီခွဲအထိ အင်္ဂလိပ်၊ မြန်မာ၊ တရုတ်နှင့်သင်္ချာတို့အား သင်ကြားမည်ဖြစ်ပြီး သင်တန်းကြေးမှာ တစ်လလျှင် ကျပ်ခုနှစ်သောင်းဖြစ်သည်။









7 DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

# ပြည်ပတက္ကသိုလ်များတွင် အဝေးသင်စနစ်ဖြင့် သင်ယူနိုင်သောသင်တန်းများ ဖွင့်လှစ်လာ

**ရန်ကုန်၊ မတ် - ၅**

ပြည်ပတက္ကသိုလ်များ၏ အဆင့်မြင့်ပညာများကို ပြည်တွင်းမှနေ၍ အဝေးသင်စနစ်ဖြင့် လေ့လာသင်ယူနိုင်သော သင်တန်းများဖွင့်လှစ်သင်ကြားရန် ပုဂ္ဂလိကသင်တန်းကျောင်းများ ဆောင်ရွက်လာကြကြောင်းသိရသည်။

ပြည်ပပညာရေးအဖွဲ့အစည်း၊ တက္ကသိုလ်နှင့်ချိတ်ဆက်၍ ပြည်တွင်း၌ ဒီဂရီဘွဲ့နောက်ဆုံးနှစ်၊ မဟာဘွဲ့သင်တန်းများကို အွန်လိုင်းမှတစ်ဆင့် လေ့လာသင်ယူနိုင်မည့် အဝေးသင်ပညာရေးကို နိုင်ငံတကာအသိအမှတ်ပြုဘာသာရပ်များ သင်ကြားနေသော သင်တန်းကျောင်းအချို့က စီစဉ်ဆောင်ရွက်လာကြခြင်းဖြစ်သည်။

"၂နှစ်သင်ရမယ်။ တစ်ပတ်ကို နာရီ ၂၀ အွန်လိုင်းသုံးရမယ်။ သင်တန်းကြေးက အမေရိကန်ဒေါ်လာ ၉,၀၀၀ ကျော်ပေးသွင်းရပါမယ်"ဟု ဧပြီလတွင် စတင်ဖွင့်လှစ်မည့် ဗြိတိန်နိုင်ငံ တက္ကသိုလ်တစ်ခု၏ မဟာဘွဲ့အဝေးသင်စနစ်သင်တန်းကျောင်း၏ ဝန်ထမ်းတစ်ဦးကပြောသည်။

အဝေးသင်ပညာရေးသည် အွန်လိုင်းမှတစ်ဆင့် လေ့လာသင်ယူရသောကြောင့် အင်တာနက်ဆက်သွယ်ရေးကောင်းမွန်မှု အရေးကြီးပြီး ၎င်းအခက်အခဲကြောင့် အဝေးသင်အစီအစဉ်ကို ဖျက်သိမ်းလိုက်ရသော သင်တန်းကျောင်းများလည်း ရှိကြောင်းသိရသည်။


"ပိုက်ဆံတွေ ပြန်အမ်းလိုက်ရတယ်။ တော်သေးတာပေါ့၊ မစရသေးလို့။ နောက်ပိုင်း အင်တာနက်ကွန်နက်ရှင်ကောင်းမယ်လို့ ထင်ထားတာ၊ ဖြစ်မလာတော့ ဘယ်လိုမှ လုပ်လို့မရတော့ဘူး။ ဒီက အခြေအနေကို ဟိုဘက်ကျောင်းတွေက နားလည်တာ မဟုတ်ဘူးလေ"ဟု ဩစတြေးလျပညာရေးအဖွဲ့အစည်းတစ်ခုနှင့် ချိတ်ဆက်၍ မဟာဘွဲ့သင်တန်းဖွင့်လှစ်ရန်ပြင်ဆင်ခဲ့သူတစ်ဦးက ပြောသည်။

# ဗြိတိန်စာမေးပွဲများ ဝင်ရောက်ဖြေဆိုသူ ငါးသောင်းကျော်ရှိ

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၆**

ပြီးခဲ့သည့်နှစ်အတွင်း ဗြိတိန်စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုသော ကျောင်းသားအရေအတွက် ငါးသောင်းကျော်ခန့်ရှိခဲ့ကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)၏ ဒါရိုက်တာအလန်စမတ်က ပြောသည်။

ဗြိတိန်စာမေးပွဲများအား ဗြိတိသျှကောင်စီ(မြန်မာ)စာမေးပွဲဌာနအဖြစ် တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး စာမေးပွဲဖြေဆိုသော ကျောင်းသားအရေအတွက်မှာလည်း နှစ်စဉ် မြင့်တက်လျက်ရှိကြောင်းသိရသည်။



"နိုင်ငံတကာအလုပ်အကိုင်ဈေးကွက်ရဲ့ တောင်းဆိုမှုတွေ၊ စိန်ခေါ်မှုတွေအတွက် ကောင်းမွန်တဲ့၊ သယ်ဆောင်သွားလို့ရတဲ့ ခိုင်မာတဲ့ အသိအမှတ်ပြုလက်မှတ်တွေ လိုအပ်ပါတယ်။ အဲဒါက ကျွန်တော်တို့လုပ်နေတဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းပါ။ ကျွန်တော်တို့ အခု အနုပညာနယ်ပယ်မှာလည်း မြန်မာနိုင်ငံ ခေတ်ပြိုင်ပညာရှင်အသင်းရဲ့ လှုပ်ရှားမှုကို ပံ့ပိုးမှုဆောင်ရွက်နေပါတယ်။ ဗြိတိန်နဲ့ မြန်မာနိုင်ငံတို့ရဲ့ အကောင်းဆုံးအနုပညာဖလှယ်မှုကို ရန်ကုန်အပြင် မန္တလေးမြို့မှာပါ ဆောင်ရွက်သွားဖို့ရှိပါတယ်"ဟု သတင်းထောက်များကို ဒါရိုက်တာအလန်စမတ်က ပြောသည်။

ဗြိတိသျှကောင်စီ(မြန်မာ)သည် စာကြည့်တိုက်ဝန်ဆောင်မှု၊ အင်္ဂလိပ်ဘာသာစကားသင်ကြားရေးဌာန၊ ဗြိတိန်စာမေးပွဲများ စစ်ဆေးခြင်းနှင့် အနုပညာဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်နှင့် မန္တလေးမြို့ရှိ ၎င်း ဌာနသို့ နေ့စဉ် လူဦးရေတစ်ထောင်ကျော် လာရောက်၍ ဝန်ဆောင်မှု အသုံးပြုလျက်ရှိကြောင်း သိရသည်။

SERVIER
Life Through Discovery
Adding years to life, adding life to years

We are the Leading French Independent Pharmaceutical Company having operations in 140 countries with a worldwide staff of 20,000, including 3,000 in Research & Development.

We are looking for individuals who are equally passionate about contributing to the well-being of mankind to join us as

**SECRETARY (2) Positions** - for Yangon.

***You are the person we are looking for if:***

- You are a graduate form any University.
- You have good knowledge in Computer, especially Microsoft Excel, Word and PowerPoint.
- You have good command of English.
- You are not older than 35 years of age.
- You have a pleasant and dynamic personality, good communication skills and are able to work well as part of a successful team.

If you are interested in these exciting opportunities, please email/ send your application with a cover letter + curriculum vitae + photo and contact details by **18th March 2011** to:

***SERVIER (S) PTE LTD (MYANMAR BRANCH)***
Email : Serviermyn@myanmar.com.mm / Serviermyn@mptmail.net.mm
Address: No. 62, U Wisara Road, Dagon Township, Yangon (Ph: 01-242291/243099/251654)
No. 8, SY building, 30th street, between 77th & 78th street, Mandalay (Ph: 02-31708)
***(only short-listed candidates will be notified).***

SERVIER *One of the world's leading centers of therapeutic research* **www.servier.com**

**Saya Wallace** B.Sc C.S.C (AUSTRALIA)
(SPOKEN ENGLISH WITH GRAMMAR)
"ပညာအမျိုးမျိုးတက်စေသော်လည်း"
ENGLISH SPEAKING မရလျှင် အလုပ်ကောင်းမရနိုင်
March တွင်-တန်းခွဲသစ်များရှိသည်။
ခန်းမသစ်၊ အမှတ်(၄၅)လမ်း-၂၁၊ ...
☎ : 706519, 550304

care

ဒေါက်တာအောင်ဇော်မိုး
M.B.,B.S (Ygn)
ဦး ၊ စီ ၊ သော
**အောင်အကယ်ဒမီ**
၈၊၉၊၁၀ တန်း ပညာရိပ်သာ

အောင်အကယ်ဒမီ ပညာရိပ်သာ၏ ၂၀၀၉-၂၀၁၀ ဂုဏ်ထူးရှင်များ

အမှတ် (၈၁)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ (မီးပွိုင့်အနီး)၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၄၀၉၄၆ ၊ ၀၉၅၀ ၂၀ ၄၄၅ ၊ ၀၉၅၀ ၂၀ ၂၈၂ ၊ ၀၉၅၁ ၀၇ ၉၆

အောင်မြင်မှု - ၉၀.၃%

Technology

7 DAY NEWS JOURNAL

Vol.10, No.1 • MARCH 10 , 2011

## အိုင်စီတီမိုဘိုင်းပြပွဲ ကျင်းပမည်

**ယုဇနကိုကို**

**ရန်ကုန်၊ မတ်-၂**

မိုဘိုင်းနှင့် နည်းပညာဆိုင်ရာ ပစ္စည်းများ ပူးတွဲခင်းကျင်းပြသမည့် မြန်မာအိုင်စီတီနှင့် မိုဘိုင်းပြပွဲကိုလာမည့် ၂၀၁၁ ခုနှစ် မတ်လအတွင်း ရန်ကုန်မြို့၌ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မိုဘိုင်းနှင့် ကွန်ပျူတာဆိုင်ရာ ဆက်စပ်ပစ္စည်းများကို ပူးတွဲပြသမည်ဖြစ်သည်။

မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်(MCF)၊ ကွန်ပျူတာပညာရှင်အသင်း (MCPA) နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA) တို့မှပူးပေါင်းကျင်းပမည့်အဆိုပါပြပွဲတွင် ပြည်တွင်း၊ ပြည်ပဈေးကွက်များအတွင်း ဝယ်ယူရရှိနိုင်သည့် အိုင်စီတီနှင့် မိုဘိုင်းပစ္စည်းများကို လေ့လာဝယ်ယူနိုင်မည်ဖြစ်သည်။

1st Myanmar IT & Mobile 2011 ဟု အမည်ပေးထားသည့် အဆိုပါပြပွဲအားမြန်မာနိုင်ငံ၏အိုင်စီတီနှင့် ဆက်သွယ်ရေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်ပြသရခြင်းဖြစ်ကြောင်း MCPA မှတာဝန်ရှိသူတစ်ဦးကဆိုသည်။

ပြပွဲအား ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ၂၀၁၁ မတ်လ ၁၈ ရက်မှ ၂၀ရက်အထိပြုလုပ်သွားမည်ဖြစ်သည်။

## စီဒီအမ်အေ အထိုင်ဖုန်းများတွင်လည်း ဖုန်းသံကိုကြိုက်နှစ်သက်ရာသီချင်း ထည့်သွင်းနိုင်မည်

**ယုဇနကိုကို**

**ရန်ကုန်၊ မတ်- ၂**

မိုဘိုင်းဖုန်းများအတွက် ဝန်ဆောင်မှုတစ်ခုဖြစ်သည့် My Ring Tune စနစ်ကို ယခုလဆန်းပိုင်းမှစတင်ကာ စီဒီအမ်အေ အထိုင်ဖုန်းများတွင် ထည့်သွင်းအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါဝန်ဆောင်မှုကို ရောင်းချနေသည့် ဖော်ကျွန်းအင်တာနေရှင်နယ်ကုမ္ပဏီမှသိရသည်။




ဖုန်းဝင်သွားသည့်အော်တိုဖုန်းမြည်သံနေရာတွင် ကြိုက်နှစ်သက်ရာ မည်သည့်သီချင်းအမျိုးအစားကိုမဆို ထည့်သွင်းနိုင်သည့် My Ring Tune စနစ်ကိုမိုဘိုင်းမဟုတ်သည့် အထိုင်ဖုန်းများတွင်လည်း အသုံးပြုနိုင်စေရန်အတွက် ရည်ရွယ်ပြီး ဝန်ဆောင်မှုပေးရခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ ဝန်ဆောင်မှုအား သီချင်းတစ်ပုဒ် သုံးရာကျပ်နှုန်းဖြင့် လစဉ်ကြေးသုံးထောင်ပေးသွင်းပြီးယခုလ ၄ ရက်မှစတင်ကာ အသုံးပြုနိုင်တော့မည်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၀ နှစ်ဆန်းပိုင်းက စတင်အသုံးပြုနိုင်ခဲ့သည့် အဆိုပါ My Ring Tune ဝန်ဆောင်မှုအား ယခုအချိန်တွင် ဂျီအက်စ်အမ်၊ ဒဗလျူစီဒီအမ်အေနှင့် စီဒီအမ်အေဖုန်းများ၌ ထည့်သွင်းအသုံးပြုနိုင်ပြီဖြစ်သည်။

## တိုက်ခိုက်မှုများရှိနေဆဲဖြစ်သည့်အတွက် အင်တာနက်နှေးကွေးနေခြင်းဖြစ်ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ မတ်-၄**

ပြည်တွင်းနှင့် ပြည်ပမှဆိုက်ဘာတိုက်ခိုက်ခံရမှုများရှိနေဆဲဖြစ်သဖြင့် အင်တာနက်ဆက်သွယ်မှုနှုန်းများ နှေးကွေးနေရခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

ဆက်သွယ်မှုစနစ်များ ကျဆင်းနေရသော အဓိကအကြောင်းအရင်းဖြစ်သည့် ဆိုက်ဘာတိုက်ခိုက်ခံရမှုကို ဖြေရှင်းရန်အတွက် ပြည်တွင်းပြည်ပမှ နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်နေကြောင်း ယင်းလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးကဆိုသည်။

“အခုလို ပြည်တွင်းကို တိုက်ခိုက်လာတဲ့ ဆိုက်ဘာတိုက်ခိုက်မှုမျိုးစုံကို ဖြေရှင်းဖို့လုပ်နေပါတယ်။ အင်တာနက်အသုံးပြုသူတွေနဲ့ လုပ်ငန်းရှင်တွေ မထိခိုက်အောင်လည်း လုပ်နေပါတယ်။ နောက်ပိုင်းမှာလည်း အင်တာနက်ဆက်သွယ်မှုတွေ ကောင်းသထက်ကောင်းအောင်ဆောင်ရွက်နေပါတယ်” ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူက ယခုလက်ရှိအချိန်ထိ ကျဆင်းနေသည့် အင်တာနက်ဆက်သွယ်မှုများနှင့် ပတ်သက်ပြီး ပြောဆိုသည်။

အင်တာနက်ကို အဓိကမှီခိုပြီးဆောင်ရွက်နေရသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းပိုင်းဆောင်ရွက်မှုများတွင် ပုံမှန်ထက်ကြန့်ကြာခြင်းများကိုကြုံတွေ့နေရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ယခုအချိန်ထိ အင်တာနက်အသုံးပြုဝန်ဆောင်မှုများဖြစ်သည့် ADSL၊ စီဒီအမ်အေ ၈၀၀ မဂ္ဂါဟတ်ဇ်ဖုန်းများဖြင့် အသုံးပြုရသည့် EVDO အင်တာနက်စနစ်နှင့် မက်ဝဲလ်ဖုန်းများဖြင့် အသုံးပြုနိုင်သည့် စနစ်များကို ချထားပေးနေသည့်အပြင် အခြားသော မိုဘိုင်းဖုန်းများတွင်လည်း အဆိုပါ ဆက်သွယ်မှုစနစ်ကို အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသွားရန်ရှိကြောင်းလည်း အထက်ပါတာဝန်ရှိသူကဆိုသည်။

## ဂျီအက်စ်အမ်ဖုန်းများတွင်လည်း ကြိုတင်ငွေပေးသွင်းကတ်သုံးနိုင်မည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ် - ၅**

ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်းများကဲ့သို့ ကြိုတင်ငွေပေးသွင်းသည့်စနစ်ကို မိုဘိုင်းဖုန်းအားလုံးတွင် ယခု ၂၀၁၁ ခုနှစ်အတွင်း၌ အသုံးပြုနိုင်ရန် ဆောင်ရွက်နေကြောင်း မြန်မာ့ဆက်သွယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“အခု ဂျီအက်စ်အမ်ဖုန်းတွေကိုလည်း ကြိုတင်ငွေပေးတဲ့စနစ်နဲ့သုံးလို့ရအောင် လုပ်နေတယ်။ ဘယ်တော့ပြီးမလဲ အတိအကျမပြောနိုင်ပေမယ့် မေလထဲမှာတော့ အပြီးသတ်နိုင်မယ်ထင်တယ်”ဟု အဆိုပါအစီအစဉ်ကို ဆောင်ရွက်နေသူတစ်ဦးကပြောသည်။

ထို့အပြင် ယခင်က ကျပ်တစ်ဆယ့်ငါးသိန်းငါးသောင်းနှင့် ထုတ်ပေးသော မိုဘိုင်းဖုန်းအားလုံးကို ၂၀၁၁ ခုနှစ်အတွင်း၌ ကြိုတင်ငွေပေးစနစ်ဖြင့် အသုံးပြုနိုင်အောင် ပြောင်းလဲပေးသွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယင်းသို့ ပြောင်းလဲရာတွင် လက်ရှိအသုံးပြုနေသော ကြိုတင်ငွေပေးကတ်(Prepaid Card) တစ်မျိုးတည်းသာမဟုတ်ဘဲ Online Charge စနစ်များဖြင့်ပါ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။


Online Charge အသုံးပြုပါက ခရက်ဒစ်ကတ်များဖြင့် ငွေပေးသွင်းနိုင်သည့်အပြင် ဘဏ်များဖြင့်လည်း ချိတ်ဆက်ထားပြီး ဘဏ်စာရင်းများမှလည်း ပေးသွင်းနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်းများအတွက် ကြိုတင်ငွေပေးသွင်းသည့်စနစ်ကို ကျပ်တစ်သောင်းတန်၊ ကျပ်သုံးသောင်းတန် ကြိုတင်ငွေဖြည့်ကတ်များဖြင့်သာ ပေးသွင်းနိုင်သည်။













BRANDS
၂၀၁၀ ခုနှစ် မြန်မာတစ်နိုင်ငံလုံးတက္ကသိုလ်ဝင်တန်းပထမဆုရှင် မခိုင်ခိုင်လှိုင်ကျော်
ကျန်းမာသွက်လက် စိတ်ထက်မြက်

# ဆယ်နှစ်တာ ရာသီဥတုပြောင်းလဲခြင်း ဒိုင်ယာရီ

မောင်ထွန်းလွင်(မိုးလေဝသ)

နှစ်ဆယ်စုနှစ်ကို နှစ်ဆယ့်တစ်ရာစုနှစ်က ပဋိပြောင်းကူးပြောင်းတဲ့အခါမှာ ပြဿနာကြီးနှစ်ရပ်ကို လက်ဆင့်ကမ်းထားရစ်ခဲ့ပါတယ်။ အဲဒါတွေကတော့ ငတ်မွတ်ခေါင်းပါးခြင်းနဲ့ ရာသီဥတုပြောင်းလဲခြင်းတို့ပဲဖြစ်ပါတယ်။ သက္ကရာဇ် ၂၀၀၀ ကစခဲ့တဲ့ နှစ်ဆယ့်တစ်ရာစုနှစ်ဟာ ဒီပြဿနာကြီးနှစ်ရပ်ကို ကနေ့အထိ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ ငတ်မွတ်ခေါင်းပါးခြင်းပြဿနာဆိုရင် ဆိုးသည်ထက်ဆိုးလာလိုက်တာ ၂၀၀၉ ခုနှစ်ရောက်တော့ ကမ္ဘာကြီးမှာ ငတ်မွတ်ခေါင်းပါးနေသူ စုစုပေါင်းသန်းတစ်ထောင်ကျော်လာခဲ့ပါတယ်။ ကမ္ဘာ့သမိုင်းမှာ ဒါပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲခြင်းပြဿနာဟာလည်း နှစ်ဆယ့်တစ်ရာစုနှစ်အတွင်းမှာ ဆိုးသည်ထက်ဆိုးလာနေဆဲဖြစ်ပါတယ်။ ကမ္ဘာကြီးပူနွေးမှုကြောင့် အဆိုးဆုံးပြဿနာကတော့ အာတိတ်ရေခဲတွေ အရည်ပျော်ခြင်းဟာ အဆိုးဆုံးပါပဲ။ အာတိတ်ရေခဲတွေ အရည်ပျော်ကုန်တော့ ရာသီဥတုတွေပြောင်းလဲကုန်ပါတယ်။ ပင်လယ်ရေတွေ မြင့်တက်လာစေပါတယ်။ ရာသီဥတုတွေပြောင်းလဲဖောက်ပြန်ကုန်တော့ သဘာဝဘေးအန္တရာယ်တွေဟာ မကြုံဖူးအောင်တိုးလာစေပါတယ်။ သဘာဝဘေးအန္တရာယ် ကျရောက်မှုအများဆုံးဒေသကတော့ အာရှဒေသဖြစ်ပါတယ်။

**အငြင်းမပွားတော့တဲ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု**

အရင်က COP(Conference ofParties) လို့ လူသိများနေကြတဲ့ ကမ္ဘာလုံးဆိုင်ရာရာသီဥတုကွန်ဖရင့်တွေ တစ်နှစ်တစ်ကြိမ် ကျင်းပလာခဲ့ကြတာ ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ်အထိ (၁၆)ကြိမ် ရှိနေခဲ့ပြီဖြစ်ပါတယ်။ (၁၅)ကြိမ်မြောက်အဖြစ် ကိုပင်ဟေဂင်မှာ ကျင်းပခဲ့တဲ့ COP-15 ဟာနိုင်ငံရေးအုပ်စုဖွဲ့ ဗိုလ်ကျမှုနဲ့ မသမာမှုတွေကြောင့် ဓာတ်ငွေ့ထုတ်လုပ်မှုလျှော့ချရေးမှာအောင်မြင်မှုဘာမှမရခဲ့ဘဲ နာမည်အပျက်ဆုံးဖြစ်ခဲ့ရပေမယ့်ရာသီဥတုပြောင်းလဲခြင်းပညာရှင်တွေအတွက်တော့ ကြီးမားတဲ့အောင်မြင်မှုကြီးကို ရခဲ့ပါတယ်။ ဒါကတော့ ကမ္ဘာ့ရာသီဥတုကြီး ပြောင်းလဲနေပြီဆိုတာကို အရင် COP တွေတုန်းကလို ငြင်းခုံနေတာတွေ မရှိကြတော့ဘဲ တစ်ကမ္ဘာလုံးက လက်ခံခဲ့ခြင်းဖြစ်ပါတယ်။

**ရာသီဥတုပြောင်းလဲမှုဒဏ်ကို အများဆုံးခံစားကြရမယ့်နေရာတွေ**

ကမ္ဘာတစ်လွှားမှာ ရာသီဥတုပြောင်းလဲမှုဒဏ်ကို အထိခိုက်ဆုံးခံစားကြရမယ့် Tipping Points ၁၂ခုကို ပညာရှင်တွေက ဖော်ထုတ်ရရှိခဲ့ပါတယ်။ ဒါတွေကတော့ (၁) Amazon Rain Forest (၂) Arctic sea Ice (၃) Atlantic thermohaline Circulation (၄) Boreal Forest (၅) Continental Ice Caps၊ (၆) El Nino-La Nina episodes (၇) Greenland Ice Sheet (၈) Indian Summer Monsoon (၉) Parmafrost (၁၀) Southwest North American Drought (၁၁) West African Monsoon and Sahel (၁၂) West Antarctic Ice Sheet စတာတွေပဲဖြစ်ပါတယ်။ ဒီအထဲမှာ ကျွန်တော်တို့ရဲ့ အာရှမုတ်သုံဟာအခြေအနေတော်တော်ဆိုးနေပြီဖြစ်ပါတယ်။

**ရာသီဥတု ပြောင်းလဲမှုဆိုင်ရာတွေ့ရှိချက်(၁၀)ခု**

ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်းမှာ ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနဲ့ပတ်သက်ပြီး တွေ့ရှိချက်တွေရှိခဲ့တဲ့အထဲမှာ ထင်ရှားတဲ့ဆယ်ခုကို ဖော်ပြချင်ပါတယ်။

**(၁) အနာဂတ်ကာလအပူချိန်တိုးမှု**

ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ အနာဂတ်ကာလ ကမ္ဘာကြီးပူနွေးမှု မြင်ကွင်းမှန်းဆချက်တွေမှာ ကမ္ဘာကြီးမှာ စွမ်းအင်တွေကို သယံဇာတပင်ရင်းအမျိုးမျိုးက ထုတ်ယူရရှိစေမယ့် ပိုမိုထိရောက်တဲ့ နည်းပညာအသစ်တွေ တိုးပွားလာလိမ့်မယ်လို့ မှန်းဆထားပါတယ်။ ဒါပေမဲ့လည်း ဒီနှစ်ဆယ့်တစ်ရာစုနှစ်အကုန်မှာ ပျမ်းမျှအပူချိန်တွေဟာ အာတိတ်ရေခဲပြင်ဒေသမှာ အနည်းဆုံး6°- 7°C လောက်အထိ၊ ဥရောပမှာ 3°C နဲ့ အာရှနဲ့ အမေရိက ဒေသတွေမှာ 3° - 4°C လောက်တိုးလာနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

**(၂)ဒေသတွင်းအပူချိန်တိုးလာခြင်း တစ်နေရာနဲ့တစ်နေရာ ခြားနားမှု**

သိပ္ပံပညာရှင်များက ကမ္ဘာကြီးပူနွေးမှုအကြောင်းကို တစ်ကမ္ဘာလုံးချုံပြီး ပြောနေကြပေမယ့် အမှန်တော့ အပူချိန်မြင့်တက်လာမှုတွေဟာ ကမ္ဘာကြီးပေါ်မှာ ညီညီမျှမျှ ဖြန့်ဝေမှုမရှိကြပါဘူး။ ကမ္ဘာ့မြောက်ဘက်ခြမ်းမှာရှိကြတဲ့ အာတိတ်၊ ဂရင်းလန်နဲ့ အလက်စကာဒေသတွေမှာ သိသိသာသာ ပိုမိုပူလာတာကို တွေ့နေကြရပေမယ့် တောင်ဘက်ခြမ်း ဒေသအချို့တို့မှာဆိုရင် ပိုမပူလာတဲ့အပြင် ပိုအေးလာနေတာကိုတောင် တွေ့ကြရပါတယ်။ အာရှ မြေထဲပင်လယ်ဒေသနဲ့ အမေရိကတိုက်တို့မှာ အပူချိန်တိုးလာမှုတွေဟာ ပြင်းထန်နေတာကိုတွေ့ရပါတယ်။

**(၃) လူ့ပယောဂအပူချိန်တွေ တိုးလာနေမှု**

အပူချိန်တိုးပွားနေမှုတွေဟာ တိုက်ကြီးများ တစ်ခုနဲ့တစ်ခု ကွာခြားနေပါတယ်။ ဒါပေမဲ့ သေချာတာတစ်ခုကတော့ တစ်ကမ္ဘာလုံးဖြစ်နေတယ်ဆိုတာပါပဲ။ နေရောင်ခြည်ဖြာထွက်မှု ပြောင်းလဲခြင်းလို သဘာဝပူနွေးမှုနဲ့ ရုပ်ကြွင်းလောင်စာအသုံးပြုမှုလို လူ့ပယောဂကြောင့် ပူနွေးမှုတို့ကိုခွဲခြားပြီး အနာဂတ်ကမ္ဘာအတွက် အပူချိန်တွေကိုခန့်မှန်းခဲ့ရာမှာ လူ့ပယောဂကြောင့်ရလာမယ့် အပူချိန်တွေဟာ သဘာဝကပေးလာမယ့် အပူချိန်တွေထက် ပိုမိုပူပြင်းနေစေတာကို တွေ့ကြရပါတယ်။

**(၄) အနာဂတ်ကမ္ဘာ အပူချိန်မြင်ကွင်းများ**

နှစ်ဆယ့်တစ်ရာစုနှစ်အကုန်မှာ ကမ္ဘာကြီးရဲ့အပူချိန်တွေ ဘယ်လိုရှိလာမလဲဆိုတာကို မြင်ကွင်းအမျိုးမျိုးနဲ့ဖော်ထုတ်ကြည့်ပါတယ်။ အာဖရိကမြောက်ပိုင်းမှာ ကြုံတွေ့လာရမယ့် အပူချိန်မြင့်မားလာမှုတွေဟာ အနာဂတ်မှာ အာဖရိကတိုက်အတွက် မိုးခေါင်မှုတွေနဲ့ငတ်မွတ်ခေါင်းပါးမှုတွေကို ပိုမိုကြုံတွေ့လာစေနိုင်ပါတယ်။ မြောက်မြားစွာသောမြစ်ကြီးများကို ရေတွေဖြည့်ဆည်းပေးနေတဲ့ဟိမဝန္တာရေခဲမြစ်အမြောက်အမြားဟာလည်း အနာဂတ်မှာ ခန်းခြောက်ကွယ်ပျောက်သွားပါလိမ့်မယ်။ ဆိုက်ဘေးရီးယားဒေသ ရေခဲတွေ အရည်ပျော်မှုကြောင့် ဖန်လုံအိမ်ဓါတ်ငွေ့တွေ အမြောက်အမြား ထွက်လာစေလိမ့်မယ် စတာတွေ တွေ့ရပါတယ်။

**(၅)ဖန်လုံအိမ်ဓာတ်ငွေ့တိုးပွားမှု**

ကမ္ဘာ့ဖန်လုံအိမ်ဓာတ်ငွေ့တွေဟာ ၁၉၇၀ ခုနှစ်များကစပြီး တိုးလာကြပါတယ်။ ၁၉၇၀ ခုနှစ်မှာ တစ်နှစ် 15 Gigatons ထွက်ရှိနေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်- $CO_2$ ဓာတ်ငွေ့တွေဟာ ၂၀၀၄ ခုနှစ်မှာ 30 Gigatons အထိ နှစ်ဆတိုးလာခဲ့ပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်- $CO_2$ ဓာတ်ငွေ့တိုးပွားမှုဟာ အဓိကအားဖြင့် ရုပ်ကြွင်းလောင်စာ အသုံးပြုမှုမှ တိုးလာတာဖြစ်ပြီး၊ အခြားဖန်လုံအိမ်ဓာတ်ငွေ့များဖြစ်တဲ့ $NH_4$ နဲ့ $N_2O$ တို့ကတော့ လယ်ယာလုပ်ငန်းများမှတိုးလာကြတာဖြစ်ပါတယ်။

**(၆) ကမ္ဘာကြီးပူနွေးရခြင်း၏ အကြောင်းရင်း**

ကမ္ဘာကြီးပူနွေးရခြင်း၏ အကြောင်းရင်းကို စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးလာမှု၊ လူဦးရေ တိုးပွားလာမှုနဲ့ စွမ်းအင်အသုံးပြုမှုစတဲ့ကဏ္ဍအလိုက်အကြောင်းရင်းတွေကို လေ့လာကြည့်တဲ့အခါ လက်ရှိ ကမ္ဘာကြီး ပိုမိုပူနွေးလာစေတဲ့အကြောင်းတွေထဲမှာ လူဦးရေတိုးပွားမှုထက် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ကမ္ဘာကြီးပိုမိုပူနွေးလာရခြင်း ဖြစ်နေတာကိုတွေ့ရပါတယ်။ ၁၉၇၀ ခုနှစ်များအတွင်းက ကြုံတွေ့ခဲ့ရသော စီးပွားရေး ကပ်ဆိုက်မှုကြောင့် စွမ်းအင်အသုံးပြုမှုနဲ့ ဓာတ်ငွေ့ထုတ်လွှတ်မှုတွေ ကျဆင်းလာခဲ့ပေမယ့် ကာဗွန်သိပ်သည်းခြင်းကတော့ ကျဆင်းမသွားခဲ့ပါဘူး။

**(၇) အပူချိန်၊ ပင်လယ်ရေမျက်နှာပြင်အမြင့်နဲ့ ဆီးနှင်းဖုံးလွှမ်းမှု**

ပင်လယ်ရေမျက်နှာပြင်အမြင့်နဲ့ ဆီးနှင်းဖုံးလွှမ်းမှုများတွေကို အပူချိန်က ထိန်းချုပ်ထားပါတယ်။ နောက်ဆုံး ကြုံတွေ့ခဲ့ရတဲ့ ရေခဲခတ်အပြီး ပင်လယ်ရေမျက်နှာပြင်တွေဟာ ၁၀ မီတာခန့် တက်လာခဲ့ပြီးဖြစ်ပါတယ်။ ၁၈ ရာစုနှစ်အပြီး ကတည်းက နှစ်စဉ် ၀ ဒသမ ၁ မှ ၀ ဒသမ ၂ မီလီမီတာခန့်တက်နေပါတယ်။ ဒါပေမဲ့ လက်ရှိမှာတော့ ပင်လယ်ရေမျက်နှာပြင်တွေဟာ ၁၀ ဆလောက် ပိုတက်နေပါတယ်။ ကမ္ဘာကြီးပူနွေးလာတဲ့အခါ ရေခဲတွေ၊ နှင်းတွေ အရည်ပျော်ကျလာပြီး ပင်လယ်ရေမျက်နှာပြင်တွေကို မြင့်တက်လာစေပါတယ်။ ဒါ့အပြင် ကမ္ဘာကြီးပူနွေးမှုကြောင့် ပင်လယ်ရေတွေကို ပွားလာစေတာကြောင့်လည်း ပင်လယ်ရေမျက်နှာပြင်တွေကို ပိုမြင့်တက်လာစေပါတယ်။ တစ်ခါ ကမ္ဘာကြီးပူနွေးမှုကြောင့် ရေခဲနဲ့ဆီးနှင်းတွေ အရည်ပျော်ကျလာပြီး ရေခဲဖုံးအုပ်မှုပမာဏတွေ လျော့ကျလာတာကလည်း ကမ္ဘာကြီးကို ပိုမိုပူနွေးစေပါတယ်။ အကြောင်းကတော့ ရေခဲမျက်နှာပြင်များက နေရောင်ခြည်များကို ပိုမိုအလင်းပြန်စေပြီး မြေနဲ့ရေတို့က အလင်းပြန်မှု ပိုနည်းစေလို့ဖြစ်ပါတယ်။

**(၈) ကဏ္ဍတစ်ခုချင်းနဲ့ နိုင်ငံတစ်နိုင်ငံချင်းအလိုက်ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု**

ကျိုတိုပဋိညာဉ်စာတမ်းမှာ စက်မှုနိုင်ငံတွေကို ဓာတ်ငွေ့ထုတ် လွှတ်မှုတွေလျှော့ချကြဖို့ တွန်းအားပေးထားပါတယ်။ စက်မှုလက်မှုနိုင်ငံတွေဟာ ကမ္ဘာကြီးရဲ့ ငါးပုံတစ်ပုံသာ အကျယ်အဝန်းရှိပေမယ့် ဓာတ်ငွေ့ထုတ်လွှတ်မှုမှာတော့ ၄၄ ရာခိုင်နှုန်းအထိ တာဝန်ရှိနေပါတယ်။ အာဖရိကတိုက်နဲ့ တောင်အာရှတိုက်မှာ နေထိုင်ကြသူတွေဟာ ကမ္ဘာ့လူဦးရေ စုစုပေါင်းရဲ့ ထက်ဝက်နီးပါးရှိကြပေမယ့်၊ ကမ္ဘာ့ဓာတ်ငွေ့ထုတ်လွှတ်မှုမှာ ငါးပုံတစ်ပုံခန့်သာရှိလို့ တာဝန်ရှိမှု အနည်းဆုံးလူတွေဖြစ်ကြပါတယ်။

**(၉) စီးပွားရေးကဏ္ဍအလိုက် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု**


ကာဗွန်ဒိုင်အောက်ဆိုက်ကဲ့သို့သော ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးမှာ အနာဂတ် အလားအလာအရှိဆုံးသော စီးပွားရေးကဏ္ဍမှာ အဆောက်အဦဆောက်လုပ်ရေးကဏ္ဍဖြစ်ပြီး၊ ဒုတိယ အလားအလာအရှိဆုံးသောကဏ္ဍမှာ စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍဖြစ်ပါတယ်။


**(၁၀) ကမ္ဘာ့ ပျမ်းမျှအပူချိန်များ**

ပြီးခဲ့တဲ့ ရာစုနှစ်အတွင်းတွင် ကမ္ဘာ့အပူချိန်တွေဟာ 0.74 ± 0.18 °C ခန့်တက်လာခဲ့ပါတယ်။ ရာသီဥတုပညာရှင်တွေဟာ ဒီအတိတ် ဆက်စပ်မှုကိုအခြေခံပြီး အနာဂတ်ကာလမှာကာဗွန်ဒိုင်အောက်ဆိုက်အပါအဝင် အခြားဖန်လုံအိမ်ဓာတ်ငွေ့တွေဘယ်လောက်တိုးလာရင် ကမ္ဘာ့အပူချိန်တွေဟာလည်း ဘယ်လောက်တိုးလာမယ်ဆိုတာကို ခန့်မှန်းနိုင်ခဲ့ကြပါတယ်။

**နှစ်ဆယ့်တစ်ရာစုနှစ်ရဲ့ ပထမဆယ်စုနှစ်**

၂၀၀၀-၂၀၀၉ ခုနှစ်ဟာ နှစ်ဆယ့်တစ်ရာစုနှစ်ရဲ့ ပထမဆယ်စုနှစ်ဖြစ်ပါတယ်။ ဒီဆယ်စုနှစ်အတွင်း တစ်ကမ္ဘာလုံး ရာသီဥတုပြောင်းလဲခဲ့ပြီဆိုတာကို COP-15 ကစပြီး အတည်ပြုနိုင်ခဲ့ကြပါတယ်။ အဲဒီဆယ်စုနှစ်ဟာ ကမ္ဘာ့သမိုင်းမှာ အပူဆုံးဆယ်စုနှစ်ဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်ကုန်တော့ သမိုင်းမှာ အပူဆုံးနှစ်ဖြစ်လာခဲ့ပါတယ်။ တစ်ခါ ၂၀၁၀ ရောက်လာခဲ့ပြန်တော့ ၂၀၁၀ ဟာ ၂၀၀၉ ခုနှစ်ရဲ့ စံချိန်ကိုချိုးပြီး အပူဆုံးနှစ်ဖြစ်ခဲ့ပြန်ပါတယ်။ ရာသီဥတုပြောင်းလဲခြင်းထဲမှာ အဆိုးဆုံးကတော့ အာတိတ်ရေခဲတွေဟာ လွန်ခဲ့တဲ့ နှစ် ၂၀၀၀ အတွင်းမှာ အပူဆုံးဖြစ်လာတာပါပဲ။ အကျိုးဆက်ကတော့ အာတိတ်ရေခဲတွေ အရည်ပျော်ကုန်လို့ Northwest Passage ဆိုပြီး အာတိတ်ရေခဲပြင်ဖြတ် သင်္ဘောလမ်းကြောင်းသစ်တစ်ခု ၂၀၀၉ မှာ ပေါ်ပေါက်လာတာပါပဲ၊ ဒါ့အပြင် ဂရင်းလန်ကျွန်းက ကမ္ဘာ့အကြီးဆုံး Icebergs ကြီးတစ်ခုလည်း ၂၀၁၀ ခုနှစ်ထဲမှာ ပဲ့ထွက်လာခဲ့ပါတယ်။ အာတိတ်ရေခဲတွေ လျော့နည်းသွားခဲ့လို့ ဝင်ရိုးစွန်းပတ် ဂျက်လေစီးကြောင်းလမ်းကြောင်းတွေ မြွေလိမ်မြွေကောက်ဖြစ်လာပြီး အာတိတ်ပေါက်ကွဲမှုဖြစ်လာတာ ၂ နှစ်ရှိပြီ။ ကမ္ဘာ့မြောက်ခြမ်းဆောင်းရာသီဟာ အေးခဲနေခဲ့ပြီး little ice age လို့တောင် ခေါ်ခဲ့ကြပါတယ်။ ဒါတွေ အကြောင်းပြုပြီး တိုးပွားလာတာတွေကတော့ သဘာဝဘေးအန္တရာယ်တွေပဲဖြစ်ပါတယ်။ အဲဒီမှာ အာရှတိုက်က အဆိုးဆုံးဖြစ်လို့ ကျွန်တော်တို့တောင် နာဂစ်ဖြစ်ခဲ့ရသေးတယ် မဟုတ်ပါလား။





ဒီဆယ်စုနှစ်အတွင်းမှာပဲ လူတွေသိန်းချီ သေဆုံးခဲ့ရတဲ့ အိန္ဒိယသမုဒ္ဒယာ ဆူနာမီ (၂၀၀၄)၊ နာဂစ်မုန်တိုင်း(၂၀၀၈)၊ ဟေတီမြေငလျင်(၂၀၁၀)တို့ဖြစ်ခဲ့ပြန်ပါတယ်။ လူတွေသိန်းချီ မသေခဲ့ပေမယ့် အပျက်အစီးများခဲ့တဲ့ မြောက်အမေရိကတိုက်မှာ Katrina နဲ့ Rita ဟာရီကိန်းတွေ တိုက်ခတ်ခဲ့ပါတယ်။ တရုတ်ပြည်မှာ စီချွမ်မြေငလျင်၊ ပါကစ္စတန်ရေကြီးမှု၊ ဖိလစ်ပိုင်မုန်တိုင်း တိုက်ခတ်မှုနဲ့ ရေကြီးမှု စတာတွေအများကြီး ဖြစ်ခဲ့ပါသေးတယ်။

မြန်မာနိုင်ငံမှာတော့ ၂၀၀၆ ခုနှစ်ကစပြီး ပြီးခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်အထိ လေဆင်နှာမောင်းတွေ နှစ်စဉ် ကျရောက်ခဲ့တဲ့အပြင် မိုးကြိုးပစ်လို့ သေကျေသူတွေဟာလည်း နှစ်စဉ်ရှိနေခဲ့ပါတယ်။ အထူးခြားဆုံးကတော့ ၂၀၀၆ ခုနှစ်ကစပြီး ၂၀၁၀ ပြည့်နှစ်အထိ နှစ်စဉ် မုန်တိုင်းတွေ ဝင်ရောက်ခဲ့တာပဲဖြစ်ပါတယ်။ မာလာ (၂၀၀၆)၊ အာကပ်ရ်(၂၀၀၇)၊ နာဂစ်(၂၀၀၈)၊ ဘစ်ဂျ်လီ(၂၀၀၉) နဲ့ ဂီရိ(၂၀၁၀) တို့ဖြစ်ကြပါတယ်။ မိုးတိမ်တောင်တွေ အဖြစ်များလာလို့ မိုးကြိုးမိုးလွန်ကာလတွေမှာသာမကဘဲ မိုးတွင်းကာလကြီးမှာ တောင်မိုးကြိုးပစ်တာတွေ၊ လေဆင်နှာမောင်းတိုက်တာတွေ ဖြစ်ဖြစ်နေတတ်ပါတယ်။ အခု ဒီနှစ် ၂၀၁၁ မှာတော့ အခု မတ်လဆန်းကာလရှိသေးတယ် နွေကာလကြီး ပဲနေ့တိုင်းအတွင်းမှာ လူတစ်ဦး မိုးကြိုးပစ်ခံရလို့ သေဆုံးရတဲ့ သတင်းကို အစောကြီး ကြားနေရပြီ မဟုတ်ပါလားဗျာ။ ။

7 DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011




# အထူးစီးပွားရေးဇုန်

## Special Economic Zone

အထူးစီးပွားရေးဇုန် (Special Economic Zone-SEZ) ကို ၂၀၀၃ ခုနှစ်ဘွဲ့လွန်သင်တန်းတစ်ခုတက်စဉ်က အလွတ်သဘောဖြင့် လေ့လာခဲ့ဖူးသည်။ ထို့နောက် တရုတ်နိုင်ငံ ရှန့်စန့် (Shenzen) ဒေသကို ကိုယ်တိုင်လေ့လာခွင့်ရခဲ့သည်။ အထူးစီးပွားရေးဇုန် (SEZ) နှင့်ပတ်သက်၍ အလွတ်သဘောလေ့လာရုံမျှဖြင့် မလုံလောက်။ ထဲထဲဝင်ဝင် ပိုသိဖို့လိုသည်ဟု မိမိကိုယ်မိမိသတိပေးခဲ့ဖူးသည်။ သို့သော် ဆက်မလေ့လာဖြစ်ခဲ့။

မကြာမီ ကာလများက မြန်မာနိုင်ငံတနင်္သာရီတိုင်းဒေသကြီး ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ သတင်းများသိလာရာမှတစ်ဆင့် ပြည်တွင်းဂျာနယ်များ၌ ဆောင်းပါးများကို ဂရုတစိုက်ဖတ်ဖြစ်ခဲ့သည်။ ထို့ပြင်အထူးစီးပွားရေးဇုန် (SEZ) နှင့်ပတ်သက်၍အင်တာနက်မှလည်း ရှာဖွေစုဆောင်းဖြစ်ခဲ့သည်။

**အထူးစီးပွားရေးဇုန် (SEZ)**

အထူးစီးပွားရေးဇုန် (SEZ) ဆိုသည် ပထဝီနယ်မြေဒေသ အပိုင်းအခြားတစ်ခုကို ခေါ်ဆိုခြင်းဖြစ်သည်။ ထိုနယ်မြေဒေသ၌ ကျင့်သုံးသော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများသည် သက်ဆိုင်ရာနိုင်ငံက ကျင့်သုံးသည့် ဥပဒေများ လုပ်ထုံးလုပ်နည်းများထက် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို ပိုမို ဦးတည်လေ့ရှိသည်။ ရံဖန်ရံခါတွင် (SEZ) အတွင်း၌ နိုင်ငံ၏ သမားရိုးကျတရားဥပဒေများကို မကျင့်သုံးဘဲ အထူးအထူးသော ဥပဒေများကို ကျင့်သုံးလေ့ရှိသည်။

အထူးစီးပွားရေးဇုန် (SEZ) ဖွဲ့စည်းတည်ထောင်ရသည့် အဓိက အကြောင်းရင်းမှာ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment- FDI) မြှင့် တင်ရန်ဖြစ်သည်။

တရုတ်ပြည်တွင် တိန့်ရှောင်ဖိန်လက်ထက် ၁၉၈၀ ခုနှစ်များ အစောပိုင်းက တံငါရွာကလေး တစ်ရွာမျှသာရှိသော ရှန်းစန့်ကို အထူးစီးပွားရေးဇုန် (SEZ) အဖြစ်သတ်မှတ်ပြီး ဆောင်ရွက်ခဲ့သည်။ ယခုအခါဟောင်ကောင်၊ စင်ကာပူတို့သည် ရှန့်စန့်နှင့် ယှဉ်လျှင်အထည်ကြီးပျက်မြို့များဖြစ်နေပြီဟု ရှန့်စန့်သားတွေက ဆိုနေကြ၏။ ရှန့်စန့်၏ လူဦးရေမှာလည်း ၁၀ သန်းကျော်နေပြီ။

တရုတ်ပြည် ရှန့်စန့်အထူးစီးပွားရေးဇုန် (SEZ) ၏ အောင်မြင်မှုကို နမူနာယူကာ ယခုအခါ ကမ္ဘာတစ်လွှား၌ အထူးစီးပွားရေးဇုန် (SEZ) အသီးသီးကိုအကောင်အထည်ဖော်ခဲ့ကြသည်။ ဘရားဇီး၊ အိန္ဒိယ၊ အီရန်၊ ဂျော်ဒန်၊ ကာဇက်စတန်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ပိုလန်၊ တောင်ကိုရီးယား၊ ရုရှား၊ ယူကရိန်း၊ အာရပ်စော်ဘွားများနိုင်ငံ၊ ကမ္ဘောဒီးယား၊ မြောက်ကိုရီးယား၊ မြန်မာစသည့်နိုင်ငံများတွင် (SEZ) ရာပေါင်းများစွာကို အကောင်အထည်ဖော်ခဲ့ပြီးကြောင်း သိရသည်။

**SEZ များ အကောင်အထည်ဖော်ဆောင်ရွက်ပုံ**

SEZ များကို အကောင်အထည်ဆောင်ရွက်ကြရာတွင် တစ်ကျောင်းတစ်ဂါထာဟုဆိုနိုင်ပါသည်။ ဖွဲ့စည်းပုံ ပုံစံအမျိုးမျိုးဖြင့် လုပ်ကိုင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အချို့နိုင်ငံများတွင် အစိုးရကချည်း ရာနှုန်းပြည့် လုပ်ပါသည်။ လုပ်ငန်းများကို အစိုးရကပဲလုပ်သည်။ SEZ ၏ တည်ဆောက်ရေး လုပ်ငန်းများကိုလည်း အစိုးရကသာလုပ်သည်။ စည်းမျဉ်း၊ စည်းကမ်း လုပ်ထုံးလုပ်နည်းများကိုလည်း အစိုးရကသာချမှတ်သည်။

အချို့နိုင်ငံများ၌ ပုဂ္ဂလိကကဏ္ဍကချည်းဦးဆောင်သွားသည်ကိုလည်းတွေ့ရပါသည်။ အထူးစီးပွားရေးဇုန်၏ လုပ်ငန်းများကို ပုဂ္ဂလိက ကဏ္ဍကလုပ်သည်။ အထူးစီးပွားရေးဇုန်နှင့် ပတ်သက်သည့် လမ်း၊ မီး၊ ရေ၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းများကိုလည်း ပုဂ္ဂလိက ကဏ္ဍကသာ ဦးဆောင်ချမှတ်သွားကြသည်။

သို့သော် နိုင်ငံအများစု၌ အထူးစီးပွားရေးဇုန်ဆောင်ရွက်သည့် အစိုးရလုပ်ငန်းအဖွဲ့အစည်းများသည် ဘဏ္ဍာရေးပိုင်း၊ ဘတ်ဂျက်ပိုင်း၌ လုပ်ပိုင်ခွင့် အပြည့်အဝရှိသော အဖွဲ့စည်းပုံစံမျိုးရှိကြသည်။ ထို့ပြင် တစ်ခါတစ်ရံ၌ အစိုးရနှင့် ပုဂ္ဂလိက လက်တွဲဆောင်ရွက်မှု (Public- Private Partnership- PPP) အစီအစဉ်သဘောမျိုးဖြင့်ဆောင်ရွက်ကြသည်ကိုလည်းတွေ့ရ၏။ ဤကဲ့သို့အစိုးရနှင့် ပုဂ္ဂလိက လက်တွဲဆောင်ရွက်သည့်အခါ အစိုးရ ကဏ္ဍပိုင်းက ဒီဂရီအတိုင်းအတာ တစ်ခုအထိ လိုအပ်သလို ကူညီထောက်ပံ့ပေးခြင်းမျိုးရှိကြသည်။ (ဥပမာ- ကျောထောက်နောက်ခံ အဆောက်အအုံဆိုင်ရာ ပံ့ပိုးပေးခြင်း၊ လိုအပ်သည့် မတည်ငွေရင်းပံ့ပိုးခြင်း၊ လျှော့ပေါ့သော အတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးခြင်း၊ ငွေချေးစာချုပ်များထုတ်ရောင်းပေးခြင်း) ဤကဲ့သို့ ကူညီထောက်ပံ့ပေးလျှင် အထူးစီးပွားရေးဇုန်၌ လုပ်ငန်းလုပ်မည့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သင့်တင့်လျောက်ပတ်သော စီးပွားရေးအကျိုးအမြတ်ရလာနိုင်သည်ဟုလည်း မျှော်လင့်ကြသည်။ (မိမိတို့လုပ်သည့် စီးပွားရေးလုပ်ငန်း ပရောဂျက်၏ စွန့်စားရမှုအဆင့် (RiskLevel) အတိမ်အနက်အပေါ်မူတည်၍ စီးပွားရေးအမြန်ပြန်ရချက်နှုန်း၁၀ ရာခိုင်နှုန်းမှ ၂၀ရာခိုင်နှုန်းအထိ ရရန်ပုဂ္ဂလိက လုပ်ငန်းရှင်များက မျှော်လင့်လေ့ရှိကြပါသည်)

> အထူးစီးပွားရေးဇုန်၌ အလုပ်လုပ်နေသော ဒေသခံနိုင်ငံသား အလုပ်သမားတို့ မည်သည့်အခွင့်အရေးများ ရကြပါသနည်း။ အချို့သောနိုင်ငံများ၌ အထူးစီးပွားရေးဇုန် (Special Economic Zone) များသည် အထူးခေါင်းပုံဖြတ်ဇုန် (Special Exploitation Zone) များ ဘာကြောင့်ဖြစ်သွားရပါသနည်း

**တရုတ်နိုင်ငံ**

တရုတ်ပြည်၏ အဓိက အောင်မြင်နေသော အထူးစီးပွားရေးဇုန်များမှာ ရှန့်စန့် (Shenzen) ရှမင်န် (Xiamen) ချင်းတောင် (Shantou) နှင့် ကျူးဟိုင့် (Zhuhai) တို့ဖြစ်သည်။ ရှမင်န် (Xiamen) သည် ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့ဖူးသော အမွိုင်မြို့ဖြစ်ပြီး အားလုံးသည် ပင်လယ်ဆိပ်ကမ်းမြို့များဖြစ်နေခြင်းမှာလည်း အထူးစီးပွားရေးဇုန်နှင့် ပတ်သက်လျှင် သတိပြုရမည့် အချက်တစ်ခုဖြစ်သည်။

**အိန္ဒိယနိုင်ငံ**

အထူးစီးပွားရေးဇုန်ကို အိန္ဒိယနိုင်ငံတွင် ၁၉၆၅ ခုမှစ၍ ဂူဂျာရတ်ပြည်နယ်ရှိကန်ဒလာ(Kandla) ၌ စလုပ်ခဲ့သည်ဟု အချို့မှတ်တမ်းများကဆိုသည်။ ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတိုးမြင့်လာစေရန်နှင့် ပြည်တွင်းပို့ကုန်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာစေရန်အတွက် ၂၀၀၀ပြည့်နှစ် ဧပြီလတွင် အထူးစီးပွားရေးဇုန်ဆိုင်ရာမူဝါဒကို စတင်အကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။ အိန္ဒိယအထူးစီးပွားရေးဇုန်သည် တရုတ်ပုံစံနောက်ကို လိုက်သည်ဟု ဝေဖန်မှုများလည်း ရှိသည်။ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလတွင် အိန္ဒိယနိုင်ငံ၌ အထူးစီးပွားရေးဇုန်ပေါင်း ၁၁၄ ခုအထိ လုပ်ကိုင်ဆောင်ရွက်နေပြီး အစိုးရက အတည်ပြုထားသော စီးပွားရေးဇုန်ပေါင်း ၅၀၀ ကျော်ရှိနေကြောင်းသတင်းများကဆိုသည်။

အင်ဒိုနီးရှားနိုင်ငံ ဘက်တမ်ကျွန်း (Batam Island) ၌အထူးစီးပွားရေးဇုန်ရှိသည်။ အီရန်နိုင်ငံတွင် မော်တော်ကား၊ ရေနံဓာတုလုပ်ငန်း၊ လေကြောင်းကုန်တင် (Air Cargo) လုပ်ငန်းနှင့် အခြားအထူးလုပ်ငန်းများလုပ်ရန်အတွက် အထူးစီးပွားရေးဇုန်များကို တည်ထောင်ထားသည်။

ကာဇက်စတန်နိုင်ငံရှိ အထူးစီးပွားရေးဇုန်များသည် တစ်ခုနှင့်တစ်ခုဦးတည်ချက် (Focus)ခြင်း မတူကြ။ ဥပမာအားဖြင့် ကာဇက်စတန် နိုင်ငံတော်ပိုင်းရှိOntustyk အထူးစီးပွားရေးဇုန်သည် အထည်ချုပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်တည်ထောင်ထားသော စီးပွားရေးဇုန်ဖြစ်သည်။

မလေးရှားနိုင်ငံတွင် အရှေ့ဘက်ကမ်းရိုးတန်းဒေသ အထူးစီးပွားရေးဇုန်ကို ၂၀၀၉ ခုနှစ် ဩဂုတ်လတွင် စတင်အကောင်အထည်ဖော်ခဲ့သည်။ ထိုအထူးစီးပွားရေးဇုန်မှ မလေးရှားနိုင်ငံသားနှစ်သိန်းကျော်အတွက် အလုပ်အကိုင်သစ်များ ရှာဖွေပေးနိုင်လိမ့်မည်မျှော်လင့်ခဲ့သည်။

မြောက်ကိုရီးယားတွင် ၁၉၉၄ ခုနှစ်က Rason ဒေသ၌ ကမ္ဘာ့ကုလသမဂ္ဂ၏ စီးပွားရေး ဖွံ့ဖြိုးမှုအစီအစဉ်အရ အထူးစီးပွားရေးဇုန်တစ်ခုကို စတင်တည်ထောင်ခဲ့သည်။ ထို Rason ဒေသသည် တရုတ်၊ ရုရှားနိုင်ငံ ၂ ခုနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသည်။

ပါကစ္စတန်တွင်လည်းတရုတ်ပြည်၏အကူအညီကို ရယူကာအထူးစီးပွားရေးဇုန်များကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံတွင်မူ ၁၉၉၅ ခုအထူးစီးပွားရေးဇုန် အက်ဥပဒေကိုပြဋ္ဌာန်းပြီး အထူးစီးပွားရေးဇုန်တိုးတက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိသည်။ ထူးခြားချက်မှာ အထူးစီးပွားရေးဇုန်လုပ်ငန်းများကို အထူးစီးပွားရေးဇုန်အာဏာပိုင်အဖွဲ့ Special Economic Zone Authority က ကြီးကြပ်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ယခုအခါ ဖိလစ်ပိုင်နိုင်ငံတွင် အထူးစီးပွားရေးဇုန်ပေါင်း ၂၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**နိဂုံး**

အထူးစီးပွားရေးဇုန် တည်ထောင်ရခြင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးမြင့်လာရာမှတစ်ဆင့် တိုင်းပြည်၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးရန်ဖြစ်သည်။ ဤတွင် အထူးစီးပွားရေးဇုန်တိုင်းက မျှော်လင့်သည့်အတိုင်း အထူးအထူးသော အကောင်းပြယုဂ်များပေးခဲ့သလား။ အထူးအထူးသော အဆိုးရလဒ်များကိုရောမပေးနိုင်ဘူးလား။ နိုင်ငံတစ်နိုင်ငံ၏ အထူးစီးပွားရေးဇုန် အောင်မြင်မှုပုံစံကို နမူနာယူကာ အခြားတိုင်းပြည်များက ပုံတူကူးချကျင့်သုံး၍ ရနိုင်ပါသလား။

နိုင်ငံတကာအထူးစီးပွားရေးဇုန်များမှ မည်သည့်အတွေ့အကြုံများ၊ မည်သည့်သင်ခန်းစာများကို ရနိုင်၊ လေ့လာနိုင်ပါသနည်း။

နိုင်ငံအလိုက် အထူးစီးပွားရေးဇုန် ဥပဒေများ၌ မည်သည့် အားသာချက်၊ မည်သည့်ပျော့ကွက်၊ ဟာကွက်များရှိခဲ့သနည်း။ အထူးစီးပွားရေးဇုန်၌ အလုပ်လုပ်နေသော ဒေသခံနိုင်ငံသားအလုပ်သမားတို့မည်သည့်အခွင့်အရေးများ ရကြပါသနည်း။ အချို့သောနိုင်ငံများ၌ အထူးစီးပွားရေးဇုန် (Special Economic Zone)များသည် အထူးခေါင်းပုံဖြတ်ဇုန် (Special Exploitation Zone) များဘာကြောင့်ဖြစ်သွားရပါသနည်း. . ။

စသည့် စသည့် မေးခွန်းများစွာကို မေးရင်း အထူးစီးပွားရေးဇုန်ကို စိတ်ဝင်စားနေမိပါသည်။ ။

CHICKEN SOUP

ခွန်အားရှိတယ်ဆိုတာ ချောကလက်တောင့်ကိုလက်နဲ့ လေးပိုင်းရအောင်ချိုးနိုင်တာ၊ ပြီးတော့ ကျန်တဲ့သုံးပိုင်းကိုမစားဘဲ တစ်ပိုင်းတည်းနဲ့ ရောင့်ရဲနိုင်တာကိုခေါ်တာ

*( ဂျူဒီဗော့စ်ရဲ့ အဆိုအမိန့် )*



# ချောကလက်ဖြစ်စာ

အိန်ဂျယ်လင်း

အချစ်ရယ် . . .

ဒီစာကိုရေးနေတဲ့အချိန်မှာ ငါ့ရဲ့စိတ်နှလုံးဟာအလွန်တရာကိုဝမ်းနည်းကြေကွဲနေတယ်ဆိုတာကိုမင်းသိစေချင်ပါတယ်။ မင်းအကြောင်းစဉ်းစားလိုက်မိတဲ့အခါတိုင်း ငါ့နှလုံးသားကခုန်ထွက်မတတ်တဆတ်ဆတ်တုန်ယင်ဆဲပါ။ ပြီးတော့ မင်းနာမည်ကလေးကိုရေရွတ်လိုက်ရုံနဲ့ဒူးခေါင်းတွေယိုင်နဲ့ကုန်တယ်လေ။ ငါမင်းကိုလိုအပ်တယ်။ ငါမင်းကို အမြဲတမ်းတတယ်။ မင်းအတွက်ဆိုရင် ငါဟာရူးသွပ်သူတစ်ယောက်ပါပဲ။

မင်းနဲ့ငါ အတူတကွချစ်ကြိုးသွယ်ခဲ့စဉ်တုန်းကပျော်စရာအချိန်ကလေးတွေကို ငါတို့အတူတူပိုင်ဆိုင်ခဲ့ကြဖူးတယ်နော်။ သူ့ဘဝကိုယ့်ဘဝအပြန်အလှန်အပ်နှင်းထားတဲ့အချိန်ကလေးတွေပေါ့။ မီးဖိုထဲမှာ၊ ဧည့်ခန်းဆိုဖာပေါ်မှာ၊ ငါ့အိပ်ခန်းထဲမှာ ငါတို့ အတူတကွချစ်ပွဲဝင်ခဲ့ကြတာတွေလေ။

အဲဒီလိုနဲ့ မင်းနဲ့ငါအတားအဆီးမရှိချစ်လာလိုက်ကြတာငါ့ဘက်ကဆွေမျိုးတွေနဲ့ မိတ်ဆွေတွေကငါတို့ဇာတ်လမ်းကို စိတ်ပူစပြုလာတယ်လေ။ မင်းသိတဲ့အတိုင်းပဲသူတို့ကလည်း ငါ့ကိုအရိပ်တကြည့်ကြည့်နဲ့ သိပ်ချစ်ကြတဲ့သူတွေပဲလေ။ မင်းနဲ့ချစ်ပြီးမှ မင်းကြောင့်ငါဟာအတော်ပြောင်းလဲလာခဲ့ရတယ်။ မှန်ထဲကြည့်လိုက်ရင် တစ်စပြောင်းလဲနေတဲ့ ငါ့ခန္ဓာကိုယ်ကိုငါပြန်မြင်နေရတာ စိတ်ဆင်းရဲစရာကောင်းတယ်လေ။

ငါဟာမင်းနဲ့ချစ်ပြီးတဲ့နောက်မှာ ငါ့ရဲ့ အမူအကျင့်တွေလည်းအားလုံးပြောင်းသွားခဲ့တယ်။ အရင်ကတစ်ပတ်မှာ ကမ်းခြေတစ်ခါလောက်မှမသွားရရင် အိပ်မပျော်စားမဝင်ဖြစ်တဲ့ကောင်က မင်းနဲ့တွေ့ပြီးမှဒီအလေ့အကျင့်တွေအကုန်ပျောက်ကုန်တယ်။ အားကစားလည်း လုံးဝမလုပ်ဖြစ်တော့ဘူး။ အချိန်တိုင်းမင်းနဲ့အတူနေချင်ပြီးအချစ်အရသာကို စားသုံးချင်တဲ့စိတ်ပဲ ငါ့မှာရှိတော့တယ်။ ကမ်းခြေကို မင်းကိုခေါ်သွားဖို့ ကြိုးစားပေမယ့် မင်းကအပူဒဏ်ကိုလုံးဝမခံနိုင်ဘူးလေ။ နောက်ပြီးအရင်လိုတခြားသူငယ်ချင်းတွေ၊ အီစီကလီကောင်မလေးတွေနဲ့အပြင်ထွက်လည်တာမျိုးလည်း မရှိတော့ဘူး။ ငါ့ခန္ဓာကိုယ်တစ်ခုလုံးမှာ မင်းရဲ့ခြေရာလက်ရာတွေက အပြည့်ဆိုတော့ ဒါတွေကိုသူတို့မြင်သွားမှာလည်းစိုးတာပေ့ါ။ မင်းနဲ့တွေ့ပြီးမှမင်းကလွဲရင် အတော်များများနဲ့အဆက်ပြတ်သွားခဲ့တယ်။ မင်းနဲ့ချစ်ရတဲ့ အချစ်သက်သေတွေကလည်း ငါ့မျက်နှာ၊ ငါ့လက်မောင်း၊ ငါ့ပေါင်၊ ငါ့ဗိုက်သား၊ အို ကုန်ကုန်ပြောရင်ငါ့တစ်ကိုယ်လုံးမှာ မင်းရဲ့အမှတ်သက်သေတွေက နေရာယူထားပြီပြီလေ။ ငါမင်းနဲ့ချစ်နေတာဖုံးလို့ဖိလို့မရနိုင်အောင် ငါ့ခန္ဓာကိုယ်ကသက်သေပြနေပြီ။

မင်းနဲ့အတူနေရတာတကယ့်ကိုကြီးကျယ်ခမ်းနားတဲ့အတွေ့အကြုံပါပဲ။ မင်းနဲ့ တစ်ညတာချစ်လိုက်ပြီးရင် ပြောမပြနိုင်တဲ့ သာယာချမ်းမြေ့မှုနဲ့ ပျော်ရွှင်ပီတိကိုခံစားရတယ်လေ။ မင်းကတခြားဘယ်သူနဲ့မှမတူတဲ့အရသာထူးကိုပေးတယ်လေ။ ဒါပေမဲ့ မနက်မိုးလင်းလို့ မင်းနဲ့ချစ်ရတဲ့ငါ့ခန္ဓာကိုယ်ကို ငါပြန်မြင်ရတာ သိပ်ကိုစိတ်ဆင်းရဲစရာကောင်းတယ်။

မင်းကလည်းဒီအခြေအနေကိုသိပါတယ်။ အလွန်အကျွံမချစ်ဘူးဆိုရင်မင်းဟာသိပ်မဆိုးဘူးလို့တော့ပြောရှာသားပဲ။ ဒါပေမဲ့ မင်းကိုအလွန်အကျွံမချစ်မိအောင် ငါ့ကိုယ်ငါမှမတားနိုင်တာ။ မင်းနဲ့ချစ်ရတာဆားငန်ရေလိုပဲသောက်လေသောက်လေ ငတ်မပြေပါပဲ။ မင်းကိုအချစ်လျှော့ဖို့ဆိုတာ ငါ့အတွက်တော့မဖြစ်ရေးချမဖြစ်ပဲပေ့ါ။ မင်းကတော့တခြားလူတွေအတွက်လည်း အချိန်ပေးဦး၊ မင်းအနားမှာပဲကပ်ပြီးအချိန်ရှိတိုင်းချစ်ဖို့ပဲ ကြိုးစားမနေနဲ့လို့ ပြောခဲ့သေးတယ်မဟုတ်လား။ ဒါပေမဲ့ ငါဟာဘယ်အရာကိုမှ မင်းနဲ့ အစားမထိုးနိုင်ဘူးဖြစ်နေတယ်။

ငါဒီစာကိုရေးရတဲ့အကြောင်းကိုမင်းကြိုရိပ်မိလောက်မယ်လို့တော့ ငါထင်ပါတယ်။ ငါမင်းကိုထပ်တွေ့နိုင်လောက်အောင်ကျန်းမာရေးက မကောင်းတော့ဘူး။ မင်းဟာ ငါ့ခန္ဓာကိုယ်နဲ့ ငါ့ကျန်းမာရေးအတွက်အဆိပ်အတောက်ဖြစ်စေတယ်ဆိုတာကိုစိတ်မကောင်းခြင်းကြီးစွာနဲ့ပဲ ငါသိလိုက်ရတယ်။ ဒီတော့ မင်းနဲ့ချစ်တုန်းကရထားတဲ့အဆိပ်အတောက်တွေကို ပြန်သန့်စင်ဖို့ ငါအချိန်ပေးနေရတယ်။ မင်းသိထားဖို့က မင်းဘက်ကဘယ်လောက်ပဲကြိုးစားကြိုးစား ငါမင်းနဲ့ ပြန်တွေ့တော့မှာမဟုတ်ဘူးဆိုတာပဲ။ ဒီလိုပြောရတာငါလည်းရင်နာပေမယ့် မတတ်နိုင်ဘူးလေ။ နေရာတိုင်းမှာမင်းရဲ့ ပုံရိပ်တွေကငါ့ကိုစောင့်ကြိုနေမှာကိုလည်း ငါသိပါတယ်။ ဒါပေမဲ့ ငါ့ဘက်ကစိတ်ပြတ်ရမယ်လို့ အားတင်းထားတယ်။ မင်းရဲ့ ဆွဲအားပြင်းတဲ့ကိုယ်ရနံ့ကိုလည်းငါအရင်လိုရင်မခုန်တော့ဘူး။ မင်းကငါ့ရဲ့အာသာဆန္ဒကိုအတိအကျသိတော့မင်းငါ့ကိုလွှမ်းမိုးနိုင်ခဲ့တာပေ့ါ။ အခုတော့ ဒီအာသာကိုငါပယ်သတ်နေပြီ။ ငါ့ဆီမှာမင်းရဲ့ နိုင်ကွက်ဘာတစ်ခုမှမကျန်စေရဘူး။ ဒါဟာလွယ်တဲ့ကိစ္စတော့မဟုတ်ဘူးလေ။ မင်းဟာငါစွန့်လွှတ်ခဲ့ဖူးတဲ့အရာတွေအားလုံးထဲမှာမေ့ပျောက်ရအခက်ဆုံးပဲဖြစ်မှာပါ။ ဒါပေမဲ့ အကောင်းဆုံးဖြစ်ရမယ်ဆိုပြီး ငါအားခဲထားပါတယ်။ မင်းရဲ့ မာယာစက်ကွင်းကကင်းလွတ်တဲ့ အကောင်းဆုံးအခြေအနေကို ငါကြိုးစားတည်ဆောက်မှာပါ။

ဒီစာကို အလွမ်းတွေ၊ ခံစားချက်တွေနဲ့ရေးနေတယ်ဆိုတာကိုမင်းကိုထပ်ပြောမယ်။ ငါ့ဘဝထဲကနေခပ်ဝေးဝေးမှာနေပေးဖို့ မင်းကိုလည်းမေတ္တာရပ်ခံချင်တယ်။ ငါတို့တစ်တွေအတူချစ်ခဲ့ကြတယ်။ ဒါပေမဲ့ အခုတော့ ဒါဟာတစ်ခန်းရပ်သွားပြီ။ ဒီတော့ နှုတ်ဆက်ပါတယ်အချစ်ဟောင်းကလေးရယ်။ နှုတ်ဆက်လိုက်ပါတယ် ကိုယ်အရမ်းချစ်ခဲ့ရတဲ့ ချောကလက်ကလေးရယ်။ ။

*Ref: 'The Breakup'*
*by Christina Marie Harris*

## မျက်နှာဖုံး – ဆိုင်ခန်းငှားရမ်းခမြင့်မားမှုက စားသုံးသူကို ဝန်ပိလာ မှ

ထိုကဲ့သို့ ရန်ကုန်မြို့တွင်း ရောင်းချနေသည့် ကုန်ပစ္စည်းများ၏ ဈေးနှုန်းများမှာ ရောင်းချနိုင်သည့် အမြတ်ဝင်ငွေများထက် ပိုမိုရောင်းချနေကြရခြင်း၏ အဓိက အကြောင်းရင်းမှာ ဆောက်လုပ်ပြီးသားနှင့် အသစ်ဆောက်လုပ်လာကြသည့် ဈေးဝယ်စင်တာများ၏ မြင့်မားလွန်းသည့်ဆိုင်ခန်းခနှုန်းထားများကြောင့်ဟု စီးပွားရေးလုပ်ငန်းရှင်အများစုက ဆိုကြသည်။

ဆိုင်ခန်းခဈေးနှုန်းမြင့်မားမှုများကြောင့် ရောင်းချရသည့်ကုန်ပစ္စည်းများကို ဈေးတင်ရောင်းချနေကြခြင်းများသည်ရောင်းချသူလုပ်ငန်းရှင်များအတွက် ရေရှည်ကာလအတွက် တွက်ခြေမကိုက်သည့် အရှုံးများနှင့်ကြုံတွေ့နေရသည်ဟု စီးပွားရေးပညာရှင် ဦးခင်မောင်ညို(ဘောဂဗေဒ)ကသုံးသပ်ပြောကြားသည်။

“လှည်းတန်းလို နေရာမျိုးမှာ တောင်ဈေးတင်ရောင်းတဲ့ဆိုင်တွေအများဆုံးသုံးလ၊ခြောက်လလောက်ပဲခံတယ်။ ရောင်းသူနဲ့ ဝယ်သူကြားက အခုဖြစ်နေတဲ့ပြဿနာမှာ အဓိကအကျိုးအမြတ်ဖြစ်ထွန်းတဲ့ ပုဂ္ဂိုလ်တွေကတော့ ကြားထဲကဆိုင်ခန်းငှားတဲ့ လုပ်ငန်းရှင်တွေပဲ” ဟုအထက်ပါစီးပွားရေး ပညာရှင်က ဆက်လက်သုံးသပ်ပြောကြားသည်။

ယခုကဲ့သို့မြင့်တက်နေသည့် ဆိုင်ခန်းခ နှုန်းထားများနှင့် ပတ်သက်ပြီး ရန်ကုန်မြို့ ဒဂုံမြို့နယ်အတွင်းဖွင့်လှစ်ထားသည့် လပြည့်ဝန်းပလာဇာမှတာဝန်ရှိသူတစ်ဦးက“ဈေးဝယ်စင်တာတွေကတော့ များသောအားဖြင့် စဆောက်ပြီးစကတည်းကအင်ဂျင်နီယာတွေနဲ့ တိုင်ပင်ပြီး ကုန်ကျစရိတ် ကာမိအောင် တစ်ခါတည်းနဲ့ ဈေးနှုန်းသတ်မှတ်ထားတာမျိုးရှိတယ်။ လက်ရှိပေါက်နေတဲ့ မြေဈေးတွေပေါ်မူတည်ပြီး တာဝန်ရှိသူတွေကဈေးနှုန်းသတ်မှတ်တာပါ” ဟုဆိုသည်။

ဆိုင်ခန်းမဟုတ်သည့် တွန်းလှည်းဟုခေါ်သော ဈေးဝယ်စင်တာများ၏ စက်လှေကားနှင့်ဝင်ပေါက်ဝန်းကျင်ကဲ့သို့နေရာလွတ်များတွင်ငါးပေပတ်လည်သာသာ ဆိုင်လေးများသည်ပင် တစ်လလျှင်ငှားရမ်းခကျပ်တစ်သိန်းခွဲခန့်ရှိသည်ဟု သိရသည်။ “နေရာခကတစ်လတစ်လရောင်းတဲ့သူကိုခုံနဲ့ထိုင်ခွင့်မပေးဘူးနော်။ ပေးရတာမသက်သာဘူး။ အဲ့ဒီအတွက်ရှာနေရတယ်။တောင့်မခံနိုင်တဲ့ဆိုင်တွေကတော့ ပေါ်လိုက်ပျောက်လိုက်ပဲ။ ဒါတောင်နေရာရဖို့ တန်းစီနေတဲ့လူတွေကအများကြီးပဲ” ဟု ယင်းကဲ့သို့ လက်တွန်းလှည်းဆိုင်များဖွင့်လှစ်ရောင်းချဖူးသူ လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ကျပ်သိန်းဆယ်ဂဏန်းနှင့် ချီပြီးပေးဆောင်နေရသည့်အဆိုပါဆိုင်ခန်းခဈေးနှုန်းများနှင့်ပတ်သက်ပြီးဦးခင်မောင်ညိုက ဆက်လက်၍ “ဆိုင်ခန်းခဈေးနှုန်းတွေက ဒီထက်ကျဖို့မရှိတော့ဘူး။ ဆက်ပြီးတက်နေမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ မြေဈေးတွေက ဆက်တိုက်တက်နေလို့ပဲ” ဟုသုံးသပ်ပြောကြားသည်။

ရန်ကုန်မြို့တွင်းရှိ အဓိကလူစည်ကားသည့် နေရာများတွင် တည်ရှိသည့် အထက်ပါဈေးဝယ် နေရာကြီးများတွင် ဖွင့်လှစ်ထားသော ဆိုင်ခန်းခနှုန်းထားများမှာတစ်လလျှင်ကျပ်ငါးသိန်းမှ ဆယ်သိန်းကျော်ဝန်းကျင်အထိရှိနေကြသည်။ထို့အတွက်မြင့်မားလွန်းသော ဆိုင်ခန်းခနှုန်းထားများကိုရရှိရန်အတွက် ရောင်းချကြသည့်ကုန်ပစ္စည်းများ၏ ဈေးနှုန်းများကိုပိုမိုယူထားကြသဖြင့် အသင့်အတင့်အရည်အသွေးရှိသော ကုန်ပစ္စည်းများသည်ပင်လျှင် ငွေကြေးတတ်နိုင်သူများသာ ဝယ်ယူနိုင်ကြသည့် အနေအထားတွင် ရောက်ရှိနေကြောင်း လုပ်ငန်းရှင်များက သုံးသပ်ပြောကြားကြသည်။

ကျပ်သိန်းပေါင်းများစွာ ပေးဆောင်နေရသည့် ဆိုင်ခန်းငှားခများကြောင့် ရန်ကုန်မြို့တွင်းဖွင့်လှစ်ထားသော စီးပွားရေးလုပ်ငန်း အချို့အနေဖြင့် တစ်ခါတစ်ရံလုပ်ငန်းအရှုံးပြမှုများကိုလည်း ကြုံတွေ့နေကြရသည်။

ယင်းကဲ့သို့ အခြေအနေများကြောင့် လုပ်ငန်းအရှုံးပြမှုများ ကြုံတွေ့နေရကြောင်းကို ရန်ကုန်မြို့တွင်း ဆိုင်ခန်းပေါင်းလေးခန်းအဖွင့်လှစ်ထားသည့် b'coz collection ဖက်ရှင်ဆိုင် တည်ထောင်သူမန်နေဂျင်းဒါရိုက်တာ ဒေါ်ဇာမွန်အိက “အခုဆိုင်ခန်းခတွေက အရမ်းကိုမြင့်နေတယ်။တစ်လတစ်လကိုကျပ်ငါးသိန်း၊ဆယ်သိန်းဆိုတော့ တချို့လတွေဆို အိတ်စိုက်ရတာတွေရှိတယ်။ ဒီလောက်မြင့်တဲ့ ဆိုင်ခန်းခကို ပြန်ရဖို့အပြင်ကိုယ့်အတွက်လည်း အမြတ်လေးကျန်ဖို့အတွက် ရောင်းချရတဲ့ကုန်ပစ္စည်းဈေးနှုန်းတွေက ရှိသင့်တာထက်ဈေးများနေရတာပါ”ဟု ၎င်းဆောင်ရွက်နေသည့် ကုန်ပစ္စည်းရောင်းချရမှုအနေအထားများကို သုံးသပ်ပြောကြားသည်။

“ဆိုင်ခန်းခတွေက မတရား ဈေးတွေကကြီးနေတော့ ရောင်းချမယ့်ပစ္စည်းတွေကို ဈေးတင်ထားရတယ်။ ဈေးတင်တော့လူတိုင်းကမဝယ်နိုင်တော့ဘူး။ မဝယ်နိုင်ကြတော့ ပစ္စည်းတွေကကျန်။ ကျန်တော့ ပရိုမိုးရှင်းဆိုပြီးလုပ်ရတယ်။ အဲ့ဒီတော့ စီးပွားရေးလုပ်ငန်းရှင်အတွက်လည်းမကိုက်၊ ဝယ်သူတွေကလည်း ဈေးတော့သက်သာမယ်။ လတ်လတ်ဆတ်ဆတ်နဲ့အသစ်စက်စက်ပစ္စည်းတွေကို နောက်ကျသုံးရတော့တာပေ့ါ” ဟု ရန်ကုန်မြို့ကမ္ဘာအေးဂမုန်းပွင့်တွင် အမျိုးသား၊ အမျိုးသမီးဖက်ရှင်ဆိုင်ကိုဖွင့်လှစ်ထားသည့် လုပ်ငန်းရှင်တစ်ဦးကဆိုသည်။ မြို့တွင်းခြောက်မြို့နယ်အတွင်းသာမဟုတ်ဘဲ အခြားသောမြို့နယ်များတွင်ပင် သာမာန်ကန်ထရိုက်တိုက်မြေညီထပ်များ၏ ဆိုင်ခန်းငှားရမ်းခများမှာ နေရာအနေအထားနှင့် အခန်းပေါ်မူတည်ပြီး တစ်လလျှင်ကျပ်ဆယ်သိန်းကျော်အထိရှိကြောင်း ဗဟန်းမြို့နယ်မှ အိမ်ခြံမြေပွဲစားတစ်ဦးက ဆိုသည်။ဝယ်ယူစားသုံးလိုသူများအတွက် အဓိကအရေးကြီးဆုံးအချက်ဖြစ်သည့် ဈေးနှုန်းသင့်တင့်မျှတမှုသည် ရန်ကုန်မြို့၏ ကုန်တိုက်ကြီးများ၊ ဈေးဝယ်စင်တာကြီးများတွင် တဖြည်းဖြည်းနှင့် နည်းပါးလာနေပြီဖြစ်ကြောင်း ပုံမှန်ဈေးဝယ်ထွက်သူများကဆိုကြသည်။

“ကုန်တိုက်အသစ် ဖွင့်တယ်၊ ရှော့ပင်းမောလ်အသစ်ဖွင့်တယ်၊ သွားမကြည့်ရဲဘူး။ လက်ဗလာနဲ့ ပြန်လာရတာများတယ်။ ဈေးနှုန်းတွေက အရမ်းမြင့်နေတယ်” ဟု ရန်ကုန်မြို့၊လှိုင်မြို့နယ်အတွင်းနေထိုင်သော အသက် ၂၅နှစ်အရွယ်ရှိ ဈေးဝယ်စင်တာများသို့ ပုံမှန်သွားရောက်လေ့ရှိသူ ကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦးဖြစ်သည့် မသက်နှင်းအေးကဆိုသည်။

ဆိုင်ခန်းခ နှုန်းထားများမြင့်မားမှုကြောင့် ရောင်းချရသည့် ကုန်ပစ္စည်းများ၏ ဈေးနှုန်းများ မြင့်မားမှုအပြင် ရောင်းကုန်မဟုတ်သည့် အင်္ကျီချုပ်ဆိုင်များ(စက်ဆိုင်များ)ကဲ့သို့ စီးပွားရေးလုပ်ငန်းများသည်လည်း အထက်ပါ အခြေအနေမျိုးနှင့် တွေ့ကြုံနေရကြောင်း သိရသည်။

“စက်ချုပ်ဆိုင်ခန်းငှားခက တစ်လနှစ်သိန်းဆိုတော့ အင်္ကျီချုပ်ခကရိုးရိုးတစ်ထည်ကို နှစ်ထောင့်ငါးရာလောက်မယူလို့မရဘူး” ဟု ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းဈေးတွင် ဆိုင်ခန်းဖွင့်လှစ်ထားသည့် အသက် ၃၀နှစ် အရွယ်ရှိစက်ချုပ်လုပ်ငန်းလုပ်ကိုင်သူအမျိုးသမီးတစ်ဦးကဆိုသည်။

မြင့်မားသည့် ဆိုင်ခန်းငှားခများကြောင့် စီးပွားရေးလုပ်ငန်းအများစုမှာ ၎င်းတို့၏ရောင်းကုန်များကို ပုံမှန်ထက်ဈေးပိုတင်ထားကြခြင်းများရှိသကဲ့သို့ အများစုဝယ်ယူနိုင်သည့် ဈေးနှုန်းများဖြင့် ရောင်းချခြင်းဖြင့် ဝယ်လိုအား ပိုမိုရရှိအောင် ဆောင်ရွက်ကြသည့် လုပ်ငန်းရှင်များလည်းရှိနေကြသည်။

“ဆိုင်ခန်းခတွေ ဈေးမြင့်တာမှန်တယ်။ အဲ့ဒီအတွက် ကိုယ်ကရောင်းကုန်ကိုအရမ်းမြှင့်လိုက်လို့ အဆင်မပြေဘူး။ ဘာလုပ်နိုင်လဲဆိုရင် အရည်အသွေးလည်းအသင့်အတင့်ရှိရမယ်။ ကိုယ်ကလည်းမျှတအောင် ရောင်းနိုင်ရမယ်။ ဒါဆိုရင်ဝယ်ယူသူရောရောင်းလိုသူပါ အဆင်ပြေမှာပဲ။ အဓိကနောက်တစ်ခုက ဒီကလူတန်းစားမရွေးနဲ့ သင့်တော်တဲ့ကုန်ပစ္စည်းဖြစ်ဖို့တော့လိုအပ်တာပေ့ါ” ဟု ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းဈေးအတွင်းရှိပြည်တွင်းဖြစ် ချည်ထည်အဝတ်အစားများ ရောင်းချသည့်အထည်ဆိုင်တစ်ဆိုင်မှဆိုင်ပိုင်ရှင်တစ်ဦးက ၎င်း၏အမြင်ကိုပြောကြားသည်။

ရန်ကုန်မြို့၏ဆိုင်ခန်းခနှုန်းထားများ အလွန်မြင့်တက်နေရခြင်းမှာလည်း ဈေးကွက်လိုအပ်ချက်နှင့် ကုန်ကျစရိတ်မြင့်မားမှုတို့ကြောင့်ဟု အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းများမှ အတွေ့အကြုံရှိလုပ်ငန်းရှင်များကဆိုကြသည်။“ဈေးကွက်မှာက အခုဆို ဈေးဝယ်စင်တာတွေ၊ကုန်တိုက်တွေက ပိုပြီးများလာတယ်။ အဲ့ဒီအတွက် ဆိုင်ခန်းခတွေဈေးမြင့်နေတာပါ။အရင်ရှိပြီးသားတွေ ဈေးမြင့်နေတာကျတော့ အဲ့ဒီရှိပြီးသား အဆောက်အအုံရဲ့နေရာအနေအထားနဲ့ လူစည်ကားမှုအခြေအနေအရ ဈေးနှုန်းတွေမြင့်နေတာပါ”ဟု လုပ်သက်အတွေ့အကြုံရှစ်နှစ်နီးပါးရှိပြီဖြစ်သည့် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းတစ်ခုမှ မန်နေဂျာတစ်ဦးက ရန်ကုန်မြို့၏ဆိုင်ခန်းခနှုန်းထားများ မြင့်တက်နေရခြင်းနှင့်ပတ်သက်၍ သုံးသပ်ပြောကြားသည်။

သင့်တင့်မျှတပြီး အရည်အသွေး အသင့်အတင့်ရှိသည့် ကုန်ပစ္စည်းများကို ဝယ်ယူလိုကြသည့် လူလတ်တန်းစားအများစုအနေဖြင့်မူ မြင့်မားလာသောဆိုင်ခန်းများအတွက် ဝန်ထမ်းပေးနေရသလိုဖြစ်လာနေပေတော့သည်။ ။


7 DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

# အမှန်တရားကို ချစ်မြတ်နိုးခြင်း

ကိုဝမ်း

အမှန်တရားကို ချစ်မြတ်နိုးပါ။ အမှန်တရားကို ချစ်မြတ်နိုးခြင်းသည် မိမိကိုယ်နှင့်တကွ လောကအပေါ် သစ္စာစောင့်သိခြင်းဖြစ်သည်။ အမှန်တရားကို မျက်ကွယ်ပြုခြင်းသည် မိမိကိုယ်နှင့်တကွ လောကအပေါ် သစ္စာမဲ့ခြင်းဖြစ်သည်။ စောင့်သိရမည့် သစ္စာတရားကို စောင့်သိခြင်းဖြင့် သစ္စာရှိသူတစ်ဦးသာဖြစ်ပါစေ။ စောင့်သိရမည့်သစ္စာတရားကို မျက်ကွယ်ပြုသော သစ္စာပျက်ယွင်းသူတစ်ဦးကား မဖြစ်ပါစေလင့်။

အမှန်တရားဆိုတာ ဘာလဲ၊ အမှန်တရားဟူသည် ကောင်းကျိုးဖြစ်စေသောအရာဖြစ်သည်။ ဖြစ်သင့်ဖြစ်ထိုက်သောအရာဖြစ်သည် သာတူညီမျှရှိစေသော တရားဖြစ်သည်။ တရားမျှတမှု ဖြစ်သည်။ အမှန်တရားကိုချစ်ခင်မြတ်နိုးခြင်းသည် ဘာကြောင့် မိမိကိုယ်နှင့်တကွလောကကို သစ္စာစောင့်သိမြတ်နိုးခြင်းသည် ဘာကြောင့် မိမိကိုယ်နှင့်တကွလောကကိုသစ္စာစောင့်သိရမည်လဲ။ အမှန်တရားကို ပြုမူကျင့်ဆောင်ခြင်း၊ အမှန်တရားဘက်ကရပ်တည်ခြင်းသည် လူ၏ အသိဉာဏ်တရားအပေါ်တွင် အခြေခံသည်။ ဆင်ခြင်တုံတရားဟူသော အသိဉာဏ်တရားရှိသူမှသာ အမှန်တရားအတိုင်း ပြုမူကျင့်ဆောင်သည်။ အသိဉာဏ်ရှိခြင်းသည် လူ၏ဂုဏ်သိက္ခာဖြစ်သည်၊ မှန်ကန်စွာ ပြုမူခြင်းသည် လူ၏ကျင့်ဝတ်ဖြစ်သည်။ ထို့ကြောင့် အမှန်တရားကို ချစ်မြတ်နိုးခြင်းသည် လူတိုင်းလုံး၏ ကျင့်ဝတ်သိက္ခာဖြစ်သည်။ စရိုက်လက္ခဏာဖြစ်သည်။ ယဉ်ကျေးသောလူ့အဖွဲ့အစည်း၏ လုပ်ထုံးလုပ်နည်းဖြစ်သည့် အမှန်တရားဟူသည် လူ၏အသိဉာဏ်တရားနှင့် တိုက်ရိုက်ဆက်စပ်နေသည်ဖြစ်၍လည်းလူ၏ယဉ်ကျေးပြုမူကျင့်ကြံခြင်း၊ အမှန်တရားဘက်ကရပ်တည်ခြင်းသည် မိမိကိုယ်ကို ဂုဏ်သိက္ခာရှိအောင် စောင့်ထိန်းခြင်းဖြစ်၍ မိမိကိုယ်ကို သစ္စာစောင့်သိရာမည်သည်။ လောကကို အမှန်တရားကကြီးစိုးမှ ငြိမ်းချမ်းသာယာသည်၊ ဖွံ့ဖြိုးတိုးတက်သည်။ ထို့ကြောင့် အမှန်တရားကို ချစ်မြတ်နိုးခြင်းသည် လောကကိုသစ္စာစောင့်သိခြင်းမည်သည်။ အမှန်တရားကိုချစ်ခင်မြတ်နိုးခြင်းသည် လူ့ဘောင်တစ်ရပ်မှုဖြစ်သည်။ လူ့အရိုင်းအစိုင်း (Barbarian)များကမူ တရားမျှတမှုကိုနားမလည်၊ အမှန်တရားကို နားမလည်၍ မိမိတို့ကိုယ်ကျိုးစီးပွားရေးအတွက် တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ထင်သလိုပြုကျင့်လိမ့်မည်။ မိမိကိုယ်ကို ချစ်မြတ်နိုးလျှင်လူ့ဘောင်လူ့လောကကို ချစ်မြတ်နိုးလျှင် ယင်းသို့သော လူ့အရိုင်းအစိုင်းတွေနှင့် ကင်းအောင်နေပါ။ သူတို့လုပ်သမျှကိုမထောက်ခံမိပါစေနှင့်၊ ယင်းသို့ တရားမဲ့မှုတွေ၊တရားမဲ့သောအသိုင်းအဝန်းကို ဝေးစွာရှောင်ခြင်းသည်ပင်လျှင် အမှန်တရားကို ချစ်မြတ်နိုးခြင်းဖြစ်သည့်အမှန်တရားဘက်က ရပ်တည်ခြင်းဖြစ်သည်။



မင်္ဂလသုတ် တရားတော်လာ၊ ၃၈-ဖြာသော မင်္ဂလာတရားများတွင် 'အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စသေဝနာ'ဟူသောမင်္ဂလာတစ်ပါးပါရှိသည်။ "လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနဲ့ ကင်းအောင်နေ၊ ပညာရှိကို အရှည်တွဲလို့ မှီဝဲဆည်းကပ် နည်းယူစေ"ဆိုသော သံပေါက်ကို ကျွန်တော်တို့ ငယ်စဉ်က ရွတ်ဆိုခဲ့ကြသည့် ဤမင်္ဂလာကျင့်စဉ်သည် လူမှန်းသိတတ်ခါစမှစ၍ သေတစ်ပန် သက်တစ်ဆုံး ပြုမူကျင့်ဆောင်ရမည့် ကျင့်ဝတ်ဖြစ်သည်။ ဤကျင့်ဝတ်နှင့်အညီ နေပါမှ မင်္ဂလာရှိသောသူဖြစ်မည်။ ဤကျင့်ဝတ်ကို ဖောက်ဖျက်ခဲ့သော် အမင်္ဂလာရှိသောသူ ဖြစ်တော့မည်။ ဗုဒ္ဓဘာသာအဆုံးအမတရားကို ထည့်သွင်းရေးသားသဖြင့် အထင်မလွဲစေလိုပါ။ မည်သည့်ဘာသာတရားမဆို လူမိုက်ကို ပေါင်းပါဟု ဆုံးမသွန်သင်ခြင်းမရှိခဲ့ပါ။ ကောင်းသောကျင့်ဝတ်ကို ကျင့်ကြံရန်သာ ဘာသာတရားများက ဆုံးမထားပါသည်။

ဖော်ပြပါ"မင်္ဂလာသုတ်"တရားတော်လာ၊ လူမိုက်ကို မပေါင်းနှင့် ပညာရှိကိုပေါင်းဆိုသည်မှာ အမှန်တရားကို ချစ်မြတ်နိုးရန် ဘဝလမ်းညွှန်ချက် ဖြစ်သည်။ ပညာရှိဆိုတာဘာလဲ၊ စာသင်ထားတာနှင့်ပညာရှိဖြစ်ရောလား။ အတန်းပညာတွေမိုးလောက်ပုံ့အောင်တတ်ထားတာနှင့် ပညာရှိဖြစ်ရောလား။ အကြောင်းအကျိုးကို ဆက်စပ်နားလည်သူမှ ပညာရှိဖြစ်ပါသည်။ အမှန်တရားနှင့် အမှားတွင် အမှန်ကိုနားလည်ပါမှ ပညာရှိဖြစ်ပါသည်။ မည်သည့် အရာက တရားမမျှတသည်ကို သိနားလည်ပါမှပညာရှိဖြစ်ပါသည်။ သိနားလည်သလိုအမှန်တရားဘက်ကရပ်တည်ရန် လိုအပ်ပါသည်။ ပညာရှင်သည်သာမန်နိုင်ငံသားတစ်ဦးထက် သစ္စာစောင့်သိရန် အချက်တစ်ချက်ပိုသည်။ ယင်းကပညာအပေါ်တွင် သစ္စာစောင့်သိရန်ဖြစ်သည်။ ဤပညာကို အမှန်တရားတန်ဖိုးအတွက် သင်ယူခဲ့သည်။အများအကျိုးအလို့ငှာ သင်ယူခဲ့သည်။

ဤအရာသည် တရားမျှတမှု မရှိမှန်း၊ မမှန်ကန်မှန်း သိပါလျက်နှင့် မိမိထမင်းတစ်လုပ် အတွက် ဇွတ်မျက်စိမှိတ်ကာ မှန်ပါသည်ဟု ပြောနေရမှုက ရှက်ဖို့ကောင်းသော လူ့တန်ဖိုးကျသည့် အတွေးအခေါ် ဆင်ခြင်ဉာဏ်တရားကင်းမဲ့ရာ ရောက်သည်။ နိုင်ငံထက်စီးနင်း အသာယူစားသောက်သည်ဆိုခြင်းမှာ တိရစ္ဆာန်တစ်ကောင်၏ စရိုက်သာဖြစ်သည်။ တိရစ္ဆာန်တွင်မှန်သည်မှားသည် မရှိ၊ အားကြီးသူ အနိုင်ရစတမ်း (Hight in Hight) ကိုကျင့်သုံးသည်။ တရားမဲ့ပြုကျင့်မှုဟူသရွေ့သည် ငြိမ်းချမ်းသော လောကကို ဖျက်ဆီးနေသူသာဖြစ်သည်။ လောက၏ငြိမ်းချမ်းရေးကို ဖျက်ဆီးနေသူမဖြစ်ပါစေနှင့်၊ လောကငြိမ်းချမ်းရေးကို ဖျက်ဆီးသူကို အားပေးကူညီသူ မဖြစ်ပါစေနှင့်၊ အမှန်တရားကို ဆုပ်ကိုင်၍ တန်ဖိုးရှိသော လူတစ်ဦးအဖြစ်ကို ရယူစေချင်ပါသည်။ ။

## JOKE

### နှစ်ဆ

လူတစ်ယောက်သည် တောင်တက်ခရီးသွားရင်း မောပန်းလာသောအခါ ဂူတစ်ခုထဲတွင်ဝင်၍နားသည်။ ဂူထဲ၌ အလင်းရောင်တလက်လက်ကိုမြင်၍ ဝင်သွားသောအခါ မှော်ဝင်ရေတကောင်းတစ်ခုကိုတွေ့၍ ကိုင်ကြည့်လိုက်ရာ မှင်စာတစ်ကောင်ထွက်လာသည်။ ထို့နောက် မှင်စာက "မင်းရဲ့ ဆန္ဒသုံးခုဖြည့်ဆည်းပေးမယ်။ ဒါပေမဲ့ တစ်ခုရှိတာက မင်းဆုတောင်းတာတွေမှန်သမျှရဲ့နှစ်ဆကို မင်းမိန်းမကရမယ်" ဟု ပြောပါ၏။

ပထမဦးဆုံး ယောကျ်ားက မာစီဒီးကားတစ်စီး စတင်တောင်းသည်။

"အိုကေ မင်းမိန်းမအတွက် နှစ်စီး"

ထို့နောက် ယောကျ်ားက ဒေါ်လာတစ်သန်းတောင်းသည်။

"ဒါဆို မင်းမိန်းမအတွက် နှစ်သန်း"

နောက်ဆုံးတွင် ယောကျ်ားက ယခုလိုဆုတောင်းသည်။

"ကောင်းပြီ အခု ကျွန်တော့်ကို သေလုမျောပါးဖြစ်အောင် ရိုက်ပါ" ဟူ၍. . . .

### အခေါ်အဝေါ်

အမျိုးသားတစ်ဦး ဆရာဝန်ကိုသွားပြပြီး အိမ်တွင် ခါတိုင်းကဲ့သို့ လုပ်စရာရှိသည်များကို မလုပ်နိုင်ဖြစ်နေကြောင်း ဆရာဝန်အားပြောပြသည်။ ဆရာဝန်က စမ်းသပ်မှုများပြုလုပ်ပြီးသောအခါ အမျိုးသားက"ကောင်းပြီဆရာ ကျွန်တော်ဘာဖြစ်နေလဲဆိုတာ ကျွန်တော်နားလည်အောင် ရိုးရိုးအရပ်စကားနဲ့ပဲပြောပြပါ"

"အင်း. . ရှင်းရှင်းပြောရရင်တော့ ခင်ဗျား ဘာမှမဖြစ်ဘူး။ ခင်ဗျား အပျင်းကြီးနေတာ"

"ကောင်းပါပြီဆရာ၊ အဲဒါကိုပဲ ကျွန်တော့်မိန်းမကို ပြန်ပြောဖို့ ဆေးပညာအခေါ်အဝေါ်နဲ့ ပြောပါဆရာ"

## အနုပညာရှင်များ ကားမတော်တဆမှုမှ သီသီ လေးလွတ်မြောက်

**အေးသက်**

**ရန်ကုန်၊ မတ် - ၁**

ဖြိုးကြီး၊ သားစိုး၊ ရဲလေး၊ ရန်ကျော်၊ အေးနွန်၊ မေခလာ၊ ယုဇန၊ ဖြူဖြူကျော်သိန်း၊ နဒီဝင့်နိုင်စသည့် အဆိုတော်များစွာကိုတင်ဆောင်လာသည့် စင်းလုံးငှား အဝေးပြေးယာဉ်တစ်စီးသည် ရေးမြို့ဖျော်ဖြေပွဲမှအပြန် ဖေဖော်ဝါရီ ၂၂ ရက်၊ နေ့လယ် ၁ နာရီခွဲခန့်တွင် ဘီးလင်းမြို့နှင့် ကျိုက်ထိုမြို့အကြားအဝေးပြေးလမ်းမတစ်နေရာတွင် ကားမတော်တဆမှုမှ သီသီလေးလွတ်မြောက်ခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်ပွားပုံမှာ အနုပညာရှင်များစွာကို တင်ဆောင်လာသည့် အဆိုပါအဝေးပြေးယာဉ်သည် ဖေဖော်ဝါရီလ ၂၀ရက်(တနင်္ဂနွေ) ည ၁၂ နာရီတွင် ရန်ကုန်မှထွက်ခွာလာကာ ရေးမြို့သို့ဖေဖော်ဝါရီ ၂၁ ရက်နံနက် (တနင်္လာနေ့) ၁၁ နာရီခန့်တွင် ရောက်ရှိပြီး၊ ထိုနေ့ည ၉ နာရီခန့်မှ နောက်တစ်နေ့နံနက် ၃ နာရီခွဲခန့်အထိစတိတ်ရှိုးအစီအစဉ်ကို ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ရှိုးပွဲအပြီးတွင် အနုပညာရှင်များမှာအနားမယူတော့ဘဲဖေဖော်ဝါရီ ၂၂ ရက်နံနက် ၄ နာရီခွဲခန့်တွင် ရေးမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။ နံနက်စာအတွက် တစ်ချိန်သာနားခဲ့ပြီး ဆက်တိုက်မောင်းနှင်ပြီး နေ့လယ် ၁၂ နာရီခွဲခန့်တွင် ဘီးလင်းမြို့ရှိ ဘူဖေးစားသောက်ဆိုင်တစ်ဆိုင်တွင် နေ့လယ်စာစားရန် ရပ်နားခဲ့ကြသည်။

ထိုဆိုင်မှ ကားမောင်းအဖွဲ့ကို စားသောက်ဖွယ်ရာများအပြင် ယမကာဖြင့်လည်းဧည့်ခံခဲ့သည်။ ထိုမှဆက်လက်ထွက်ခွာလာပြီး ဘီးလင်းမြို့အကျော်တွင် ကားမောင်းသူမှာ ပုံမှန်အခြေအနေ မဟုတ်တော့သည်ကို ရှေ့တွင်ထိုင်နေသော အနုပညာရှင်တစ်ဦးက စတင်သတိထားမိလိုက်ပြီး ၎င်းက ကားမောင်းသူ၏ အဖော်များကို သတိပေးရာ"အားလုံးအိုကေပါတယ်"ဟု ပြောကြောင်းကားပေါ်တွင်လိုက်ပါသည့်အနုပညာရှင်များကပြောသည်။ သို့သော်ကားမောင်းသူ၏ အခြေအနေမှာ ပိုဆိုးလာသည်ကို တွေ့ရပြီး လမ်းအကွေ့ကိုမျက်လုံးမှိတ်ကာကွေ့နေခဲ့၍ ရှေ့တန်းတွင် ထိုင်နေသည့် အနုပညာရှင်တစ်ဦးက ကားရပ်ပေးရန်အော်ပြောခဲ့သည်။ အော်ပြောသံကြားမှ ကားမောင်းသူကသတိဝင်ကာ လမ်းဘေးတွင် ကားထိုးရပ်ပေးခဲ့ပြီး၊ ကားပေါ်လိုက်ပါလာသူအားလုံးအောက်ဆင်းကြကာ ကားမောင်းသူကိုလည်း ကားပေါ်မှတွဲကာချပေးခဲ့ကာ အနီးရှိ အိမ်တစ်အိမ်တွင် ခေတ္တနားခဲ့သည်။ ကားမောင်းသူမှာ၎င်းအိမ်ရှိ ပက်လက်ကုလားထိုင်တွင် လှဲလိုက်စဉ်မှာပင် သတိလစ်သွားသဖြင့် ဝိုင်းဝန်းပြုစုခဲ့သည်။ ဒေသခံတစ်ဦးက ဆရာဝန်သွားပင့်လာပြီးကားမောင်းသူကို ဆေးကုသသည့်အခါ ကားမောင်းသူမှာ သွေးပေါင် ၁၆၀ ကျော်နေပြီး၊ နောက်ငါးမိနစ်လောက်နောက်ကျသွားလျှင် လေဖြတ်သွားနိုင်သည်ဟု သိရသည်။ ထို့ကြောင့် အသိစောသွား၍သာ အနုပညာရှင်များစွာမှာ ကားမတော်တဆဖြစ်နိုင်သည့် ဘေးအန္တရာယ်မှ သီသီလေးလွတ်မြောက်ခဲ့ရကြောင်း ကားပေါ်တွင် လိုက်ပါလာသူအနုပညာရှင်များက ရှင်းပြခဲ့သည်။

ယာဉ်မောင်းသူမှာ ဖေဖော်ဝါရီ ၂၁ ရက် နေ့ခင်းပိုင်းနှင့် ညပိုင်းတစ်ပိုင်းလုံးအနားရခဲ့သော်လည်း ထိုသို့ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောသည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနို၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်၊ ညိုညိုဝင်း။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွှန့်(ရေနံချောင်း)၊ အင်မိုင်ခ၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်းနွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီရိပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

Hotline : 73032006

# Business

7DAY NEWS JOURNAL

Vol.10, No.1 · MARCH 10 , 2011


## ပဲတီစိမ်းဈေးကျနေသဖြင့် ဈေးမျှော်ပြီး လှောင်ထားသူများ အရှုံးပေါ်

**သိမ့်သိမ့်စိုး**

ရန်ကုန်၊ မတ် - ၄

ပဲတီစိမ်းဈေးနှုန်းများမှာ ခန့်မှန်းထားသည် ထက်ပိုကျနေသဖြင့် ဈေးမျှော်၍လှောင် ထားသော ပဲကုန်သည်များ အရှုံးများနေ ကြောင်း ပြည်ပတင်ပို့နေသည့် ပဲကုန်သည် များကပြောသည်။

"ကုန်သည်တွေက ဈေးကောင်းတဲ့ အချိန်တုန်းက ကိုက်လည်းကိုက်တယ်။ မြတ် လည်းမြတ်တယ်။ ဒါပေမဲ့ ဈေးကောင်းဦး မယ်အထင်နဲ့ မရောင်းတော့ အခု အရှုံးများ ကုန်တာ"ဟု ပဲကုန်သည်တစ်ဦးက သုံးသပ် ပြောသည်။

ပဲတီစိမ်းဈေးနှုန်းများမှာ ပြီးခဲ့သည့် တစ်ပတ်အတွင်း၌ တစ်တန်လျှင် ၁,၂၅၅,၀၀၀ ကျပ်မှ မတ်လ ၄ ရက်တွင် ၁,၁၅၃,၀၀၀ ကျပ်ထိကျဆင်းနေ၍ တစ်တန်လျှင် ကျပ် တစ်သိန်းကျော်ကျော်ထိ ဈေးကျဆင်းလာ ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်အရောင်း အဝယ်ဈေးကွက်မှသိရသည်။

"ကုန်သည်တွေက မြတ်ရင် တစ်ရာခိုင် နှုန်း၊ နှစ်ရာခိုင်နှုန်းလောက်ပဲမြတ်မှာ။ အခု ရှုံးတော့ နှစ်ရက်အတွင်းမှာကို ၁၅ ရာခိုင်နှုန်းကျော်လောက်ရှုံးသွားပြီ" ဟု ပဲကုန်သည်တစ်ဦးက တွက်ချက်ပြောသည်။

ပဲတီစိမ်းမှာ တရုတ်နိုင်ငံမှ အဓိက ဝယ်ယူသည်။

ထို့အတူ ကျန်ပဲများမှာလည်း ပဲသစ် ပေါ်ချိန်ဖြစ်၍ ဈေးနှုန်းကျဆင်းသကဲ့သို့ အိန္ဒိယမှ ဆိပ်ကမ်းအရောက် ဝယ်ယူသော ဈေးများ ကျဆင်း၍ ပဲဈေးနှုန်းကျဆင်းမှုများ နေကြောင်း ပဲကုန်သည်များက သုံးသပ်ပြော သည်။

"မတ်ပဲဈေးကျတာ အဓိကဝယ်တဲ့ အိန္ဒိယမှာ အရင်က FOB တစ်တန် ၄၀၀၀ ကနေ အခုတစ်တန် ၈၀၀ လောက်ထိကျတော့ ဈေးက ထိုးကျတဲ့သဘော"ဟု ကုန်စည်ဒိုင် နေ့စဉ်အရောင်းအဝယ်လုပ်နေသူ ပဲကုန် သည်တစ်ဦးကပြောသည်။

မတ်ပဲ RC မှာ ပြီးခဲ့သည့် လကုန်တွင် တစ်တန် ၇၃၅,၀၀၀ ကျပ်ရှိ၍ ယခု မတ်လ ၄ ရက်တွင် ပဲအဟောင်း ၆၈၁,၀၀၀ ကျပ်၊ ပဲအသစ်မှာ ၆၉,၀၀၀ ကျပ်ထိကျဆင်း၍ တစ်တန် ကျပ်ငါးသောင်းဝန်းကျင်ထိကျ ဆင်းနေသည်။

ထို့အတူ SQRC မှာလည်း တစ်တန် လျှင် ၈၀၅,၀၀၀ ကျပ်မှ ၇၇၀,၀၀၀ ကျပ်ထိ ကျဆင်း၍ တစ်တန်လျှင် ၃၅,၀၀၀ ကျပ် ကျဆင်းသကဲ့သို့ ပဲစင်းငုံမှာလည်း တစ်တန် လျှင် ၇၁၀,၀၀၀ ကျပ်မှ ၆၇၅,၅၀၀ ကျပ်ထိကျ ဆင်း၍ ၃၅,၀၀၀ ကျပ်ထိကျဆင်းနေခဲ့ သည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၈၉၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၇၀ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၅၅ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၃၀ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၃၄ | ကျပ် |

၂၀၁၁ မတ်လ ၅ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၄၄ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၁၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၂. ၂၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၅၆၇ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၈၉ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၆၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၇. ၅၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၂၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၄၃ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၃၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၀၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၇၂၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၃၅၅၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၈၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၂၈. ၁၇၁ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၄၂၈. ၆၀၀ |
| ရေနံ | စည် | ၁၁၅. ၉၇၀ |
| ငွေ | ၁ အောင်စ | ၃၅. ၃၂၇ |
| ကြေးနီ | ပေါင် | ၄၄၈. ၅၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၈၀၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၁ မတ်လ ၅ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## ဆန်ချောစပါးဈေး ဆက်တက်

**ပြည်သိမ်း**

ရန်ကုန်၊ မတ် - ၅

ပြည်တွင်းဆန်ဈေးကွက်တွင် ဆန်ချောနှင့်ဆန်ကြမ်းဈေးများ စတင်ကျဆင်းလာသော်လည်း ဆန်ချောစပါးဈေးမှာ အနည်းငယ်ထပ်မံမြင့်တက်လာကြောင်း ဆန်စပါးကုန်သည်များကပြောသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြည်ပသို့ ဆန်တင်ပို့ခွင့် ယာယီရပ်ဆိုင်းထားပြီးနောက်ပိုင်း တစ်ပတ်အတွင်း ဆန်ကြမ်းဈေးတစ်အိတ်လျှင် ကျပ် ၁,၀၀၀ မှ ၁,၅၀၀ အတွင်းဈေးကျလာသည်။ ဆန်ကြမ်းစပါးဈေးမှာလည်း တင်းတစ်ရာလျှင် ကျပ်နှစ်သောင်းကျော် ဈေးကျလာသည်။

သို့သော် ဆန်ချောစပါးမှာ ဆက်လက်မြင့်တက်နေသည်။ စပါးပေါ်ချိန်က ဆန်ချောစပါး ဈေးကျဆင်းခဲ့သည့်အတွက် အချို့က ပေါ်ဆန်းစပါးအမျိုးအစား သက်လတ်နှင့် သက်နုတို့ကိုသာ ပြောင်းလဲစိုက်ပျိုးကြသည်။ ထို့အပြင် ယခုနှစ် စပါးပေါ်ချိန်တွင် ရာသီဥတုကြောင့် အထွက်နှုန်း ထိခိုက်မှုရှိခဲ့ပြီး ဆန်ချောစပါးဈေးမှာ လက်ကျန်နည်းကာ ဈေးနှုန်း ဆက်လက်မြင့်တက်ရခြင်းဖြစ်ကြောင်း မြောင်းမြမြို့မှ ဆန်ကုန်သည်တစ်ဦးကသုံးသပ်သည်။

"ဆန်ကြမ်းက နွေစပါးပေါ်တော့မှာဆိုတော့ ရှေ့ဆက်ပြီး ဈေးကကျမှာပဲ။ ဆန်ချောက ဒီရက်ပိုင်းမှာတောင် တင်းတစ်ရာကို ကျပ်လေး၊ ငါးသောင်းလောက် ဈေးထပ်တက်သွားတယ်" ဟု အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

ထို့အပြင် ရန်ကုန်ဈေးကွက်သို့ ရွှေဘိုပေါ်ဆန်းဆန်ချောဝင်ရောက်မှုမှာလည်း ယခုရက်ပိုင်းတွင် ပုံမှန်မရှိပေ။ ကုန်တင်ခဈေးကြီး၍ ကားဖြင့် အလာနည်းပြီး ရထား၊ သင်္ဘောတို့နှင့် တင်ပို့လာသော်လည်း ဈေးနှုန်းမှာ သိသိသာသာကျဆင်းခြင်းမရှိဘဲ ဧရာဝတီတိုင်းဒေသကြီးမှ ဆန်ချောများဝင်ရောက်မှုမှာ လျော့နည်းကြောင်း လမ်းမတော် မော်တင်မှ ဆန်ကုန်သည်တစ်ဦးက ပြောသည်။

ရန်ကုန်ဈေးကွက်၌ ဆန်ဈေးသည် ဖေဖော်ဝါရီလကုန်ပိုင်းရက်သတ္တပတ်တွင် ဆန်ကြမ်းတစ်အိတ်လျှင် ကျပ် ၁၈,၀၀၀ ဝန်းကျင်ရှိရာမှ မတ်လ ပထမပတ်တွင် ကျပ် ၁၆,၀၀၀ ဝန်းကျင်ထိ ဈေးပြန်ကျလာသည်။ ယင်းကဲ့သို့ပင် ဆန်ချောမှာလည်း ရန်ကုန်ဈေးကွက်မှာ တစ်အိတ်လျှင် ၂၇,၀၀၀ ကျပ် ၂၆,၀၀၀ ကျပ်ဝန်းကျင်သို့ ပြောင်းလဲလာသည်။ သို့သော် ရွှေဘိုပေါ်ဆန်းမှာ ဈေးကျဆင်းမှုမရှိသေးကြောင်းလည်း သိရသည်။



**မိုးစပါးလက်ကျန်နည်းချိန်နှင့် နွေစပါးပေါ်ရန် တစ်လသာသာလိုတော့ချိန်တွင် ဆန်ကြမ်းဈေးကျဆင်းနေသည့်အတွက် နွေစပါးပေါ်ချိန်တွင် ဈေးဆက်ကျဖွယ်ရှိနေသည်။** ဓာတ်ပုံ- အောင်အောင်




7DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

# ရွှေဈေး တစ်ကျပ်သား ကျပ်ခုနစ်သိန်းထိ ဈေးကောင်းမည်ဟုခန့်မှန်း

**သိမ့်သိမ့်စိုး**

ရန်ကုန်၊ မတ် - ၂

ရွှေလုပ်ငန်းရှင်အများစုက ရွှေဈေးဆက်လက်တက်နိုင်ကာ ယခုနှစ်အတွင်း တစ်ကျပ်သားလျှင် ၇၀၀,၀၀၀ ကျပ်အထိ မြင့်တက်နိုင်ကြောင်း ခန့်မှန်းနေကြသည်။

ပြည်တွင်းရွှေဈေးနှုန်းမှာ ယခုတစ်ပတ်အတွင်း၌ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၇၅,၀၀၀ ကျပ်ဝန်းကျင်ဖြင့်ပင် တက်ဈေး၌ ငြိမ်နေပြီး အရောင်းအဝယ်နည်းနေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များကပြောသည်။


"ကမ္ဘာ့ရွှေဈေးကလည်း မြင့်နေတော့ ရွှေဈေးက ပြန်မကျဘူး။ ပုံမှန်အားဖြင့် ကမ္ဘာ့ရွှေဈေးက သကြင်္န်ပြီးရင် တက်လေ့ရှိတော့ ရွှေဈေးလည်း တက်မယ်လို့မှန်းတယ်။ လက်ရှိဈေးကနေ ဆက်တက်ရင် ဒီနှစ်က ခုနစ်သိန်းကျော်ထိဖြစ်နိုင်တယ်"ဟု ရွှေဆိုင်ပိုင်ရှင်ကိုဌေးကပြောသည်။

လတ်တလောဈေးကွက်ထဲတွင် ရွှေဈေးငြိမ်နေသေး၍ ရွှေဝယ်သူအများစုမှာ ဈေးကွက်လှုပ်ရှားမှုကိုစောင့်ကာ ဝယ်ယူသူနည်းနေသေးကြောင်းသိရသည်။

"အရောင်းအဝယ်ပါးတယ်လို့ ပြောလို့မရပေမယ့် ပုံမှန်ထက်တော့ လျော့တဲ့အနေအထားရှိတယ်"ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယခုရက်ပိုင်း ကမ္ဘာ့ရွှေဈေးနှုန်းမှာလည်း တစ်အောင်စလျှင် ၁,၃၉၀ ဒေါ်လာဝန်းကျင်နှင့် အမေရိကန်ငွေလဲနှုန်းမှာလည်း တစ်ဒေါ်လာလျှင် ၈၈၀ ကျပ်ဝန်းကျင်ရှိသည်။

ထို့ကြောင့် ယခုရက်ပိုင်းတွင် ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၇၂,၀၀၀ ကျပ်နှင့် ၁၅ ပဲရည်တစ်ကျပ်သားလျှင် ၆၄၀,၀၀၀ ကျပ်ရှိသည်။



**ရွှေဈေးမြင့်တက်လာမှုက နည်းနည်းချင်းဝယ်ယူစုဆောင်းသည့်အထည်ဈေးကွက်ကို ထိခိုက်စေသည်**
ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)




# ကျွန်းအစားထိုးသစ်သုံးပရိဘောဂများ နိုင်ငံတကာဈေးကွက်သို့ ပိုမိုတင်ပို့လာ

**သိမ့်သိမ့်စိုး**

ရန်ကုန်၊ မတ် - ၄

နိုင်ငံတကာဈေးကွက်သို့ ပရိဘောဂပစ္စည်းများ တင်ပို့မှုတွင် ကျွန်းသစ်ထုတ်လုပ်မှုလျော့ပြီး ဈေးမြင့်လာခြင်းကြောင့် ကျွန်းအစားထိုးသစ်သုံးပရိဘောဂများကို တင်ပို့မှုပြုလုပ်နေရကြောင်း သစ်ထွက်ပစ္စည်းများတင်ပို့မှုပြုလုပ်နေသော လုပ်ငန်းရှင်များကပြောသည်။



**ပြည်တွင်းတွင် လူတန်းစားတစ်ရပ်သာ သုံးစွဲအလှဆင်နိုင်တော့သည့် ကျွန်းဖြင့်ပြုလုပ်ထားသောပရိဘောဂပစ္စည်းများ။**

"ကျွန်းက ထုတ်လုပ်မှုပိုင်းမှာ နည်းလာပြီး ဈေးကလည်း မြင့်လာတော့ ဈေးသက်သာတဲ့ ကျွန်းအစားထိုးပစ္စည်းတွေ တင်ပို့မှုတွေ စလုပ်နေပြီ"ဟု ပရိဘောဂပစ္စည်းများ နိုင်ငံတကာသို့ တင်ပို့လျက်ရှိသော လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ကျွန်းဖြင့်ပြုလုပ်သော ပရိဘောဂပစ္စည်းအပါအဝင် သစ်ထွက်ပစ္စည်းတင်ပို့မှုမှာ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ချိန်မှစ၍ ၃၀ ရာခိုင်နှုန်းကျော်ကျဆင်းနေခဲ့ကာ မြင့်တက်မှုရှိမလာကြောင်း ၎င်းကပြောသည်။

"နိုင်ငံခြားဈေးကွက်မှာကလည်း ကျွန်းနဲ့လုပ်တဲ့ပစ္စည်းတစ်ခုကို ဒေါ်လာ ၁၅၀ ပေးဝယ်မယ့်အစား တခြားအသားနဲ့လုပ်တဲ့ ပစ္စည်းကို ဒေါ်လာ ၄၀ ပေးပြီး ဝယ်သုံးလာတော့ ဈေးသက်သာတဲ့သစ်တွေလုပ်တဲ့ဟာကို ထိုးဖောက်လာတဲ့သဘော"ဟု ပရိဘောဂလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်တစ်ဦးကပြောသည်။


ကျွန်းအစားထိုးသစ်များဖြစ်သော ပျဉ်းကတိုး၊ အင်၊ ကညင်၊ ကောင်းမှူ၊ ယမနေ၊ နှော စသည့်သစ်များဖြင့်ပြုလုပ်သော ပစ္စည်းများကို အစ္စရေး၊ တူရကီနိုင်ငံများအပါအဝင် ဥရောပနိုင်ငံအချို့သို့ တင်ပို့မှုများပြုလုပ်နေသည်။

လက်ရှိတွင် နိုင်ငံတကာဈေးကွက်၌လည်း အဆိုပါ ကျွန်းအစားထိုးပစ္စည်းများကို စမ်းသပ်အသုံးပြုနေပြီး ရေရှည်အသုံးခံမှုကို သိလာပါက ၎င်းတို့မှာ ကျွန်းနှင့်တန်းတူ ဈေးကွက်ရရှိလာနိုင်ကြောင်း ပရိဘောဂလုပ်ငန်းရှင်များကပြောသည်။

# 7DAY BOOK REVIEW

## မင်္ဂလာတရားတော် (ဆရာတော်ဦးဇောတိက)

**7Day News ဂျာနယ် ကိုးနှစ်ပြည့်တွင် မဟာမြိုင်တောရဆရာတော်ဦးဇောတိက၏ မင်္ဂလာတရားတော် စာအုပ်အသစ်ကို ဖတ်ညွှန်း ဖော်ပြလိုက်ပါသည်။**




မင်္ဂလာတရားတော်ဆိုသည့် ၃၈-ဖြာမင်္ဂလာကို ဗုဒ္ဓဘာသာဝင်တိုင်း အကျွမ်းတဝင်ရှိကြပါလိမ့်မည်။ သို့ရာတွင် အနေနီးကပ်လွန်းသော မင်္ဂလာတရားတော်ကို အနုလုံ-ပဋိလုံအစမှအဆုံးတိုင် နှုတ်လုံးသွင်းဆင်ခြင်မှုမျိုး ဘယ်နှကြိမ်ကြုံခဲ့ပြီးပြီလဲဟု မေးခွန်းထုတ်ပါက မည်သို့ဖြေကြမည်နည်း။ မင်္ဂလာတရားတော်နှင့်ပတ်သက်၍ ရဟန်းသံဃာပုဂ္ဂိုလ်အကျော်အမော်များစွာတို့က အနက်ပြန်ဆိုမှု၊ အဓိပ္ပာယ်ဖွင့်ဆိုမှု၊ ရှုထောင့်အသီးသီးမှ လေ့လာမှုများရှိခဲ့ကြရာ ယခုစာအုပ်သည် ဆရာတော်ဦးဇောတိက၏မူအတိုင်း လေးနက်သော မင်္ဂလာတရားကို အရပ်သားနားလည်အောင် ပါဠိစာသားနည်းနည်းဖြင့် ကျိုးကြောင်းပြဆင်ခြင်ကာ ဟောကြားသောတရားတော်ဖြစ်ပေသည်။

လွန်ခဲ့သောကိုးနှစ် ၂၀၀၂ ခုနှစ်က ဆရာတော်ဦးဇောတိက ဂျပန်နိုင်ငံသို့သွားရောက်စဉ် ဟောကြားတော်မူခဲ့သောတရားတော်ကို ထပ်မံဖြည့်စွက်ချက်များဖြင့် စာအုပ်အဖြစ်ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ ဆရာတော်သည် မင်္ဂလာတရားတော်များကို ဥပမာအားဖြင့် 'ပုဗ္ဗေစကတပုညတာ' (ပြုခဲ့ဖူးတဲ့ကုသိုလ်ကောင်းမှုတွေများခဲ့ခြင်း၊ ရှိခဲ့ခြင်း) အတ္တသမ္မာပဏိဓိ(ကောင်းမြတ်တဲ့အကျင့် လမ်းစဉ်အတိုင်းနေခြင်း) ဗာဟုသစ္စဥ္စသိပ္ပဥ္စ (အသိအမြင်ဗဟုသုတများတဲ့သူ ကြွယ်တဲ့သူဖြစ်ခြင်း) ဝိနယောစ သုသိက္ခိတော(ကိုယ်လုပ်တဲ့ကိစ္စမှန်သမျှမှာ စည်းကမ်းရှိခြင်း)စသည်ဖြင့် အများနားလည်အောင် ဥပမာ-ဥပမေယျရှင်းလင်းချက်များနှင့် ဟောကြားထားပါသည်။ အထူးသဖြင့် ဆရာတော်ဦးဇောတိက၏မူအတိုင်း သက်ဆိုင်ရာကဏ္ဍများ၌ အဆိုအမိန့်လေးများ ထည့်သွင်းထားရာ ထိုအဆိုအမိန့်လေးများကို မင်္ဂလာတရားတော်နှင့် ယှဉ်၍ လွယ်လွယ်သိမြင်နိုင်အောင် ဟောကြားထားသဖြင့် ဘာသာခြားလူမျိုးခြားများသာမက လူငယ်လူရွယ်များ အလွယ်တကူသဘောပေါက်နားလည်စေသော တရားစာများဖြစ်ပေသည်။ ဥပမာအားဖြင့်- ပုတ္တဒါရဿသင်္ဂဟော(ကိုယ့်အိမ်သူဇနီးနှင့်သားသမီးတွေကိုပြုစုခြင်း၊ ယုယခြင်း) ၌ "အိမ်မှာမိသားစုအချင်းချင်း တစ်ယောက်နဲ့တစ်ယောက် ကောင်းကောင်းမွန်မွန်ပွင့်ပွင့်လင်းလင်း၊ တိုင်တိုင်ပင်ပင်ပြောဆိုဆက်ဆံတတ်တဲ့အလေ့အကျင့်မျိုး။ သားသမီးရဲ့ဆန္ဒ၊ မိဘရဲ့ဆန္ဒ၊ အသိအမှတ်ပြုပြီးတော့မေးပြီးမှ ဆုံးဖြတ်တဲ့အလေ့အကျင့်မျိုးလုပ်ခဲ့မယ်ဆိုရင် ဒီကလေးဟာ ကြီးလာတဲ့အခါမှာ ဘယ်ကိစ္စပဲဖြစ်ဖြစ် မိဘနဲ့တိုင်တိုင်ပင်ပင် စဉ်းစဉ်းစားစားဆုံးဖြတ်တဲ့ ကလေးဖြစ်လာမယ်။ တစ်ဖက်သတ်၊ တစ်ကိုယ်ကောင်းမဆန်တော့ဘူး" ဟူ၍လည်းကောင်း၊ ဂါရဝေါ စ နိဝါတောစ(ရိုသေသင့်ရိုသေထိုက်တဲ့ပုဂ္ဂိုလ်များကိုရိုသေခြင်း၌ "နှိမ့်ချတာဟာ အောက်ကျို့တာမဟုတ်ဘူး။ အောက်ကျို့တာက စိတ်ထဲမှာ မအီမသာခံစားမှု ကိုယ့်ကိုယ်ကိုယ် နိမ့်ကျသွားတဲ့ခံစားမှုရှိတယ်။ နှိမ့်ချတာက ကျေကျေနပ်နပ်ပဲ ကိုယ့်မာန်ကို ချထားလိုက်တာ" ဟူ၍လည်းကောင်း ရေးသားထားပါသည်။

ရေတံခွန်စာပေမှ စာအုပ်အပြင်အဆင် သေသပ်စွာနှင့် တန်ဖိုး ၁,၄၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

# Knowledge ပဟုသုတ

## Transit မှာစောင့်ဆိုင်းရတဲ့အခါ မငြီးငွေ့စေတဲ့ လေဆိပ်တွေ

ခရီးသွားရင်းလေယာဉ်ပြောင်းစီးရသည့် Transit ကို ခရီးသည်အများစု မပြုလုပ်လိုကြပေ။ သို့သော်လည်း ကမ္ဘာပေါ်ရှိ လေဆိပ်ကြီးအချို့မှာမူ အချိန်ကုန်မှန်းမသိအောင် အချိန်ဖြုန်းရန်အကောင်းဆုံးဝန်ဆောင်မှု လုပ်ငန်းများပါရှိသဖြင့် စောင့်ဆိုင်းချိန်ကြာလေကောင်းလေဟူ၍ ခရီးသည်များက ဆန္ဒရှိကြသည်ဟုဆိုသည်။ ခရီးသည်များ အချိန်ကြာကြာစောင့်ဆိုင်းလိုကြသည့် လေဆိပ်များကို ဖော်ပြလိုက်ပါသည်။

**အမ်စတာဒမ် Schiphol လေဆိပ် - ဟော်လန်ကာစီနိုကစားဝိုင်းရှိပြီး** ခရီးထွက်ရာတွင်ကုန်ကျခဲ့သမျှကို ပြန်ရှာနိုင်မည့်လေဆိပ်တစ်ခုဖြစ်သည်။

**ဟောင်ကောင်အပြည်ပြည်ဆိုင်ရာလေဆိပ် - ခရီးပန်းမှုကို ပြေလျော့စေနိုင်မည့်** Sky City Nine Eagles ဂေါက်ရိုက်ကွင်းရှိသည်။

**စင်ကာပူချန်ဂီလေဆိပ်** - အပေါ်ဆုံးထပ်တွင် ရေကူးကန်နှင့် Spa ပါရှိပြီး အဖျော်ယမကာလည်း အခမဲ့သောက်သုံးနိုင်သည်။

**ဆစ်ဒနီလေဆိပ်** - ဆွစ်ဇာလန်နိုင်ငံအပြင်ဘက်တွင် တစ်ခုထဲသာရှိသည့် Montreaux Jazz Cafe တွင် အပန်းဖြေနိုင်မည်ဖြစ်သည်။

**လန်ဒန်ဂက်ဝစ်လေဆိပ်** - အသားညိုအောင်ပြုလုပ်ရန် အချိန်မပေးနိုင်သည့် ဗြိတိန်နိုင်ငံသား ၅၆ ရာခိုင်နှုန်း၏ဆန္ဒကို နာမည်ကျော် အသားညိုဆေး St Tropez ကဖြည့်ဆည်းပေးခဲ့သည်။ ခရီးသည်များသည် လေယာဉ်ပေါ်မတက်ခင်တွင် အသားညိုဆေး(Tanning Spray) အခမဲ့ဖြန်းခွင့်ရသည်ဟု သိရသည်။

—Source: Reader's Digest

# တစ်ပတ်တာကံကြမ္မာ

မတ် ၉ ရက် မှ ၁၅ ရက် အထိ

## ARIES မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

ရန်များမည်။ ပဋိပက္ခများနှင့်ထိပ်တိုက်ရင်ဆိုင်တွေ့မည်။ လက်လွန်ထားသောငွေကြေး၊ ပစ္စည်းများအတွက် စကားပြောရမည်။ အိမ်ထောင်ရေး၊ လူမှုရေးအညှိမျာ်းရှိမည်။ စကားအရှုပ်အထွေးများပြောဆိုရခြင်းရှိမည်။ ပြောမှား၊ ဆိုမှားဖြစ်တတ်သည်။ စေတနာနှင့်ပြောဆိုခြင်းအပေါ် ရန်စကားနှင့်တုံ့ပြန်ခြင်းမျိုးကြုံတတ်သည်။ အလိုအလျောက်စိတ်တိုဒေါသထွက်နေမည်။

## TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

အခက်အခဲများကိုဖြေရှင်း၍ တိုးတက်သောအနေအထားသို့ရောက်ရှိမည်။ အပြောင်းအလဲနှင့်တိုးတက်မည်။ ခရီးသွား၍အကျိုးပေးမည်။ လူမျိုးခြားများနှင့် တိုက်ရိုက်ဆက်စပ်၍ လုပ်ကိုင်သောကိစ္စများမှ ထင်ရှားသောအကျိုးအမြတ်ရရှိမည်။ အကြီးအကဲများထံမှ အထောက်အကူကောင်းရမည်။ ဝေးကွာနေသောချစ်သူဟောင်း၊ မိတ်ဆွေဟောင်းများနှင့် ပြန်လည်ဆုံစည်းမည်။

## GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ယှဉ်ပြိုင်မှုများအောင်မြင်မည်။ နာမည်ကောင်းသတင်းနှင့် လုပ်ငန်းတိုးတက်ခြင်းရှိမည်။ ငွေကြေးကံကောင်းမည်။ အပြိုင်အဆိုင်အားလုံးကိုကျော်လွှား၍ တိုးတက်မှုများရရှိမည်။ စီးပွားလမ်းကြောင်းသစ်ဖြင့် အောင်မြင်မှုများ ဖန်တီးနိုင်မည်။ လုပ်ငန်းခွင်အတွင်း ထူးခြားသောအပြောင်းအလဲရှိမည်။ ပုံမှန်မဟုတ်သောလမ်းကြောင်းဖြင့် အဆင့်မြင့်တိုးတက်မှုများရရှိမည်။

## CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

အပျောက်အရှအကုန်အကျများမည်။ ရင်းနှီးသူများနှင့် စကားများရမည်။ ရန်အတိုက်အခံများနှင့် ထိပ်တိုက်တွေ့မည်။ စာရွက်စာတမ်းလက်မှတ်ထိုးခြင်း၊ ငွေကြေးလက်လွှဲလက်ပြောင်းသတိရှိပါ။ တန်ဖိုးကြီးမြင့်သောပစ္စည်းများဝယ်ယူရန် အခါမသင့်။ ဈေးကြီးမိတတ်သည်။ အလောတကြီး ဝယ်ယူမြှုပ်နှံရန်မသင့်။ ဆုံးရှုံးတတ်သည်။ မည်သည့်ကိစ္စကိုဆောင်ရွက်စေ တစ်ကြိမ်မက စဉ်းစားချင့်ချိန်ပြီးမှ ဆောင်ရွက်ပါ။

## LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

အရာရာအဆင်ပြေ၍ စိတ်အေးချမ်းသာစရာများဆက်တိုက်ဖြစ်မည်။ မိသားစုလိုက် ငွေကြေးကံ၊ လုပ်ငန်းကံတိုးတက်မည်။ ဥစ္စာဖွံ့ဖြိုးမည်။ အပြိုင်အဆိုင်အားလုံးကိုကျော်လွှား၍ အဆင့်မြင့်အောင်မြင်မှုရမည်။ ငွေကြေးအပေးအယူကိစ္စများတွင် အကျိုးအမြတ်ကောင်းရရှိမည်။ စိတ်ချမ်းမြေ့စရာများ ဆက်တိုက်ဖြစ်လာမည်။ မေတ္တာရေးကံကောင်းသည်။ မိတ်ဆွေအကြီးအကဲများထံမှ အထောက်အကူကောင်းများရမည်။

## VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

လူမျိုးခြားအကျိုးပေးမည်။ အရပ်ဝေးနှင့်ဆက်သွယ်ပြီး လုပ်ကိုင်ဆောင်ရွက်သောကိစ္စရေးရာ အဖြာဖြာမှ ထူးခြားထင်ရှားသောအောင်မြင်မှုအဆင့်ဆင့်ရမည်။ ရုတ်ခြည်းဆုံးဖြတ်၍ အရှိန်အဟုန်ပြင်းစွာ လုပ်လိုက်သောကိစ္စများမှ ကောင်းကျိုးရရှိမည်။ အရပ်တစ်ပါးနှင့် ဆက်သွယ်လုပ်ကိုင်၍ အကျိုးရှိမည်။ စွန့်စားပြီး လုပ်ကိုင်လိုက်သောကိစ္စများမှ ထူးခြားသောအကျိုးဆက်ရမည်။

## LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

ရင်းနှီးသူများနှင့်စကားများရတတ်သည်။ လက်လွှတ်ထားသောငွေကြေးများ လက်ဝယ်ပြန်လည်ရရှိမည်။ လက်ခက်သောသူများထံမှ ငွေကြေးများပြန်ရမည်။ ရပ်တန့်ထားသောလုပ်ငန်းများ၊ ဆိုင်းငံ့ထားသည့်ကိစ္စများကိုပြန်လည်ဆောင်ရွက်နိုင်သည်။ လူယုံထား၍မရ။ မည်သည့်ကိစ္စကိုမဆို ကိုယ်တိုင်ကိုယ်ကျလုပ်၍အကျိုးရှိမည်။ တစ်ပါးသူအား ယုံကြည်လွှဲအပ်၍ လုပ်ကိုင်က အကျိုးမဲ့မည်။

## SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

အထူးသတိရှိရမည်။ အန္တရာယ်များဝန်းရံနေမည်။ လူယုံဒုက္ခပေးမည်။ စေတနာက ဝေဒနာဖြစ်မည်။ အိမ်တွင်းရေး၊ လူမှုရေးအညှိမျာ်းရှိမည်။ အပြိုင်အဆိုင်များနှင့် ထိပ်တိုက်တွေ့မည်။ ဝေဖန်ခြင်း၊ အနှောင့်အယှက်ပြုခြင်းကြုံမည်။ ဥစ္စာခနတိုးပွားမည်။ သို့သော် ထိုတိုးတက်မှုအပေါ် လိုက်လံလုယူနှောင့်ယှက်သူများရှိမည်။ ပစ္စည်းအပျက်အစီး၊ အပျောက်အရှများမည်။ ရောင်းမှားဝယ်မှားဖြစ်မည်။

## SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

ရုတ်တရက် ပေါ်ပေါက်လာသောအပြောင်းအလဲများကို အသုံးချ၍ တိုးတက်သောအခြေအနေနှင့် ကံမြင့်မားခြင်းကိုဖန်တီးဖော်ထုတ်နိုင်မည်။ လူမျိုးခြားများနှင့် ပူးတွဲဆောင်ရွက်မှုများ အဆင်ပြေမည်။ အရပ်ဝေးမှ မိတ်ဟောင်းများနှင့် ဆုံစည်းမိပြီး အလုပ်သစ်၊ အကြံသစ်များ ဆောင်ရွက်နိုင်မည်။ အလှူအတန်းသို့မဟုတ် မင်္ဂလာဆောင်တစ်ခုတွင် လုပ်ငန်းနှင့်ပတ်သက်ပြီး အလုပ်ကိစ္စထူးခြားချက်ရှိမည်။

## CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

အခက်အခဲများကိုဖြေရှင်းနိုင်တိုးတက်မှုလမ်းစသစ်များပေါ်ထွန်းမည်။ ချက်ချင်းဆုံးဖြတ်ပြီး လက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်သည်များမှ ထူးခြားသောတက်လမ်းများရရှိမည်။ နာမည်အောင်မြင်မှုများရရှိမည်။ တစ်ခုထက်မကသော အလုပ်များ တစ်ပြိုင်တည်း လုပ်ကိုင်အကျိုးပေးမည်။ လူမျိုးခြားများနှင့် ပူးပေါင်းဆောင်ရွက်၍ အကျိုးဖြစ်ထွန်းမည်။ ငွေကုန်များမည်။ အချစ်ရေးကံကောင်းမည်။

## AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

စိတ်အနှောင့်အယှက်များဖြစ်မည်။ ရန်အနှောင့်အယှက်များနှင့်ယှဉ်ပြီးလုပ်ရမည်။ ဆောင်ရွက်သမျှ အတားအဆီးများကြုံမည်။ ပြီးမှ လိုရာဆောင်ရွက်အောင်မြင်မည်။ ငွေကြေးကိစ္စ အငြင်းပွားစရာများကြုံမည်။ စီးပွားရေးအတွက် ကြီးမားသောငွေကြေးမြှုပ်နှံမှုများ ဆောင်ရွက်ရန်မသင့်။ မတော်တဆထိခိုက်မှု အထူးဂရုစိုက်ရမည်။ နာမည်သိက္ခာထိခိုက်အောင် ဆောင်ရွက်သူများရှိမည်။

## PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

အထူးကောင်းသည်။ အရာရာအဆင်ပြေမည်။ အခက်အခဲများကျော်လွှားပြီး တိုးတက်မှုအဆင့်ဆင့်ရမည်။ အကြီးအကဲများထံမှ အထောက်အကူကောင်းရမည်။ အလိုရှိသလောက် ပြည့်စုံမည်။ အပြိုင်အတိုက်အခံများကျော်လွှား၍ အောင်မြင်မှုများရရှိမည်။ အရေးကြီးသောဆုံးဖြတ်ချက်များချမှတ်နိုင်မည်။ ပျိုရွယ်သူများ စန်းကောင်းသည်။ ငွေကြေးကံကောင်းမည်။ လာဘ်ပွင့်မည်။ ဥစ္စာတိုးပွားမည်။

7 DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011



# မိုးခေါင်ရေရှားမှု၊ ရေကြီးမှုနှင့် စားနပ်ရိက္ခာ

ကြည်နေဝင်းမင်း

ကျွန်တော်တို့ ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာအကျပ်အတည်းနဲ့ ကြုံတွေ့နေရပါတယ်။ သုံးနှစ်အတွင်း ဒုတိယအကြိမ်ကြုံနေရတာပါ။ ဂျုံ၊ ပြောင်း၊ သကြားနဲ့ ဆီဈေးနှုန်းတွေ အကြီးအကျယ်မြင့်တက်ခဲ့ရာကနေ ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းတွေ ဇန်နဝါရီလမှာ စံချိန်တင်ခဲ့ပါတယ်။ ဒီဈေးနှုန်းမြင့်တက်မှုတွေဟာ အမေရိကန်နိုင်ငံရဲ့ ငွေကြေးဖောင်းပွမှုအပေါ် အသင့်အတင့်ပဲ သက်ရောက်မှုရှိပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ဝင်ငွေအများစုကို အခြေခံစားသောက်ကုန်တွေပေါ်မှာ အသုံးပြုနေရတဲ့ ကမ္ဘာ့ဆင်းရဲသားများအပေါ်မှာတော့ ရက်ရက်စက်စက် သက်ရောက်မှုရှိပါတယ်။

စားနပ်ရိက္ခာအကျပ်အတည်းရဲ့ အကျိုးဆက်ဟာ စီးပွားရေးပညာကို ကျော်လွန်သွားပါတယ်။ တကယ်တော့ အရှေ့အလယ်ပိုင်းက ဖိနှိပ်ချုပ်ချယ်အကျင့်ပျက်ခြစားနေတဲ့ အစိုးရတွေအပေါ်မှာ ဘာ့ကြောင့် ပုန်ကန်ထကြွမှု ဖြစ်ပေါ်ခဲ့ရသလဲ ဆိုတာထက် ဘာ့ကြောင့် အခုအချိန်မှာမှ အုံကြွမှုတွေဖြစ်ပေါ်လာရသလဲ ဆိုတာက ပိုပြီးမေးခွန်းထုတ်စရာကောင်းပါတယ်။ မိုးထိမြင့်မားနေတဲ့ စားသောက်ကုန်ဈေးနှုန်းတွေက လူထုရဲ့ အမျက်ဒေါသကို မောင်းဖြုတ်ပေးရာမှာ အရေးပါတယ်ဆိုတာကတော့ မေးခွန်းထုတ်စရာမဟုတ်ပါဘူး။

ဒါဆိုရင် ဈေးနှုန်းတွေ ရုတ်တရက်မြင့်လာခဲ့တဲ့ နောက်ကွယ်ကအကြောင်းအရင်းက ဘာပါလဲ။ အမေရိကန် လက်ယာယိမ်းနိုင်ငံရေးသမားတွေကတော့ ဗဟိုဘဏ်ရဲ့ငွေလွယ်လွယ်ထုတ်တဲ့ ပေါ်လစီတွေကို အပြစ်တင်ပြီး ထင်မြင်ချက်ပေးသူ အနည်းဆုံးတစ်ယောက်ကတော့ ဘင်ဘာနန်ကီး (အမေရိကန်ဗဟိုဘဏ် ဥက္ကဋ္ဌ) လက်မှာ သွေးစွန်းနေပြီလို့ ကြေညာခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ ပြင်သစ်သမ္မတ ဆာကိုဇီကတော့ ဈေးနှုန်းတွေတက်မယ်လို့ ကြိုတင်မှန်းဆရှယ်ယာရောင်းဝယ်သူတွေဟာ ငွေညှစ်သူတွေလို့ စွပ်စွဲပါတယ်။

ဒါပေမဲ့လည်း လက်တွေ့အထောက်အထားတွေကတော့ မတူညီတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ပြောနေပါတယ်။ စားနပ်ရိက္ခာဈေးနှုန်းတွေအရှိန်အဟုန်နဲ့ မြင့်တက်လာမှုမှာ အခြားအကြောင်းအရင်းတွေ ပါဝင်ပတ်သက်နေတယ်ဆိုသော်ငြားလည်း ထူးထူးခြားခြားထင်ရှားနေတာကတော့ ပြင်းထန်တဲ့ ရာသီဥတုဖြစ်ရပ်တွေက စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုကို ထိခိုက်စေတယ်ဆိုတဲ့ အခြင်းအရာပါပဲ။ တစ်ဖန်ဒီလိုပြင်းထန်တဲ့ ရာသီဥတုအခြေအနေတွေဆိုတာ ဖန်လုံအိမ်ဓာတ်ငွေ့စုပြုံလာချိန်မှာ ရာသီဥတုပြောင်းလဲပြီး ဖြစ်ပေါ်လာတဲ့ အခြေအနေလို့ ကျွန်တော်တို့မျှော်လင့်ထားပြီးသား။ ဒါဟာ ဘာလဲဆိုတော့စားသောက်ကုန်ဈေးနှုန်းမြင့်တက်မှုဟာ အစပဲရှိသေးတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

မှန်ပါတယ်။ တရုတ်နိုင်ငံလိုထွန်းသစ်စ ဈေးကွက်တွေဖွံ့ဖြိုးတိုးတက်လာမှုဟာ အသားစားသုံးမှုတွေကို မြင့်တက်လာစေတယ်။ ဒါ့ကြောင့် တိရစ္ဆာန် အစာအတွက် လိုအပ်ချက်မြင့်တက်လာတယ်။ နောက်တစ်ချက် အနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းကထုတ်လုပ်တဲ့ ကုန်ကြမ်းပစ္စည်းတွေအထူးသဖြင့် ဝါဂွမ်းဟာ စားသောက်ကုန်သီးနှံတွေရဲ့ မြေနေရာ အခြားအရင်းအမြစ်တွေအတွက်ယှဉ်ပြိုင်နေတယ်ဆိုတာလည်းဟုတ်ပါတယ်။ ပြောင်းသီးနှံအများအပြား အသုံးပြုတဲ့ အီသနောထုတ်လုပ်မှုလည်း ထိုနည်းတူစွာပါပဲ။ ဒါဆိုရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ဆိုးရွားတဲ့ စွမ်းအင်ပေါ်လစီတွေက စားသောက်ကုန်ဈေးနှုန်းမြင့်တက်မှုမှာ တစ်ဖက်တစ်လမ်းက ပါဝင်နေတယ်ဆိုတာအသေအချာပါပဲ။

သို့ဖြစ်စေကာမူ လွန်ခဲ့တဲ့နွေရာသီကာလတိုင်အောင် စားသောက်ကုန် ဈေးနှုန်းတွေဟာ အခြားကုန်ပစ္စည်းတွေလောက်ဈေးမကြီးပါဘူး။ အဲဒီအချိန်မှာပဲ ရာသီဥတုက အစွမ်းပြပါတော့တယ်။

ဂျုံကိစ္စကို စဉ်းစားကြည့်မယ်ဆိုရင် (မနှစ်ကထက်စာလျှင် ဂျုံဈေးနှုန်းများ နှစ်ဆမြင့်တက်ခဲ့တယ်) ကမ္ဘာ့ဂျုံထုတ်လုပ်မှု သိသိသာသာကျဆင်းခဲ့တဲ့အတွက် ဈေးနှုန်းမြင့်တက်ခဲ့တာ ထင်ရှားပါတယ်။ အဲဒီကုန်ထုတ်လုပ်မှု အများစု ကျဆင်းခဲ့တာ ရုရှားနိုင်ငံမှာဖြစ်ခဲ့တာပါ။ ဒါဘာကြောင့်လဲဆိုတာ ကျွန်တော်တို့သိပါတယ်။ စံချိန်တင်ခဲ့တဲ့ အပူလှိုင်းကျရောက်မှုနဲ့ မိုးခေါင်ရေရှားမှုကြောင့်ပါပဲ။ အပူလှိုင်းကျလို့ မော်စကိုမြို့မှာ အပူချိန်တွေ မကြုံစဖူး ၁၀၀ ဒီဂရီကျော်ခဲ့ပါတယ်။

ရုရှား အပူလှိုင်းကျရောက်မှုဟာ မကြာသေးမီကဖြစ်ပေါ်ခဲ့တဲ့အစွန်းရောက် ရာသီဥတုအဖြစ်အပျက်တွေထဲက နမူနာတစ်ခုပဲ ဖြစ်ပါတယ်။ ဘရာဇီးနိုင်ငံမှ ခြောက်သွေ့ရာသီဥတုကြုံတွေ့ရခြင်းကနေ ဩစတြေးလျမှာ နိုင်ငံနဲ့အဝန်း ရေဘေးကြုံခဲ့ခြင်းက ကမ္ဘာ့စားနပ်ရိက္ခာထုတ်လုပ်မှုကို ထိခိုက်ခဲ့ပါတယ်။

ဒီနေရာမှာ မေးခွန်းထုတ်ရမှာကတော့ ဒီအစွန်းရောက်ရာသီဥတုတွေ ဘာကြောင့်ဖြစ်ပေါ်လာရသလဲ ဆိုတာပါပဲ။ အတိုင်းအတာတစ်ခုအထိတော့ သဘာဝဖြစ်ရပ် လာနီညာရဲ့ အကျိုးဆက်တွေကို ကျွန်တော်တို့ ကြုံတွေ့နေရတာပါ။ လာနီညာရာသီဥတုအခြေအနေဆိုတာ လေးငါးနှစ်မှာ တစ်ကြိမ်ဖြစ်တတ်တဲ့ အီကွေတာဒေသ ပစိဖိတ်ရေပြင်မှာ သာမန်ထက်ပိုပြီး အေးလာတဲ့ဖြစ်စဉ်ပါ။ နောက်လာနီညာ ဖြစ်ရပ်ဟာ သမိုင်းအထောက်အထားအရလည်း ကမ္ဘာ့စားနပ်ရိက္ခာအကျပ်အတည်းနဲ့ ဆက်နွှယ်နေပါတယ်။ ၂၀၀၇-၀၈ ဟာလာနီညာနှစ်ပါပဲ။

ဒါပေမဲ့ ဒါဟာ ဇာတ်လမ်းအပြည့်အစုံ မဟုတ်သေးပါဘူး။ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ကြည့်မယ်ဆိုရင် ၂၀၁၀ ပြည့်နှစ်ဟာ ၂၀၀၅ ခုနှစ်လိုပဲ ကမ္ဘာပေါ်မှာ အပူအနွေးဆုံးနှစ်အဖြစ် စံချိန်တင်တဲ့နှစ် ဖြစ်ပါတယ်။ ဒါတောင်မှ ဒီနှစ်မှာ နေအပူရှိန်လျော့ပါးရရှိခဲ့ပြီး လာနီညာရဲ့ သက်ရောက်မှုကြောင့် ဒုတိယနှစ်ဝက်မှာ အေးမြခဲ့ပါတယ်။ ဒါပေမဲ့ ဒီနှစ်မှာ ရုရှားအပါအဝင် နိုင်ငံပေါင်း ၁၉ နိုင်ငံထက် မနည်းအပူစံချိန်တင်ခဲ့ပါတယ်။ ဒါဟာ ကမ္ဘာ့မြေပြင် ဧရိယာရဲ့ ငါးပုံတစ်ပုံရှိပါတယ်။ စာ(၄၁)သို့

အလိုရှိသည်
၃၊ ၁၀ တန်းများကို Guide လုပ်ရန် လက်ရှိ B.Ed တက်နေသော 1st Year, 2nd Year ဆရာ/မများ အလိုရှိသည်။ အသက်ကြီး၍ အတွေ့အကြုံရှိသော အဆောင်မှူး ဆရာ/မ အလိုရှိသည်။ လိုအပ်သော အထောက်အထား စာရွက်စာတမ်းများနှင့် အမြန်ဆက်သွယ်ပါ။
ဆက်သွယ်ရန်-၀၉ ၅၀ ၆၁၁၁၈၊ ၀၁ ၅၀၁၉၉၂

နေရာလွတ်များ အလိုရှိသည်
1. Assistant Manager (Procurement) M/F (4) Posts
2. Account F (1) Post
3. Secretary F (1) Post
4. Reception F (1) Post

MYANMAR TOKIWA CORPORATION LTD.,
1. Engineer Male ( 5 ) Posts
2. Assist. Accountant Female ( 2 ) Posts
3. Sales & Marketing Manager Female ( 2 ) Posts
4. Factory Worker Male/Female (30) Posts
5. Driver Male ( 3 ) Posts
6. Sales Promoter ( Yangon ) Female ( 20 ) Posts
7. Sales Promoter ( Mandalay ) Female ( 10 ) Posts

TRADEMARK CAUTION
CONG TY BANH KEO HAI HA a company incorporated in Vietnam at 25 Truong Dinh, Hanoi, Vietnam change to CONG TY CO PHAN BANH KEO HAI HA a company incorporated in Vietnam at 25 Truong Dinh, Hanoi, Vietnam is the Owner and Sole Proprietor of the following Trademarks:-
Reg:No.4/5841/2003
Reg:No.4/5080/2009
In respect of : "Confectionery in International Class 30.".
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 10 March 2011

TRADEMARK CAUTION
Apollo Tyres A.G., a company(Aktiengesellschaft) incorporated under the law of Switzerland at Landis+Gyr-Strasse 1, 6300 Zug, Switzerland is the Owner and Sole Proprietor of the following Trademarks:-
AMAZER 3G MAXX
Reg:No.4/261/2010
AMAZER 3G
Reg:No.4/259/2010
ASPIRE MAXX
Reg:No.4/260/2010
In respect of : Intl Class 12 : Tyres, tubes and flaps for automobiles.
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 10 March 2011


City Mart Holding Co., Ltd.
City Mart Supermarket, Ocean Supercenter, Seasons Bakery & Café, Popular Bookstores, City Medic Pharmacy, City Baby Club,
City Books & Music
BIGGEST SAVING FOR MYANMAR NEW YEAR!
Saving Coupon
City Mart
မြန်မာနှစ်ဦးလက်ဆောင်
များများစု များများရမယ့် နှစ်သစ်အကြို အထူး အခွင့်အရေးကြီး
12,000
Ocean
City Books & Music
POPULAR
Bookstores


MAERSK
LINE
Be part of a world class organisation
URGENT 2/Es & 3/Es
FOR CONTAINER VESSELS
For our rapidly expanding, young & modern fleet
we invite applications for the following
2/E, 3/E, 4/E, E/E
• Excellent remuneration and loyalty benefits.
• Very young and technologically advanced diverse fleet.
• Long term continuous employment.
• Senior Officers flexible contract option of:
• 3 months on & 3 months off.
• 4 months on & 2 months off.
• Junior officers 5 months on & 2.5 months off.
• Contractual employment also available.
• Internet facility on board vessels.
• Family carriage for all officer ranks.
• Fast promotions.
• Timely reliefs.
• Medical & life coverage including when on paid leave.
• Family Medical Allowance.
• In house specialized training for career progression.
• Study scholarship for competency exams.
• Onboard personal fitness & wellness program.
For downloading application form, please visit our website
www.maerskcrewmanagement.com
Email the completed form to mcmsinjob@maersk.com
For enquiries please call us at +65 6318 3242 / 3817
WIN UNIVERSE LTD
[ U HLA MYINT THEIN ]
#906,Olympic Tower, Bo Aung Kyaw St,
Kyauktada Tsp, Yangon, Myanmar
Tel : (95-1) 245607 / 246679
Email : Cal@myanmar.com.mm /
winuniverse@myanmar.com.mm
MAERSK LINE
3, Harbourfront Place
#13-01 Harbourfront Tower 2
Singapore - 099254

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.1 · MARCH 10 , 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) Processor | 62,800 |
| Intel P4 Dual Core 2.7 (E 5400) Processor | 57,300 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 125,600 |
| Intel P4 Core i5 3.06 GHz (540) (1156) Processor | 115,600 |
| Intel P4 Core i7 2.93 Ghz (870) (1156) Processor | 274,800 |
| **Motherboard** | |
| MSI P41M-P33/P23 (775) Motherboard | 55,500 |
| MSI P43-C51 (775) Motherboard | 71,900 |
| MSI H55M-E32 (1156) Motherboard | 86,500 |
| MSI H55M-E33 (1156) Motherboard | 96,500 |
| ASUS P7P55D-ELX (1156) Motherboard | 141,000 |
| ASUS P7H55-MLX (1156) Motherboard | 81,900 |
| ASUS P5G41T-MLX (775) Motherboard | 56,400 |
| Gigabyte P41-ES3G (775) Motherboard | 68,300 |
| Gigabyte EP43-UD3L (1156) Motherboard | 91,000 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 20,000 |
| 2 GB DDR3 (1333) Kingston Memory | 22,800 |
| 4 GB DDR3 (1333) Kingston Memory | 42,800 |
| **Harddisk** | |
| 500 GB Seagate SATA | 41,000 |
| 1 TB Seagate SATA | 59,200 |
| 1.5 TB Seagate SATA | 80,000 |
| **PCI Express Card** | |
| MSI N220GT-MD 1G OC 1GB PCI Express Card | 76,400 |
| MSI 8400GS 512MB PCI Express Card | 40,000 |
| MSI R5570 MD 1GB 1GB DDR3 PCI Express Card | 88,300 |
| ASUS EAH 5750 Formula 1GB PCI Express Card | 143,800 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 51,900 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 73,500 |
| Gigabyte Geforce 220 OC 1GI 1GB PCI Express Card | 82,800 |
| Gigabyte 8400STC 512I 512MB PCI Express Card | 36,400 |
| **Memory Stick** | |
| Memory Stick Toshiba16 GB | 32,000 |
| Memory Stick SanDisk16 GB | 24,000 |
| Memory Stick SanDisk 8 GB | 16,000 |
| Memory Stick HP 8 GB | 16,000 |
| Memory Stick SanDisk 4 GB | 9,000 |
| Memory Stick Adata 4 GB | 10,000 |
| Memory Stick Apacer 4GB | 7,000 |
| **UPS** | |
| Power Tree (650 VA) | 38,000 |
| Power Tree (1.2 KVA) | 65,000 |
| SVC (600 VA) | 30,000 |
| SVC (1.2 KVA) | 58,200 |
| Power Pro (650 VA) | 34,500 |
| Allways (650 VA) | 32,000 |
| Allways (1.2 KVA) | 64,000 |
| EAST (650 VA) | 30,900 |
| EAST (1.2 KVA) | 59,200 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 27,300 |
| ASUS DVD Writer (SATA) | 29,100 |
| Liteon DVD Writer (SATA) | 24,600 |
| **အိတ်ဆောင်တီဗီငှကအဘီတန်** | 160,000 |

Technoland ဆိုင်မှ မတ်လ (၅) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 2.53Ghz 2GB DDR3,500GB HDD,15.6″ | 632,000 |
| Intel Core i5 2.67Ghz 2GB DDR3, 640GB HDD,14.0" | 791,000 |
| **Apple** | |
| Intel Core 2 Duo 2.4Ghz 4GB DDR3,250GB HDD,13.3″ | 1,040,000 |
| **HP** | |
| Intel Corei3 2.27Ghz 4GB DDR3,500GB HDD,15.6″ | 691,000 |
| **Sony** | |
| Intel Corei5 2.53Ghz 4GB DDR3,500GB HDD,15.5″ | 1,001,000 |
| **Toshiba** | |
| Intel Corei3 2.4Ghz 2GB DDR3,320GB HDD,14.0″ | 637,000 |
| **ViewSonic** | |
| Intel Core 2 Duo 1.3Ghz 2GB DDR2,320GB HDD,13.3″ | 586,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ မတ်လ (၄) ရက်က မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၀၅၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၀၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၆၈ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၀၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၂,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၁၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၇၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ မတ်လ (၄)ရက်က ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၃,၅၀၀-၄,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၂၅၀-၃၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၇၀၀-၈၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၁,၅၀၀-၂,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၅၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ မတ်လ (၅) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၉၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၂၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၉၀၀-၁,၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၄,၅၀၀-၅,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၂၀၀-၂,၃၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀- ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၆၅၀-၈၄၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၂၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၇၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၁,၈၀၀-၄,၂၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၃,၆၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၁,၇၀၀ |
| ငါးရှဥ့် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၅၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၂,၅၀၀-၁၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၈၀၀-၃,၄၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၄,၈၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၃,၅၀၀-၅,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၂၀၀-၄,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၉,၀၀၀-၁၄,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |

မတ်လ (၅)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။


## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | ၂က | ၁၂၅ |
| တောင်းအေ့ ပစ်ကပ် | ၂၀၀၀ | - | ၁၈၀ |
| စူဇူကီးR· (2 Way) | - | ၁၀/၂၀ | ၁၃၀ |
| တိုယိုတာဗင်(ရှေ့ကွဲ) | ၈၈ | ၄၀ | ၂၀၀ |
| စူပါရှင်ဖ် | ၈၆ | ၄၀ | ၂၀၀ ဝန်းကျင် |
| မတ်ခ်တူး | ၉၅ | ၂၀ | ၇၃၀ |
| မတ်ခ်တူး | ၂၀၀၄ | ၃၀ | ၁,၁၅၀ |
| နစ်ဆန်းစူပါဆလွန်း | ၉၀ | ၄၀ | ၃၅၀-၃၆၀ |
| ပါဂျဲရို | ၉၇ | ၄၀ | ၈၅၀ |

မတ်လ(၅) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| တစ်ဂါလန်ဈေး (ကျပ်) | Feb(26) | Feb (27) | Feb (28) | Mar(1) | Mar (2) | Mar (3) | Mar (4) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ | ၄,၀၀၀ |
| Octane ဒီဇယ် | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ |
| Premier ဒီဇယ် | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ |




## Free Classified

အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**
အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့်ကုရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo,ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ PH: 557448 Ext (856), 09-8034582, 09-73037776

**သင်္ဂဟ**
အိန္ဒိယကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စင်ကာပူမှ အဝတ်အထည်များကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် ရရှိနိုင်ပါသည်။
ဖုန်း- ၆၆၄၀၇၆၊ ၀၉-၅၀၁၅၈၇၂

**အမတဒါယီပညာဒါန**
ကွန်ပျူတာနှင့် ဘာသာစကားသင်တန်းများ။ (အင်္ဂလိပ်ဘာသာနှင့် တရုတ်ဘာ သာစကားတို့ကို ပညာဒါနအနေဖြင့် သင်ကြားပေးသည်)
ဖုန်း- ၇၀၅၄၈၄၊ ၂၉၈၄၄၀

**ရောင်းရန်ရှိသည်**
Pentium 4 Socket 478 CPU (20) လုံး၊ Pentium 3 Branded Computer (20) လုံးနှင့် CRT 17" Monitor (20)လုံးဈေးနှုန်းသက်သာစွာဖြင့် ရောင်းမည်။ ဖုန်း-၀၉-၉၉၂၃၆၂၂

**AKS Service**
Air Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်ပြုပြင်တပ်ဆင်ဆေးကြောပေးသည်။ ဖုန်း-၅၄၂၀၇၈၊

**ဝယ်လိုသည်**
လူကြီးမင်းများ၏ အသုံးမလိုတော့သောကားအောက်ပိုင်းမှ ကျောက်အိုး/ကျောက်ဇကာ(အကွဲအကြေ ဈေးကောင်းပေးဝယ်သည်။
ဖုန်း- ၀၉-၄၉၂၆၈၀၃

**Car Man**
Japan Car Service အော်တိုဂီယာအထူးပြုပြင်ပေးသည်။ ဒီဇယ် EFI ဒီဇယ် Injection Pump (VE Pump) ဓာတ်ဆီ EFI နှင့်အင်ဂျင်ပြုပြင်ရေး
ဖုန်း-၀၉-၈၀၁၁၇၄၈

**မီးစက်အင်ဂျင်ရောင်းမည်**
Mitsubishi Engine, 300 KVA+ 275 KVA, Scania Engine.
ဖုန်း- ၆၈၂၆၂၀

**Road Roller (လမ်းကြိတ်စက်) ရောင်းမည်**
၈၊ ၁၀ တန်၊ CIF (Yangon)/ DDP စနစ်များဖြင့် ရောင်းပေးသည်။
ဖုန်း- ၆၅၅၅၄၄၊ ၀၉-၅၁၇၈၀၇၅

**အမြန်ရောင်းမည်**
မော်လမြိုင်မြို့၊ ဖက်ခင်းရပ် ဥယျာဉ်ခြံမြေ (၂)ဧကခန့်၊ ပျဉ်ထောင်အိမ်တစ်လုံး၊ အိမ်သုံးမီတာ တစ်လုံး၊ ရေစုပ်စက် တစ်လုံး၊ ရေတွင်းကောင်း။
ဖုန်း- ၅၄၅၁၁၃၊ ၀၉-၈၀၃၃၁၄၄

**Kasper Computer Service**
Computer ပြုပြင်ခြင်းများကိုအိမ်၊ ရုံးအရောက်ဝန်ဆောင်မှုပေးနေပါသည်။ ဖုန်း- ၀၉-၅၁၀၉၂၂၀

**သင်တန်း**
၉ တန်း၊ ၁၀ တန်း(ဓာတုဗေဒ) PhD ဘွဲ့ရဆရာမကိုယ်တိုင် သင်ကြားပေးသည်။ ဖုန်း- ၀၉-၅၁၈၂၇၈၅

**အိမ်လိုက်သင်သည်**
သူငယ်တန်းမှ အဋ္ဌမတန်းအထိ စာပြပေးသည်။ Guide ငှားနိုင်သည်။ အင်္ဂလိပ်၊ သင်္ချာအထူးသင်သည်။
ဖုန်း- ၀၉-၅၄၁၁၅၇၆၀

**Home Tuition**
၈၊ ၉၊ ၁၀ တန်းများအတွက် ဘာသာစုံကို M.Sc ဘွဲ့ရဆရာ/ဆရာမများမှ အိမ်အရောက်အထူးသင်ကြားပေးသည်။ ဖုန်း- ၀၉-၇၃၀၈၄၆၈၆

**တိုက်ခန်းရောင်းမည်**
အလုံလမ်းကျယ်၊ ကားဂိတ်နီးဈေးနီး၊ ၄ လွှာ၊ ၁၂.၅ ပေ×၅၀ ပေ ကြွေပြားခင်း၊ အိမ်ခန်း ၁ ခန်း၊ ရေချိုးကန်၊ ကိုယ်ပိုင်မီတာ/ရေမော်တာ။
ဖုန်း- ၀၉-၇၃၀၂၀၇၆၃

**တရုတ်စာ (ရေး၊ ဖတ်၊ ပြော)**
အခြေခံမှစ၍ စနစ်တကျသင်ပေးသည်။ ကလေးများအတွက်လည်း သီးသန့်သင်တန်းရှိသည်။
ဖုန်း- ၀၉-၇၃၀၆၆၄၇၇

**ဝန်ဆောင်မှု**
အခြေခံပညာသင်ယူနေသော ကလေးများအတွက် နွေကျောင်းပိတ်ရက်အိမ်အရောက်သင်ကြားသည်။
ဖုန်း- ၀၉-၄၉၂၁၆၂၉၉

**တက္ကသိုလ်ဝင်စာမေးပွဲအတွက်**
မြန်မာစာ၊ Bio, Eco စိတ်ချရတဲ့အောင်လက်မှတ် လိုချင်ရင်
ဖုန်း- ၀၉-၄၉၂၁၆၂၉၉
(မတ်လစမည်)

**ရောင်းမည်**
၁၅×၅၅ ပေ၊ ၄ လွှာ၊ 3BR, 1Ph, အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း-၃၉၉၁၈၀

**သင်တန်း**
(၉၊ ၁၀ တန်း) သင်္ချာ၊ ရူပဗေဒ တစ်ဦးချင်း/အဖွဲ့လိုက် အိမ်လိုက်သင်သည်။
ဖုန်း- ၀၉-၇၃၀၅၉၀၄၂

**သင်တန်း**
(၇၊ ၈၊ ၉၊ ၁၀) တန်းများ ထူးချွန်လိုသူများအတွက် သင်္ချာသီးသန့်အထူးပိုင်းများ အိမ်အရောက်သင်ကြားပေးပါသည်။ ဖုန်း- ၆၄၄၃၀၆

**သင်တန်း**
မူလတန်း၊ အလယ်တန်း နွေ (၃) လပြတ်၊ သင်ရိုးကုန်၊ အင်္ဂလိပ်၊ သင်္ချာ အိမ်အရောက်သင်သည်။
ဖုန်း- ၀၉-၅၁၃၀၈၁၈

**ပန်းရိုးမ Air Con Service**
Air Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ ရေပူ/ရေအေးစက် အိမ်အရောက်ပြုပြင်ပေးသည်။
ဖုန်း- ၀၉-၄၉၂၈၅၆၈

**ဝန်ဆောင်မှု**
တရုတ်စကားပြော အရေး၊ အဖတ် သင်တန်း။ တရုတ်စာ/စကား အထူးဘာသာပြန်ပါသည်။
ဖုန်း- ၆၄၀၄၀၇

**ကားရောင်းမည်**
Toyota Corona 90 Model (မျောက်ခေါင်း) အ/. . . (အိမ်စီးကားသန့်၊ ခဲစိမ်းရောင်၊ အဲကွန်း၊ Power Steering, Power Windows, Alloy Wheel (ပိုင်ရှင်အမည်ပေါက်) ဖုန်း-၀၉-၇၃၀၀၄၉၅၀

**အိမ်ရောင်းရန်ရှိသည်**
၄၈×၄၂ ပေ ဘိုးဘွားပိုင်မြေ၊ ညှိနှိုင်းဈေးဖြင့် ရောင်းမည်။
ဖုန်း- ၅၄၈၄၈၈

**ပြင်ဦးလွင် ခြံရောင်းမည်**
ပို့ပွင့်နေရာစေ့ ခြံရှေ့ ရေချမ်းအိုးရပ်ကွက်၊ ၅၀×၁၂၅ ပေ၊ ညှိနှိုင်းဈေး။
ဖုန်း- ၀၉-၇၃၀၀၅၇၅၅

**ရောင်းမည်**
ငွေဆောင်ရွာမတန်းနှင့် ကပ်လျက်ကမ်းခြေတွင်တည်ရှိနေသော အလျားပေ ၂၀၀× အနံ ၁၉၅ ပေ ရှည်သော အုန်းခြံရောင်းမည်။
ဖုန်း- ၀၄၂-၅၀၂၉၀

**အိမ်ရောင်းမည်**
ပေ (၂၅×၅၀)၊ ဗိုလ်ရိုပ် ၉ လမ်း၊ အမှတ်(၉၂)၊ သင်္ဃန်းကျွန်းမြို့နယ်။ ညှိနှိုင်းဈေး။ ဖုန်း- ၇၂၆၄၄၂

**အိမ်ရောင်းမည်**
ဗိုလ်မှူးဗထူးအနောက်လမ်း၊ (၃) ရပ်ကွက်၊ RC နှစ်ထပ်၊ ရေမီးစုံ၊ အ ရှုပ်အရှင်းကင်းသည်။
ဖုန်း- ၅၈၄၂၀၄

**ဝန်ဆောင်မှု**
ရေခဲသေတ္တာ၊ Air-Con, အဝတ်လျှော်စက်၊ အိမ်တွင်းမီးတပ်ဆင်ခြင်းတို့ကို သင့်လျော်သော ဈေးနှုန်းဖြင့် အိမ်အရောက်ပြုပြင်တပ်ဆင်ရောင်းဝယ်ပေးပါသည်။
ဖုန်း- ၀၉-၇၃၀၈၃၉၅၀

**ဝန်ဆောင်မှု**
လူကြီးမင်းတို့၏ ကွန်ပျူတာများတွင် ဖြစ်ပေါ်တတ်သော အခက်အခဲများကို စိတ်တိုင်းကျသည်အထိ ဝန်ဆောင်မှုပေးပါသည်။ ဖုန်း- ၀၉-၇၃၀၄၃၁၇၉

**D.buzz ပြက္ခဒိန်နှင့် ပုံနှိပ်လုပ်ငန်း**
ပြက္ခဒိန်အမျိုးမျိုးနှင့် ပြက္ခဒိန်ဒီဇိုင်းသစ် အထူးပြုလုပ်သည်။
ဖုန်း- ၄၃၀၃၂၃၊ ၀၉ ၇၃၀၆၀၂၅၈

**NCCE Computer**
Hardware and Network Services. ရန်ကင်းပညာရေးကောလိပ်ရှေ့၊
PH: 548885, 73052659

**De Mon (Guitar Training)**
ကြိုက်နှစ်သက်ရာ နေ့ကို ရွေးချယ်သင်ယူနိုင်ပါသည်။ အသေးစိတ်စုံစမ်းရန်ဖုန်း- ၂၁၀၅၁၅

**အိမ်၊ ခြံ၊ မြေရောင်းမည် (အမြန်)**
ပေ(၅၀×၆၀) ၁၀/၁၇၊ အောင်ဆန်းဘူတာရုံလမ်း၊ စဉ့်ငူရပ်ကွက်၊ အောင်ဆန်းမြို့။ ဖုန်း- ၆၄၅၇၉၂

**ဝန်ဆောင်မှု**
လူကြီးမင်းတို့၏ ကွန်ပျူတာများတွင် ဖြစ်ပေါ်တတ်သော အခက်အခဲများကို စိတ်တိုင်းကျသည်အထိ ဝန်ဆောင်မှုပေးပါသည်။ ဖုန်း- ၀၉-၇၃၀၁၅၀၈၆

**အိမ်အရောက်သင်သည်**
အင်္ဂလိပ်စာသီးသန့်/သင်္ချာသီးသန့် (အသက် ၄ နှစ်မှ ၁၂နှစ်ထိ)
ဖုန်း- ၆၄၅၇၉၂

**သင်တန်း**
Summer Applied English Speaking Course အား ၂၈. ၂. ၁၁ မှ ၃ လအတွင်း အခြေခံမှစပြီး ကျွမ်းကျင်ထိ သင်ကြားပေးမည်ဖြစ်ပါသည်။
ဖုန်း-၀၉ ၅၁၅၀၂၉၀၊ ၅၄၄၅၁၀၂

# Policy Article

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.1 ▪ MARCH 10 , 2011

## ပိတ်ဆို့မှုရှင်းတမ်း

ရန်ကြီးအောင်

**(ယမန်နေ့မှ အဆက်)**

မြန်မာနိုင်ငံအပေါ် အနောက်အုပ်စု၏ ပိတ်ဆို့မှုများသည် သာမန်မြန်မာလူထုအပေါ် ထိုက်သင့်သလောက်ထိခိုက်မှုရှိခဲ့ကြောင်း၊ သို့သော် နိုင်ငံစီးပွားရေးဗုန်းဗုန်းလဲမကျသွားဘဲပြန်လည်နာလန်ထူလာခဲ့သည်မှာ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထု၏ ကျားကုတ်၊ ကျားခဲကြိုးပမ်းအားထုတ်မှု၊ နိုင်ငံ၏ သယံဇာတတောင့်တင်းမှု၊ ပတ်ဝန်းကျင်ဒေသတွင်း နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးတက်မှုဖွံ့ဖြိုးလာမှုတို့ကြောင့် ဖြစ်ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါသည်။

ယခုအခါပိတ်ဆို့မှုကြောင့် အနောက်အုပ်စုက မျှော်လင့်ထားသည့် ရည်မှန်းချက်များကို မည်မျှထိရောက်စွာဖော်ဆောင်နိုင်ခဲ့သည်ဟူသော ထိရောက်မှုအပိုင်းကို ဆွေးနွေးတင်ပြသွားလိုပါ၏။

အနောက်အုပ်စု၏ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများသည် အဓိကအားဖြင့် မြန်မာနိုင်ငံ၌လူ့အခွင့်အရေးနှင့်ဒီမိုကရေစီတိုးတက်ပြောင်းလဲမှုများကို ဖော်ဆောင်လာစေရန်နှင့် မြန်မာပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်သည်ဟု ဆိုပါသည်။ ဤကား ထုတ်ပြန်ကြေညာပြောဆိုလေ့ရှိသောရည်ရွယ်ချက်များဖြစ်ပါ၏။

သို့သော် နိုင်ငံခြားရေးဝါဒတို့၏ ထုံးစံအတိုင်း နောက်ကွယ်မှတိုးတိုးတိတ်တိတ်ရည်ရွယ်ချက်၊ ရည်မှန်းချက်များလည်းရှိနိုင်ပါသည်။ ယင်းရည်မှန်းချက်မှာလည်း နိုင်ငံကိုထိန်းမနိုင်သိမ်းမရ ချောက်ထဲသို့ကျစေပြီးမှ လက်ရှိမြန်မာအစိုးရ၏ နေရာတွင် ၎င်းတို့လိုလားသည့် နိုင်ငံရေး အင်အားစုကို အစားထိုးပြောင်းလဲစေလိုသည့် Regime Change မူဝါဒဖြစ်ဖွယ်ရှိကြောင်းမှာလည်း “မပြေးသော်ကန်ရာရှိ” ဆိုသကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့်နားလည်ထားကြသည့် ကိစ္စတစ်ရပ်ဖြစ်ပါသည်။

ဥပမာအားဖြင့် ပိတ်ဆို့မှုလုပ်ရပ်များတွင် အဓိကဦးစီးဦးဆောင်ဖြစ်နေသော အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအား အဖက်ဖက်မှ လှုပ်မရအောင် နည်းလမ်းမျိုးစုံဖြင့် တမင်သက်သက်ထိုးနှက်ပိတ်ဆို့ထိန်းချုပ်မှုများကိုကြည့်ပါက မြန်မာပြည်သူတစ်ရပ်လုံးကို ဆင်းရဲချင်းနွံတွင်း၌ အလူးလူးအလိမ့်လိမ့် ခေါင်းမဖော်နိုင်အောင် ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်လှပါသည်။

အမေရိကန်အစိုးရသည် မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေးနှင့်ဒီမိုကရေစီရေး အကြောင်းပြချက်များဖြင့် တရားဝင်ပိတ်ဆို့မှုကို ၁၉၉၇ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့ပါသည်။ ထိုစဉ်က ပိတ်ဆို့မှုပြဋ္ဌာန်းရာတွင် ၁၉၇၇ ခုနှစ် နိုင်ငံတကာအရေးပေါ်စီးပွားရေးအာဏာများဆိုင်ရာအက်ဥပဒေ (The International Emergency Econmic Powers Act of 1977 - IEEPA)ကို အသုံးပြု၍ ပိတ်ဆို့ခဲ့ခြင်းဖြစ်၏။ IEEPA ဥပဒေအရ အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေး၊ နိုင်ငံခြားရေးမူဝါဒနှင့် စီးပွားရေးကို ပုံမှန်မဟုတ်ဘဲ ထူးထူးကဲကဲ ခြိမ်းခြောက်မှုရှိသည်ဟု အမေရိကန်သမ္မတက ယုံကြည်ဆုံးဖြတ်ပါက အမျိုးသားအရေးပေါ် အခြေအနေတစ်ရပ်ကိုကြေညာပြီးလျှင် ထိုသို့ ခြိမ်းခြောက်လာသည့် နိုင်ငံအပေါ် ပိတ်ဆို့မှုများပြုလုပ်နိုင်သည်ဟုဆိုသည်။

ယင်းဥပဒေနှင့်အညီ ၁၉၉၇ ခုနှစ်မေလမှစ၍ သမ္မတဘီလ်ကလင်တန်မှ အစပြုသော အမေရိကန်သမ္မတအဆက်ဆက်သည် နှစ်စဉ်နှစ်တိုင်း တစ်နှစ်တစ်ကြိမ် မေလသို့ရောက်လေတိုင်း အမျိုးသားအရေးပေါ် အခြေအနေကိုထုတ်ပြန်လျက် “မြန်မာနိုင်ငံသည်အမေရိကန်၏ အမျိုးသားလုံခြုံရေး၊ နိုင်ငံခြားရေးမူဝါဒနှင့်စီးပွားရေးကို ‘ထူးထူးခြားခြား’ ထိခိုက်အောင်ခြိမ်းခြောက်နေပါသည်” ဟုဆိုကာ ပိတ်ဆို့မှုများကို ဆက်လက်လုပ်ဆောင်နေခဲ့ရာ လက်ရှိသမ္မတမစ္စတာအိုဘားမားလက်ထက်သို့တိုင်ပင်ဖြစ်ပါ၏။

ဤနေရာ၌စဉ်းစားမိသည်မှာ “မည်သူက မည်သူ၏ အမျိုးသားလုံခြုံရေး၊ နိုင်ငံခြားရေးနှင့် စီးပွားရေးကို ထူးထူးခြားခြားခြိမ်းခြောက်ခဲ့ပါသနည်း” ဟူသောကိစ္စဖြစ်ပါ၏။

သာမန်လူတို့၏အမြင်ဖြင့်ပင် နှစ်နိုင်ငံအကြား အင်အားနှိုင်းယှဉ်ကြည့်ပါကလူဦးရေသန်း ၅၀ ကျော်သာရှိ၍ စီးပွားရေးအရလည်း ဖွံ့ဖြိုးမှုအနည်းဆုံးစာရင်း၌ ပါဝင်ဆဲဖြစ်သော မြန်မာနိုင်ငံသည် လူဦးရေသန်း ၃၀၀ ရှိကာ ကမ္ဘာပေါ်၌စီးပွားရေးအင်အား အတောင့်တင်းဆုံး၊ စစ်ရေးအရလည်း ကမ္ဘာ့ကာကွယ်ရေးအသုံးစရိတ်စုစုပေါင်း၏ ထက်ဝက်ကို တစ်နိုင်ငံတည်းသုံးစွဲပိုင်ဆိုင်ထားသည့် မဟာအင်အားကြီးအမေရိကန်နိုင်ငံကို မည်သို့မည်ပုံထူးထူးခြားခြားခြိမ်းခြောက်နေသည်ဟု ဆိုနိုင်ပါသနည်း။

လက်တွေ့၌မူ မြန်မာနိုင်ငံတွင် ၁၉၈၈ ခု အရေးအခင်းကာလအတွင်း မြန်မာပိုင်နက် ပင်လယ်ပြင်အစပ်၌လေယာဉ်တင်သင်္ဘောအုပ်စုကြီးတစ်စုဖြင့် ရောက်ရှိစောင့်ဆိုင်းနေကာလိုအပ်လျှင် ကမ်းတက်စစ်ဆင်နိုင်ရေးအတွက် ကမ်းထိုးရေယာဉ်များ အတင်အချလေ့ကျင့်နေသည်မှာ အမေရိကန်သာဖြစ်ပါ၏။

၂၀၀၈ ခုနှစ် မေလဆန်းတွင်ဂြိုဟ်တုသတင်းများမှတစ်ဆင့် မြန်မာနိုင်ငံသို့ အင်အားအလွန်ပြင်းထန်သော နာဂစ်ဆိုင်ကလုံးမုန်တိုင်းကြီး ဦးတည်ဝင်ရောက်လာနေသည်။ ထိုမုန်တိုင်းကြီးကြောင့် မြန်မာပြည်သူအများအပြား သေကြေပျက်စီးဒုက္ခကြီးရင်ဆိုင်ရတော့မည်ကို ထူးထူးခြားခြားခြိမ်းခြောက်နေပါသည်ဟုဆိုကာ ပိတ်ဆို့မှုအမိန့်ကိုထပ်မံလက်မှတ်ရေးထိုးခဲ့သည်မှာလည်း အမေရိကန်သမ္မတကြီးတစ်ဦးပင်ဖြစ်ပါ၏။

ထိုသို့ပိတ်ဆို့ခဲ့မှုကြောင့် အမေရိကန်နိုင်ငံအတွင်းရှိ လူမှုရေး ပရဟိတအင်န်ဂျီအိုများအနေဖြင့် မြန်မာနိုင်ငံသို့သွားရောက်၍ ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာမှု အကူအညီများပေးအပ်ရန် မဖြစ်နိုင်လောက်အောင် ခက်ခဲသွားစေခဲ့သည်။ သို့သော် တစ်ဖက်တွင်မူ မြန်မာနိုင်ငံ၏ လေမုန်တိုင်းဒဏ်သင့်ဒေသများ၌ ကယ်ဆယ်ကူညီရေးအတွက် မြန်မာ့ရေပြင်အတွင်းသို့ အမေရိကန်စစ်သင်္ဘောများ ဝင်ခွင့်မပေးရကောင်းလားဟုဆိုကာ မြန်မာအစိုးရကို အကြီးအကျယ်အပြစ်တင်ခဲ့သည်။

သို့သော် အမေရိကန်ပြည်တွင်း၌ အထိအနာဆုံးကက်ထရီနာဟာရီကိန်းမုန်တိုင်းဒဏ်သင့်ကာလ၌ပင် ရုရှားရေတပ်၏ အကူအညီနှင့်ကျူးဘားနိုင်ငံ၏ အကူအညီကမ်းလှမ်းချက်ကို လက်မခံခဲ့သည့်အပြင် မိမိ၏ရေတပ်အင်အားကိုပင် အသုံးမပြုခဲ့သောအမေရိကန်အစိုးရသည် ၎င်းတို့၏ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်နေပါသည်ဟုဆိုသည့် မြန်မာနိုင်ငံ၏ရေဘေးကာလတွင်ကျမှ “ကစ်တီဟော့ခ်” လေယာဉ်တင် စစ်သင်္ဘောကြီးအပါအဝင် လေယာဉ်တင်စစ်သင်္ဘောကြီးနှစ်စင်းကို ဖျက်သင်္ဘော၊ တိုက်သင်္ဘောများခြံရံလျက် မြန်မာ့ကမ်းရိုးတန်းရေပြင်အတွင်းသို့ အတင်းဝင်ရောက် ‘ကူညီ’ လိုခြင်းမှာမည်သို့သော ‘စေတနာ’ ဖြစ်ပါသနည်း။ ထိုကာလကျမှ R2P ခေါ် Right to Protect ဒုက္ခရောက်နေသူများကို လူမှုရေးအရ ‘အတင်းဝင်ရောက်’ ကာကွယ်ခွင့်ရှိသည်ဟု ကျယ်ကျယ်လောင်လောင်ပြောလာကြခြင်းမှာ မည်သည့်ရည်ရွယ်ချက်ဖြစ်ပါသနည်း။

ထို့ကြောင့်လည်း စင်စစ်အားဖြင့် IEEPA ဥပဒေဖြင့် အရေးပေါ်အခြေအနေကြေညာသူနှင့်ကြေညာခြင်းခံရသူ နိုင်ငံနှစ်နိုင်ငံမှာ နေရာချင်းများ လွဲနေရော့လေသလားဟုသာ ရိုးရိုးသားသားထင်မိပါသည်။

ထပ်မံ၍ စဉ်းစားကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံသည်မင်းတုန်းမင်းတရားကြီးလက်ထက် ၁၈၅၇ ခုနှစ်တွင် “၂ တိုင်း ၂ ပြည် ရာဇမဟာမိတ်ဖြစ်ကြရလျှင် သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့် အဖွန့်ရှည်စွာကုန်သည်၊ ဆင်းရဲသား၊ ကျွန်တော်မျိုးတို့ အကျိုးများစွာရှိမည်ကိုသဘောထား၍ အမရိကန်မင်းခံ မဟာမိတ်ဖြစ်ကြရအောင်” ချစ်ကြည်ရေးသဝဏ်လွှာပို့ကာ နှစ်နိုင်ငံတရားဝင်ဆက်ဆံရေးစတင်ခဲ့ချိန်မှစ၍ အမေရိကန်နိုင်ငံဘက်သို့ လှည့်၍အပ်တိုတစ်ချောင်းဖြင့်ပင် ချိန်ရွယ်ဖူးသည်ဟူ၍မရှိခဲ့။ အမေရိကန်အစိုးရကသာ ၁၉၅၀ ပြည့်လွန်နှစ်များတွင် မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကျူးကျော်လာသည့် ကူမင်တန်တရုတ်ဖြူတပ်များအား ပြောင်ပြောင်တင်းတင်းအားပေးကူညီခဲ့သည်။ အမေရိကန်လေကြောင်းလိုင်းအမည်ခံစီအိုင်အေပိုင် စစ်သုံးကုန်တင် လေယာဉ်ကြီးနှင့်မြန်မာ့တပ်မတော်(လေ)မှ ကြားဖြတ်တိုက်လေယာဉ်တို့ အရှေ့တောင်အာရှတွင်စစ်ပြီးခေတ်၌ ပထမဆုံးနှင့်တစ်ခုတည်းသော လေကြောင်းတိုက်ပွဲဖြစ်ပွားကာ ရန်သူလေယာဉ်ကိုပစ်ချနိုင်ခဲ့သကဲ့သို့ မြန်မာဘက်မှ လေသူရဲဗိုလ်ပီတာလည်း နိုင်ငံအတွက် အသက်ပေးလှူခဲ့ရသည်။ သို့ရာတွင် မြန်မာအစိုးရအနေဖြင့် “ချစ်စကိုရည်စေ၊ မုန်းစကိုတိုစေ” ဟူသော သဘောထားဖြင့်သာ ဘက်မလိုက်မူဝါဒဖြင့် နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့သကဲ့သို့ အမေရိကန်နိုင်ငံနှင့်လည်း ပုံမှန်ဆက်ဆံရေးထားရှိခဲ့သည်သာဖြစ်ပါ၏။

သို့ပါလျက်အမေရိကန်နှင့် ၁၉၆၂ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ စစ်ပွဲကြီးဖြစ်ပွားခဲ့သော ဗီယက်နမ်နိုင်ငံနှင့်လည်းကောင်း၊ ၂၀၀၁ ခုနှစ် ၉/၁၁ အကြမ်းဖက်လုပ်ရပ်တွင် အမေရိကန်ရှိ အရေးပါသော အဆောက်အအုံကြီးများကို အပိုင်စီးထားသော လေယာဉ်များဖြင့် အသေခံထိုးချတိုက်ခိုက်ကာ အမေရိကန်ပြည်သူပေါင်းသုံးထောင်ကျော်သေကြေပျက်စီးအောင် တိုက်ခိုက်ရာ၌တိုက်ခိုက်သူ အကြမ်းဖက်သမားများတွင် အများစုပါဝင်သည့် ဆော်ဒီအာရေဗျနိုင်ငံနှင့်လည်းကောင်း ချစ်ခင်ရင်းနှီးစွာ မဟာမိတ်ဖွဲ့ဆက်ဆံနိုင်ပါသော်လည်း အမေရိကန်နိုင်ငံ၏ လုံခြုံရေးကိုထိပါးအောင်လုပ်နိုင်စွမ်းလည်းမရှိ၊ လုပ်ဖူးသည့် ရာဇဝင်လည်းမရှိ၊ လုပ်ရန်လည်း ရည်ရွယ်ချက်မရှိသည့် မြန်မာနိုင်ငံကို အဘယ်ကြောင့် ထူးခြားသောလုံခြုံရေးခြိမ်းခြောက်မှု တစ်ရပ်ဟုထပ်ပြန်တလဲလဲ သတ်မှတ်နေသနည်းဆိုသည်မှာမူ သာမန်လူရိုးရိုးတို့၏ ဦးနှောက်ဖြင့်စဉ်းစား၍ နားမလည်နိုင်အောင်ရှိရပါသည်။

အလားတူပင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက နှစ်စဉ်ထုတ်ပြန်လေ့ရှိသော “မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၌ အားတက်သရော ပူးပေါင်းလုပ်ဆောင်မှုမရှိသည့်နိုင်ငံများ” စာရင်း၌ အမေရိကန်သို့ မူးယစ်ဆေးအများဆုံးသွင်းနေသော လက်တင်အမေရိကန်နိုင်ငံအချို့နှင့် ကမ္ဘာအပေါ်၌ဘိန်း ၉၈ ရာခိုင်နှုန်းထုတ်လုပ်နေသော အာဖဂန်နစ္စတန်နိုင်ငံတို့အား “အမျိုးသားအကျိုးစီးပွားအရ” ချန်ထားကာ ဘိန်းစိုက်ပျိုးမှုသိသိသာသာလျော့နည်းသွားအောင်ဆောင်ရွက်နိုင်ခဲ့သော မြန်မာနိုင်ငံကို စာရင်း၌ထည့်သွင်း၍ ပိတ်ဆို့ထားခဲ့ခြင်းမှာလည်း ‘အံ့ဖွယ်’ တစ်ခုပင် ဖြစ်တော့သည်။

ထိုမျှမကသေး မြန်မာအစိုးရသည်ဘိန်းစိုက်ပျိုးမှုလျော့နည်းအောင် အမှန်တကယ်ထိရောက်စွာလုပ်ဆောင်ခဲ့သည်ဟု အမှန်အတိုင်းသတင်းပေးပို့ခဲ့သော အမေရိကန်ဒီအီးအေမှ မြန်မာနိုင်ငံဆိုင်ရာ အရာရှိတစ်ဦးကိုသံရုံးနှင့် စီအိုင်အေတာဝန်ခံတို့က ဝိုင်း၍ဖိအားပေးကြသည်။ ၎င်း၏ တယ်လီဖုန်းကိုလျှို့ဝှက်စွာကြားဖြတ်ဖမ်းယူထောက်လှမ်းခဲ့သည်။ ထိုအရာရှိက အမေရိကန်နိုင်ငံသို့ ပြန်ရောက်ရာတွင်ထိုသို့ လုပ်ဆောင်သူများအား အသရေဖျက်မှုဖြင့်ပြန်၍တရားစွဲရာ၌လည်း နှစ်ပေါင်းများစွာ တရားစွဲ၍မရအောင်အကြောင်းအမျိုးမျိုးဖြင့်ကာဆီးထားခဲ့သည်။နောက်ဆုံးတား၍မရသောအခါ ဒေါ်လာသုံးသန်းပေး၍ တိုးတိုးတိတ်တိတ် အမှုကျေအေးစေခဲ့ကြောင်းသိရသည်။ စင်စစ်၌ မြန်မာအစိုးရသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် အမှန်တကယ်ထိထိရောက်ရောက်လုပ်ဆောင်နေကြောင်း ယင်းတို့က ကမ္ဘာကိုအသိမပေးလိုကြပေ။

အထက်ဖော်ပြပါ အချက်အလက်ဖြစ်ရပ်မှန်များကို ပေါင်းခြုံ၍ ကောက်ချက်ချရပါလျှင်မူအမေရိကန်နှင့်နောက်လိုက်နောက်ပါ အနောက်အုပ်စုတို့က ပိတ်ဆို့နေခြင်းသည် သူတို့ပြောသည့် ‘ဒီမိုကရေစီရေး’ နှင့် ‘လူ့အခွင့်အရေး’ အကြောင်းပြချက်များထက် တပ်မတော်အစိုးရကိုဖြုတ်ချကာ ကိုယ့်လူကိုကိုယ်တင်လိုသည့် နိုင်ငံရေးရည်ရွယ်ချက်သက်သက်ဖြင့်သာ နိုင်ငံခြားရေးမူဝါဒ၏ လက်နက်ကိရိယာတစ်ရပ်အဖြစ် ကျင့်သုံးခဲ့ခြင်းဖြစ်သည်ဟု ခိုင်ခိုင်မာမာဖော်ထုတ်နိုင်ပေလိမ့်မည်။

ထိုသို့ ‘နိုင်ငံရေးရည်ရွယ်ချက်’ ဖြင့်ဆောင်ရွက်/ပိတ်ဆို့ခဲ့သမျှမှာ နိုင်ငံရေးရည်ရွယ်ချက်အပေါ် မည်မျှထိရောက်ပါသနည်း။ မည်မျှအကောင်အထည်ဖော်နိုင်ပါသနည်း။ မြန်မာနိုင်ငံအနေဖြင့် အမျိုးမျိုးအဖုံဖုံသော ပိတ်ဆို့မှုများ၊ စိန်ခေါ်မှုများအကြားမှပင် နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို နေ့မအား၊ ညမနား အရှိန်အဟုန်ဖြင့် ကြိုးပမ်းလုပ်ဆောင်လာခဲ့ရာ ယခုအခါခိုင်မာသော စီးပွားရေး၊ နိုင်ငံရေး အခြေခံများကို ထူထောင်နိုင်ခဲ့ပြီဖြစ်သည်ကို မည်သူမျှငြင်းနိုင်ကြမည်မဟုတ်ပေ။ မြန်မာနိုင်ငံအပေါ် အနောက်အုပ်စု၏ တစ်ဖက်သတ်ပိတ်ဆို့မှုများသည် ပြည်သူများကို ထိခိုက်စေသည်မှအပ ၎င်းတို့ မျှော်မှန်းထားရှိသော နိုင်ငံရေးရည်ရွယ်ချက်အပေါ် မည်သို့မျှထိရောက်မှုမရှိကြောင်းအနောက်အုပ်စုနိုင်ငံများမှပင် နိုင်ငံခြားရေးဆိုင်ရာ တာဝန်ရှိသူများကလည်းကောင်း၊ လေ့လာသူပညာရှင်များစွာတို့ကလည်းကောင်း လူသိရှင်ကြားဝန်ခံ၊ ဖော်ထုတ်ခဲ့ကြပြီးဖြစ်ပါ၏။

ရင်ထဲ၌ရှိသည့်အတိုင်းပွင့်ပွင့်လင်းလင်းဖော်ထုတ်ခဲ့သူမှာ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဘားနတ်ကူးချ်နာ(Bernard Couchner)ဖြစ်၏။ ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၇ ရက်တွင် ပြင်သစ်လွှတ်တော်နိုင်ငံခြားရေးကော်မတီ၌ ထွက်ဆိုပြောကြားရာတွင် မြန်မာအစိုးရနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးရေးကို ထောက်ခံပြောဆိုခဲ့ပြီး“ပိတ်ဆို့မှုတွေဟာအသုံးမကျပါဘူး။ ဒါကိုလူတိုင်းသိထား(အသိအမှတ်ပြုထား)ကြပြီးသားပါ။ အဲတော့ဒီအစိုးရကိုပိုပြီး ပွင့်ပွင့်လင်းလင်းလမ်းဖွင့်မပေးသင့်ဘူးလား” ဟုဆိုခဲ့သည်။

နော်ဝေနိုင်ငံခြားရေးဝန်ကြီး ယိုနပ်စ်ဂါးရပ်စတိုရီ(Jonas Gahr Stoere) ကလည်း မြန်မာအစိုးရအပေါ် အနောက်နိုင်ငံများက ချမှတ်ထားသည့် ပိတ်ဆို့မှုများသည်ထိရောက်မှုလုံးဝမရှိကြောင်း (Afterposten)အမည်ရှိနော်ဝေသတင်းစာသို့၂၀၀၈ ခုနှစ်မေလ ၁၆ ရက် (နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးမကြာမီ)က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအပေါ် အနောက်အုပ်စု၏ပိတ်ဆို့မှုများသည်ထိရောက်မှုမရှိကြောင်းစနစ်တကျလေ့လာတင်ပြခဲ့ကြသည့် ပညာရှင်များ၏ သုတေသနစာတမ်းများ၊ ဆောင်းပါးများမှာကား များပြားလွန်းလှသဖြင့် ကုန်စင်အောင်ပင် ရေတွက်ပြနိုင်ရန် လွယ်ကူမည်မဟုတ်ပေ။ သို့သော် အမှန်တကယ် ယထာဘူတကျကျသိရှိလေ့လာသူများအတွက် ထင်ရှား၍အများလေးစားလက်ခံကြသည့် သုတေသနလုပ်ငန်းအချို့ကိုဖော်ညွှန်းရမည်ဆိုလျှင်

- Hadar, L., 1998. 'US Sanctions agains Burma a failure onf all fronts', Cato Institue., Trade Policy Analysis, No 1, March.
- Hadar, L., 2001. 'Burma: US foreign policy as a morality play;. Journal of International Affairs 54(2): 411-426.
- International Crisis Group, 2004. 'Myanmar; sanctions, Engagement of Anotherway Forward?', Yangon/Brussel: International Crisis Group.
- Badgley, J.(ed), 2004. 'Reconciling Burma/Myanmar: Essays on US Relations with Burma.' Seattle: National Bureau of Asian Research.
- Preeg, E., 1999. 'Feeling Good or Doing Good with Sanctions? Unilateral Economic Sanctions and the US National Interest', Washington, D.C: Center for Strategic and International Studies.
- Sachs, J., 2004. 'Myanmar: sanction won't work', Financial Times, 27 July.
-Steinberg, D., 2004. 'Burma: Feel-good US Sanctions wrongheaded. 'Yale Global Online, 19 May.
- Nyun, M.T., 2008. 'Feeling Good on Doing Good: Inefficacy of the U.S. Unilateral Sanctions against the Military Government of Burm/ Myanmar', Washington University Global Studies Law Review(vol.7)
-Oehlers, A., 2004. 'Sanctions and Burma: Revisiting the Case Against', Department of Economics Auckland University of Technology.
- Len, C. etal, 2007. 'Burm/Myanmar's Ailments: Searching for the Right Remedy', Silk Road Paper, March.

အထက်ဖော်ပြပါ စာစုစာရင်းကိုလေ့လာမည်ဆိုပါက ပိတ်ဆို့မှုကို ရှေ့နေလိုက်သည့်ပြည်ပြေးအချို့ ပြောသကဲ့သို့ မြန်မာပြည်၌ နှစ်ပတ်ဗီဇာဖြင့် ခေတ္တလာကြည့်ပြီး ထင်ရာလျှောက်ရေးသူများမဟုတ်ဘဲ နိုင်ငံတကာက လေးစားအသိအမှတ်ပြုသည့် တက္ကသိုလ်များ၊ သုတေသနဌာနများမှ အစွဲကင်းစွာလေ့လာသူ ပညာရှင်သုတေသီများသာဖြစ်ကြသည်ကို တွေ့ရပေလိမ့်မည်။

မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများထိရောက်မှုမရှိရခြင်းနှင့်ပတ်သက်၍ ထိုသုတေသနစာတမ်း၊ ဆောင်းပါးများကိုအင်တာနက်မှတစ်ဆင့် အင်န်အယ်လ်ဒီ၏ စာတမ်းနှင့်နှိုင်းယှဉ်ကာ မိမိတို့၏ဆင်ခြင်တုံဉာဏ်ဖြင့် ပိုင်းခြားဝေဖန်သုံးသပ်ခြင်းဖြင့် အမှန်တရားနှင့်နီးစပ်သောရလဒ်အဖြေကို ရရှိနိုင်လိမ့်မည်ဟုမျှော်လင့်ပါသည်။

မြန်မာအစိုးရအနေဖြင့်ကာ အနောက်အုပ်စု၏ ဖိအားပေးပိတ်ဆို့ မှုများရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် လူ့အခွင့်အရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျလုပ်ငန်းစဉ်များချမှတ်ကာ မှန်မှန်ကြီးချီတက်လာခဲ့ရာ ယခုအခါ ရှေ့လုပ်ငန်းစဉ်(၇) ရပ်တွင် နောက်ဆုံးအဆင့်ပန်းတိုင်ဖြစ်သော ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရအဖွဲ့ထံနိုင်ငံတော်၏တာဝန်များကို လွှဲပြောင်းပေးအပ်နိုင်ရန် ပြည်ထောင်စုလွှတ်တော်ခေါ်ယူလုပ်ဆောင်နေပြီဖြစ်လေတော့သည်။ လွှတ်တော်နှင့်အတူ အသက်ဝင်လာပြီဖြစ်သည့် အခြေခံဥပဒေသစ်၌လည်း လွတ်လပ်စွာပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာစုရုံးခွင့်အပါအဝင်နိုင်ငံသားတို့အတွက် ရသင့်ရထိုက်သည့် အခွင့်အရေးများ၊ ဒီမိုကရေစီကျင့်စဉ်ကျင့်ထုံးများကို ထည့်သွင်းပြဋ္ဌာန်းအာမခံချက်ပေးထားပြီးဖြစ်ရာ အနောက်နိုင်ငံများက တောင်းဆိုလျက်ရှိကြသည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ ပြုပြင်ပြောင်း လဲမှုများသည် အသစ်ပေါ်ထွန်းလာသည့် ဒီမိုကရေစီနိုင်ငံတော်သစ်နှင့်အတူ ခိုင်ခိုင်မာမာပါဝင်လာခဲ့ပြီဖြစ်ပါ၏။

ထို့ကြောင့် အများပြည်သူသာမန်လူထုကိုသာ ထိခိုက်မှုရှိစေပြီး လက်တွေ့ထိရောက်မှုမရှိတော့သည့်ပိတ်ဆို့မှုများကိုရုပ်သိမ်းပါရန် အမှန်အတိုင်းသိမြင်နေကြသော မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၊ မြန်မာနိုင်ငံအတွင်းရှိ တရားဝင်နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား လူမျိုးစုများက တစ်ခဲနက်တောင်းဆိုနေကြခြင်းဖြစ်ပါ၏။

ထိုသို့ အများကနိုင်ငံနှင့် ပြည်သူလူထုကောင်းစားရေးအတွက် ရင်ထဲမှဆန္ဒဖြင့် လှိုက်လှိုက်လှဲလှဲ တောင်းဆိုနေမှုများကို အတ္တစွဲ၊ အဆိုးမြင်အယူဝါဒစွဲကြီးမားစွာ မျက်ကွယ်ပြုကာ “ပိတ်ဆို့မှုများရုပ်သိမ်းပေးဖို့မလို၊ ဆက်လက်၍ ပိတ်ဆို့ထားပေးပါ” ဟု သခင်အားရကျွန်ပါးဝတောင်းဆိုမှုများကို ဆက်လက်ခေါင်းမာစွာ စွဲကိုင်ထားသူ လူတစ်စုမှာကား ပြည်သူလူထုနှင့်ကြာလေဝေးလေဖြစ်ကာ သမိုင်း၏ဒဏ်ခတ်ခြင်းကို မလွဲဧကန်ခံရဖွယ်ရှိနေပေတော့ရာ အချိန်မနှောင်းမီစိတ်ကောင်းနှင့်ယှဉ်၍ မိမိတို့၏ အမြင်မှား၊ လမ်းစဉ်အမှားများကို ပြုပြင်လျက်နိုင်ငံတော်သစ်တည်ဆောက်ရေး၌တစ်တပ်တစ်အား လက်တွဲပါဝင်လာကြစေလိုကြောင်းစေတနာကောင်းဖြင့်သတိပေးဖိတ်ခေါ်လိုက်ရပါသတည်း။ ။

## စာ(၃၇) ဝတ်လစ်စားလစ် ချင်းတွင်းမြစ် မှ

ဟုတ်ပါတယ်။ခေတ်ဆီနဲ့ ဒီဇယ်လောင်စာဈေးနှုန်းတွေ ဝုန်းဒိုင်းဆိုဆောင့်တက်တာဟာ ကုန်ဈေးနှုန်းတွေကိုပါလိုက်ပြီး တက်စေပါတယ်။ မုံရွာမှာ အခု ဖေဖော်ဝါရီလကုန် ၂၈ ရက် ပေါက်ဈေး ခေတ်ဆီတစ်ဂါလန် ၄,၄၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၄,၅၀၀ကျပ်ရှိပါတယ်။ ကျွန်တော်တို့နှစ်ယောက်လည်း ကုန်ဈေးနှုန်း အကြောင်းမပြောတော့ဘဲစကားဝိုင်းကိုဆက်ပါတယ်။“ကျွန်တော်တို့လိုင်းကတော့ ကုန်တင်လိုင်းဆိုတော့ ကုန်ပြည့်ရင်ထွက်တာပဲ။ အချိန်ပြည့် ထွက်ချင်တဲ့အချိန်တိုင်းတော့ ထွက်လို့မရဘူး။ ကုန်တန်ပိုစစ်ဆေးရေးဂိတ်ကို ဝင်ရသေးတယ်။ အဲဒီအဖွဲ့က မနက် ကိုးနာရီကနေ ဆယ့်နှစ်နာရီအထိ၊ ညနေသုံးနာရီနောက်ပိုင်းမှာရှိတာမို့ သူတို့ရှိမယ့်အချိန် မှန်းပြီးထွက်ကြရပါတယ်။ တန်ပိုစစ်ဆေးခကတော့ ကုန်တင်စက်လှေကြီးတစ်စီးကို ကုန်အနည်းအများပေါ်မူတည်ပြီး ကျပ်တစ်သောင်းကနေ သုံးသောင်းကျော်အထိကုန်ကျတတ်ပါတယ်။ အဲဒီကနေထွက်ပြီး ရောက်ရင်ရောက်သလောက် မောင်းကြပါတယ်။ ရေကြောင်းကောင်းတဲ့နေရာမှာ ညအိပ်ရပ်နားကြပါတယ်”

ချင်းတွင်းမြစ်က အရင်လိုမောင်းမကောင်းတော့ဘူးလို့ဆိုပါတယ်။ မော်လိုက်နားကစပြီး အထက်ပိုင်းတစ်လျှောက် ရေကြောင်းကျဉ်းတာတွေ၊ ရေပါးတာတွေရှိလို့ ဒီအချိန်ဆိုရင် အတော်လေးဂရုစိုက်မောင်းကြရပါတယ်။ ချင်းတွင်းမြစ်အထက်ပိုင်းမှာ ရေကြောင်းအကောင်းဆုံး၊ အရင်တုန်းက မျက်စိမှိတ်မောင်းလို့ရတဲ့ ဖောင်းပြင်အထက် တုံဟဲရွာနားမှာတောင် အခု လေးနှစ်လောက်ရှိပြီ မောင်းလို့မကောင်းတော့ဘူးလို့ပြောပါတယ်။

“အဓိကက မြစ်ထဲမှာ ရွှေမော်လုပ်တဲ့သူတွေက တစ်နေရာထဲမလုပ်ကြဘဲ ဟိုနေရာ၊ ဒီနေရာခွဲပြီးလုပ်ကြတော့ ရေကြောင်းတွေကပြောင်းပြီး ပိုကျပ်လာတာပါ။ ဖောင်းပြင်နယ်က ရွှေကြောလုပ်တာ အများဆုံးက ကယားရွာနားမှာပါ။ နောက် မော်လိုက်နယ်ထဲက ရိုးလွှာနားမှာလည်း များပါတယ်”ချင်းတွင်းမြစ်ရဲ့ သဘာဝကိုက ရေကြောင်းအပြောင်းအလဲမြန်ပါတယ်။ အဆန်တုန်းက ဒီနေရာမောင်းရခဲ့ပေမယ့် အစုန်ကျမောင်းမရတော့ဘူး။ တစ်ခေါက်နဲ့တစ်ခေါက် မောင်းရတဲ့နေရာချင်း မတူပါဘူး။ ချင်းတွင်းမှာ ဧရာဝတီလို ရေကြောင်းသတိပေးဘောချပေးတာက အတော်လေးနည်းတယ်။ တစ်ခါတလေ ချပေးထားတဲ့ဘောတွေကလည်း ဝါးထောင်၊ သစ်ဖောင်တွေနဲ့ငြိပြီး နေရာရွေ့တတ်လို့ ပုံသေစိတ်ချယုံကြည်လို့လည်းမရဘူး။ တကယ်တမ်း ဒီလိုရေကျချိန်မှာ ဘောချပေးတာ ပိုပြီးလိုအပ်ပါတယ်။ ရေကြောင်းကိုစမ်းပြီး ဝါးထောက်သွားနေရတော့ ခရီးက ပိုပြီးကြာပါတယ်။ ချင်းတွင်းမြစ်မှာက ငုတ်လည်း အင်မတန်ပေါပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၂၊၁၃ လောက်က အထက်ပိုင်းမှာ ငုတ်စူးပြီး ကုန်တင်စက်လှေတစ်စီး မှောက်သေးတယ်။ ရေကျချိန်မှာ သွားရလာရတာ အတော်ပင်ပန်းပါတယ်။ စရိတ်စကလည်းများတယ်။ အခု ဒီဇယ်ဈေးတွေ ထိုးတက်လာတော့ ပိုဆိုးတာပေါ့” လို့ သူက ဆက်ပြောပါတယ်။

ချင်းတွင်းမြစ်ကြောင်းမှာ ဧရာမသဲသောင်ပြင်ကြီးတွေကို တောက်လျှောက်တွေ့ရတယ်လို့ဆိုပါတယ်။ နောင်ပိုအောင်နဲ့ နမ့်တောအကြား မာလုံရွာ၊ ပေါက်ပင်ရွာ၊ နန့်စကားရွာနားတွေမှာဆိုရင် စက်လှေအသေးတစ်စီးစာ သဲတွေကိုယက်ထုတ်ပြီး ကိုယ်ထူကိုယ်ထ ရေကြောင်းဖော်သွားရတာတွေလည်းရှိတယ်လို့သိရပါတယ်။ အခုလိုရာသီမှာ ချင်းတွင်းမြစ်ကမ်းအကျယ်ကြီးထဲမှာ မြင်ရတဲ့ရေစီးကြောင်းက မြစ်နဲ့စာရင် လွန်စွာကျဉ်းမြောင်းလှပါတယ်။

စစ်ကိုင်းတိုင်း ဒေသကြီးရဲ့ ပင်မ အသက်သွေးကြောတစ်ခု၊ မြန်မာနိုင်ငံရဲ့ အရေးပါတဲ့သွေးကြောတစ်ခုဖြစ်တဲ့ ချင်းတွင်းမြစ်ကြီးဟာ လူသားများစွာအတွက် မှီခိုအားထားရာလည်းဖြစ်ပါတယ်။

ကုန်စည်များစွာ စီးဆင်းလည်ပတ်မှုဟာ ချင်းတွင်းမြစ်ကြီးကြောင့် ရှင်သန်နေရပါတယ်။ ဒါပေမဲ့ မြစ်ဆိုတာ ရေများများရှိနေမှ မြစ်ပီသမှာပါ။ သဲသောင်နုန်းပို့ချမှုတွေပိုမိုများပြားမလာဖို့၊ ရေစီးကြောင်းတွေ မပြောင်းလဲဖို့လည်း လိုပါတယ်။အခုတော့ ချင်းတွင်းကလည်း မြစ်ကြီးဧရာဝတီလို ကျန်းမာရေးယိုယွင်းစပြုလာပြီ။

ဒီအချိန် ဒီရာသီရောက်ရင် ကျွန်တော်က ချင်းတွင်းမြစ်ကို ‘ဝတ်လစ်စားလစ် ချင်းတွင်းမြစ်’ လို့တင်စားတတ်ပါတယ်။ ချင်းတွင်းဟာ ရေကျသွားရင် ဘာမှမရှိတော့ဘူး။ အားလုံးကို မြင်နေရပြီ။ သဲသောင်ပြင်ကျယ်ကြီးတွေ၊ ကျောက်ဆောင်ကြီးတွေနဲ့ ကွေ့ဝိုက်စီးဆင်းနေတဲ့ ရေစီးကြောင်းမျှင်မျှင်လေးဟာချင်းတွင်းရဲ့ ဝတ်လစ်စားလစ်အလှလို့ဆိုနိုင်မယ်ထင်ပါတယ်။ အလှတရားကို ရသတစ်ခုအနေနဲ့ ခံစားနိုင်ပေမယ့် အဲဒီအလှကြောင့် အန္တရာယ်ဒုက္ခတွေကြုံတွေ့လာနိုင်တယ်ဆိုတာကိုလည်း ထည့်စဉ်းစားကြရမှာပါ။ ချင်းတွင်းမြစ်ကိုမှီပြီးအသက်မွေးဝမ်းကျောင်းပြုကြတဲ့သူတွေ၊ စီးပွားရေးလုပ်ငန်းတွေကအမြောက်အမြားပါပဲ။ သဘာဝက ပေးထားတဲ့အမွေကို ကမ္ဘာတည်သရွေ့ မပျက်မယွင်းနဲ့ နောင်အနာဂတ် မြန်မာလူငယ်တွေဆီ လွှဲပြောင်းပေးနိုင်ဖို့ မျှော်လင့်ပါတယ်။ ။

Environment

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

Vol.10, No.1 • MARCH 10 , 2011

မုံရွာမြို့ ချင်းတွင်းမြစ်ဆိပ်ကမ်းတစ်နေရာ။ ဆောင်းအကုန်နွေအဝင်ကာလ၊ အချိန်က ညနေသုံးနာရီကျော်ဆိုတော့ ဖုန်ကတလုံးလုံး၊ လူတွေကလည်း တရုန်းရုန်းနဲ့ပါ။ ဆိပ်ကမ်းတစ်လျှောက် ဆိုက်ကပ်ထားတဲ့ ကုန်တင်စက်လှေကြီးတွေ၊ မော်တော်တွေကလည်း တစ်မျှော်တစ်ခေါ် မြင်နေရပါတယ်။ ဆိုက်ကား၊ မြင်းလှည်း၊ သုံးဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ ကားငယ်၊ ကားကြီးများစွာတို့ဖြင့် ကုန်တင်ကုန်ချလုပ်နေကြတာကလည်း ကမ်းနားလမ်းတစ်လျှောက်မှာ နေ့စဉ်အသက်ဝင်နေတဲ့ မြင်ကွင်းတစ်ခုပါပဲ။




# ဝတ်လစ်စားလစ် ချင်းတွင်းမြစ်

လွင်ချန်ဖြိုး(နတ်မောက်)

*မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးတစ်စင်းဖြစ်သော ချင်းတွင်းမြစ်တစ်နေရာကို ဖေဖော်ဝါရီလကုန်ပိုင်းက တွေ့ရစဉ်*

သွားရေအိတ်ကို သိုင်းလွယ်ထားတဲ့ အသားညိုညို၊ ဘောင်းဘီတိုနဲ့ ချင်းတွင်းမြစ်ကြောင်း ကုန်တင်စက်လှေယာဉ်မောင်းတစ်ဦးက ချင်းတွင်းကုန်တင် စက်လှေဆိပ်က ကွမ်းယာဆိုင်နားမှာထိုင်ရင်း

"ရေကြောင်းက အတော်လေးကြပ်ပြီဗျ။ အမှားမခံတော့ဘူး။ တချို့နေရာတွေက စက်လှေနှစ်စီးရှောင်မရတော့ဘူး။ စောင့်ပြီးမှ မောင်းရတာတွေရှိတယ်။ မော်လိုက်အဝင်ကစပြီး ကျပ်တာပဲ။ မော်လိုက်နယ်ထဲက ရှားပင်ရွာ၊ ဟုမ္မလင်းအဝင်နေရာတွေမှာ အကြပ်ဆုံးပဲ။ အခွံ (ကိုယ်ထည်) ကြီးတဲ့ စက်လှေကြီးတွေ ကုန်အပြည့်နဲ့ဆိုရင် တချို့နေရာတွေမှာ ဘာလီရစ်ခုံတွေနဲ့ ဝဲထောက်ပြီးသွားနေရပြီ။ ရေကတော့ အတော်လေးကျနေပြီ။ ဒါပေမဲ့ ဒါအကျဆုံးအချိန်မဟုတ်သေးဘူး။ တပေါင်း၊ တန်ခူးဆို ဒီထက်ပိုကျဦးမှာ"လို့ပြောပါတယ်။

မုံရွာ-မင်းကင်း၊ မုံရွာ-ကလေးဝ၊ မုံရွာ-မော်လိုက်၊ မုံရွာ-ဖောင်းပြင်၊ မုံရွာ-ဟုမ္မလင်း၊ မုံရွာ-ခန္တီး၊ မုံရွာ-နမ့်တော၊ နောင်ပိုအောင်ဆယ်ဇင်း စတဲ့ကုန်တင်စက်လှေလိုင်းတွေ အများကြီးပါ။ လိုင်းတစ်လိုင်းမှာ စက်လှေဆယ်စီးကနေ အစီးနှစ်ဆယ်လောက်စီရှိပါတယ်။ နေ့စဉ် ပုံမှန် အလှည့်ကျပြေးဆွဲနေကြပါတယ်။

"အခုကျွန်တော်တို့ဆို နမ့်တောထိအောင် ဝင်လို့မရတော့ဘူး။ ဟုမ္မလင်းမရောက်ခင် ဥရုမြစ်ဆုံမှာရှိတဲ့ ထုံးမာတဲလို့ခေါ်တဲ့ သောင်ပြင်ကျယ်ကြီးမှာ ရပ်နားကြရပါတယ်။ အခုတော့ ရွာကြီးတစ်ရွာလိုဖြစ်နေပါပြီ။ ဆိပ်ကမ်းတစ်ခုလိုပေါ့။ အဲဒီကနေ နမ့်တောအထိ စက်လှေအသေးလေးတွေနဲ့ ကဲ့ယူရပါတယ်။ စက်လှေအကြီးတစ်စီးစာ ကုန်တွေကို စက်လှေအသေးလေးတွေနဲ့ အခေါက်သုံးဆယ်လောက် ကဲ့ယူရပါတယ်။ ကဲ့ဖို့စက်လှေငှားမရဘူးဆိုရင် ထုံးမာတဲမှာတင် ငါးရက်လောက်ကြာတတ်ပါတယ်။ ကဲ့ယူရတဲ့စရိတ်ကလည်း ကျွန်တော်တို့ရတဲ့အထဲက သုံးပုံတစ်ပုံလောက် ပြန်ထွက်ပါတယ်"

ရေကျချိန်ဖြစ်လို့ အခုလို ကဲ့ယူနေရတာ သုံးလကျော်ကြာပြီလို့ဆိုပါတယ်။ နမ့်တောကို မိုးရာသီမှာ ပုံမှန် နှစ်ညအိပ်သုံးရက်ကြာတဲ့ခရီးဟာ အခုဆိုရင် မြစ်ပြင်မှာတင် လေးညအိပ်ငါးရက်လောက်ကြာတယ်လို့ပြောပါတယ်။ ထုံးမာတဲမှာ ရက်ကြာသွားမယ်ဆိုရင် ခရီးတစ်ခေါက်ဟာ တစ်လနီးပါးကြာသွားပါတယ်။ နှစ်လကိုပျမ်းမျှ သုံးခေါက်လောက်ရောက်တယ်လို့ဆိုပါတယ်။

အဆန်ခရီးမှာ တစ်ခေါက်ကို ဒီဇယ်ပီပါအလုံးနှစ်ရာလောက်နဲ့ စားကုန်သောက်ကုန်တွေတင်တယ်။ ဒီဇယ်ပီပါချည်း တင်မယ်ဆိုရင် အလုံးသုံးရာလောက်တင်နိုင်တယ်လို့ပြောပါတယ်။ အစုန်မှာတော့ အထက်ချင်းတွင်းကထွက်တဲ့ မြေထောက်ပဲ၊ ပုဂံပဲ၊ ချင်းပဲ စတဲ့ပဲတွေ အတင်များပါတယ်တဲ့။ တစ်ခါတလေလည်း ကုန်မရရင် အခွံနဲ့ပြန်ဆင်းခဲ့ရတာလည်းရှိပါတယ်။

"ခရီးတစ်ခေါက်ဆို ကုန်တင်စက်လှေအတွက် ဒီဇယ်ပီပါကိုးလုံးလောက်ကုန်ပါတယ်။ ဒီဇယ်ဈေးကလည်း ပြီးခဲ့တဲ့တစ်ရက် နှစ်ရက်ကမှ တစ်ပီပါကို တစ်သိန်းခွဲပဲရှိတာ။ အခု တစ်ပီပါကို နှစ်သိန်းခွဲဆိုတော့ ဒီတစ်ခေါက် ကုန်ပို့ခတွေကို အကုန်တိုးယူရပါတယ်။ အရင်က ဒီဇယ်ပီပါတစ်လုံးတင်ရင်နမ့်တောအရောက် ကျပ်တစ်သောင်းလောက်ပဲယူတာပါ။ အခု တစ်သောင်းခွဲယူပါတယ်။ မိုးတွင်းဆိုရင်ရှစ်ထောင်လောက်ပဲယူတာပါ။ ရိုးရိုးကုန်ဆိုရင် အရင်က တစ်ပိဿာကျပ်တစ်ရာနှုန်းယူပါတယ်။ အခုတော့ အားလုံးညှိပြီး တက်ကြရမှာပါ"

စာ (၃၆)သို့


Environment Cartoon




# ရေဝေတောတောင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အနုပညာပြပွဲကို အပိုင်း ၃ ပိုင်းခွဲပြသ

အေးမြကျော်


ရန်ကုန်၊ မတ်- ၄



ဧရာဝတီရေဝေရေလဲဒေသနှင့် မြစ်ဆုံဒေသများတွင် လက်ရှိဖြစ်ပေါ်နေသော သဘာဝပတ်ဝန်းကျင်အနေအထားများကို အနုပညာနှင့်ပေါင်းစပ်ပြသမည့် ရေဝေတောတောင်အမည်ရ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပြပွဲတစ်ရပ်ကို အပိုင်း ၃ ပိုင်းခွဲကာ မတ်လကုန်အထိပြသသွားရန်ရှိကြောင်း သိရသည်။

အဆိုပါပြပွဲကို ဆရာမဂျူး၊ ဒီဇိုင်းပညာရှင်ဦးမြင့်မောင်ကျော်နှင့် ဦးမြင့်ဇော်တို့ပူးပေါင်း ပြသခြင်းဖြစ်သည်။ ပြပွဲ၏ အပိုင်း ၁ အနေနှင့် ဖေဖော်ဝါရီ ၂၆ ရက်က ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်းရှိ Gallery 65 တွင် စတင်ပြသခဲ့ပြီး ၂၈ ရက်အထိ ၃ ရက်တာ ပြသခဲ့သည်။ ဧရာဝတီမြစ်ရေဝေရေလဲဒေသမှ ရွှေ့ကျင်နေသည့်လုပ်ငန်းခွင်ပုံများ၊ အတားအဆီးသဖွယ်ကာရံပေးသည့် သစ်ပင်များမရှိတော့သဖြင့် ပြိုကျလာသော မြေသားနံရံများ၊ လူတို့၏ စီးပွားရှာဖွေမှုကြောင့် ဒဏ်ရာဒဏ်ချက်များ ပြည့်နှက်နေသော မြစ်ဆုံတစ်ဝိုက်မှ ဓာတ်ပုံများနှင့်ဒေသခံများ၏ လူနေမှုဘဝပုံများ အပါအဝင် ဓာတ်ပုံပေါင်း ၉၈ ပုံကို ပြခန်းတစ်ခုအတွင်း ပြသခဲ့သည့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပြပွဲတစ်ရပ်ဖြစ်သည်။

ထိုနေ့က ပြပွဲနှင့်အတူ ကိုတာ၊ ဦးဝင်းကျော်(ရေသယံဇာတဖွံ့ဖြိုးမှုပညာရှင်)၊ ပါမောက္ခဒေါက်တာစောလှိုင်ဘွားနှင့် ဆရာတော်ဦးစိန္တိတ (အာရှအလင်းရောင်) တို့က ရေဝေရေလဲ၊ ရေသယံဇာများအကြောင်း ဟောပြောသည့်ဟောပြောဆွေးနွေးပွဲတစ်ရပ်ကိုလည်း ပူးတွဲပြုလုပ်ခဲ့ရာ စိတ်ဝင်တစား လာရောက်နားထောင်သော ပရိသတ်အထူးပင်များပြားခဲ့သည်။ ရေဝေတောတောင်ပြပွဲ၏ နောက်ဆက်တွဲပြပွဲများဖြစ်သော အပိုင်း ၂ ကိုလာမည့် မတ်လ ၁၉ ရက်မှ ၂၁ ရက်အထိ နှင့်အပိုင်း ၃ကို မတ်လ ၂၆ ရက်မှ ၂၈ ရက်အထိ ယောမင်းကြီးလမ်းရှိ Gallery 65 တွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ဆရာမဂျူး၊ ဆရာမြင့်မောင်ကျော်နှင့် ဦးမြင့်ဇော်တို့စီစဉ်သော မြေဆီသြဇာ(Art Gries Save Soil)အမည်ရသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အနုပညာပြပွဲတစ်ရပ်ကို ၂၀၁၀ ခုနှစ်အောက်တိုဘာလအတွင်းက ကျင်းပခဲ့သည်။ ပြပွဲနှင့်ပတ်သက်သည့် အကြောင်းအရာများကို Face book လူမှုကွန်ရက်တွင် Gallery 65 အမည်ဖြင့် ရှာဖွေ၍ကြည့်ရှုနိုင်သည်။

Tourism

7 DAY NEWS JOURNAL

Vol.10, No.1 • MARCH 10 , 2011

# သဘာဝအခြေခံခရီးသွားနယ်မြေများသို့သွားရောက်ခွင့် နေပြည်တော် သစ်တောဦးစီးသို့ တိုက်ရိုက်လျှောက်ရမည်

**အောင်သူရ**

**ရန်ကုန်၊ မတ် - ၁**

သဘာဝအခြေခံခရီးသွားနယ်မြေများသို့ ဝင်ရောက်လေ့လာကြည့်ရှုအပန်းဖြေခွင့်ရရှိရန် ခွင့်ပြုချက်တောင်းခံရသောရုံးလိပ်စာ ပြောင်းလဲသွားကြောင်း သတင်းရရှိသည်။

ယခင်က ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ဖွင့်လှစ်ထားသော ရုံးသို့ ခွင့်ပြုချက်တင်ပြတောင်းခံရသော်လည်း မတ်လ ၁ ရက်မှစ၍ နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသို့ တယ်လီဖုန်း၊ ဖက်စ်အပါအဝင် nwcdfd-mof@gmail.com သို့ ခွင့်ပြုချက်ငှ လျှောက်ထားရမည်ဖြစ်ကြောင်း အဆိုပါရုံး၏ထုတ်ပြန်ချက်အရ သိရသည်။

ခွင့်ပြုချက်တင်ပြရန် လိုအပ်သောဒေသများသို့ သွားရောက်၍ တင်ပြလာပါက ကာကွယ်ရေးဝန်ကြီးဌာန(ကြည်း) ခွင့်ပြုချက်အပါအဝင် အခြားသော အထောက်အထားများ ပြည့်စုံပါက နေ့ချင်းပြီးဆောင်ရွက်ပေးမည်ဟု သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကော်မတီမှ တာဝန်ရှိသူကပြောသည်။

မကြာသေးမီရက်များကပင် သဘာဝအခြေခံ ခရီးသွားဒေသ ၂၁ ခုအား သက်ဆိုင်ရာက ထုတ်ပြန်သတ်မှတ်ပေးခဲ့ပြီး ခွင့်ပြုချက်ရယူရန်လိုသော ခရီးသွားဒေသ ၁၀ ခု ပါရှိကာ ခွင့်ပြုချက်ကြိုတင်ရယူစရာမလိုသော ခရီးသွားဒေသ ၁၁ ခု ပါဝင်သည်။



***သဘာဝအခြေခံခရီးသွားဒေသများထဲတွင်ပါဝင်ပြီး ခွင့်ပြုချက်တင်ပြရန်မလိုသော အင်းလေးကန်ဒေသမှခြေထောက်ဖြင့်လှေလှော်နေသောဒေသခံကလေးငယ်တစ်ဦး။*** ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# အလောင်းတော်က ပ ဘုရားဖူးရာသီတွင် ဆင်စီးသူခရီးသည် လျော့နည်းလာဟုဆို

**မျိုးမင်းဦး**

**မုံရွာ၊ မတ်- ၃**

အလောင်းတော်ကဿပ ဘုရားဖူး ခရီးစဉ်တွင် သပိတ်ဆေးစခန်းမှ အလောင်းတော်ကဿပစံကျောင်းတော်အထိဆင်စီးခရီးစဉ်တွင် ခရီးသည် သိသိသာသာ လျော့နည်းခဲ့ကြောင်း သပိတ်ဆေးသစ်တောစခန်းမှ ဆင်ဦးစီးတစ်ဦးက ပြောသည်။

"ဘုရားဖူး ခရီးသည်တွေ စည်ကားတဲ့အချိန်တွေမှာ ဆင်ကောင်ရေ ၅၀၊ ၆၀ နီးပါးဆွဲပေးရတယ်။ ဒီနှစ်ဆင်စီးတဲ့သူများတဲ့ ရက်ကနည်းသွားလို့ ပုံမှန်ရက်တွေဆို ဆင်အကောင်ရေ ၂၀ နီးပါး နဲ့ ဆွဲပေးတယ်။ ဆင်စီးခလည်း အရင်နှစ်တွေတုန်းက ဈေးအတိုင်း ခရီးစဉ်လမ်းတစ်ကြောင်းလူ ၄၊ ၅ ယောက်ကိုကျပ်ရှစ်ထောင်ယူတယ်။ ခရီးသည်တွေနဲ့ ဆင်အကောင်ရေ မျှအောင်ဆွဲပေးရတယ်။ ဘုရားဖူးရာသီမှာ ခြေလျင်ခရီးသွားသူပိုများလာတယ်"ဟု အဆိုပါ ဆင်ဦးစီးက ပြောကြားသည်။

"ဆင်ကို စီးဖူးအောင် စီးတော့စီးချင်တယ်။ အင်တာနက်ထဲမှာ ဆင်ကြီး မုန်ယိုပြီး လူကိုသတ်တာမြင်ဖူးတော့ ဆင်တွေကို ကြောက်နေတယ်။ ဆင်ကြီးတွေကို စီးသွားတာမြင်တော့ ဆင်ကြီးကို သနားတာလည်းပါတယ်။ ကြောက်တာလည်း ပါတယ်။ အလောင်းတော်ကဿပဘုရားဖူး ခရီးစဉ်မှာ ကားတွေတစ်လျှောက်လုံးစီးလာတော့ အညောင်းမိလာတာနဲ့ တောင်ပေါ်ခြေလျင်တက်ရင် တောတောင်ရှုခင်းတွေ ခံစားရင်းမို့ ခြေလျင်တက်တာပိုများလာတယ်"ဟု ရန်ကုန်မြို့မှ အလောင်းတော်ကဿပသို့ ဘုရားဖူးလာရောက်သော ခရီးသည်တစ်ဦးကပြောသည်။

အလောင်းတော် ကဿပ ဆင်စခန်းတွင် ဆင်ကောင်ရေလျော့နည်းလာခြင်းကြောင့် ဘုရားဖူးခရီးသည်တင်ယာဉ်များ စုပေါင်းရောက်ရှိချိန်များတွင် ဆင်စီးသူများစောင့်ဆိုင်းချိန် ကြာမြင့်သည့်အတွက် ဆင်စီးသူဦးရေ လျော့နည်းလာခြင်းဖြစ်ကြောင်း သိရသည်။

# အမ်အေအိုင်က ရန်ကုန်-စင်ကာပူ-ဂျကာတာ ခရီးစဉ်ပျံသန်းမည်



**အောင်သူရ**

**ရန်ကုန်၊ မတ် - ၁**

အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း(MAI) က ထပ်မံမှာယူထားသော Air Bus A320 လေယာဉ်ရောက်ရှိလာပါက ရန်ကုန်- စင်ကာပူ-ဂျကာတာသို့ ပျံသန်းမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းဈေးကွက်မန်နေဂျာ ဒေါ်အေးမရသာက ပြောသည်။

"ဒီလကုန်လောက်တော့ လေယာဉ်ရောက်မှာပါ။ စင်ကာပူနဲ့ဂျကာတာက ခရီးသွားတွေအရမ်းများလို့ပါ"ဟု ဒေါ်အေးမရသာကပြောသည်။ ထို့အပြင်ခရီးသည် ၂၂၀ စီးနိုင်သော Air Bus A330 လေယာဉ်ကိုလည်းမှာယူထားပြီး အဆိုပါလေယာဉ်မှာ အောက်တိုဘာလတွင်ရောက်ရှိရန်မျှော်လင့်ထားကြောင်းနှင့် ထိုလေယာဉ် ရောက်ရှိလာပါကဆိုးလ်၊ တိုကျိုနှင့် ဒူဘိုင်းမြို့များသို့ပျံသန်းရန်စီစဉ်ထားသည်။ လက်ရှိတွင် MAI လေကြောင်းလိုင်းသည် Air Bus A320 လေယာဉ်လေးစီး၊ Air Bus A321 တစ်စီးဖြင့် ရန်ကုန်မြို့မှ ဘန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူ၊ ကွမ်ကျိုး၊ ဂါယာနှင့် စီယမ်ရိတ်မြို့များသို့ ပျံသန်းလျက်ရှိသည်။

# ဟိုတယ်ဇုန်များ လအလိုက်ခရီးသွားပွဲတော် စတင်ကျင်းပ

**ကျော်သီဟ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂၈**

မြန်မာနိုင်ငံရှိ ဟိုတယ်ဇုန်များ လအလိုက်ပွဲတော်ပြက္ခဒိန်အဖြစ် ၁၂ လလုံးရေးဆွဲပြီးပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ဆွဲဆောင်နိုင်ရန် ပွဲတော်များစတင်ကျင်းပနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များ အသင်း(ချောင်းသာဟိုတယ်ဇုန်) ဒုဥက္ကဋ္ဌဒေါက်တာ ဦးမောင်မောင်ကြီးက ပြောသည်။

"ဒီချောင်းသာဟိုတယ်ဇုန်က နှစ်စဉ် ဖေဖော်ဝါရီလမှာ ပွဲတော်လုပ်ဖို့ သတ်မှတ်ထားပါတယ်"ဟု ယင်းဇုန်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၇ ရက်အတွင်း နိဗ္ဗာန်ဈေးပွဲတော်၊ စတိတ်ရှိုးပွဲ စသည်ဖြင့် ကမ်းခြေတွင် ဧည့်သည်များ စည်ကားအောင် လုပ်ဆောင်ပေးခြင်းဖြစ်သည်။

"ပွဲတော်ရက်မှာ ကမ်းခြေဧည့်သည်အများဆုံးပဲ။ ကမ်းခြေမှာဧည့်သည်တစ်သောင်းဝန်းကျင်လောက်လာကြတယ်။ ဟိုတယ်နေ ဧည့်သည်အပြင် နိုင်ငံခြားသားတွေနဲ့ ဒေသအနီးအနားကလာတဲ့ဧည့်သည်တွေပါလာကြတယ်။ ချောင်းသာကမ်းခြေအတွက်ကတော့ လူဦးရေအများဆုံးနဲ့အအောင်မြင်ဆုံးပွဲတစ်ခုဖြစ်ခဲ့တယ်"ဟု ဟိုတယ်ဇုန်မှ ဦးကျော်ဟိုးက ပြောသည်။

အဆိုပါပြက္ခဒိန်အရ ဇန်နဝါရီလတွင် ရန်ကုန်ဟိုတယ်ဇုန်၊ ဖေဖော်ဝါရီတွင် ချောင်းသာဇုန်၊ မတ်လတွင် ငွေဆောင်ဇုန်၊ ဧပြီလတွင် မန္တလေးဟိုတယ်ဇုန် စသဖြင့် မော်လမြိုင်၊ ဘားအံဟိုတယ်ဇုန်များအထိ ဇုန်အလိုက် ခရီးသွားမြှင့်တင်ရေးပွဲများပြုလုပ်မည်ဟု သတင်းရရှိသည်။




7DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

## The Cartoon Logo




















7DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

## လစ်ဗျားမှ ပြန်ရောက်လာသော ထိုင်းလုပ်သား ၁၁၅ ဦးက လျော်ကြေးပေးရန် အစိုးရကိုတောင်းဆို

ဘန်ကောက်၊ မတ် - ၁
ထိုင်းအလုပ်သမား ၁၁၅ ဦးသည် နိုင်ငံရေးမငြိမ်မသက် ဖြစ်နေသောလစ်ဗျားနိုင်ငံမှ ဘန်ကောက်မြို့သို့ပြန်ရောက်လာခဲ့ပြီး၊ ၎င်းတို့အတွက်အလုပ်အကိုင်သစ်များရှာဖွေပေးရန်နှင့်လျော်ကြေးများပေးရန် အစိုးရကိုတောင်းဆိုထားကြောင်းထိုင်းမီဒီယာများကဖော်ပြလိုက်သည်။ ထိုင်းအလုပ်သမားဝန်ကြီးဌာန၏အလုပ်အကိုင်ရှာဖွေရေးဌာနမှ လက်ထောက်ညွှန်



ကြားရေးမှူး ဆူမတ်မာဟိုဆော့က ထိုင်းအလုပ်သမား ၆၇ ဦးသည် ဘန်ကောက်သို့ ပထမအသုတ်အဖြစ် မတ်လ ၁ ရက် နံနက် ၆ နာရီခွဲတွင်ရောက်လာခဲ့ပြီး ကျန် ၄၈ ဦးမှာနံနက် ၉ နာရီ ၄၅ မိနစ်တွင်ရောက်လာကြောင်းဆိုသည်။

ထိုင်းနိုင်ငံသို့ ပြန်ရောက်လာသောလုပ်သားများသည် ယခုအခါအလုပ်သမားဝန်ကြီးဌာန၏ လျော်ကြေးရန်ပုံငွေမှာ ၎င်းတို့အလုပ်မရှိ၍ လျော်ကြေးပေးရန် အစိုးရကို တောင်းဆိုထားကြောင်း သိရသည်။ ထို့ပြင် ၎င်းတို့သည် ပါလာသော လစ်ဗျားဒင်နာငွေနှင့် ဘတ်ငွေလဲလှယ်ပေးရန်ကိုလည်း တောင်းဆိုထားသည်။

—*Ref: Xinhua*



## အင်ဒိုနီးရှား ငွေဖောင်းပွမှုနှုန်း အနည်းငယ်ကျဆင်း

ဂျကာတာ၊ မတ် - ၂
အင်ဒိုနီးရှားနိုင်ငံ၏ စားသုံးသူဈေးနှုန်းသည် ယမန်နှစ်ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်လျှင် ၆ ဒသမ ၈၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ရာမှ မျှော်လင့်ထားသည်ထက်လျော့နည်းခဲ့ကြောင်း သိရသည်။

လစဉ်တွက်ချက်သည့် ငွေကြေးဖောင်းပွမှုနှုန်းမှာလည်း ဇန်နဝါရီလတွင် ၀ ဒသမ ၈၉ ရာခိုင်နှုန်းရှိခဲ့သော်လည်း ဖေဖော်ဝါရီလတွင် ၀ ဒသမ ၁၃ ရာခိုင်နှုန်းသာရှိကြောင်း အင်ဒိုနီးရှား ကိန်းဂဏန်း အချက်အလက်ဌာနက ထုတ်ပြန်သည်။

အပြောင်းအလဲများသော စားသောက်ကုန်ဈေးနှုန်းများကို ထည့်မတွက်ထားသည့် မူရင်းငွေ ကြေးဖောင်းပွမှုနှုန်းမှာလည်း နှစ် စဉ်နှုန်းဖြင့်တွက်ချက်ပါက ၄ ဒသမ ၃၆ ရာခိုင်နှုန်း ရှိသည်။ ဇန်နဝါရီလတွင် ၄ ဒသမ ၁၈ ရာခိုင်နှုန်းရှိခဲ့သည်။

မြင့်တက်လာသော စားသောက်ကုန်ဈေးနှုန်းများက ငွေကြေးဖောင်းပွမှုနှုန်းကို ပိုဆိုးစေနိုင်သည်ဟူသော စိုးရိမ်မှုများကြောင့်လည်း အင်ဒိုနီးရှားဗဟိုဘဏ်က အတိုးနှုန်းကို တိုးမြှင့်ခဲ့သည်။

အစွန်းရောက်ရာသီဥတုက သီးနှံရိတ်သိမ်းခြင်းနှင့် ဖြန့်ဖြူးခြင်းတွင် အနှောင့်အယှက်ဖြစ်စေခဲ့၍လည်း ယမန်နှစ်ငွေကြေးဖောင်းပွမှုနှုန်းမှာ ၇ ရာခိုင်နှုန်းနီးပါးရောက်ရှိခဲ့သည်။

ဗဟိုဘဏ်သည် အဓိက အတိုးနှုန်းကို ၆ ဒသမ ၇၅ ရာခိုင်နှုန်းတွင် ထိန်းထားလိမ့်မည်ဟု မျှော်လင့်ကြောင်း ဂျကာတာမြို့တော်မှဘဏ္ဍာရေးခွဲခြမ်းစိတ်ဖြာသူတစ်ဦးက ပြောကြားသည်။

—Ref: AFP




TRADEMARK CAUTION
Cambrew Limited, a company incorporated in Cambodia at 215 Norodom Boulevard, Sangkat Tonle Bassac, Khan Chamkar Morn, 12301 Phnom Penh, Cambodia, is the Owner and Sole Proprietor of the following Trademarks:-

Reg : No.4/7473/2007
ANGKOR BEER
Reg : No.4/7474/2007
In respect of : Int'l class 32: Beer.
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
Ph: 371990 10 March 2011

TRADEMARK CAUTION
Sime Darby Malaysia Berhad a Company incorporated in Malaysia at 19th Floor, Wisma Sime Darby, Jalan Raja Laut, 50350 Kuala Lumpur, Malaysia is the Owner and Sole Proprietor of the following Trademark:-

Reg: No.4/772/2009
In respect of : "Cooking Oil."
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
Ph: 371990 10 March 2011

## နောက်ကျောဖုံး - မိုဟာမက်ယူနွတ်အမှုကို ဘင်္ဂလားဒေ့ရှ် တရားရုံးတွင် ဆက်လက်ကြားနာမည် မှ

ထို့အတွက် မစ္စတာယူနွတ်သည် ဒါရိုက်တာရာထူးအား တရားမဝင် ရယူထားသည်ဟု ဗဟိုဘဏ်က ပြောကြားသည်။

သို့သော် မစ္စတာယူနွတ်အား ထောက်ခံသူ အချို့ကမူ ၎င်းအားထုတ်ပယ်ခြင်းမှာ နိုင်ငံရေး အရလှုံ့ဆော်မှု ရှိနေကြောင်း ပြောကြားသည်။ မစ္စတာယူနွတ်သည် ဝန်ကြီးချုပ် ရှိက်ဟာစီနာ ဦးဆောင်သော လက်ရှိအစိုးရအား ပွင့်ပွင့်လင်းလင်း ဝေဖန်ပြောကြားခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ၎င်း၏ ကိုယ်ပိုင်ပါတီဖွဲ့ရန် ကြိုးပမ်းခဲ့သည်။

ဝန်ကြီးချုပ်ဟာစီနာကလည်း ဂရာမင်းဘဏ်နှင့် အခြားအသေးစား ချေးငွေအဖွဲ့များသည် အတိုးနှုန်းမြင့်မားစွာ ယူနေပြီး ဆင်းရဲသားများအပေါ် အခွင့်ကောင်းယူနေသည်ဟု စွပ်စွဲပြောကြားသည်။ *—Ref: BBC, AFP*

## နောက်ကျောဖုံး - အီဂျစ်နိုင်ငံတွင် အဆင့်မြင့်ဝန်ကြီးများ ပြောင်းလဲ မှ

ယင်းအပြောင်းအလဲများကို နိုင်ငံအား အုပ်ချုပ်နေသည့် စစ်ဘက်ကောင်စီက ပြုလုပ်ခြင်းဖြစ်ပြီးစစ်ဘက်ကောင်စီသည် ယခင်ရက်သတ္တပတ်အတွင်းကလည်း ဝန်ကြီးချုပ်ဟောင်း အာမက်ရှာဖစ်အား ဝန်ကြီးချုပ် အသစ်တစ်ဦးဖြင့် အစားထိုးခဲ့သည်။ ထို့အပြင် စစ်ဘက်ကောင်စီသည် ခြောက်လအတွင်း ရွေးကောက်ပွဲတစ်ရပ်ကျင်းပပြီး အရပ်သားအစိုးရသို့ အာဏာလွှဲပြောင်းပေးရန် မျှော်လင့်ထားသည်။

ပြည်ထဲရေးဝန်ကြီးသစ် မန်ဆိုးအယ်လ်အက်ဆာဝီကလည်း ရဲတပ်ဖွဲ့၏ ပုံရိပ်တိုးတက်သွားအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားသည်။ လုံခြုံရေးတပ်ဖွဲ့များအား ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရေးမှာ တော်လှန်ရေး အုပ်စုများ၏အဓိကတောင်းဆိုချက်ဖြစ်ကြောင်း သိရသည်။

တရားရေးဝန်ကြီးသစ် မိုဟာမက်အယ်ဂူအင်ဒီကလည်း ခြစားမှုကို တိုက်ဖျက်ရေးနှင့် အခြေခံဥပဒေသစ်အရ ပြုလုပ်မည့် ပါလီမန်နှင့် သမ္မတရွေးကောက်ပွဲများကို ကြီးကြပ်ရေးကိုကိုင်တွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဝန်ကြီးချုပ် အက်ဆန်ရှာရက်ဖ်သည် ဝန်ကြီးအဖွဲ့ဝင်သစ်များနှင့် မတ်လ ၆ ရက်က တွေ့ဆုံခဲ့ကြောင်းသိရသည်။

*—Ref: Reuters*

## နောက်ကျောဖုံး - ဆယ်စုနှစ်အတွင်း ဆင်းရဲမွဲတေမှုပပျောက်အောင် လုပ်ဆောင်သွားမည်ဟု ဝမ်ကြားပေါင်ပြောကြား မှ



ထောက်ပံ့ကူညီမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ဆင်းရဲမွဲတေမှုလျှော့ချရေးကြိုးပမ်းမှုများကို အရှိန်အဟုန်ဖြင့်ဆက်လက်၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂန်းစုပြည်နယ်မှကိုယ်စားလှယ်များအား တရုတ်ဝန်ကြီးချုပ်က ပြောကြားသည်။ ဂန်းစုပြည်နယ်မှာ တရုတ်နိုင်ငံ၏ အဆင်းရဲဆုံး ဒေသများတွင် ပါဝင်သည်။

တစ်နေ့လျှင် တစ်ဒေါ်လာအောက်ဝင်ငွေရှိသူများကို ဆင်းရဲသားများ ဟူသော ကုလသမဂ္ဂ၏ သတ်မှတ်ချက်အရ တရုတ်နိုင်ငံတွင်လူပေါင်းသန်း ၁၅၀ သည် ဆင်းရဲမှုမျဉ်းအောက်ရောက်နေကြောင်း ဆင်ဟွာသတင်းက ဖော်ပြသည်။ *—Ref: Xinhua*

## နောက်ကျောဖုံး - ရေနံဈေးနှုန်းမြင့်မားမှုကြောင့် ဂျပန်နိုင်ငံတွင် နိုင်ငံရေးအရ ရှယ်ယာဈေးကွက်ထိခိုက် မှ

လစ်ဗျားနိုင်ငံတွင် တိုက်ခိုက်မှုများ ပြင်းထန်လာပြီး ပြည်တွင်းစစ်ဖြစ်ပေါ်နိုင်သည့် အခြေအနေရှိပြီး အခြားအရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက နိုင်ငံများဖြစ်သည့် ဘာရိန်း၊ ယီမင်၊ အိုမန်၊ အယ်လ်ဂျီးရီးယားနိုင်ငံတို့တွင်နိုင်ငံရေးမငြိမ်သက်မှုများ ဖြစ်ပေါ်ခဲ့ရာ ကမ္ဘာ့ရေနံဈေးနှုန်းများမြင့်တက်လာခဲ့ပြီး ကမ္ဘာတစ်ဝန်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်နေသည်။

ရေနံဈေးနှုန်းမှာ လန်ဒန်တွင် တစ်စည်လျှင် ကန်ဒေါ်လာ ၁၁၇ ဒသမ ၃၈ သို့ ရောက်ရှိခဲ့ပြီး ရွှေဈေးနှုန်းမှာ နယူးယောက်တွင် တစ်အောင်စလျှင် ၁၄၃၄ ဒသမ ၃၀ ဒေါ်လာဈေးပေါက်ခဲ့ကြောင်း သိရသည်။

*—Ref: WSJ / Bloomberg*



## Leader's Profile

# Yahoo! ကုမ္ပဏီအကြီးအကဲ ဂျယ်ရီယန်း

ရဲမင်း

ဂျယ်ရီယန်းသည် အင်တာနက်ရှာဖွေရေးကုမ္ပဏီ Yahoo! အား ပူးတွဲတည်ထောင်သူ၊ ယင်းကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဟောင်းနှင့် Yahoo! ၏ အကြီးအကဲအဖြစ် ရပ်တည်နေသူဖြစ်သည်။

ယန်းအား ၁၉၆၈ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် တရုတ် (တိုင်ပေ)၌ မွေးဖွားခဲ့သည်။ အသက်ဆယ်နှစ်အရွယ်တွင် ၎င်း၏မိခင်၊ညီငယ်တို့နှင့်အတူ အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ ဆန်ဂျို့စ်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ယန်း အသက် ၂ နှစ်မှာပင် ယန်း၏ဖခင် ကွယ်လွန်ခဲ့သည်။

ယန်း၏အမေမှာ အင်္ဂလိပ်စာဆရာမဖြစ်သော်လည်း အမေရိကန်သို့ ၎င်းရောက်ရှိလာချိန်တွင် Shoe (ဖိနပ်)ဟူသော အင်္ဂလိပ်စကားလုံးတစ်လုံးသာသိသည်ဟု ယန်းကဆိုပါ၏။ ယန်းသည် ၃ နှစ်အတွင်း အင်္ဂလိပ်စကားရေလည်လာခဲ့ပြီး အေပီအင်္ဂလိပ်စာသင်တန်းများတွင် တက်ရောက်သင်ကြားခဲ့သည်။

ယန်းသည် အမေရိကန်နိုင်ငံမှာပင် အလယ်တန်းနှင့် အထက်တန်း ပညာများသင်ယူခဲ့ပြီး အဆင့်မြင့်ပညာရေးအတွက် စတန်းဖို့ဒ်တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ စတန်းဖို့ဒ်တက္ကသိုလ်မှ လျှပ်စစ်အင်ဂျင်နီယာ ဘာသာရပ်အထူးပြုဖြင့် ရိုးရိုးသိပ္ပံဘွဲ့နှင့် မဟာသိပ္ပံဘွဲ့များရရှိခဲ့သည်။

စတန်းဖို့ဒ်တက္ကသိုလ်၌ ပညာသင်ကြားနေစဉ်မှာပင် ဂျယ်ရီယန်းသည် ဒေးဗစ်ဖီလိုနှင့်အတူ 'Jerry's and Dave's Guide to World Wide Web'ဟူသော အင်တာနက်ဝက်ဘ်ဆိုက်ကို စတင်ဖန်တီးခဲ့သည်။ ၎င်းနောက်တွင် ဝက်ဘ်ဆိုက်အား Yahoo! ဟုအာမေဍိတ်သံအဖြစ်ပြောင်းလဲခဲ့သည်။ ရာဟူးဝက်ဘ်ဆိုက် လူကြိုက်များလာသောအခါ ၁၉၉၅ ခုနှစ်တွင် ဂျယ်ရီယန်းနှင့် ဒေးဗစ်ဖီလိုတို့ ပူးတွဲ၍ Yahoo! Inc ကို တည်ထောင်ခဲ့သည်။ ၎င်းတို့ ဒေါက်တာဘွဲ့ယူမည့်အစီအစဉ်ကိုလည်း ရွှေ့ဆိုင်းလိုက်ကြသည်။

Yahoo! ကို ဝက်ဘ်ပေါ်တယ်အဖြစ် စတင်ထူထောင်ခဲ့ခြင်းဖြစ်ပြီး အင်တာနက်ပေါ်မှနေ၍ ရရှိနိုင်သောကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အင်တာနက်လမ်းညွှန်စာအုပ်သဖွယ် ဖော်ပြပေးခဲ့သည်။ ယခုအခါ Yahoo! မှာ အင်တာနက်ပေါ်တွင် လူသိအများဆုံးအမှတ်တံဆိပ် တစ်ခုဖြစ်ပြီး တယ်လီဖုန်းကုမ္ပဏီများနှင့် ချိတ်ဆက်ထား၍လည်း Yahoo! မှာ လူသုံးအများဆုံးကွန်ရက်လုပ်ငန်းအဖြစ် ရပ်တည်နေသည်။

ဂျယ်ရီယန်းသည် ၂၀၀၈ ခုနှစ်တွင် ရာဟူးကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်အဖြစ်မှ ဆင်းပေးမည်ဟုပြောကြားခဲ့သည်။ ဂျယ်ရီယန်းသည် ရင်းနှီးမြှုပ်နှံသူများ၏ ပြစ်တင်ပြောကြားမှုခံရပြီး Yahoo! ၏ ဝင်ငွေများ ပိုမိုတိုးတက်အောင် မရှာဖွေခြင်း၊စတော့ရှယ်ယာဈေးနှုန်းကို မတိုးမြှင့်ခြင်းအတွက်လည်း ဝေဖန်ခံနေရသည်။ မိုက်ကရိုဆော့ဖ်ကုမ္ပဏီမှနေ၍ ရာဟူး၏ရှယ်ယာများကိုရှယ်ယာတစ်ခုလျှင် ကန်ဒေါ်လာ ၃၃ ဒေါ်လာဖြင့် ကမ်းလှမ်းခြင်းကို ပယ်ချခဲ့ခြင်းအတွက်လည်း ဂျယ်ရီယန်းအား အစုရှယ်ယာရှင်များက ဝေဖန်ပြောကြားခဲ့သည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၃ ရက်နေ့တွင် Yahoo! ကုမ္ပဏီက ဆီလီကွန်တောင်ကြား ဝါရင့်တစ်ဦးဖြစ်သူ ကာရိုးဘက်ဇ်အား အမှုဆောင်အရာရှိချုပ်အဖြစ် ရွေးချယ်ခဲ့သော်လည်း မစ္စတာဂျယ်ရီယန်းသည် ရာဟူးအကြီးအကဲ (Chief Yahoo) ဖြစ်နေသေးသလို ဒါရိုက်တာဘုတ်အဖွဲ့ဝင်တစ်ဦးအဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်သည်။

မစ္စတာဂျယ်ရီယန်းသည် ကော်စတာရီကာနိုင်ငံတွင် ကြီးပြင်းခဲ့သည့် ဂျပန်အမျိုးသမီးအကီကို ယာမာဇာကီနှင့် အိမ်ထောင်ပြုထားပြီး ၎င်းသည်ကန်ဒေါ်လာ ၁ ဒသမ ၁၅ ဘီလီယံ ချမ်းသာသည်ဟုခန့်မှန်းကြသည်။

*—Ref: Wikipedia*

## စာ(၃၂) - မိုးခေါင်ရေရှားမှု၊ ရေကြီးမှုနှင့် စားနပ်ရိက္ခာ မှ



ကမ္ဘာကြီး ပူနွေးလာတဲ့အကျိုးဆက်ကြောင့် မိုးခေါင် ရေရှားမှုတွေရော၊ ရေကြီးမှုတွေရောဖြစ်ပေါ်လာရတာပါ။ ကမ္ဘာကြီးပိုပြီး ပူလောင်လာလို့ မိုးခေါင်ရေရှားမှုတွေ ဖြစ်တယ်။ ပူနွေးလာတဲ့ပင်လယ်တွေ ရေခိုးရေငွေ့အငွေ့ပျံမှု ပိုများလာတာကြောင့် (မိုးရွာသွန်းမှုများပြီး) ရေကြီးမှုတွေဖြစ်တယ်။

ဘယ်ရာသီဥတုဖြစ်ရပ်တစ်ခုတည်းကိုမှ ဖန်လုံအိမ်ဓာတ်ငွေ့တွေကြောင့်လို့ လက်ညှိုးထိုးလို့မရပါဘူး။ သို့သော်လည်း ကျွန်တော်တို့ မြင်တွေ့နေရတဲ့ ပုံသဏ္ဍာန်မှာ အစွန်းရောက် (အပူချိန်) မြင့်မားမှုနဲ့ အစွန်းရောက်ရာသီဥတု ဘောင်ဘင်ခတ်မှုဟာ ယေဘုယျအားဖြင့် ပိုပြီးအဖြစ်များလာပါတယ်။ ဒါဟာ ရာသီဥတုပြောင်းလဲမှုကနေ ကျွန်တော်တို့မျှော်လင့်ထားရမယ့် အရာတွေပါပဲ။

ထုံးစံအတိုင်း မယုံကြည်သူတွေကတော့ ကမ္ဘာကြီးပူနွေးလာမှုနဲ့ စားနပ်ရိက္ခာ အကျပ်အတည်းဆက်စပ်မှုရှိတယ်ဆိုတဲ့ အဆိုပြုချက်တွေအပေါ် မခံမရပ်နိုင်ဖြစ်ကြမှာပါပဲ။ ဘင်ဘာနန်ကီးလက်မှာသွေးစွန်းနေပြီလို့ ပြောကြသူတွေဟာလည်း အနည်းနဲ့အများဆိုသလို ရာသီဥတုနဲ့ ပတ်သက်ပြီးသိပ္ပံပညာရှင်တွေရဲ့ တစ်လေသံတည်းထွက်နေမှုဟာ လက်ဝဲယိမ်းလံကြုပ်သီအိုရီကို ရောင်ပြန်ဟပ်နေတယ်လို့ ဆိုတဲ့လူတွေပါပဲ။

သို့သော်လည်း လက်တွေ့အထောက်အထားတွေကတော့ ယခုလက်ရှိ ကျွန်တော်တို့ကြုံနေရတာတွေဟာ ပူနွေးလာတဲ့ ကမ္ဘာကြီးမှာ ကျွန်တော်တို့ရင်ဆိုင်ရမယ့် စီးပွားရေးအရဖြစ်စေ၊ နိုင်ငံရေးအရဖြစ်စေ အနှောင့်အယှက်တွေရဲ့ ရှေ့ပြေးအရသာဆိုတာကို ပြသနေပါတယ်။ ဖန်လုံအိမ်ဓာတ်ငွေ့တွေအပါ် အရေးတယူလုပ်ဖို့ ကျွန်တော်တို့ရဲ့ ပျက်ကွက်မှုကို ထည့်တွက်ရင် ရှေ့မှာ ဒီ့ထက်မကဆိုးဝါးတာတွေ ရှိဦးမယ်ဆိုတာကတော့ မြေကြီးလက်ခတ်မလွဲပါပဲ။

*—Ref: Droughts, Floods and Food: NY Times*

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011



# ကျွန်တော်တို့က ဝီကီလိခ်နဲ့ ဘာမှကို မသက်ဆိုင်ပါဘူး

## ဝီကီပီးဒီးယားတည်ထောင်သူ ဂျင်မီဝေးလ်စ်နှင့် အမေးအဖြေ

**ကျော်မျိုး**

ကမ္ဘာကျော် ဝီကီပီးဒီးယား ဝက်ဘ်ဆိုက်ကို မြန်မာနိုင်ငံမှာ အင်တာနက်အသုံးပြုသူအားလုံး နီးပါးလောက်သိကြမှာပါ။ ၂၀၀၁ ခုနှစ်မှစတင်တည်ထောင်ခဲ့တဲ့ ဝီကီပီးဒီးယား အခမဲ့စွယ်စုံကျမ်း ဝက်ဘ်ဆိုက်ဟာ မကြာမီကပဲ ၁၀ နှစ်ပြည့်ခဲ့ပါတယ်။ ဝီကီပီးဒီးယားဟာ ကမ္ဘာ့အကြီးဆုံး စွယ်စုံကျမ်းတစ်ခုအဖြစ် ရပ်တည်လာနေပြီး ဘာသာရပ်ပေါင်းစုံ အကြောင်းအရာ ပေါင်းစုံအတွက် လည်းဆောင်းပါးပေါင်း သန်းချီရှိနေလာပြီဖြစ်ပါတယ်။ သင်ဟာ ဝီကီပီးဒီးယားမှာ ဒိုင်နိုဆောများ အကြောင်းကနေ ဘရစ်တနေး စပီယားစ်အထိ ကြိုက်ရာဝေါဟာရများ ရိုက်ထည့်ရှာဖွေနိုင်ပါတယ်။ ဒီစွယ်စုံကျမ်းရဲ့ အရေးအသားတွေခိုင်မာမှုရှိ၊ မရှိမသေချာရင်တော့အခြားခိုင်မာတဲ့ ပုံနှိပ်မှုကြမ်းတွေနဲ့သာ တိုက်ကြည့်ပါ။ ဒါပေမဲ့ ဝီကီပီးဒီးယားက သင်သိလိုသမျှကိုသင့်အင်တာနက် အသုံးပြုချိန်ငါးမိနစ်ပဲရသည်ဖြစ်စေ အလွယ်ဖတ်ဖြစ်အောင် အမြန်ကိုးကားနိုင်အောင်တော့ဖြည့်ဆည်းပေးမှာပါ။ အောက်ပါအမေးအဖြေတွေကတော့ တိုင်းမ်မဂ္ဂဇင်းရဲ့ စာဖတ်ပရိသတ်တွေက ဝီကီရဲ့တည်ထောင်သူ ဂျင်မီဝေးလ်စ်ကို မေးမြန်းထားတာတွေပါ။ ဝေးလ်စ်ရဲ့ အဖြေတွေကနေ ဝီကီရဲ့အကြောင်းကို ကျွန်ုပ်တို့ ပိုသိလာနိုင်ပါလိမ့်မယ်။

**ဝီကီပီးဒီးယားဝက်ဘ်ဆိုက်ကို ဘယ်လိုစတင်ခဲ့ပါသလဲ။**

**အနုရှိကာဂိုးလ်၊ မွန်ဘိုင်း။**

ဝီကီပီးဒီးယားဆိုတာ လူတိုင်းအတွက် အခမဲ့စွယ်စုံကျမ်း တစ်ခုဖန်တီးရေး ကျွန်တော်ရဲ့ ဒုတိယမြောက် အားထုတ်မှုပါ။ ပထမဆုံးအားထုတ်မှုကတော့ နျူပီးဒီးယား Nupedia လို့ခေါ်ခဲ့တယ်။ ပျက်သွားခဲ့ပါတယ်။ နျူပီးဒီးယားကို ဖန်တီးဖို့ ကျွန်တော်တို့ကြိုးစားခဲ့တဲ့ နမူနာမော်ဒယ်ကလည်း သိပ်ထိန်းချုပ်မှုများတယ်။ ပညာရှင်သိပ်ဆန်တယ်။ အပျော်တမ်းရေးမယ့်သူတွေအတွက် သိပ်ပျော်စရာကောင်းမှာမဟုတ်ဘူး။ ကျွန်တော်က ဝီကီကို ၂၀၀၁ မှာ စထောင်ခဲ့တာပါ။ ဒီနောက်တော့ အဲဒါဟာ တဖြည်းဖြည်းကြီးသထက်ကြီး၊ ကြီးလာနေပါပြီလေ။

**ဘာ့ကြောင့် လူကြီးမင်းဟာ အသုံးပြုသူတွေကို ဝီကီပီးဒီးယား တည်းဖြတ်ခွင့်ပေးဖို့ ဆုံးဖြတ်ခဲ့တာလဲ။**

**လူးဝစ်ဗွန်း၊ ကင်းဆတ်စီးတီး။**

စွယ်စုံကျမ်းမှာ လူတိုင်းကို တည်းဖြတ်ခွင့်ပေးရတဲ့အကြောင်းအရင်းက အရည်အသွေးကြောင့်ဖြစ်ပါတယ်။ အဲဒါဟာ ကျွန်တော်တို့တတ်နိုင်သမျှ အကောင်းဆုံးဆောင်းပါးရအောင် လွတ်လပ်တဲ့ ဒီမိုကရက်တစ်ဆန်တဲ့ ဆွေးနွေးမှုမျိုးဖြစ်အောင် ခွင့်ပြုပေးဖို့ပါ။ အင်တာနက်ရဲ့ အကြီးအကျယ်ဆုံး အလှတရားကတော့ အဲဒါက လူတွေအများကြီးကို အပြုသဘောပါဝင်ပတ်သက်နိုင်ဖို့ ခွင့်ပြုပေးထားတာပဲ ဖြစ်တယ်။

**အစဉ်အလာ စွယ်စုံကျမ်းတွေရဲ့ ခေတ်သေဆုံးသွားပါပြီလား။**

**ပီတာဟိုင်ဒင်နာ၊ အားဟောက်စ် (ဒိန်းမတ်)**

သေ၊ မသေတော့ မသေချာဘူး။ ဒါပေမဲ့ အခြေအနေဆိုးနေတာတော့သေချာတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဝီကီမပေါ်ခင်ကတဲ အခြေအနေဆိုးနေတာပါ။ ဘရစ်တန်နီးကား Britannica စွယ်စုံကျမ်းကြီးဟာ မိုက်ကရိုဆော့ဖ်ကထုတ်တဲ့ Encarta ရဲ့ တိုက်ခိုက်မှုကို ပြင်းပြင်းထန်ထန်ခံခဲ့ရတယ်။ Encarta ကစွယ်စုံကျမ်းကြီးတွေရဲ့ ကုန်ကျစရိတ်ကို မှတ်သားလောက်အောင်ကိုလျှော့ချနိုင်ခဲ့ပါတယ်။

**ဝီကီပီးဒီးယားကို စထောင်ချိန်က ထားခဲ့တဲ့ မျှော်လင့်ချက်တွေ အခုအချိန်မှာ ဖြည့်စွမ်းနိုင်ပြီလား။**

**ရှယ်ရွန်လက်လူဆီ၊ ဂန့်ဇ် (ဘယ်လ်ဂျီယမ်)**

ဝီကီကို စထောင်တဲ့အစောပိုင်းနေ့တွေတုန်းကပေါ့။ ကျွန်တော်မှတ်မိသေးတယ်။ ထိပ်တန်းဝက်ဘ်ဆိုက် ၁၀၀ စာရင်းတစ်ခုကိုကြည့်မိရင်းကျွန်တော်တို့ကို စွယ်စုံကျမ်းရည်ညွှန်းကိုးကား ဆိုက်တစ်ခုအဖြစ် နံပါတ် ၅၀ မှာ ပဲပေးထားတယ်။ အဲဒီတော့ ကျွန်တော်တွေးခဲ့တယ်။ ကျွန်တော်တို့သာ တကယ်ကောင်းကောင်းလုပ်မယ်ဆိုရင် ထိပ်တန်း ၁၀ ဆိုက် စာရင်းထဲဝင်နိုင်မှာပဲလို့။ အခုတော့ ကျွန်တော်တို့ဟာ ကမ္ဘာပေါ်မှာ ပဉ္စမမြောက်လူကြိုက်အများဆုံးဝက်ဘ်ဆိုက်ဖြစ်နေပါပြီ။ တစ်လကို လူသန်း ၄၀၀ ကျော်လောက် ဆိုက်ကိုလာကြည့်ကြတယ်။ ဒါဟာ ကျွန်တော်မျှော်မှန်းခဲ့တာထက် ပိုခဲ့တာပေါ့။

**ဝီကီပီးဒီးယားဟာ ဘဏ္ဍာရေးအရ ရေရှည်တည်တံ့ခံနိုင်ပါ့မလား။**

**ဂွန်ပျိုဆွန်း၊ ဆိုးလ် (တောင်ကိုရီးယား)**

ရေရှည်သွားမယ်ထင်ပါတယ်။ ကျွန်တော်တို့ဟာ အများပြည်သူရဲ့ အလှူငွေတွေနဲ့ တည်ရှိနေတာပါ။ အလှူငွေအများစုကကျွန်တော်တို့ရဲ့ နှစ်စဉ်ရန်ပုံငွေရှာဖွေရေး လှုပ်ရှားမှုဆီကလာတယ်။ အဲဒါက ကျွန်တော်တို့ကို နောက်ထပ် တစ်နှစ်ရပ်တည်ဖို့ ငွေကြေးလုံလောက်စေပါတယ်။ ဝက်ဘ်ဆိုက် ကြာရှည်ရပ်တည်မလားဆိုရင် ကျွန်တော်ကတော့ ရပ်တည်နိုင်မယ်ထင်တယ်။ ဒါပေမဲ့ အချိန်က စကားပြောမှာပါ။

**လိုအပ်လို့ရှိရင် ကြော်ငြာတွေကို ဝီကီမှာ ထည့်မှာလား။ ဒါမှမဟုတ် ဝီကီပီးဒီးယားကို ပိတ်မှာလား။**

**ဂျိမ်းစ်လီလင်၊ ဟမ်းဘတ်။**

ဝီကီပီးဒီးယားမှာ ကြော်ငြာထည့်တာကို ကျွန်တော်တို့ဆန့်ကျင်ပါတယ်။ ဒါပေမဲ့ ဝီကီပီးဒီးယားရှင်သန်ဖို့အတွက်ဆိုရင် ကျွန်တော်တို့လုပ်သွားမှာပါ။ ကျွန်တော်တို့လိုအပ်တဲ့ အတိုင်းအတာလောက်အထိ လူထုဘက်က ပံ့ပိုးပေးနိုင်စွမ်း မရှိတော့ဘူးဆိုရင် ကုန်ကျစရိတ် ဖြတ်တောက်ရေးနည်းတွေကို ကျွန်တော်တို့အရင်ရှာသွားပါမယ်။ ဝက်ဘ်ဆိုက်ရဲ့ အချို့နေရာတွေမှာလည်း ကြော်ငြာအချို့ အဆင့်လိုက်ထည့်သွားပါမယ်။ ဒါပေမဲ့ အဲဒါမျိုးကိုဖြစ်လာမယ်လို့ ကျွန်တော်တို့တွေးမထားပါဘူး။

**ဆောင်းပါးတည်ပုဒ်တွေ ဆင်ဆာလုပ်တာကို ဘယ်အချိန်မှာ လက်ခံနိုင်ဖွယ်ရှိပါသလဲ။**

**ကားလို့စ်ကတ်စတယ်လာ၊ မီယာမီ။**

ဆင်ဆာလုပ်တာနဲ့ တည်းဖြတ်မှုပိုင်းအရ ဆုံးဖြတ်ချက်ချတာရဲ့ကြားမှာ ကွဲပြားမှုရှိအောင် ဂရုစိုက်ဖို့ လိုပါတယ်။ ဆင်ဆာဆိုတာက တစ်စုံတစ်ခုသော အသိပညာကို ပုံနှိပ်ခြင်းကို ပိတ်ပင်တာပါ။ တည်းဖြတ်မှုပိုင်းအရ ဆုံးဖြတ်ချက်ချတယ်ဆိုတာက အချက်အလက်တွေ ပြည့်စုံရဲ့လား။ တိကျရဲ့လား စသဖြင့်မေးတာကဖြစ်တယ်။ တည်ပုဒ်တိုင်းကို တည်းဖြတ်မှုပိုင်းအရ ဆုံးဖြတ်ချက် ရှိထားရပါမယ်။ ဒါပေမဲ့ အဲ့ဒါဟာ ကျွန်တော်တို့က ဆင်ဆာကိုလက်ခံသင့်တယ်ဆိုတဲ့ ကိစ္စမျိုးတော့ တစ်ခါမှ မဟုတ်ခဲ့ဘူးနော်။

**ဝီကီးပီးဒီးယားအပေါ်က သတင်းအချက်အလက်တွေရဲ့ ကျစ်လျစ်ခိုင်မာမှု၊ တိကျမှုတွေဟာ ဘယ်နည်းနဲ့ တိုးတက်လာနိုင်မလဲ။**

**ဂျာဝပ်ဖာရွတ်ခ်၊ လန်ဒန်။**

ဝီကီကိုစောင့်ကြည့်ဖို့ လုပ်ထားတဲ့ အသိုင်းအဝိုင်းအတွက် ပေးထားတဲ့ ဆော့ဖ်ဝဲကိုပဲ တိုးတက်အောင်လုပ်ရင်း ကိစ္စတွေကို သူတို့ထိန်းချုပ်နိုင်အောင် ပါဝင်ရေးသားသူတွေရဲ့အဆင့်အလိုက် ကွဲပြားခြားနားမှုတွေကို ထိန်းချုပ်နိုင်အောင် လုပ်ပေးထားပါတယ်။ ကျွန်တော်တို့မှာ ၁၉၂၀ ပြည့်နှစ်နောက်ပိုင်းနဲ့ ၁၉၃၀ ပြည့်နှစ် အစောပိုင်းက နည်းပညာသမား တစ်ဦးအဖို့စိတ်ဝင်စားစရာ သိပ်ကောင်းတဲ့ခေါင်းစဉ်အကြောင်းအရာတွေရှိတယ်။ အကြောင်းက ကျွန်တော်တို့ရဲ့ အဓိကရေးသားသူအုပ်စုက အဲဒါကိုပဲရေးတာကိုး။ အဲဒီနယ်ပယ်ရဲ့ အပြင်ဘက်က အကြောင်းအရာတွေ ရေးနိုင်သူတွေကို ကျွန်တော်တို့ပိုလိုအပ်နေပါတယ်။

**ဝီကီလိခ်ဝက်ဘ်ဆိုက်က ဝီကီပီးဒီးယားကို နာမည်ဆိုးပေးခဲ့တာ မစိုးရိမ်ဖူးလား။**

**ဒဲနစ်ပုပ်၊ ရေးဗားဆိုက် (ကယ်လီဖိုးနီးယား)**

ကျွန်တော်တို့က ဝီကီလိခ်နဲ့ ဘာမှကို မသက်ဆိုင်ပါဘူး။ အဲဒီအတွက် ကျွန်တော်တို့ကို ချီးကျူးတာ၊ ဝေဖန်တာတွေမလုပ်သင့်ပါဘူး။ ကျွန်တော့်မှာလည်း အဲဒီလိုအထင်မှားကြတဲ့ နိုင်ငံခေါင်းဆောင်တချို့ကိုကြုံဖူးပြီး ကြောက်ရွံ့ရတာ နှစ်ကြိမ်လောက်ရှိခဲ့ပါတယ်။

**ဝီကီစာမျက်နှာပေါ်မှာ ဘယ်လိုမုသားမျိုးကို ခွင့်ပြုပေးထားမလဲ။**

**ဂျယ်ရီမီပါရီလာ၊ ဖိလစ်ပိုင်။**

(ရယ်လျက်) အဲဒီစာမျက်နှာမှာ “သူဟာ အမြဲပဲ မေးခွန်းတိုင်းကိုပါးပါးနပ်နပ်တုံ့ပြန်နိုင်တယ်” လို့ရေးထားသင့်တယ်။ အဲဒါလုံးဝမုသားဖြစ်မှာပဲလေ။

*—Ref: 10 Question for Jimmy Wales*

# Entertainment

7DAY NEWS JOURNAL

Vol.10, No.1 · MARCH 10 , 2011


## Ctalk စေတနာ့ဝန်ထမ်းဘဝကို မြတ်နိုးတဲ့ နန်းသူဇာ

**အမြဲတမ်းအသစ်အသစ်တွေကိုသာပေးလိုတဲ့အတွက် အနုပညာရှင်တို့ ပြောသောစကားလို့ အဓိပ္ပာယ်ရတဲ့ Celebrity Talk ကိုအတိုကောက်အဖြစ်ခေါ်ဝေါ်ထားတဲ့ Ctalk ဆိုတဲ့ ကဏ္ဍလေးကို အသစ်တွေတောင့်တနေတဲ့ ပရိသတ်အတွက် တင်ဆက်လိုက်ပါတယ်။**

အနုပညာရှင်တွေရဲ့ ပြောပြမယ့်စကားစုတွေ၊ အကြောင်းအရာတွေထဲက ပရိသတ်အတွက် မှတ်သားစရာ၊ တွေးတောစရာ တစ်ခုခုကျန်ခဲ့မယ်ဆိုရင် ဒီကဏ္ဍကိုအသစ်ဖွင့်လှစ်ရကျိုးနပ်ပြီလို့ယူဆပါတယ်။

ချစ်စရာမျက်ဝန်းလေးတွေကြောင့် ပရိသတ်သတိထားမိခဲ့ပြီး J'donuts ကြော်ငြာနဲ့ လူသိများလာကာ အခုနောက်ဆုံးရိုက်ကူးထားတဲ့ Chito ငရုတ်ဆီကြော်ငြာနဲ့ လူကြိုက်များနေတဲ့ သရုပ်ဆောင်မော်ဒယ်နန်းသူဇာရဲ့ ပြောစကားလေးတွေကို စပြီးနားထောင်ကြည့်ရအောင်လား. . .။

လွန်ခဲ့တဲ့ ၂နှစ်. . . မော်ဒယ်တစ်ယောက်အနေနဲ့အနုပညာခြေလှမ်းတွေ မစခင်က စေတနာ့ဝန်ထမ်းတစ်ယောက်လုပ်ခဲ့ဖူးတာကိုအမှတ်ရမိတယ်။ ဗြိတိသျှကောင်စီက စာကြည့်တိုက်အသင်းဝင်သူငယ်ချင်းတွေနဲ့ Civic Society Initiative အဖွဲ့မှာစေတနာ့ဝန်ထမ်းအနေနဲ့ ပါဝင်ခဲ့ရတဲ့အချိန်တွေက ဘဝမှာတကယ့်အမှတ်တရအချိန်တွေပါဘဲ။


"ဆရာမ"လို့ အသက်ရှစ်နှစ်အရွယ် ကောင်မလေးက ခေါ်လိုက်တဲ့အချိန်မှာ ရင်ထဲမှာပြောမပြတတ်အောင် ဝမ်းသာသွားပြီး ပီတိလည်း ဖြစ်ခဲ့ရတယ်။ အဲဒီအချိန်ကစပြီး ဆရာမတစ်ယောက်ဖြစ်ချင်တဲ့စိတ်တွေက တော်တော်လေးလွှမ်းမိုးခဲ့တယ်။ Volunteer (စေတနာ့ဝန်ထမ်း)လုပ်ရတဲ့ ကြည်နူးပီတိကိုလည်း တစ်ချိန်တည်းမှာပဲ ခံမင်လာခဲ့တယ်။


စာ(၄၅)သို့




ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## အချစ်ဇာတ်လမ်းကို ဝန်ခံလိုက်တဲ့ ဂျပ်စတင်ဘီဘာနဲ့ဆယ်လင်နာဂိုမက်ဇ်



**နယူးယောက်၊ မတ် - ၁**

နာမည်ကျော်လူငယ် ပေါ့ပ်အဆိုတော် ဂျပ်စတင်ဘီဘာနဲ့ ဆယ်လင်နာဂိုမက်ဇ်တို့သည် ၎င်းတို့၏ အချစ်ဇာတ်လမ်းကို မီဒီယာများသို့ အတည်ပြုလိုက်ပြီဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။ ၎င်းတို့စုံတွဲသည် ပြီးခဲ့သည့်မတ်လ ၁ရက်က အော်စကာဆုပေးပွဲအပြီး ကျင်းပသည့် ဗင်နတီဖဲယားအော်စကာဂုဏ်ပြုပွဲသို့ အတူတကွလာရောက်ကာ စုံတွဲများဖြစ်နေပြီဖြစ်ကြောင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါနာမည်ကျော် လူငယ်အဆိုတော်နှင့် အဆိုတော် မင်းသမီးတစ်ဦးဖြစ်သူ ဂိုမက်ဇ်တို့သည် ၂၀၁၀ နိုဝင်ဘာလကပင် တွဲခုတ်နေခဲ့ခြင်းဖြစ်ပြီး ၎င်းတို့ကို မီဒီယာများက ချစ်သူများဖြစ်နေပြီဟု ဖော်ပြခဲ့သော်လည်း နှစ်ဦးစလုံးက ငြင်းဆန်ခဲ့ကြသည်။ သို့သော်မတ်လ ၁ရက်ကကျင်းပသော အော်စကာပါတီတွင်မူ အသက် ၁၈နှစ်အရွယ်ရှိ ဆယ်လင်နာဂိုမက်ဇ်သည် ၁၇နှစ်အရွယ် ဘီဘာနှင့် ပွဲတက်ဝတ်စုံအပြည့်ဖြင့် တွဲဖက်ကာ တက်ရောက်ခဲ့ကြသည်။ ဂျပ်စတင်ဘီဘာသည် ယခင်ကလည်း ဆယ်လင်နာဂိုမက်ဇ်နှင့်ပတ်သက်၍ သူမသည် ထူးခြားကြောင်း မျက်လုံးလှ၍ နှစ်လိုဖွယ်အပြုံးရှိသော မိန်းကလေးမျိုးကို နှစ်သက်မိကြောင်း ထုတ်ဖော်ပြောခဲ့ဖူးသည်။

—Ref: AP

## အလှူတွေ ဆက်တိုက်လုပ်ဖြစ်နေတဲ့ ရဲတိုက်

**ဘီတူး ရန်ကုန်၊ မတ် - ၄**



ဓာတ်ပုံ-လမင်းနိုင်

ရဲတိုက်ဖောင်ဒေးရှင်းကိုထူထောင်ကာ ပရဟိတလုပ်ငန်းများ လုပ်ဆောင်လာသော မင်းသားရဲတိုက်သည် မကြာသေးမီက သွေးဖြူဥများသည့် ရောဂါဝေဒနာတစ်မျိုးခံစားနေရပြီး သွေးအမြဲသွင်းနေရသည့် လူငယ်တစ်ဦးနှင့် လူမှုရေး အဖွဲ့အစည်းနှစ်ခုကို အလှူငွေများပေးလှူခဲ့ကြောင်း ရဲတိုက်ကပြောသည်။

မွေးရာပါရောဂါဝေဒနာဖြစ်သော သွေးဖြူဥများသည့် ဝေဒနာကြောင့် ၄၅ရက်လျှင်တစ်ခါ သွေးလဲပေးနေရသည့် အသက်၁၅နှစ်အရွယ် မောင်အောင်ပိုင်အတွက် သွေးနှစ်ခါသွင်းလျှင် ကုန်ကျမည့် ကျပ်တစ်သိန်းသုံးသောင်းကို ကလေးမိခင်မှတစ်ဆင့်ပေးလှူခဲ့ပြီး ကမ္ဘာအေးလူငယ်စခန်းနှင့်လေလွင့်လူငယ်များအား ကူညီပေးနေသည့် ရတနာ့မေတ္တာအဖွဲ့အစည်းနှစ်ခုကို ငွေကျပ်တစ်သိန်းစီလှူဒါန်းခဲ့ကြောင်းသိရသည်။

"ဒီလိုလှူခဲ့တာက ရဲတိုက်ဖောင်ဒေးရှင်းအနေနဲ့မဟုတ်သေးဘဲ ကျွန်တော့်ကိုယ်ပိုင် လှူဒါန်းတဲ့အနေနဲ့လှူခဲ့တာပါ။ ဖောင်ဒေးရှင်းအနေနဲ့ လှူဖို့လည်းလိုက်လေ့လာနေပါတယ်"ဟုရဲတိုက်ကပြောသည်။



## အနုပညာအလုပ်တွေကို အေးဆေးပျော်ရွှင်စွာလုပ်ကိုင်နေကြောင်း မေကဗျာ ပြောကြား

**အေးသူစံ**

**ရန်ကုန်၊ မတ် - ၁**

ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးသော 'ပန်းကြာဝတ်မှုန်' ရုပ်ရှင်ဇာတ်ကားကြီးတွင် မြင်းခြံမြို့မှ မန္တလေးတက္ကသိုလ်သို့တက်ရောက်ခဲ့သူ နွယ်နွယ်တင် ဇာတ်ကောင်နေရာ၌ သရုပ်ဆောင်ခဲ့သော မေကဗျာသည် ယခု လတ်တလော ထွက်ပေါ်နေသော သူမ၏ အိမ်ထောင်ရေးသတင်းများနှင့်ပတ်သက်ပြီး မည်သို့မျှ ပြောကြားလိုခြင်းမရှိဘဲ အေးအေးဆေးဆေးပျော်ပျော်ရွှင်ရွှင် နေထိုင်လျက်ရှိကြောင်း ပြောကြားသည်။

"အဲဒီသတင်းတွေအတွက် ဘာမှမပြောချင်ပါဘူး။ အေးအေးဆေးဆေးပါပဲ။ သမီးဘဝမှာ ဘာပြဿနာမှမရှိဘူး။ သမီး အခု အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နဲ့ အနုပညာအလုပ်တွေကို ပရိသတ်အတွက် ကြိုးစားပြီး လုပ်နေတယ်။ သမီးရဲ့ ကလေးက IECM တက်နေတယ်။ Grade 1 ပြီးလို့ Grade 2 တက်ရတော့မယ်။ အခုသစ္စာဥယျာဉ်အိမ်ရာမှာ သမီးရဲ့အမေရယ်၊ သမီးလေးရယ်နဲ့ အတူတူ နေနေပါတယ်" ဟု ပြောကြားခဲ့သည်။

ပန်းကြာဝတ်မှုန်ဇာတ်ကားတွင် သရုပ်ဆောင်ခဲ့စဉ်က အဝတ်အစားဖက်ရှင်ပိုင်းကို အထူးဂရုစိုက်ပြင်ဆင်ခဲ့ရပြီး ပါဝင်သည့် သရုပ်ဆောင်များပြားခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး အရောင်မတူသော အဝတ်အစားများကို အထူးဂရုစိုက်ဝတ်ဆင်ခဲ့ရသည်ဟု ဆိုသည်။


စာ(၄၅)သို့

7DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011






## Dior ရေမွှေးဒီဇိုင်နာရဲ့ ဂျူးဆန့်ကျင်ရေး စကားများကို စိတ်ပျက်နေတဲ့ နာတာလီပေါ့တ်မင်း

**နယူးယောက်၊ မတ် – ၁**

အော်စကာ ဆွတ်ခူးခဲ့သည့် Black Swan ဇာတ်ကားမှ မင်းသမီးနာတာလီပေါ့တ်မင်းသည် Dior ရေမွှေးအမှတ်တံဆိပ်အတွက် ဒီဇိုင်နာလုပ်သူ ဂျွန်ဂယ်လီယန်နို၏ ဂျူးဆန့်ကျင်ရေး မှတ်ချက်များကြောင့်စိတ်ပျက်ခဲ့ရကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

လော့စ်အန်ဂျလိစ်မြို့တွင် မကြာမီသေးက ထုတ်ပြန်ခဲ့သည့် ကြေညာချက်ထဲ၌ မင်းသမီးက "ကျွန်မဟာ ဒီကနေ့ပေါ်ထွက်ခဲ့တဲ့ ဂျွန်ဂယ်လီယန်နိုရဲ့ မှတ်ချက်တွေ ပါဝင်တဲ့ဗီဒီယိုကိုကြည့်မိပြီး တော်တော်လေးအံ့ဩစိတ်ပျက်ခဲ့မိပါတယ်။ ဂျူးတစ်ဦးအဖြစ် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူသူတစ်ဦးအနေနဲ့ ကျွန်မဟာ မစ္စတာဂယ်လီယန်နိုနဲ့ နောက်ထပ်တွဲဖက်အလုပ်လုပ်တော့မှာ မဟုတ်ပါဘူး" ဟု ဖော်ပြထားသည်။

ရေမွှေးကုမ္ပဏီ Dior ကလည်း ၎င်းတို့သည် ဂယ်လီယန်နို၏ မှတ်ချက်များကြောင့် ယင်းဒီဇိုင်နာကို အလုပ်ဖြုတ်ပစ်ရန် စဉ်းစားနေကြောင်း ဆိုထားသည်။ မင်းသမီး နာတာလီပေါ့တ်မင်းသည် Dior ကုမ္ပဏီမှ ထုတ်လုပ်သော Miss Dior Cherie ရေမွှေးအတွက် ကြော်ငြာပေးရန် ကန်ထရိုက်စာချုပ်ချုပ်ဆိုထားသူ ဖြစ်သည်။

—Ref: AFP

## အဆိုတော်တစ်ဦးက စီးရီးတစ်ခုလုံးကို ဂျီမေးလ်မှ အခမဲ့ဖြန့်ဝေမည်ဟုဆို

**အေးသူစံ**

**ရန်ကုန်၊ မတ် – ၁**

ဂစ်တာနိုင်ဇော်၏ ဂစ်တာဖန်တီးမှုများပါဝင်သော အဆိုတော်နေဇော်၏ 'ဂစ်တာရိမစ်အတူနှင့်အစစ်'စီးရီးအား ဂျီမေးလ်မှတစ်ဆင့် တောင်းယူလာပါက စီးရီးတစ်ခွေလုံးကို အခမဲ့ပို့ပေးမည်ဖြစ်ကြောင်းအဆိုတော်နေဇော်ကပြောသည်။

ယခုကဲ့သို့ စီးပွားဖြစ်ထုတ်လုပ်ဖြန့်ချိသည့် စီးရီးတစ်ခွေလုံးအား ဂျီမေးလ်မှတစ်ဆင့် အခမဲ့ဖြန့်ဝေမည်ဆိုပါက ခွေရောင်းအားထိခိုက်မည်ကို စိုးရိမ်မှုရှိမရှိမေးမြန်းရာ "အွန်လိုင်းကနေပေးလို့ ခွေရောင်းအား ထိခိုက်မှာကို စိတ်မပူပါဘူး။ နေဇော်နဲ့ ကိုနိုင်ဇော်ကို တကယ် အားပေးတဲ့ပရိသတ်က ခွေအစစ်အမှန်ကို ဝယ်သိမ်းထားကြမှာပါပဲ"ဟုပြောသည်။

သီချင်းတောင်းယူလိုသူများအနေဖြင့် nayzaw337@gmail.com သို့တောင်းယူနိုင်ကြောင်း သိရသည်။



## စာ-၄၃၊ စေတနာ့ဝန်ထမ်းဘဝကို မြတ်နိုးတဲ့ နန်းသူဇာ မှ

တစ်ပတ်မှာအားလပ်ရက်ဖြစ်တဲ့ စနေ၊ တနင်္ဂနွေလိုနေ့မျိုးမှာ ဒီ CSI အဖွဲ့နဲ့ ပရဟိတအလုပ်တွေ လုပ်ဖြစ်ခဲ့တယ်။ CSI နဲ့အတူ မိဘမဲ့ကလေးတွေကို ပညာဒါနသင်ပေးတာနဲ့ စိတ်အာဟာရအတွက် ပုံပြင်ဖတ်နေရတာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်တဲ့ လှုပ်ရှားမှုတွေမှာ ပါဝင်ဖြစ်ခဲ့တယ်။

Mobile Library (ရွှေ့ပြောင်းစာကြည့်တိုက်)လေးတွေထဲမှာ စင်ဒရဲလား၊ Sleeping Beauty စတဲ့ပုံပြင်စာအုပ်တွေကို ဘာသာပြန်ပြီး ပွဲကြည့်ပရိသတ်လို ရှေ့မှာထိုင်နေကြတဲ့ အရွယ်စုံကလေးတွေကို ပုံပြင်လိုပြန်ပြောပြရတဲ့ အချိန်တွေဟာ တကယ့်အမှတ်တရဖြစ်ခဲ့တဲ့ အချိန်တွေပါပဲ။ နာဂစ်မုန်တိုင်းအပြီးလည်း ဖြစ်တော့ အကူအညီရတဲ့ရွက်ဖျင်တဲထဲမှာ ရွှေ့ပြောင်းစာကြည့်တိုက်ဖွင့်လှစ်ပြီး ကလေးတွေကို စာဖတ်ပြတယ်။ မိဘမဲ့ကျောင်းတွေမှာ သွားပြီး တစ်နေကုန်ကလေးတွေကို အင်္ဂလိပ်စာသင်ပေးခဲ့တာတွေက သူငယ်ချင်းတွေနဲ့အတူ CSI မှာ ပါဝင်ခဲ့တာတွေပါ။ အဓိက စာသွားသင်ဖြစ်ခဲ့တာကတော့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေ၊ မိဘမဲ့ကျောင်းတွေ၊ သီလရှင်ကျောင်းတွေမှာ ရှိတဲ့ ကလေးတွေဆီကိုပေါ့။ အဲဒီမှာအခုထိ အမှတ်ရနေတာက သူငယ်ချင်းတွေရော တခြားစေတနာ့ဝန်ထမ်းအနေနဲ့ပါဝင်တဲ့ CSI အဖွဲ့သားတွေအားလုံးလိုလို အဲဒီနေရာကို သွားရင် ထဘီ၊ အင်္ကျီကိုပဲ ရွေးဝတ်ပြီး အရမ်းသစ်လွင်တဲ့အဝတ်အစားတွေကို ရှောင်ကြတယ်။ ကလေးတွေနဲ့ တစ်သားတည်းဖြစ်အောင်လို့ပါ။

အခုတော့ CSI မှာ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကူညီပေးတာတွေ၊ သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်တဲ့ လုပ်ငန်းတွေ၊ လူမှုပတ်ဝန်းကျင်ကို အထောက်အကူပြုတဲ့လူမှုကူညီရေးလုပ်ငန်းတွေပါတိုးလုပ်လာတာကို ကိုယ်တိုင်ပါဝင်နေတဲ့သူငယ်ချင်းတွေက တစ်ဆင့်သိရတယ်။ ဒီနေရာမှာ နန်းသူဇာအနေနဲ့ တစ်ခုပြောချင်တာက ကိုယ့်ထက်အားနည်းနေတဲ့သူတွေ၊ ရင်ခွင်မဲ့နေတဲ့ ကလေးတွေနဲ့ အချိန်ကုန်ရင်း ပရဟိတအလုပ်လုပ်ရတာ အရမ်းလည်း ကြည်နူးဖို့ကောင်းသလို ကုသိုလ်လည်းရတဲ့အလုပ်တစ်ခုဖြစ်လို့ နန်းသူဇာတို့အရွယ် လူငယ်တွေလည်း တစ်ခါလောက် ဖြစ်ဖြစ်လုပ်ကြည့်စေချင်တယ်။ CSI အဖွဲ့မှာ စေတနာ့ဝန်ထမ်းအဖြစ်ပါဝင်ချင်တယ်ဆိုရင် လွယ်လွယ်လေးပါပဲ။ ဗြိတိသျှကောင်စီ စာကြည့်တိုက်မှာဝင်ခွင့်ဖောင်ယူပြီး ကိုယ်စိတ်အားထက်သန်တဲ့ ပရဟိတလုပ်ငန်းမှာ ပါဝင်လို့ရပါပြီ။ ကိုယ့်ရဲ့ချွေးနဲ့စာဖြစ်ဖြစ်၊ မုန့်ဖိုးနဲ့ ဖြစ်ဖြစ် အလှူငွေထည့်ဝင်လို့လည်း ရတယ်။

နန်းသူဇာကအခုနောက်ပိုင်း အနုပညာအလုပ်တွေ ဆက်တိုက်လုပ်ဖြစ်နေလို့ CSI နဲ့ အလှမ်းဝေးနေတာကြာပေမယ့် အခါအခွင့်သင့်ရင်လိုအပ်တဲ့ အကူအညီတွေပေးပြီး စေတနာ့ဝန်ထမ်း (Volunteer) အနေနဲ့ပြန်ပါဝင်ခွင့်ရချင်နေပါသေးတယ်။ ။

## ဂယက်ထခဲ့သည့် မလေးရှား၊ စင်ကာပူဖျော်ဖြေပွဲအကြောင်း စာအုပ်အဖြစ် နိုင်ဇော်က ပြန်လည်ရေးသားမည်ဟုဆို

**အေးသူစံ**

**ရန်ကုန်၊**
**မတ် - ၁**

ယခုလတ်တလော ဂီတလောကအတွင်းပြောမဆုံးအောင် ဂယက်ထလျက်ရှိသော မလေးရှား၊ စင်ကာပူဖျော်ဖြေပွဲအကြောင်းအရာများနှင့်ပတ်သက်၍ ကြုံတွေ့ခဲ့ရသော အကြောင်းအရာများကို 'ကြယ်စင်စုခရီး'အမည်ဖြင့် လေးဇီးကလပ်မှ ဂစ်တာနိုင်ဇော်ကစာအုပ်ပြန်လည် ရေးသားမည်ဟု 7Day News သို့ ပြောသည်။

"အဓိကတော့ တကယ်မှန်တဲ့ အနုပညာရှင်တွေ မနစ်နာရအောင်၊ ဘယ်သူတွေ ကိုယ်တို့သွားတဲ့ခရီးမှာအနစ်နာ ခံရတယ်ဆိုတာ လူမသိသူမသိအကြောင်း လေးတွေပေါ့။ တကယ်အနစ်နာခံရတဲ့သူက ဘာမှလည်းမပြောဘူး။ အဲဒီလိုမပြောတဲ့လူတွေကိုယ်စားကိုယ်က 'ကြယ်စင်စုခရီး' ဆိုတဲ့စာလေးဖတ်ကြည့်လိုက်တာနဲ့ တချို့နေရာလေးမှာမျက်ရည်ကျစရာ ကိစ္စလေးတွေပါမယ်။ တချို့နေရာတွေမှာ နိုင်ငံနဲ့ချီပြီး စိတ်ထိခိုက်စရာလေးတွေပါမယ်။ တချို့နေရာတွေမှာ မထင်မှတ်ထားတဲ့ လှည့်ကွက်လေးတွေပါမယ်။ ဝတ္ထု တစ်ပုဒ်လိုပဲဖတ်ရမှာ။ ဩဒါကြောင့် ကိုနိုင်ဇော်က ပြောတာပါလားဆိုတဲ့ တကယ့်အဖြစ်အပျက်လေးတွေထည့်ထားပြီး ရန်ကုန်ပြန်ရောက်တော့ ကိုယ့်ကို ဂီတအစည်းအရုံးက ခေါ်မေးခံရတဲ့အထိ အကုန်ပါမှာပါ။ လောလောလတ်လတ် ဖြစ်ထားတဲ့ဟာလေးကိုရေးနေပါတယ်" ဟု နိုင်ဇော်ကပြောသည်။

စာအုပ်အဖြစ် ပြန်လည်မထုတ်ဝေမီ အပတ်စဉ်ထုတ် အနုပညာဂျာနယ်တစ်စောင်တွင် ခုနစ်ပတ်စာခန့် ဆောင်းပါးပုံစံဖြင့် ဆက်တိုက်ရေးသားသွားရန် ရှိသည်ဟုဆိုသည်။ "စာအုပ်ထုတ်ချင်လို့ လုပ်စားတာလား ဆိုပြီး အနုပညာရှင်တွေ အထင်မှားမှာစိုးတယ်။ စာအုပ်ထုတ်ရင်ဂျာနယ်မှာ တောင်မရေးဘူး။ နိုင်ငံခြားမှာ သွားဖျော်ဖြေမယ်ဆိုရင် အနုပညာရှင်တွေဆောင်ရန် ရှောင်ရန်လေးတွေကို တင်ပြလိုက်တာပါ။ ဝတ္ထုလိုမရေးဘဲ ဆောင်းပါးလိုမျိုး ခေါင်းစဉ်လေးတွေနဲ့ အရင်တစ်ခေါက်က နိုင်ငံခြားခရီးတစ်ခုနဲ့တွဲပြီး စာအုပ်ထုတ်ဖြစ်မယ်ထင်တယ်"ဟုပြောသည်။

ဂီတအစည်းအရုံးတွင် ပြဿနာညှိနှိုင်းဖြေရှင်းရေးအဖွဲ့၌ အမှုဆောင်တစ်ဦးဖြစ်သူ နိုင်ဇော်သည် ယင်းခရီးစဉ်တွင် မလေးရှား၌ ပွဲစီစဉ်သူအချင်းချင်း မပြေလည်မှုကြောင့် အဆိုတော်အချို့ နှစ်ပွဲတိုက်နေခြင်းတွင် သီဆိုခွင့်ရရန်အတွက် ဂီတအစည်းအရုံးကိုယ်စားပြုတာဝန်ယူဆောင်ရွက်ခဲ့ရကြောင်းသိရသည်။

## ဖျော်ဖြေပွဲတစ်ခုမှအပြန် ကားမတော်တဆမှုဖြစ်ခဲ့သည့် ဆုပန်ထွာ

**အေးသူစံ**

**ရန်ကုန်၊**
**မတ် - ၁**

ဖေဖော်ဝါရီလလယ်ပိုင်းခန့်က ကယားပြည်နယ်၊ လွိုင်ကော်မြို့သို့ စတိတ်ရှိုးဖျော်ဖြေပွဲတစ်ခု သွားရောက်သီဆိုခဲ့သော သရုပ်ဆောင်အဆိုတော် ဆုပန်ထွာသည် ယင်းခရီးစဉ်မှအပြန်ည ၁၂ နာရီကျော်ဝန်းကျင်အချိန်တွင် ကယားပြည်နယ်ရှိ ဘီးလူးချောင်းအနီး၌ ကားမတော်တဆမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

"လွိုင်ကော်မှာ သီချင်းသွားဆိုပြီး အပြန်မှာ ဖြစ်တာ။ ဟဲဟိုးလေဆိပ်က မနက် ၈ နာရီခွဲ ဖလိုက်ဆိုတော့ ပွဲပြီးတာနဲ့ ညတွင်းချင်းပဲ လွိုင်ကော်ကနေ ည ၁၂ နာရီ လောက် ပန်ပန်တို့ ထွက်တယ်။ ကားပေါ်မှာ အိပ်ပျော်သွားတုန်း အော်သံကြားလို့ လန့်နိုးပြီးကြည့်လိုက်တော့ ကားက ကိုးဆယ်ဒီဂရီလောက်စောင်းသွားပြီး လမ်းဘေးကို ထိုးဆင်းသွားတယ်။ ကံကောင်းလို့ လူတွေတော့ ဘာမှမဖြစ်ခဲ့ဘူး။ ကားပေါ်မှာ ဒရိုင်ဘာ၊ လိုက်ပို့ပေးတဲ့ ပွဲစီစဉ်သူရဲ့သား၊ အဆိုတော် ကိုစောအဂ္ဂ၊ တွင်ကယ်လ်နဲ့ မပန်တို့ ညီအစ်မပါတယ်။ ပန်ပန့်ဘက်ခြမ်းက တံခါးက ဖွင့်လို့မရတော့လို့ တွင်ကယ်လ်ဘက်က တံခါးကို ဖွင့်ထွက်တယ်။ ကားအပြင်ရောက်မှ ကြည့်လိုက်တော့ ပန်ပန်တို့ ကားမှောက်တဲ့နေရာနဲ့ မလှမ်းမကမ်းမှာ ဘီးလူးချောင်းကိုတွေ့ရတယ်။ ကံကောင်းလို့။ ချောင်းထဲသာကျသွားရင်တော့ တံခါးသော့တွေကလည်းကျနေတော့ရေထဲကနေ ထွက်လို့ရတော့မှာမဟုတ်ဘူး။ နောက်မှ လမ်းကြုံပစ်ကပ်ကားတစ်စီးက ပန်ပန်တို့ ကားကို ကူညီပြီးတော့ ဆွဲပေး၊ နောက်ပြန်ဆုတ်ပေးပြီး ကားလမ်းပေါ်ပြန် တင်ပေးကြတယ်။ အက်ဆီးဒင့် ဖြစ်တဲ့ကားနဲ့ပဲ ပန်ပန်တို့ ဆက်ပြီး ပြန်လာရတယ်" ဟု ကားမတော်တဆမှု ဖြစ်ပွားခဲ့ခြင်းကို ဆုပန်ထွာက ပြန်လည်ပြောပြသည်။

ဆုပန်ထွာသည် မကြာသေးမီက ထွက်ရှိထားသော သူမ၏ တစ်ကိုယ်တော်စီးရီး 'မတည့်အတူနေ' ထဲမှ 'ဒါအချစ်ကွယ်' နှင့် 'အားနာတယ်' သီချင်းနှစ်ပုဒ်အတွက် ဗီစီဒီကို ဆွစ်ဇာလန်နိုင်ငံတွင် ဖေဖော်ဝါရီလ ၂၃ ရက်က သွားရောက်ရိုက်ကူးခဲ့ပြီး မူလက ရိုက်ကူးပေးရန် ကမ်းလှမ်းထားသူ ဒါရိုက်တာလိုက်ပါနိုင်ခြင်း မရှိသည့်အတွက် သူမကိုယ်တိုင် ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည်ဟု ဆိုသည်။ ယင်းအပြင် ဒါရိုက်တာခန့်စည်သူနှင့် ဒါရိုက်တာပီတာတို့ကူညီ ရိုက်ကူးပေးထားပြီး ကျန်သီချင်းခုနစ်ပုဒ် ကိုလည်း ဆက်လက်ရိုက်ကူးရန် ရှိနေသည်ဟုသိရသည်။

## စာ-၄၃၊ အနုပညာအလုပ်တွေကို အေးဆေးပျော်ရွှင်စွာလုပ်ကိုင်နေကြောင်း မေကဗျာပြောကြား မှ

"ဖက်ရှင်ပိုင်းကိုတော့ ဒီဇာတ်ကားမှာ တော်တော်ကိုလုပ်ရတယ်။ ဦးမောင်(စင်ရော်မောင်မောင်) ကိုယ်တိုင်က အဲဒီပိုင်းကို သေချာလုပ်စေချင်တယ်။ မချုပ်ခင်ကတည်းက ဒီဇိုင်နာ နှစ်ယောက်သုံးယောက်နဲ့တိုင်ပင်ရတယ်။ မင်းသမီးက ငါးယောက်ဆိုတော့ အရောင်တွေမတူအောင်၊ ဝတ်မယ့် ဒီဇိုင်းတွေလည်း မတူအောင်၊ ကျောင်းသူဝတ်တဲ့ ဒီဇိုင်းလည်းဖြစ်အောင်၊ နောက်ပြီး ဦးမောင်လိုချင်တာက ပထမနှစ်ကျောင်းသူနဲ့ ဒုတိယနှစ်ကျောင်းသူ အဝတ်အစားတောင်မတူဘူး။ သုံးတဲ့အသုံးအဆောင်ကအစ မတူချင်ဘူးဆိုတော့ တော်တော်ကိုဂရုစိုက်ရတယ်။ တစ်ကားလုံးမှာ ဖြောင်ဝမ်းဆက်တွေကို ပန်းထိုးပြီးတော့ ဝတ်ခဲ့တာပါ"ဟု ပြောသည်။

မကြာမီကျရောက်တော့မည့် မြန်မာ့နှစ်သစ်ကူးသင်္ကြန် ကာလအတွက်သင်္ကြန်စီးရီးများ ထွက်ရှိချိန်တွင် မေကဗျာသည်လည်း 'သင်္ကြန်ကား' အမည်ရှိစီးရီးတွင် စီးရီးခေါင်းစဉ်ဖြစ်သော 'သင်္ကြန်ကား' သီချင်းကို သီဆိုထားပြီး တေးရေး ကိုမိုးက ရေးသားပေးထားခြင်းဖြစ်သည်။

သင်္ကြန်သီချင်းမြူးမြူးကြွကြွလေးကို လိုက်ဖ်ရှိုးအသွင် ဖန်တီးရိုက်ကူးထားခြင်းဖြစ်ပြီး "အရမ်းရင်တုန်တယ်။ ကိုယ်လုပ်နေကျအလုပ်လည်းမဟုတ်ဘူး။ ဒီလိုစီးရီးတစ်ခုတည်းက ကိုယ့်အသံကို ပြန်နားထောင်ဖူးတာ ဒါပထမဆုံးပဲ။ ကြောက်တော့ကြောက်တယ်။ ကိုယ့်မှာဝမ်းစာမပြည့်သေးဘူး။ လေ့လာမှုအားနည်း သေးတယ်။ ကိုယ်ဝါသနာပါလို့သာ အစ်မတွေရဲ့တိုက်တွန်းမှုနဲ့ဆိုထားတာပါ။ အမှားပါရင် ခွင့်လွှတ်ပါလို့ပြောချင်ပါတယ်"ဟုဖြေကြားသည်။ မေကဗျာသည် လတ်တလောတွင် ပြည်ပဖျော်ဖြေပွဲအဖြစ် နှင်းဆီအဖွဲ့နှင့်အတူ စင်ကာပူနိုင်ငံသို့ မတ်လ ၂ရက်က ဖျော်ဖြေရေးထွက်ခွာသွားကြောင်းသိရသည်။

## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Hall Pass | N/A | ၁၃,၅၃၅,၃၇၄ | ၁ |
| ၂။ | Gnomeo & Juliet | Touchstone Pic. | ၇၄,၃၃၄,၂၃၆ | ၃ |
| ၃။ | Unknown | Warner Bros. Pic. | ၄၂,၉၇၆,၄၅၀ | ၂ |
| ၄။ | I Am Number Four | Dream Works Studios | ၃၇,၇၂၃,၉၄၀ | ၂ |
| ၅။ | Just Go With It | Columbia TriStar | ၇၈,၇၈၇,၀၆၆ | ၃ |
| ၆။ | Justin Bieber: The Director's Fan Cut | Paramount Pic. | ၆၂,၉၆၃,၇၄၁ | ၃ |
| ၇။ | Big Mommas: Like Father, Like Son | 20th Century Fox | ၂၈,၆၄၇,၅၁၉ | ၂ |
| ၈။ | The King's Speech | The Weinstein Co.ltd | ၁၁၄,၂၃၁,၀၃၀ | ၁၄ |
| ၉။ | Drive Angry 3D | Summit Entertainment, | ၅,၁၈၇,၆၂၅ | ၁ |
| ၁၀။ | True Grit | Paramount Pic. | ၁၆၇,၁၃၂,၄၄၂ | ၁၀ |

## Movie Review

### Take Me Home Tonight




MIT အင်ဂျင်နီယာကျောင်းဆင်း ဖရန်ကလင်သည် ကုမ္ပဏီကြီးတစ်ခုတွင် အလုပ်ဝင်လုပ်လျှင် အသက်ငယ်ငယ်နှင့် ပြည့်စုံကြွယ်ဝလာပြီး လူတကာ အားကျသည့်ဘဝကို ရရှိနိုင်သော်လည်း အသက် ၂၃ နှစ်တွင် ဦးတည်ရာမဲ့ အချိန်ဖြုန်းရင်း ဗီဒီယိုခွေဆိုင်တစ်ဆိုင်၌ အချိန်ပိုင်းအလုပ်ဝင်လုပ်သည်။ တစ်နေ့တွင် ဗီဒီယိုခွေဆိုင်သို့ အထက်တန်းကျောင်းတွင် အရူးအမူး ဖြစ်ခဲ့ရသော ဖရီဒါကင်းဆိုသူ မိန်းကလေးလာရောက်ခဲ့ပြီးနောက်မှု ဖရန်ကလင်တစ်ယောက် အခြေအနေပြောင်းလဲသွားသည်။ အိပ်မက်ထဲက မိန်းကလေးကို ရရှိရန် နည်းမှန်လမ်းမှန်ကြိုးစားရမည့်အစား ဖရန်ကလင်သည် အပေါင်းအသင်းများ၏အကူအညီဖြင့် သူ့ရဲ့လိုအပ်ချက်များကို မမှန်မကန်နည်းလမ်းများဖြင့် ဖြည့်ဆည်းသောအခါ. . .

ဟာသနှင့် ဒရာမာပေါင်းစပ်ထားသည့် ဇာတ်ကားအား Michael Dowse က ရိုက်ကူးထားပြီး၊ Topher Grace၊ Anna Faris Don Fogler၊ Teresa Palmer တို့ပါဝင်သရုပ်ဆောင်ထားသည်။ Relativity Media က မတ်လ ၄ ရက်နေ့တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports 7DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

# အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသမီးဘောလုံးပြိုင်ပွဲမပါ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မတ် - ၅




အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၂၆)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၌ အမျိုးသမီးဘောလုံးပြိုင်ပွဲပါဝင်မည်မဟုတ်ဘဲ မူလက ထည့်သွင်းကျင်းပရန်စီစဉ်မထားသည့် ဘီလီယက်၊ စနူကာ အားကစားနည်းမှာမူ ပြန်လည်ပါဝင်လာကြောင်းသတင်းရရှိသည်။

အင်ဒိုနီးရှားအိုလံပစ်ကော်မတီသည် အဆိုပါအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများကို မူလက ထုတ်ပြန်ကြေညာခဲ့ရာတွင် အဓိကအားကစားနည်းများဖြစ်သည့် အမျိုးသမီးဘောလုံးပြိုင်ပွဲနှင့် ဘီလီယက်၊ စနူကာ စသည့်အားကစားနည်းများ ပါဝင်ခဲ့ခြင်းမရှိပေ။ သို့သော် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ပြုလုပ်ခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအဖွဲ့ချုပ်ကောင်စီအစည်းအဝေးတွင်မှ ဘီလီယက်၊ စနူကာ အားကစားနည်းအား ထည့်သွင်းကျင်းပရန်အတည်ပြုခဲ့ခြင်းဖြစ်သည်။

"အမျိုးသမီးဘောလုံးပြိုင်ပွဲကို ထည့်သွင်းကျင်းပဖို့ မြန်မာအပါအဝင် ထိုင်း၊ ဗီယက်နမ်၊ လာအိုနိုင်ငံတွေက အဆိုပြုခဲ့ပေမယ့် အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံက လက်ခံခြင်းမရှိခဲ့ပါဘူး။ ဒါပေမဲ့ မြန်မာနိုင်ငံက ဆုတံဆိပ်အမြဲတမ်းရတဲ့ ဘီလီယက် တစ်ဦးချင်းနဲ့ နှစ်ယောက်တွဲပြိုင်ပွဲကတော့ ထည့်သွင်းကျင်းပဖို့ အတည်ပြုချက်ရရှိခဲ့ပါတယ်"ဟု ဖေဖော်ဝါရီ ၂၅ ရက်က အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့တွင်ကျင်းပခဲ့သည့် အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီတွဲဖက်အထွေထွေအတွင်းရေးမှူးဦးခင်မောင်လွင်က ပြောသည်။

ယခုနှစ်ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပါဝင်ခြင်းမရှိသည့်အတွက် မြန်မာအားကစားအဖွဲ့အနေဖြင့် ရရှိရန်သေချာသည့် ဆုတံဆိပ်တစ်ခုဆုံးရှုံးခြင်းဖြစ်ကြောင်း မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်ဦးအေးကြူကြီးကဆိုသည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အမျိုးသမီးဘောလုံးပြိုင်ပွဲထည့်သွင်းကျင်းပခဲ့သော နောက်ဆုံးဆီးဂိမ်းပြိုင်ပွဲ ၇ ကြိမ်တွင် အကြိမ်တိုင်းဆုတံဆိပ်ရရှိခဲ့သည်။

နိုဝင်ဘာ ၁၁ ရက်မှ ၂၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာနှင့် ပလမ်ဘန်းမြို့များတွင် ကျင်းပပြုလုပ်မည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)တွင် အားကစားနည်း ၄၂ မျိုးထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အားကစားနည်း ၂၅ မျိုးခန့်ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်လျက်ရှိကြောင်းသိရသည်။

အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် လက်ရှိသတ်မှတ်ထားသော အားကစားနည်း ၄၂ မျိုးမှ ပြိုင်ပွဲအရေအတွက် ၅၄၅ ပွဲကို ထပ်မံလျှော့ချသွားဦးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# လက်ရွေးစင်ဘောလုံးနည်းပြချုပ်မကြိုက်၍ ကစားသမားသုံးဦးပြန်လွှတ်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မတ်-၂

လေ့ကျင့်ရေးကွင်းတွင် ခြေစွမ်းသဘောမကျသဖြင့် မြန်မာ့လက်ရွေးစင်အသင်းမှ ကစားသမားသုံးဦးအား ဆားဘီးယားနည်းပြချုပ်က ပြန်လည်စေလွှတ်ခဲ့ကြောင်း သတင်းရရှိသည်။

အာရှဘောလုံးအဖွဲ့ချုပ်ဖိတ်ခေါ်ဖလားပြိုင်ပွဲ (AFC Challenge Cup)ပြိုင်ပွဲအတွက် ပဏာမမြန်မာ့လက်ရွေးစင်အသင်းအားကစားသမား ၂၅ ဦးဖြင့် ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်လေ့ကျင့်လျက်ရှိသည်။ ၎င်းတို့ထဲမှ စိုးသီဟအောင်၊ မင်းမင်းသူနှင့် အောင်မျိုးသန့်တို့၏ လေ့ကျင့်ရေးခြေစွမ်းအား နည်းပြချုပ်မီလန်ဇီဗာဒီနိုဗစ်က ကြိုက်နှစ်သက်ခြင်းမရှိ၍ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်သည်။

မတ် ၂၁ ရက်မှ ၂၅ ရက်အထိကျင်းပမည့် AFC Challenge Cup ဒုတိယအဆင့်ခြေစစ်ပွဲအုပ်စု(က)ပွဲစဉ်များအား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့၊ သုဝဏ္ဏကွင်းတွင် လက်ခံကျင်းပသွားမည်ဖြစ်သည်။

မတ်လ ၉ ရက်တွင် အိန္ဒိယအသင်းနှင့် အိုလံပစ်ပြိုင်ပွဲခြေစစ်ပွဲ ယှဉ်ပြိုင်ပြီးပါက မြန်မာအိုလံပစ်အသင်းမှ ခြေစွမ်းရှိသူများကို လက်ရွေးစင်အသင်းသို့ ထပ်မံခေါ်ယူ၍ ဆက်လက်လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# နိုင်ငံတကာ ဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲသို့ မြန်မာသွားရောက်ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မတ် - ၄

အယ်လ်ဘေးနီးယားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲသို့ မြန်မာလက်ဝှေ့အဖွဲ့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို မတ်လ ၃၁ ရက်မှ ဧပြီလ ၄ ရက်အထိ အယ်လ်ဘေးနီးယားနိုင်ငံ ရှာကိုရာမြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံမှ ကစားသမား(အမျိုးသား)ငါးဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒီပြိုင်ပွဲမှာ ကိုယ်အလေးချိန်တန်း ဆယ်တန်းထည့်သွင်းကျင်းပမှာဖြစ်ပြီး မြန်မာလက်ဝှေ့အဖွဲ့က ကိုယ်အလေးချိန်တန်းငါးတန်းမှာ ဝင်ရောက်ယှဉ်ပြိုင်မှာပါ" ဟု မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး ဦးနေဇော်က ပြောသည်။

စာ(၄၇)သို့



ဓာတ်ပုံ- ဗိုလ်ဗိုလ်ဝင်း



7 DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

## လန်ဒန်တွင် အိုလံပစ်အထိမ်းအမှတ်သင်္ကေတစက်ဝိုင်းကွင်းများ ဖွင့်လှစ်

**လန်ဒန်၊ မတ် - ၄**

၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲကျင်းပရေးအာဏာပိုင်များသည် လန်ဒန်ရှိ စိန့်ပန်ကရာအင်တာနေရှင်နယ်ဘူတာရုံတွင် အိုလံပစ်အထိမ်းအမှတ်စက်ဝိုင်းကွင်းများကို ဖွင့်လှစ်ပြလိုက်သည်။

အလူမီနီယံဖြင့် ပြုလုပ်ထားသော အဆိုပါကွင်းကြီးများသည် အကျယ် မီတာ ၂၀ နှင့် အမြင့် ၉ မီတာရှိကာ ယင်းတို့ကို လန်ဒန်မြို့တော်ဝန် ဘောရစ်ဂျွန်ဆင်နှင့် လန်ဒန်အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဆီဘတ်စတီယန်ကိုးတို့က ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါအိုလံပစ်အထိမ်းအမှတ်ကွင်းများ တည်ရှိရာ စိန့်ပန်ကရာအင်တာနေရှင်နယ်ဘူတာရုံသည် ပြိုင်ပွဲကျင်းပချိန်တွင် အနီးရှိ စထရက်ဖို့ဒ်အင်တာနေရှင်နယ်အားကစားရုံသို့ တစ်နာရီလျှင် ခရီးသည် ၂၅,၀၀၀ ခန့်ကို ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။ အိုလံပစ်အထိမ်းအမှတ်ကွင်းကြီးများ ဖွင့်လှစ်ပေးခဲ့ခြင်းနှင့်ပတ်သက်၍ မစ္စတာကိုးက "အိုလံပစ်ကွင်းတွေဟာ အားကစားသမားတွေကိုနိုးကြားစေပြီး ကမ္ဘာအနှံ့ကလူတွေကို စုစည်းစေနိုင်တဲ့ အထိမ်းအမှတ်သင်္ကေတပါပဲ။ အားကစားသမားတွေဟာ လန်ဒန်သားတွေနဲ့ ဧည့်သည်တွေလိုပဲ မြို့တော်မှာ စိတ်လှုပ်ရှားပျော်ရွှင်ကြမှာပါ"ဟုပြောသည်။

ယင်း လန်ဒန်အိုလံပစ်အတွက် အိုလံပစ်ကွင်းများကို ပြိုင်ပွဲမကျင်းပမီ ၅၀၂ ရက်အလိုတွင် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

*—Ref: AP*








# မြောက်ကိုရီးယားနှင့် မည်သည့်အချိန်တွင်မဆို ဆွေးနွေးရန်အသင့်ဟု တောင်ကိုရီးယား သမ္မတပြောကြား

**ဆိုးလ်၊ မတ် - ၁**
တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်က ၎င်း၏ အစိုးရသည် ပြုံယမ်းမှ မြောက်ကိုရီးယားအစိုးရနှင့် မည်သည့်အချိန်တွင် မဆို လွတ်လပ်သော စိတ်ထားဖြင့် ဆွေးနွေးရန် အသင့်ရှိနေကြောင်း ပြောကြားလိုက်သည်။

သမ္မတလီ မြောင်ဘတ်သည် ယခုသဘောထားကို ဂျပန်ကိုလိုနီလက်အောက်မှလွတ်မြောက်ရေးလှုပ်ရှားမှု ၉၂ နှစ်မြောက် အခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းဖော်ပြခဲ့ခြင်းဖြစ်သည်။

၎င်းက မိန့်ခွန်း၌ "မြောက်ကိုရီးယားဟာ စေ့စပ်ဆွေးနွေးရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးအတွက် ရှေ့ဆက်ခြေလှမ်းသင့်ပါတယ်။ နျူလက်နက်နဲ့ ဒုံးပျံထုတ်လုပ်မှုတွေကိုလည်းရပ်ဆိုင်းရမှာပါ။ ၎င်းတို့ဟာ လက်နက်တပ်ဆင်မှုအတွက် တာဝန်ယူတဲ့ ဥပဒေတွေ ပြဋ္ဌာန်းသင့်ပြီး စစ်မှန်တဲ့ပူးပေါင်းဆောင်ရွက်ရေးနဲ့ ပြန်လည်ပေါင်းစည်းရေးလမ်းကြောင်းပေါ် ပြန်တက်ရမှာပါ" ဟု ပြောကြားခဲ့သည်။



ဂျပန်ကိုလိုနီလက်အောက်မှလွတ်မြောက်ရေးလှုပ်ရှားမှု ၉၂ နှစ်မြောက်အခမ်းအနားတွင် မိန့်ခွန်းပြောကြားနေသော **သမ္မတ လီမြောင်ဘတ်** ဓာတ်ပုံ-Daylife.com

ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးသည် ဆိုးလ်၌ ကွန်ဆာဗေးတစ်ခေါင်းဆောင် လီမြောင်ဘတ်အစိုးရ အာဏာရရှိလာပြီးနောက် တင်းမာခဲ့ပြီး ယမန်နှစ်ကမူ တောင်ကိုရီးယားစစ်သင်္ဘောနစ်မြုပ်မှုနှင့် ပင်လယ်ရေပြင်နယ်နိမိတ်အငြင်းပွားမှုများကြောင့် ဆက်ဆံရေး ပိုမိုအေးစက်ခဲ့ရသည်။

*—Ref: Xinhua*

# ငွေကြေးဖောင်းပွမှုမှာ အဓိကပူပန်စရာဟု အိန္ဒိယဘဏ္ဍာရေးဝန်ကြီး ပြောကြား

**နယူးဒေလီ၊ မတ် - ၁**
ငွေကြေးဖောင်းပွမှုမှာ အဓိကပူပန်စရာအဖြစ်ရှိနေသေးကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီးကပြောကြားခဲ့ပြီး ယင်းကိုအိန္ဒိယ ဗဟိုဘဏ်က ကိုင်တွယ်နိုင်လိမ့်မည်ဟုလည်း ဝန်ကြီးကဆက်လက်ပြောကြားသည်။

"ငွေကြေးဖောင်းပွမှုဟာ ပူပန်စရာအဖြစ်ရှိနေပါသေးတယ်။ ဒါပေမဲ့ ဗဟိုဘဏ်ရဲ့မူဝါဒက ရှေ့လာမယ့်လတွေမှာ ငွေကြေးဖောင်းပွမှုကို ကျဆင်းလာအောင်လုပ်နိုင်မယ်လို့မျှော်လင့်ပါတယ်" ဟု ဘဏ္ဍာရေးဝန်ကြီး ပရာနက်မူကာဂျီးက ၂၀၁၁-၁၂ ခုနှစ်အတွက် ဘတ်ဂျက်တင်သွင်းစဉ်ပြောသည်။

အထူးသဖြင့် အစားအသောက်ဈေးနှုန်းကြီးမြင့်မှုကို ပူပန်ကြောင်းနှင့် လက်ကားဈေးနှုန်းနှင့် လက်လီဈေးနှုန်းများကွာဟနေခြင်းကို ကျဉ်းမြောင်းလာစေရန်အတွက် ဖြန့်ချိခြင်းနှင့် ဈေးကွက်သို့တင်ပို့ခြင်းစနစ်များကို ပိုမိုတိုးတက်လာအောင် ဆောင်ရွက်ရေး မစ္စတာမူကာဂျီးကပြောသည်။

အစားအသောက်ဈေးနှုန်းများ ကြီးမြင့်မှုနှင့်ပတ်သက်၍လည်း ၂၀၁၀ ဖေဖော်ဝါရီလတွင် အစားအသောက်ဈေးနှုန်းဖောင်းပွမှုမှာ ၂၀ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၁ ဇန်နဝါရီလတွင်မူ ၉ ဒသမ ၃ ရာခိုင်နှုန်းသာရှိကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာ၍ အစိုးရနှင့်ဗဟိုဘဏ်မှာဖိအားများ ရှိနေသည်။ အိန္ဒိယဗဟိုဘဏ်ကလည်းယခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း သက်တမ်းတိုချေးငွေထုတ်ပေးခြင်း၊ ချေးငွေရယူခြင်းအတွက် ခြောက်ကြိမ်တိုင်တိုင် အတိုးနှုန်းများတိုးမြှင့်ခဲ့သည်။ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း မြင့်မားခြင်းကလည်း ငွေကြေးဖောင်းပွမှုကို ထိခိုက်ကြောင်း စီးပွားရေးစစ်တမ်းတစ်ခုတွင်ဖော်ပြခဲ့သည်။

*—Ref: The Hindu*






7DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

## လစ်ဗျားရှိ တရုတ်နိုင်ငံသားအများစုကို ကယ်တင်ပြီးပြီဟုဆို



**ဘေဂျင်း၊ မတ် - ၁**
တရုတ်အစိုးရသည် လစ်ဗျားနိုင်ငံမှ နိုင်ငံသားအများစုကို ကယ်တင်နိုင်ခဲ့ပြီဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်လိုက်သည်။


ယင်းဌာန၏ ထုတ်ပြန်ချက်အရ ယခုအခါ တရုတ်နိုင်ငံသည် လစ်ဗျားမှ နိုင်ငံသား ၃၂,၀၀၀ဦးကို ရှာဖွေစုစည်းခဲ့ပြီး၊ ၉,၀၀၀ ကိုမူ တရုတ်နိုင်ငံသို့ ပြန်ပို့ခဲ့ပြီဖြစ်ကြောင်း၊ ၂၁,၀၀၀ ခန့်မှာ တတိယနိုင်ငံတစ်နိုင်ငံတွင် ကျန်ရှိနေဆဲဖြစ်ကာ အခြား ၂,၁၀၀ ဦးခန့်မှာ လစ်ဗျားနိုင်ငံမှ တတိယနိုင်ငံတစ်နိုင်ငံသို့ ရောက်နေကြောင်း ဆိုသည်။

ယင်းဌာန၏ အဆိုအရ တရုတ်လေကြောင်းလိုင်းများနှင့် စစ်တပ်လေယာဉ်များသည် လစ်ဗျားတောင်ပိုင်း၊ အရှေ့ပိုင်းနှင့် အနောက်အလယ်ပိုင်းတွင် တရုတ်နိုင်ငံသားများကို ကယ်တင်ခဲ့ကြောင်းသိရသည်။ အစိုးရသည် ယခုအခါ လစ်ဗျားမှ တတိယနိုင်ငံတစ်နိုင်ငံသို့ ရောက်နေသော နိုင်ငံသားများကိုပါ မိခင်နိုင်ငံသို့ပြန်နိုင်ရေးအတွက် လေယာဉ်များ စီစဉ်ပေးထားကြောင်း သိရသည်။ *—Ref: Xinhua*

TRADEMARK CAUTION
HANATOUR Service Inc, a Company incorporated in Republic of Korea at 1 Gongpyeong-dong, Jongno-gu, Seoul, Republic of Korea (110-160) is the Owner and Sole Proprietor of the following Trademarks :-
하나투어
Reg: 4/899/2011
HanaTour
Reg: 4/900/2011
In respect of : Int'l in Class 39
Arranging of tours; Travel Reservation; Travel information services; Organization of excursions; Booking of seats for travel; Tour conducting or escorting; Tour conducting; Travel and tour information service; Travel guide agency; Coordinating travel arrangements for individuals and for groups; Travel guide services; Escorting of travellers; Sightseeing tourism; Organization of excursions, day trips and sightseeing tours; Arranging of cruises; Arranging of travel for package holidays; Arranging of overseas travel; Transport of travelers; Transportation of travelers; Passenger transport; Air transport; Air transport agency; Airport services; Bus transport; Bus rental; Van transport; Boat transport; Boat rental; Sailboat transport; Ship transport; Rental of fleets; Passenger ship transport; Rental car reservation; Parcel delivery; Transportation agency; Arrangement of transportation; Transport; Transport Reservation; Transportation information; Car transport; Car rental; Bicycle rental; Car parking; Parking place rental; Garage rental; Vehicle rental; Railway transport; Leasing of aircraft; Rental of wheelchairs; Warehousing; Storage of Baggage; Storage information; Storage of goods; General warehousing; Rental of warehouses; Storage of cargo; Freight warehousing'
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate.
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 10 March 2011

## တပ်သား ဘရက်ဒလေမန်းနင်း ဝီကီလိခ်စွဲချက်သစ် ၂၂ ခုနှင့် ရင်ဆိုင်ရမည်

**ဝါရှင်တန်၊ မတ် - ၂**
လွန်ခဲ့သော တစ်နှစ်က ဝီကီလိခ် ဝက်ဘ်ဆိုက်သို့ အစိုးရ၏ မှတ်တမ်းမှတ်ရာ အမြောက်အမြား ပေါက်ကြားစေခဲ့သည်ဟု စွပ်စွဲခံရသော ပထမအဆင့်တပ်သား ဘရက်ဒလေမန်းနင်းအပေါ် စွဲချက်သစ် ၂၂ ခုထပ်မံပြုလုပ်လိုက်ကြောင်း အမေရိကန်စစ်တပ်က ကြေညာသည်။



စွဲချက်အသစ်များတွင် ရန်သူအား အကူအညီပေးခြင်း၊ ထောက်လှမ်းရေး သတင်းများအားအင်တာနက်ပေါ်တွင် ပုံနှိပ်ဖော်ပြစေရန် မှားယွင်းခဲ့ခြင်း၊ ရန်သူက ထောက်လှမ်းရေးသတင်းများကို ရရှိသွားနိုင်ကြောင်း သိသိကြီးနှင့် ယင်းသို့ဖြစ်စေခြင်း၊ အစိုးရမှတ်တမ်းများကို အကြိမ်ကြိမ်ခိုး ယူခြင်း၊ ကာကွယ်ရေးသတင်းအ ချက်အလက်များကို ထုတ်လွှင့်ပေးခြင်းနှင့် ကွန်ပျူတာဖြင့် မသမာမှုကျူးလွန်ခြင်း စသော စွဲချက်များပါဝင်သည်။ ယင်းပြစ်မှုများတွင်အပြစ်ရှိကြောင်း တွေ့ရှိခဲ့ပါက ဘရက်ဒလေမန်းနင်းသည် ထောင်ဒဏ်တစ်သက်ကျခံရမည်ဖြစ်ကြောင်း နယူးယောက်တိုင်းမ်သတင်းကဖော်ပြသည်။


"ဒီစွဲချက်အသစ်တွေက ပထမအဆင့်တပ်သား မန်းနင်းကျူးလွန်တယ်လို့ စွပ်စွဲခံခဲ့ရတဲ့ ပြစ်မှုတွေရဲ့ ကျယ်ပြန့်မှုကို ပိုပြီး တိတိကျကျ ထင်ဟပ်နေပါတယ်" ဟုကန်ကြည်းတပ်ပြောရေးဆိုခွင့်ရှိသူဗိုလ်ကြီး ဂျွန်ဟာဘာလန်းက ပြောကြားသည်။

စွဲချက်အသစ်များတွင် တပ်သားဘရက်ဒလေမန်းနင်းသည် အီရတ်နိုင်ငံ၌ တာဝန်ထမ်းဆောင်နေစဉ်အတွင်း လျှို့ဝှက်ကန့်သတ်ကွန်ပျူတာစနစ်တစ်ခုမှလျှို့ဝှက်ဖိုင်များကို ဒေါင်းလုဒ်ဆွဲချခဲ့ကြောင်း ပို၍တိတိကျကျဖော်ပြထားပြီး ၂၀၁၀ မတ်လ ၂၈ ရက်နှင့် မေလ ၄ ရက်အတွင်း သံတမန်ရေးရာ ကြေးနန်းပေါင်း ၂၅၀,၀၀၀ ကျော်ကိုလည်း ကူးယူခဲ့ကြောင်း ဖော်ပြထားသည်။

*—Ref: NY Times*

## ကဒါဖီကို လှောင်ပြောင်ထားသောဗီဒီယို အာရပ်ကမ္ဘာတွင် လူကြိုက်များ

**တဲလ်အဗစ်၊
ဖေဖော်ဝါရီ - ၂၈**
အစ္စရေးနိုင်ငံတွင် ပြုလုပ်ဖန်တီးခဲ့သည့် လစ်ဗျားခေါင်းဆောင် ကဒါဖီ၏ မိန့်ခွန်းအား လှောင်ပြောင်သရော်ထားသော ရီမစ်ဗီဒီယိုခွေတစ်ခွေသည် အာရပ်ကမ္ဘာရှိ YouTube ဝက်ဘ်ဆိုက်ကြည့်ရှုသူများကြား လူကြိုက်များနေကြောင်း သိရသည်။ အဆိုပါ ရီမစ်ဗီဒီယိုအခွေကို အစ္စရေးဂျာနယ်လစ်၊ ဂီတပညာရှင် နွိုင်အလိုရှိကဖန်တီးခဲ့ခြင်းဖြစ်ပြီး ၎င်းသည် လစ်ဗျားခေါင်းဆောင်၏ အတိုက်အခံများအား "တစ်လက်မချင်း၊ တစ်အိမ်ချင်း၊ လမ်းကြားတစ်ခုချင်း" ချေမှုန်းသွားမည်ဆိုသော မိန့်ခွန်းကို ကြည့်ရှုခဲ့ရပြီးနောက် အကြံရကာ ဖန်တီးခဲ့သည်ဟုဆိုသည်။



၎င်းသည် ကဒါဖီ၏ မိန့်ခွန်းကိုအမေရိကန်ဟစ်ဟော့ပ်သီချင်း Hey Baby ၏တီးလုံးဖြင့် ရောစပ်ခဲ့ပြီး Zenga-Zenga ဟုအမည်ပေးခဲ့သည်။ ယင်းစကားလုံးမှာ အာရပ်ဘာသာဖြင့် "လမ်းကြား/Zenga" ကိုရည်ညွှန်းခြင်း ဖြစ်သည်။ ထို့နောက် အလိုရှိသည် ယင်းဗီဒီယိုကို YouTube ဆိုက်ပေါ်တွင်တင်ခဲ့ရာ ဖေဖော်ဝါရီ ၂၇ ရက် တနင်္ဂနွေနေ့ တစ်နေ့တည်းမှာပင်ကြည့်ရှုမှုပေါင်း အကြိမ် ၄၀၀,၀၀၀ ခန့်ရှိခဲ့သည်ဟုဆိုသည်။ ၎င်း၏ဗီဒီယိုကို နှစ်သက်ခဲ့သော လစ်ဗျားနိုင်ငံသားတစ်ဦးကမူ အကယ်၍ ကဒါဖီပြုတ်ကျခဲ့ပါက လွတ်လပ်သော လစ်ဗျားနိုင်ငံသားများသည် Zenga-Zenga နှင့် ကခုန်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

*—Ref: UPI*

7 DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011



# ဖွံ့ဖြိုးတိုးတက်မှုကို ရေနံဈေးက ခြိမ်းခြောက်နေဟု ကန်ဗဟိုဘဏ်ဥက္ကဋ္ဌ သတိပေး

ဝါရှင်တန်၊ မတ် - ၁


ရေနံဈေးနှုန်းများ တာရှည်မြင့်တက်နေခြင်းသည် အမေရိကန်၏ဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်နေကြောင်းနှင့် အန္တရာယ်ရှိသည့် အခြားဈေးနှုန်းမြင့်တက်မှုများလည်းရှိလာနိုင်ကြောင်း အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ ဘင်ဘာနန်ကီးကသတိပေးပြောကြားသည်။

ရေနံကြွယ်ဝသည့် အရှေ့အလယ်ပိုင်းမငြိမ်မသက်မှုမှနေ၍ အမေရိကန်နိုင်ငံတွင် ဈေးနှုန်းများ အသင့်အတင့်နှင့် ယာယီမြင့်တက်လာနိုင်ကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌက အမေရိကန်ကွန်ဂရက်အားပြောကြားပြီး အခြားပိုကြီးမားသောအန္တရာယ်များ ရှိနိုင်ခြေကိုလည်း ၎င်းကအသိအမှတ်ပြုခဲ့သည်။

"မကြာခင်ကဖြစ်ပေါ်ခဲ့တဲ့ ကုန်ပစ္စည်းဈေးနှုန်းမြင့်တက်လာမှုကနေ အဖြစ်နိုင်ဆုံးရလဒ်ကတော့ အမေရိကန်စားသုံးသူဈေးနှုန်းဖောင်းပွမှု ယာယီအားဖြင့် အသင့်အတင့်မြင့်တက်လာနိုင်တာပါပဲ" ဟု မစ္စတာဘင်ဘာနန်ကီးက ပြောသည်။

ထို့အတွက် ရေနံဈေးနှုန်းနှင့် အခြားကုန်ပစ္စည်းဈေးနှုန်းများ ဆက်လက်မြင့်တက်နေပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ယေဘုယျဈေးနှုန်းတည်ငြိမ်မှုကို ခြိမ်းခြောက်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဈေးနှုန်းများမြင့်တက်လာနိုင်သော အခြေအနေကြောင့် အမေရိကန်စားသုံးသူများ၏သုံးစွဲမှုကို ထိခိုက်နိုင်ကြောင်း သိရသည်။



ဖြစ်ပေါ်တိုးတက်နေသော အခြေအနေများကို ဗဟိုဘဏ်က အနီးကပ်စောင့်ကြည့်သွားမည်ဟု ဗဟိုဘဏ်ဥက္ကဋ္ဌက ကတိပြုပြောကြားပြီး နိုင်ငံစီးပွားရေး ပြန်လည် နာလန်ထူနိုင်ရေးအတွက် လိုအပ်သလို တုံ့ပြန်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ တစ်နေ့လျှင် ရေနံစည်ပေါင်း ၁ ဒသမ ၆ သန်းထုတ်လုပ်နေသော လစ်ဗျားနိုင်ငံ၏ရေနံထုတ်လုပ်မှု အကြီးအကျယ်ကျဆင်းသွားခဲ့ရာ ကမ္ဘာ့ရေနံဈေးနှုန်းများလည်း မြင့်တက်လာခဲ့သည်။ *—Ref: AFP*

# နယူးဇီလန်ငလျင်ကြောင့်ကန်ဒေါ်လာ ၁၂ ဘီလီယံခန့် အာမခံကုမဏီများ ပေးရဖွယ်ရှိ

ဇူးရစ်၊ မတ် - ၂

ကမ္ဘာ့အကြီးဆုံး အာမခံကုမ္ပဏီတစ်ခုဖြစ်သော ဆွစ်ရီကုမ္ပဏီ၏ အဆိုအရ ဖေဖော်ဝါရီလတွင်လှုပ်ခဲ့သော နယူးဇီလန်ငလျင်သည် အာမခံကုမ္ပဏီများအတွက် လျော်ကြေးကန်ဒေါ်လာ ၆ ဘီလီယံမှ ၁၂ ဘီလီယံအထိ ပေးအပ်သွားရဖွယ်ရှိကြောင်း သိရသည်။ ကုမ္ပဏီက ထုတ်ပြန်သော ကြေညာချက်၌ "နယူးဇီလန်ငလျင်အတွက် အာမခံကဏ္ဍကပေးရမယ့် အာမခံကြေးစုစုပေါင်းဟာ ခန့်မှန်းခြေအားဖြင့် ဒေါ်လာ ၆ ဘီလီယံမှ ၁၂ ဘီလီယံအထိ ရှိပါတယ်" ဟု ဖော်ပြထားသည်။

ကုမ္ပဏီက ခရစ်ချပ်မြို့တွင် လှုပ်ခဲ့သော ငလျင်ကြောင့် ၎င်းတို့အနေဖြင့် အခွန်မဆောင်မီလျော်ကြေးငွေကန်ဒေါ်လာသန်း ၈၀၀ ခန့်ပေးအပ်ရဖွယ်ရှိသည်ဟု ဆိုထားသည်။ ယခုအခါ ပျက်စီးမှုများကြောင့် ခရစ်ချပ်မြို့တွင် ပြန်လည်တည်ဆောက်ရန် နယူးဇီလန်ဒေါ်လာ ၁၆ ဘီလီယံ (ကန်ဒေါ်လာ ၁၂ ဘီလီယံ)ခန့် ကုန်ကျမည်ဟု အကြမ်းဖျင်းခန့်မှန်းထားသည်။ *—Ref: AFP*

# ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက လစ်ဗျားအား ပိတ်ပင်

ကုလသမဂ္ဂ၊ မတ် - ၂

လုံခြုံရေးကောင်စီ၏ အရေးယူမှုအသစ်များရှိမည်ဟူသော သတိပေးမှုများကြားမှပင် ကန့်ကွက်ဆန္ဒပြမှုများအား လစ်ဗျားခေါင်းဆောင်မွမ်မာကဒါဖီက နှိမ်နင်းနေခြင်းအတွက် ကုလသမဂ္ဂက လစ်ဗျားနိုင်ငံအား လူ့အခွင့်အရေးကောင်စီမှ ပိတ်ပင်လိုက်ကြောင်း သိရသည်။

လစ်ဗျားနိုင်ငံအပေါ် လေယာဉ်မပျံသန်းရဇုန် သတ်မှတ်ရေး အနောက်နိုင်ငံများ၏ တောင်းဆိုမှုများ ပိုများလာစဉ်မှာပင် လုံခြုံရေးကောင်စီသည် မြေပြင်မှ အဖြစ်အပျက်များကို တုံ့ပြန်ရန် လိုအပ်သမျှအရေးယူမှုအားလုံးကို ချမှတ်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ်ကြီးက ပြောကြားသည်။

ကဒါဖီအပေါ် ပြတ်ပြတ်သားသားအရေးယူရန် ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုက်တွန်းခဲ့ပြီးနောက် အဖွဲ့ဝင် ၁၉၂ နိုင်ငံပါဝင်သော ကုလသမဂ္ဂညီလာခံက လစ်ဗျားနိုင်ငံအားပိတ်ပင်ခြင်းဆုံးဖြတ်ချက်ကို မဲခွဲမဆုံးဖြတ်တော့ဘဲ အများသဘော တူညီမှုဖြင့်ချမှတ်ခဲ့ခြင်းဖြစ်သည်။


လစ်ဗျားနိုင်ငံအား ပိတ်ပင်ရန် လူ့အခွင့်အရေးကောင်စီက တိုက်တွန်းခဲ့ခြင်းဖြစ်ပြီး ယင်းမှာ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအပေါ် ပထမဦးဆုံးအရေးယူခြင်းပင်ဖြစ်သည်။ ဆုံးဖြတ်ချက်ချရန် တိုတောင်းသောဆွေးနွေးငြင်းခုံမှုတွင် လစ်ဗျားအစိုးရအတွက် မည်သူကမျှ မဆွေးနွေးသော်လည်း လစ်ဗျားနိုင်ငံအားကျူးကျော်ရန် အမေရိကန်က ပြင်ဆင်နေခြင်းဟု ဗင်နီဇွဲလားနိုင်ငံကစွပ်စွဲခဲ့ရာ အမေရိကန်က ဒေါသတကြီးတုံ့ပြန်ခဲ့သည်။

ယခုအရေးယူမှုမှနေ၍ ကဒါဖီနှင့် ၎င်းနှင့်အတူရပ်တည်သူများအား သတ်ဖြတ်မှုများရပ်တန့်ရမည်ဆိုသည်ကို ရှင်းရှင်းလင်းလင်းသတိပေးလိုက်ခြင်းပင်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာအမေရိကန်သံအမတ်ကြီး ဆူဇန်ရိုက်စ်ကပြောကြားသည်။ လုံခြုံရေးကောင်စီသည် လွန်ခဲ့သောသုံးရက်ကလည်း လစ်ဗျားနိုင်ငံအပေါ်ပိတ်ဆို့တားဆီးမှုများချမှတ်၍အရေးယူခဲ့သည်။ *—Ref: AFP*



7DAY NEWS JOURNAL
# International
Vol.10, No.1 • MARCH 10 , 2011

**Interview** စာမျက်နှာ(၄၂)သို့ ▶▶▶



## ကျွန်တော်တို့က ဝီကီလိခ်နဲ့ ဘာမှကို မသက်ဆိုင်ပါဘူး

### ဝီကီပီးဒီးယား တည်ထောင်သူ ဂျင်မီဝေးလ်စ်နှင့် အမေးအဖြေ

**News Analysis** စာမျက်နှာ(၃၂)သို့ ▶▶▶



## မိုးခေါင်ရေရှားမှု၊ ရေကြီးမှုနှင့် စားနပ်ရိက္ခာ

# မိုဟာမက်ယူနွတ်အမှုကို ဘင်္ဂလားဒေ့ရှ် တရား ံုးတွင် ဆက်လက်ကြားနာမည်



နိုဗယ်ဆုရှင် မိုဟာမက်ယူနွတ်

ဒါကာ၊ မတ် - ၇

အသေးစားချေးငွေများ ထုတ်ချေးသောဂရာမင်းဘဏ်သည် နိုဗယ်ဆုရှင် မိုဟာမက်ယူနွတ်အား အလုပ်မှ တရားမဝင် ထုတ်ပယ်ခဲ့သည်လားဆိုသည်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တရားရုံးချုပ်က ဆက်လက်ကြားနာမည်ဖြစ်ကြောင်းသိရသည်။

မတ်လ ၆ ရက် တရားရုံးကြားနာမှုတွင် မစ္စတာယူနွတ်၏ ရှေ့နေများက ၎င်းတို့၏အမှုကို တရားရုံးသို့ တင်ပြခဲ့သည်။ ယခင်ရက်သတ္တပတ်အတွင်း ဘင်္ဂလားဒေ့ရှ်ဗဟိုဘဏ်က မစ္စတာယူနွတ်သည် နိုင်ငံ၏ ပင်စင်ဥပဒေကို ချိုးဖောက်ခဲ့သည်ဟု ဗဟိုဘဏ်ကပြောကြားခဲ့သည်။

မစ္စတာယူနွတ်သည် ဂရာမင်းဘဏ်ကို ၁၉၈၃ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး အဓိကအားဖြင့် ဆင်းရဲသားများကို အသေးစားချေးငွေများ ထုတ်ချေးခဲ့သည်။ ယင်းအသေးစားချေးငွေအစီအစဉ်သည် အခြားဖွံ့ဖြိုးဆဲနိုင်ငံများသို့ပါ ပျံ့နှံ့သွားခဲ့ပြီး မစ္စတာယူနွတ်နှင့် ဂရာမင်းဘဏ်သည်လည်း ၂၀၀၆ ခုနှစ်တွင် နိုဗယ်ဆုချီးမြှင့်ခံရသည်။

တရားရုံးက မတ်လ ၇ ရက်တွင် ဆုံးဖြတ်ချက်ချဖွယ်ရှိကြောင်း ရှေ့နေချုပ် မာဟူဘီအလမ်က အေပီသတင်းဌာနအား ပြောကြားသည်။

မတ်လ ၆ ရက် တရားရုံးကြားနာမှု၌ ဗဟိုဘဏ်သည် ဂရာမင်းဘဏ်၏ဝန်ထမ်းများကို ဖယ်ရှားရန် အခွင့်အာဏာမရှိကြောင်း မစ္စတာယူနွတ်၏ရှေ့နေများက ပြောကြားသည်။

ဗဟိုဘဏ်ကလည်း ၂၀၀၀ ပြည့်နှစ်တွင် ဂရာမင်းဘဏ်က မစ္စတာယူနွတ်အား ဒါရိုက်တာအဖြစ် ပြန်လည်ခန့်အပ်ခဲ့ရာတွင် ၎င်းတို့၏အတည်ပြုချက် မရရှိခဲ့ကြောင်း ပြောကြားသည်။

စာမျက်နှာ(၄၁)သို့ ▶▶▶

## ဆယ်နှစ်အတွင်း ဆင်းရဲမွဲတေမှုပပျောက်အောင် လုပ်ဆောင်သွားမည်ဟု ဝမ်ကြားပေါင်ပြောကြား

ဘေဂျင်း၊ မတ် - ၇

လိုအပ်ချက်ရှိနေသော ပြည်သူများကို ပိုမိုကူညီနိုင်ရန် ဆင်းရဲမွဲတေမှုမျဉ်းနားကပ်နေသည့် လူများကို မြှင့်တင်၍ အခြေခံအားဖြင့် တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်အရောက်တွင် ဆင်းရဲမွဲတေမှုပပျောက်စေရန် ရည်မှန်းထားကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ပြောကြားသည်။

တရုတ်နိုင်ငံတွင် မတ်လ ၅ ရက်ကစတင်ခဲ့သည့် အမျိုးသားပြည်သူ့ကွန်ဂရက် အစည်းအဝေးတစ်ရပ်တွင် ဝန်ကြီးချုပ်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ပြည်သူ့ကောင်စီကလည်း ဆင်းရဲမှုလျှော့ပါးရေး ဆယ်နှစ်တာ အစီအစဉ်သစ်တစ်ရပ်ကို ရေးဆွဲနေသည်။ ယင်းအစီအစဉ်ကို ၂၀၁၁ မှ ၂၀၂၀ ပြည့်နှစ်အတွင်း အကောင်အထည်ဖော်ရန် ရည်မှန်းထားသည်။ စာမျက်နှာ(၄၁)သို့ ▶▶▶



တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်

## အီဂျစ်နိုင်ငံတွင် အဆင့်မြင့်ဝန်ကြီးများ ပြောင်းလဲ

ကိုင်ရို၊ မတ် - ၇

အီဂျစ်နိုင်ငံတွင် ပြည်ထဲရေး၊ နိုင်ငံခြားရေးနှင့် တရားရေးဝန်ကြီးနေရာများ အပြောင်းအလဲပြုလုပ်ခဲ့ကြောင်းနှင့် ယင်းမှာ ပြုတ်ကျသွားသောသမ္မတဟို့စနီမူဘာရက်လက်ထက် အရာရှိများကိုဖယ်ရှားရေး ဆန္ဒပြသူများ၏ တောင်းဆိုချက်များနှင့် ကိုက်ညီခဲ့ကြောင်း ရိုက်တာသတင်းကဖော်ပြသည်။

နိုင်ငံတကာတရားရုံးချုပ် တရားသူကြီးဟောင်း နီဘီလ်အယ်လာရာဘီအား နိုင်ငံခြားရေးဝန်ကြီးနေရာခန့်အပ်ခဲ့သည်။ အယ်လ်လာရာဘီသည် ၂၀၀၄ ခု နှစ်ကတည်းက အီဂျစ်နိုင်ငံခြားရေးဝန်ကြီးနေရာ ရယူထားသည့် အဘိုးလ်ဂီယက်ကို အစားထိုးမည်ဖြစ်သည်။

စာမျက်နှာ(၄၁)သို့ ▶▶▶

## ရေနံဈေးနှုန်းမြင့်မားမှုကြောင့် ဂျပန်နိုင်ငံတွင် နိုင်ငံရေးအရ ရှယ်ယာဈေးကွက်ထိခိုက်

စင်ကာပူ၊ မတ် - ၇

အရှေ့အလယ်ပိုင်း မငြိမ်မသက်မှုများကြောင့် ရေနံဈေးနှုန်းများ ဆက်လက်မြင့်တက်နေရာ အာရှစတော့ဈေးကွက်များလည်း ကျဆင်းလာကြောင်း သိရသည်။ ဂျပန်တွင် နိုင်ငံခြားရေးဝန်ကြီး နုတ်ထွက်သွား၍ စတော့ဈေးကွက်အား ထိခိုက်ခဲ့သည်။

ဂျပန်နိုင်ငံ၏ နီကေးစတော့ပျမ်းမျှဈေးနှုန်း ၁ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဩစတြေးလျနိုင်ငံ၏ အဓိကရှယ်ယာဈေးကွက် S&P/ ASX 200 တွင် ၀ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ တောင်ကိုရီးယား၏ Kospi Composite ညွှန်ကိန်း ၀ ဒသမ ၁ ရာခိုင်နှုန်းတန်ဖိုးလျော့ကျခဲ့ပြီး နယူးဇီလန် NZX-50 မှာမူ ၀ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ အမေရိကန် ဒေါင်ဂျုံးစ်စက်မှုပျမ်းမျှ ညွှန်ကိန်းသည်လည်း ၂ မှတ် ကျဆင်းခဲ့သည်။

စာမျက်နှာ(၄၁)သို့ ▶▶▶






၇ ရက် သတင်းဂျာနယ်

7DAY NEWS JOURNAL

Vol.10, No.1
MARCH 10 ,
2011




၂၀၁၀ အောက်တိုဘာ ၂၁ရက်က
ပြောင်းလဲလွှင့်ထူလိုက်သည့် နိုင်ငံတော်အလံသစ်။



၂၀၀၈ခုနှစ် မေလက လူပေါင်း ၁၃၀,၀၀၀ ကျော် သေဆုံးခဲ့ရသည့်
နာဂစ်ဆိုက်ကလုန်းမုန်တိုင်း။



နှစ်အနည်းငယ်အတွင်း အမြန်ဆန်ဆုံးတည်ဆောက်ကာ ၂၀၀၅ခုနှစ်က ပြောင်းရွှေ့ရုံးစိုက်
လိုက်သည့် နိုင်ငံတော်၏ အုပ်ချုပ်မှုမြို့တော်သစ် နေပြည်တော်။



ကျပ်ငါးထောင်တန်ကို ၂၀၀၉ခုနှစ်က ထုတ်ဝေခဲ့သည်။

# ဆယ်စုနှစ် မှတ်တမ်း

## ၂၀၀၀ - ၂၀၁၀



ဆယ်စုနှစ် ၂ခုကျော်အတွင်း ပထမဆုံးအကြိမ် အထွေထွေရွေးကောက်ပွဲကို
၂၀၁၀တွင် ကျင်းပခဲ့သည်။



ရေရှားပါးမှုပြဿနာများ ကြုံတွေ့ခဲ့ရသည့်
ဆယ်စုနှစ်အတွင်း စံချိန်တင်ပူပြင်းခဲ့သော ၂၀၁၀နွေ။




စက်သုံးဆီဈေးနှုန်းများ မြင့်တက်မှုကြောင့် လိုင်းကားခများ ခုန်တက်သွားခဲ့သည့် ၂၀၀၇ခုနှစ်။



လူတုပ်ကွေးရောဂါ ပြည်တွင်းသို့ ကူးစက်မှု
၂၀၀၉ခုနှစ် အတွင်းဖြစ်ပွားခဲ့သည်။



၂၀၀၅ခုနှစ်အတွင်း နေရာသုံးခုတွင် ဆက်တိုက်ပေါက်ကွဲကာ
ဗုံးပေါက်ကွဲမှုက လူ၂၃ဦးအထိ သေဆုံးခဲ့သည်။



၂၀၀၀–၂၀၁၀ ဆယ်စုနှစ်သည်ဈေးများ မီးလောင်ကျွမ်းမှုစံချိန်တင်သည့်
ဆယ်စုနှစ်တစ်ခုဖြစ်ခဲ့သည်။



၂၀၀၄ခုနှစ်မှစတင်ကာ ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့်
ခရီးသည်တင်ယာဉ်များကို စီအင်နဂျီ စတင် ပြောင်းလဲခဲ့သည်။



ကျပ်ငါးသိန်းတန်ဖုန်းများကြောင့် ၂၀၁၀အတွင်း
လူလတ်တန်းစားများ တယ်လီဖုန်းသုံးစွဲလာနိုင်သည်။



နာဂစ်ဒေသခံပြည်သူများထံရောက်ရှိခဲ့သော
ကုလအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း။



၂၀၀၉ခုနှစ်အတွင်းက ဆုကြေးစားစနစ်ကျင့်သုံးသည့်
မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲများ။



ဆယ်စုနှစ်အတွင်း ကြွေလွင့်ခဲ့သူများထဲမှ
တစ်ဦးဖြစ်သည့် ဦးနေဝင်း။



ပုဂ္ဂလိကဘဏ်အချို့ပြိုလဲမှုဖြစ်ပြီး ၇နှစ်အကြာတွင်
လုပ်ငန်းရှင်ကြီးလေးဦးက ပုဂ္ဂလိကဘဏ်လေးခုကို တည်ထောင်ခဲ့သည်။

ဆယ်နှစ်တာကာလဆိုသည်မှာ မေ့မေ့လျော့လျော့နေသူများအတွက် ဘာမျှမဟုတ်သလိုရှိမည်ဖြစ်သည်။ သို့သော် ကုန်လွန်ခဲ့သော ဆယ်စုနှစ်(၂၀၀၀-၂၀၁၀)ကို ပြန်လည်သတိထားကြည့်မိလျှင် ထူးခြားသော သမိုင်းမှတ်တိုင်အပြောင်းအလဲများ၊ သတင်းဖြစ်ရပ်ကြီးများ များစွာကျန်ရစ်ခဲ့သည်။ ကမ္ဘာတွင် အမေရိကန်ကုန်သွယ်ရေးအဆောက်အအုံ တိုက်ခိုက်ခံရခြင်း၊ ယနေ့ခေတ်တွင် ရေပန်းစားသော ဖေ့စ်ဘွတ်ခ်ကို မတ်ဇကာဘက်က တီထွင်ခြင်း၊ အမေရိကန်တွင် ပထမဆုံးလူမည်းသမ္မတပေါ်လာခြင်းများ စသောဖြစ်ရပ်ကြီးများမှာ ထိုကာလတွင်ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း လူပေါင်းတစ်သိန်းကျော်သေဆုံးခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၊ နှစ်ပေါင်း ၂၀အတွင်း ပထမဆုံးကျင်းပသော ရွေးကောက်ပွဲ၊ တပ်မတော်အတွင်း ကြီးမားသော အပြောင်းအလဲများ၊ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် မှ ပြန်လည်လွတ်မြောက်လာခြင်း၊ နေပြည်တော် မြို့တော်သစ်ပေါ်ပေါက်လာခြင်း စသောသမိုင်းတွင် အရေးပါသော ဖြစ်ရပ်ကြီးများမှာ ယခု၁၀နှစ်အတွင်းဖြစ်ခဲ့ခြင်းဖြစ်သည်။

၂၀၀၀-၂၀၁၀ ဆယ်စုနှစ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ ပြန်လည်သုံးသပ်သိမြင်နိုင်ရန် ၂၀၁၂မတ်လက စတင်ထုတ်ဝေခဲ့သော 7Day News ဂျာနယ် (၉)နှစ်ပြည့်အထိမ်းအမှတ် အထူးထုတ်ကို စာဖတ်ပရိသတ်များအတွက် ကမ္ဘာနှင့် မြန်မာမှ ဆယ်စုနှစ်သမိုင်းဖြစ်ရပ်များကို စုစည်းဖော်ပြလိုက်ပါသည်။

7Day News သတင်းအဖွဲ့

7DAY NEWS
Vol.10, No.1 • MARCH 10 , 2011

# ၂၁ ရာစုထဲက မြို့တော်သစ်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ရာသီ** ဥတုက ပူလောင်လောင် အိုက်စပ်စပ်။ ဘယ်နေရာကြည့်ကြည့် ဖုန်တလုံးလုံးနှင့်။ တောင်ကုန်းငယ်တို့မှာလည်း မြေထိုးစက်များလက်ချက်ကြောင့် နီစွေးစွေး မြေသားများအဖြစ် အသွင်ပြောင်းကုန်သည်။ ဖုန်လုံးများထနေသော မြေသားလမ်းပေါ် ကားမျိုးစုံ၊ ယာဉ်ယန္တရားမျိုးစုံ အခါမလပ် ဖြတ်သန်းနေသည်။ ဆောက်လုပ်ဆဲ အဆောက်အအုံများကလည်း နေရာအနှံ့။ အပူဒဏ်သက်သာရန် ဝါးခမောက်နှင့်ပုဆိုးများခေါင်းခြုံ၍ လုပ်ငန်းခွင်ဝင်နေသော ဆောက်လုပ်ရေးလုပ်သားများက ရာထောင်ချီနေသည်။ သည်မြင်ကွင်းက ၂၀၀၆ ခုနှစ် မတ်လဆန်းက ကျွန်တော်တွေ့ခဲ့ရသော နေပြည်တော်ပင်။

ထိုစဉ်က အစည်ကားဆုံးဖြစ်သော နေပြည်တော် ပျဉ်းမနားမြို့ထဲတွင်တော့ လမ်းအများစုနှင့် ဈေးထဲ၌ လူများ ပြည့်ကျပ်ညပ်နေသည်။ လျှပ်စစ်မီးမှာလည်း ၂၄ နာရီလုံးရနေသည်။ မြို့ထဲရှိ တည်းခိုခန်းများမှာလည်း နေ့စဉ်အခန်းပြည့်နေ၍ နောက်ရောက်လာသော ဧည့်သည်များ အခန်းမရှိတော့ကြောင်း ဒိုင်ခံပြောနေရသည်။

ဆောက်လုပ်ရေးသုံးပစ္စည်းရောင်းချသောလုပ်ငန်း၊ ကားပစ္စည်းနှင့် အီလက်ထရွန်နစ် အရောင်းဆိုင်၊ ဆိုင်းဘုတ်ရေးသည့်အလုပ်၊ စားသောက်ဆိုင်စသော လုပ်ငန်းမျိုးစုံမှာလည်း တစ်ခါမျှ မကြုံဖူးအောင် အလုပ်ကောင်းနေကြသည်။

ထိုစဉ်က တည်ဆောက်ဆဲ နေပြည်တော်မှာ တဖြည်းဖြည်းပုံပေါ်လာသည်။ ဖုန်တလုံးလုံးထနေသော လမ်းများမှာ မြန်မာနိုင်ငံ၏ ပထမဆုံး ရှစ်လမ်းသွားလမ်းမကြီးများ ဖြစ်လာသည်။ ဆောက်လုပ်ဆဲ အဆောက်အအုံများမှာလည်း ရောင်စုံတိုက်လှလှများ၊ ဗိသုကာ လက်ရာမြောက်လှသော အဆောက်အအုံကြီးများ ဖြစ်ကုန်သည်။ ခြောက်သွေ့နေသော နေရာတို့တွင်လည်း ပထမဆုံးရေပန်းဥယျာဉ်နှင့် ဆည်များပေါ်ပေါက်ကာ စိုပြည်ကုန်သည်။

သည်လိုနှင့် တစ်နှစ်ပြီးတစ်နှစ် ရုပ်လုံးပေါ်လာသော အုပ်ချုပ်ရေးမြို့တော် နေပြည်တော်မှာ ယနေ့တွင်တော့ မြင်သူတိုင်းကို အံ့ဩစေနိုင်သည်။ နေပြည်တော်ကို တစ်ကြိမ်မျှ မရောက်ဖူးလျှင် မြန်မာများသာမက နိုင်ငံခြားသားများလည်း အံ့ဩမှင်တက်မိသွားပါလိမ့်မည်။

၂၀၀၀ ပြည့်နှစ် ဝန်းကျင်မှ စတင်အကောင်အထည်ဖော်ခဲ့သော နေပြည်တော်သို့ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားများဖြစ်သော အစိုးရရုံးများမှာ ၂၀၀၅ ခုနှစ် နိုဝင်ဘာတွင် စတင်ပြောင်းရွှေ့ခဲ့သည်။ ဆယ်စုနှစ်အတွင်းမှာပင် အုပ်ချုပ်ရေးမြို့တော်သစ်မှာ လျင်လျင်မြန်မြန် ပေါ်ပေါက်လာခြင်းဖြစ်သည်။

နေပြည်တော်မှာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၀၁ ပေ နှင့်အထက်ရှိပြီး စတုရန်းမိုင်ပေါင်း ၂၅၀၀ ဝန်းကျင်ကျယ်ဝန်းသည်။ အုပ်ချုပ်ရေးမြို့တော်၏ အရှေ့ဘက်တွင် ရှမ်းပြည်နယ်၊ တောင်ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊ အနောက်ဘက်တွင် မကွေးတိုင်းဒေသကြီး၊ မြောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီးတို့ရှိသည်။ မူလက ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း မြို့နယ် အဝန်းအဝိုင်းတွင် ရှိခဲ့သော ထိုဒေသမှာ ယခုအခါ မြို့နယ်သစ် ငါးခုတိုးလာပြီး၊ မြို့နယ်စုစုပေါင်း ရှစ်မြို့နယ်ရှိလာပြီဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ခန့်မှန်းချက်အရ လူဦးရေ စုစုပေါင်း တစ်သန်းကျော်နေထိုင်သည်။

နေပြည်တော် အရှေ့ခြမ်းရှိ ရွာတစ်ရွာမှ အသက် ၇၀ အရွယ် လယ်သမားကြီးတစ်ဦးက ထိုသို့ အုပ်ချုပ်ရေးမြို့တော်သစ်ပေါ်ပေါက်လာခြင်းအပေါ် "ငါတို့လည်း မြို့ကြီးသားစာရင်းဝင်ပါပြီကွ။ ဘယ်သူတွေ ဘာပြောပြော ငါကတော့ သဘောကျတယ်" ဟု ကျေးရွာသားမှ မြို့သားဖြစ်လာခြင်းအပေါ် ဖွင့်ဟသည်။ သူကဲ့သို့ပင် မြို့ကြီးသားဖြစ်လိုသော ဒေသခံအများစုမှာ မြို့တော်သစ်ပေါ်ပေါက်လာခြင်းကို ကြိုက်နှစ်သက်ကြသည်။ သို့သော် အချို့ဒေသခံများက ရုတ်ချည်းပေါ်ပေါက်လာသော မြို့တော်သစ်နှင့် အံမဝင်သေးဘဲ ယခင်က လူနေမှုပုံစံများကိုသာ ပြန်လည်တမ်းတနေသည်။

မြို့တော်သစ်မှာ တဖြည်းဖြည်းနှင့် အမျိုးသားအဆင့် အဆောက်အအုံများနှင့် ခေတ်မီအဆောက်အအုံများ တိုးလာသည်။ ဗဟိုစာတိုက်ကြီး၊ လွှတ်တော်အဆောက်အအုံများ၊ မြို့တော်ခန်းမနှင့် အမ်အိုင်စီစီခန်းမ၊ ကျောက်မျက်ရတနာပြတိုက်စသော အဆောက်အအုံများ ပေါ်ပေါက်လာသည်။ အမျိုးသားမော်ကွန်းတိုက်၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်စသော အဆောက်အအုံကြီးများမှာလည်း ဆောက်လုပ်နေရာ ပြီးစီးလုနီးလာသည်။

ပထမဆုံး 3D ရုပ်ရှင်ရုံမှာလည်း နေပြည်တော်ရှိ ဂျန်းရှင်းစင်တာတွင် ဖွင့်လှစ်ခဲ့သည်။ ထပ်မံ၍လည်း ရုပ်ရှင်ရုံပါသော ဈေးဝယ်စင်တာများ တည်ဆောက်ရန်ရှိပြီး၊ ကော်မာရှယ် ကွန်ပလပ်စ် တစ်ခုပင် တည်ဆောက်နေပြီဖြစ်သည်။ အပူပိုင်းဒေသတွင် တည်ရှိသော နေပြည်တော်သည် ယခုအခါ ပင်လယ်ကမ်းခြေတုပင် ဖန်တီးထားသော မလိုင်ကမ်းသာ အပန်းဖြေစခန်းလည်း ရှိသည်။

အုပ်ချုပ်ရေး ယန္တရားများဖြစ်သော အစိုးရဝန်ကြီးရုံးများ အားလုံး ရုံးစိုက်ရာဖြစ်ပြီး၊ နေပြည်တော်ကို ဗဟိုပြု၍ တည်ဆောက်မည့် ရထားကွန်ရက်စီမံကိန်းအပါအဝင် စီမံကိန်းများစွာတို့ကြောင့်လည်း မြို့တော်သစ်မှာ ပို၍ ပို၍ အရေးပါလာသည်။ လွန်ခဲ့သည့် ၁၀ နှစ်ခန့်က ဘာမျှမရှိခဲ့သောနေရာတွင် အစိုးရက ငွေကြေးများစွာ အကုန်အကျခံတည်ဆောက်ခဲ့သော မြို့တော်သစ်မှာ ယခုအခါ ကမ္ဘာကိုပင် အံ့ဩစေနိုင်သည်။



အဆိုပါ အပြောင်းအလဲများကြောင့် နေပြည်တော်ရှိ မြေဈေးနှုန်းများမှာလည်း ဆယ်နှစ်အတွင်း တန်ဖိုးများထိုးတက်ကုန်သည်။ "၂၀၀၀ ခုနှစ်လောက်တုန်းက နှစ်သိန်းကျော်နဲ့ဝယ်ထားတဲ့ ကျွန်တော့်မြေကွက်ကလေး သိန်းငါးဆယ်လောက်ရလို့ ရောင်းလိုက်တာ။ အဲဒီတုန်းကတော့ ပျော်ခဲ့တာပေါ့ဗျာ။ အခုတော့ အဲဒီအကွက်ကို ပြန်မသွားချင်လောက်အောင် စိတ်နာမိတယ်။ အခုဆိုရင် ကျွန်တော်ရခဲ့တာနဲ့ ဆယ်ဆလောက်ရှိနေပြီ"ဟုဒေသခံတစ်ဦးဖြစ်သော ဦးမြဝင်းက ၂၀၀၀ ပြည့်နှစ်က နှစ်သိန်းကျော်ရှိခဲ့သော မြေကွက်မှာ ယနေ့ကျပ်သိန်းငါးရာဝန်းကျင်ရှိနေခြင်းကို အံ့ဩစွာဖြင့် ပြန်ပြောသည်။ ထိုသို့ မြေကွက်ဈေးနှုန်းများ မြင့်တက်ခဲ့သည့်အတွက် အစောပိုင်းတွင် မြေရောင်းထားသူများအားလုံး နောင်တရနေကြသည်။ မြေတန်ဖိုးများ ထိုးတက်သွားသည်နှင့်အတူ ထိုဒေသရှိ မြေကွက်အများစုကို နိုင်ငံတစ်ဝန်းရှိ ငွေကြေးတတ်နိုင်သော စီးပွားရေးလုပ်ငန်းရှင်များက ရသလောက်ဝယ်ယူထားကြပြီ ဖြစ်သည်။

တောနှင့် မြို့ငယ်အဆင့်မှ ဆယ်နှစ်ဝန်းကျင်အတွင်း မြို့တော်သစ်ကြီးဖြစ်လာခြင်းအပေါ် အသက် ၇၅ နှစ်အရွယ် အငြိမ်းစားပညာရေးဝန်ထမ်းတစ်ဦးဖြစ်သော ဦးအေးကိုကမူ မအံ့ဩဟုဆိုသည်။ ပျဉ်းမနားမြို့၏မြောက်ဘက်ကပ်လျက်တွင် နေရောင်ပြအင်းရှိပြီး ယင်းအင်း၏ အတိတ်တဘောင်များကို မှိုင်းမြမ်းကာ "နေရောင်ပြတောင် ခွေးတစ်ဟောင်၊ လူနေစည်ကား၊ မြို့ဖြစ်ဌေးအံ့၊ ကြက်မတစ်ဝတ်မြေကို ကြက်ဥတစ်လုံးစာ ရွှေတန်ဖိုး ထိုက်တဲ့ ဤနေရာတွင် အင်းကော၍ လယ်တောဖြစ်လတ္တံ့၊ လယ်ကော၍ မြို့ကြီးဖြစ်လတ္တံ့"ဟူ၍ ရွတ်ဆိုရင်းသူ မအံ့ဩသည့်အကြောင်းကို ပြောသည်။


ဆယ်စုနှစ်အတွင်းမှာပင် မြို့တော်သစ်ကြီးမှာ လျင်လျင်မြန်မြန် ပေါ်ထွန်းလာသည်။ စီမံကိန်းပေါင်းများစွာ ရှိနေဆဲ၊ အဆောက်အအုံပေါင်းများစွာ တည်ဆောက်နေဆဲ၊ အုပ်ချုပ်ရေးမြို့တော်မှာ အနာဂတ်တွင် မည်မျှခမ်းနားကြီးကျယ်မည်ကို အချိန်ကာလကသာ ဆုံးဖြတ်ပေးမည်ဖြစ်သည်။

# အတက်အကျများနှင့် ဆယ်စုနှစ်

နှစ်တစ်နှစ် ဖြတ်ကျော်သွားတိုင်း ကိန်းဂဏန်းများစွာ ကျန်နေရစ်ခဲ့သည်။ ထို့အတူ နှစ်ပေါင်း ၁၀နှစ်တာဖြတ်သန်းသွားသည့် ဆယ်စုနှစ် တစ်ခုတွင်လည်း ကိန်းဂဏန်းများစွာ ကျန်နေရစ်ခဲ့သည်။ ထိုကိန်းဂဏန်းများက သမိုင်းကို နှိုင်းယှဉ်မှုများဖြင့် မှတ်တမ်းတင်ပေးသည်။ 7Day News သတင်းအဖွဲ့က ဆယ်စုနှစ်တစ်ခုအတွင်းက ကိန်းဂဏန်းများစွားထဲမှ အချို့ကို စုစည်းဖော်ပြလိုက်ပါသည်။


## နိုင်ငံလူဦးရေ

| ခုနှစ် | လူဦးရေ(သန်းပေါင်း) |
|---|---|
| ၂၀၀၀- ၂၀၀၁ | ၅၀. ၁၃ |
| ၂၀၀၁- ၂၀၀၂ | ၅၁. ၁၄ |
| ၂၀၀၂- ၂၀၀၃ | ၅၂. ၁၇ |
| ၂၀၀၃- ၂၀၀၄ | ၅၃. ၂၂ |
| ၂၀၀၄- ၂၀၀၅ | ၅၄. ၃၀ |
| ၂၀၀၅- ၂၀၀၆ | ၅၅. ၄၀ |
| ၂၀၀၆- ၂၀၀၇ | ၅၆. ၅၂ |
| ၂၀၀၇- ၂၀၀၈ | ၅၇. ၅၀ |
| ၂၀၀၈- ၂၀၀၉ | ၅၈. ၃၈ |
| ၂၀၀၉- ၂၀၁၀ | ၅၉. ၂၄ |



၂၀၀၀ ပြည့်နှစ်မှ စတင်ကောက်ယူခဲ့သော နိုင်ငံ၏ ပျမ်းမျှလူဦးရေ စာရင်းများအရ နှစ်စဉ်လူဦးရေ တိုးနှုန်းမှာ တစ်သန်းဝန်းကျင်တွင်ရှိပြီး ၁၀ စုနှစ်တစ်ခုအတွင်း ၁၀ သန်းနီးပါးတိုးလာခဲ့သည်။

## မှတ်ပုံတင်ထားသော ယာဉ်စီးရေ





လိုင်စင်မဲ့ဆိုင်ကယ်များအား တရားဝင်လိုင်စင်ပြုလုပ်ပေးခြင်းကို ၂၀၀၈ ခုနှစ် ဇူလိုင်လ ၁ ရက်မှ စတင်ခဲ့သည်။ ပြည်ပမှ ဆိုင်ကယ်များ တရားဝင်တင်သွင်းခွင့်ကိုလည်း ၂၀၁၀ ဇန်နဝါရီ ၁ ရက်က စတင်ခွင့် ပြုပေးခဲ့ရာ ဆိုင်ကယ်အရေအတွက်မှာ သိသာစွာ တိုးပွားလာခဲ့သည်။ မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်စီးရေမှာလည်း ဆယ်စုနှစ်အတွင်း ၂ ဆကျော်တိုးလာခဲ့ပြီး ပို့လျှံယာဉ်များ၊ လိုင်စင်မဲ့ယာဉ်များကို လေလံပွဲများပြုလုပ်ရောင်းချခြင်း၊ ယာဉ်မှတ်ပုံတင်ပြုလုပ်ပေးခြင်း၊ မော်ဒယ်မြင့်ကားများတင်သွင်းခွင့်ပြုခဲ့ခြင်းစသည်တို့ကြောင့် များပြားလာခဲ့ခြင်းဖြစ်သည်။

## ရွှေဈေး




ယူနစ်မှာ ကျပ်ဖြစ်ပြီး၊ တစ်ကျပ်သား ရွှေဈေးနှုန်းဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် တစ်ကျပ်သားအမြင့်ဆုံးဈေး ကျပ် ၆၃,၅၀၀ရှိခဲ့သော ရွှေဈေးနှုန်းမှာ ၂၀၁၀တွင် ကျပ် ၆၇၃,၀၀၀ အထိရှိလာသည်။

## အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ် ရောဂါကူးစက်မှု




မြန်မာနိုင်ငံတွင် HIV/AIDS ရောဂါပိုးကူးစက်ခံထားသူဦးရေသည် ၂၀၀၁ ခုနှစ်တွင် စုစုပေါင်းလူဦးရေ၏ ၀ ဒသမ ၇၅ ရာခိုင်နှုန်းနှင့် ၂၀၀၉ ခုနှစ်တွင် ၀ ဒသမ ၆၁ ရာခိုင်နှုန်းရှိကြောင်း UNAIDS မှထုတ်ပြန်ခဲ့သည်။ ရောဂါပိုးကူးစက်မှုနှုန်းမှာ ၂၀၀၁ ခုနှစ်ထက်စာလျှင် ၂၀၀၉ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

## သစ်တောဧရိယာ





မြန်မာနိုင်ငံ၏ သစ်တောဧရိယာမှာ ၂၀၀၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ဆယ်နှစ်တာကာလအတွင်း ၁၉ ဒသမ ၀ ရာခိုင်နှုန်းလျော့နည်းသွားကြောင်း ကမ္ဘာ့သစ်တောများစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းက ဖော်ပြထားသည်။ သစ်တောဧရိယာဆုံးရှုံးမှုသည် မူလရှိပြီးသား ဧရိယာမှ နှစ်စဉ် ၀ ဒသမ ၉၅ ရာခိုင်နှုန်းရှိကြောင်းလည်းဖော်ပြထားသည်။

## ဖုန်းအသုံးပြုသူဦးရေ




မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍတွင်မူ ၂၀၀၀ ပြည့်နှစ်တာကာလများက ဆယ်လူလာဖုန်းများစတင်ပေါ်ထွက်ခဲ့ပြီးယင်းနောက်တွင် ဂျီအက်စ်အမ်ဖုန်းများပေါ်ထွက်လာခဲ့ရာမှာ ယခုလက်ရှိအချိန်တွင်မူ စီဒီအမ်အေ ၈၀၀နှင့် ၄၅၀ မဂ္ဂါဟာ့ဇ်မက်ဝဲလ်စနစ်စီဒီအမ်အေဖုန်းများ၊ ဂျီအက်စ်အမ်နှင့် WCDMA ဖုန်းများအစရှိသည့် မိုဘိုင်းဖုန်းအမျိုးအစားများကိုသုံးစွဲနေကြပြီဖြစ်သည်။

## အင်တာနက်အသုံးပြုသူဦးရေ





Dial-Up ဟူသော အင်တာနက်ဆက်သွယ်မှုစနစ်ဖြင့် စတင်ခဲ့ပြီး ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြစ်သည့် ဆယ်စုနှစ်တစ်ခုအတွင်း iPStar နှင့် Broadband ဆက်သွယ်မှု၊ မြန်နှုန်းမြင့်အင်တာနက် ဆက်သွယ်မှုစနစ်ဟူသည့် ADSL စနစ်နှင့် ကြိုးမဲ့အင်တာနက်စနစ်ဖြစ်သည့် Wi-Max ဆက်သွယ်မှုများနှင့် ယခုနောက်ဆုံးတွင် ဖိုက်ဘာဆက်ကြောင်းများဖြင့် ဆက်သွယ်သုံးစွဲရသည့် FttH(Fiber to the Home) စနစ်များပါ တိုးမြှင့်သုံးစွဲလာပြီဖြစ်သည်။

## ရုပ်သံလိုင်း




မြန်မာ့ရုပ်မြင်သံကြား MRTV အစီအစဉ်ကို ၁၉၈၀ ခုနှစ်တွင် စတင်ခဲ့ပြီး ၁၉၉၆ ခုနှစ် တပ်မတော်နေ့တွင် မြဝတီရုပ်မြင်သံကြား MWD ကို စတင် ထုတ်လွှင့်လာသောကြောင့် ၂၀၀၀ ပြည့်နှစ်အထိ အခမဲ့ ရုပ်သံလိုင်း ၂ လိုင်းရှိခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် အချိန်ပြည့်ရုပ်သံလိုင်း MRTV-4 စတင်ထုတ်လွှင့်ခဲ့ကာ ၂၀၁၀ ခုနှစ်ရောက်ချိန်တွင် MI (Myanmar International) ရုပ်သံလိုင်းထပ်မံပေါ်ပေါက်လာသည့်အတွက် အခမဲ့ ရုပ်သံလိုင်း ၄လိုင်းဖြစ်လာသည်။

## ရေဒီယိုလိုင်း




၁၉၄၆ ခုနှစ်တွင် တိုက်ရိုက် (Live) စတင်ထုတ်လွှင့်ခဲ့သော မြန်မာ့အသံသည် ၂၀၀၀ ပြည့်နှစ်အထိ တစ်ခုတည်းသော ရေဒီယိုလိုင်းဖြစ်သည်။ ၂၀၀၁ ခုနှစ် ဇန်နဝါရီရောက်မှ City FM စတင်ထုတ်လွှင့်ကာ နောက်ပိုင်းတွင် FM ရေဒီယိုလိုင်း ၈ လိုင်းအထိ ထပ်မံပေါ်ပေါက်လာသည်။

ယခု ရေဒီယိုလိုင်းပေါင်း ၉လိုင်းရှိလာကာ အဆိုပါ FM ရေဒီယိုလိုင်းများသည် ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်အတွင်း ပိုမိုတိုးတက်လာခြင်းဖြစ်သည်။

7DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

# Persons of the Decade

7Day News ဂျာနယ် အယ်ဒီတာအဖွဲ့မှ ဆယ်စုနှစ်အတွင်းထင်ရှားခဲ့သော ပုဂ္ဂိုလ်များကိုရွေးချယ်ထားခြင်းဖြစ်ပါသည်။ လွန်ခဲ့သော ၁၀ နှစ်က အခြေအနေနှင့် လက်ရှိအခြေအနေများကို နှိုင်းယှဉ်၍ ထူးထူးခြားခြားစွမ်းဆောင်နိုင်မှုများကြောင့် ယခုကဲ့သို့ ရွေးချယ်ခြင်းဖြစ်ပါသည်။

## ဦးသိန်းစိန်



ဆယ်စုနှစ်အစ ၂၀၀၁ ခုနှစ်က တြိဂံတိုင်း စစ်ဌာနချုပ်တိုင်းမှူးအဖြစ် တာဝန် ထမ်းဆောင်နေဆဲဖြစ်သော ဦးသိန်းစိန်သည် နောက်ဆယ်စုနှစ်တစ်ခုအစ ၂၀၁၁ ၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။စစ်ဌာနချုပ်တိုင်းမှူးတာဝန်မှတပ်မတော်စစ်ရေးချုပ်အဖြစ် ၂၀၀၁ ခုနှစ်တွင် ပြောင်းလဲတာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) အဖြစ် ၂၀၀၄ ခုနှစ်တွင် တာဝန်ထမ်းရွက်ခဲ့သည်။

အတွင်းရေးမှူး (၁)အဖြစ် သုံးနှစ်နီးပါးတာဝန်ထမ်းဆောင်အပြီး ၂၀၀၇ ခုနှစ်တွင် ကျန်းမာရေးချွတ်ယွင်းနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနေရာ၌ နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ယာယီတာဝန်ထမ်းရွက်ခဲ့ကာ ထိုနှစ်အတွင်းမှာပင် ဝန်ကြီးချုပ်ရာထူးကို တရားဝင်ထမ်းဆောင်ခဲ့ပြန်သည်။

ဆယ်စုနှစ်၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၁၀ တွင် ကျင်းပသည့် ရွေးကောက်ပွဲ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် တပ်မတော်မှ အငြိမ်းစားယူကာ အရပ်ဘက်သို့ ကူးပြောင်းခဲ့သည်။ ရွေးကောက်ပွဲတွင် ၎င်းဦးဆောင်ပါဝင်ခဲ့သည့် ပြည်ခိုင်ဖြိုးပါတီက မဲအများဆုံးနှင့် အနိုင်ရရှိခဲ့ကာ ၂၁ ရာစု၏ ဒုတိယဆယ်စုနှစ်အစ ၂၀၁၁ တွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။

## ဦးဇော်ဇော်



၂၀၀၀ ပြည့်နှစ်ဝန်းကျင်တွင် သာမန်စီးပွားရေးလုပ်ငန်းရှင်အဖြစ်မှ ဆယ်နှစ်အတွင်း မြန်မာနိုင်ငံ၏ ထိပ်တန်းစာရင်းဝင်လုပ်ငန်းရှင်ကြီးဖြစ်လာသူမှာ ဦးဇော်ဇော်ဖြစ်သည်။မက်စ်မြန်မာကုမ္ပဏီပိုင်ရှင် ဦးဇော်ဇော်မှာ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ကာလများတွင် သာမန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအဖြစ်ရှိခဲ့သော်လည်း ဆယ်နှစ်အတွင်း ကုမ္ပဏီကို စီးပွားရေးလုပ်ငန်းမျိုးစုံနယ်ပယ်တွင် အောင်မြင်စွာ ချဲ့ထွင်လုပ်ကိုင်နိုင်ခဲ့သည်။ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌတာဝန်ယူပြီးနောက်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတာဝန်ကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလဆန်းမှ စတင်တာဝန်ယူခဲ့သည်။ မြန်မာနိုင်ငံ၏အမျိုးသားအားကစားဖြစ်သော ဘောလုံးနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများကို ရဲရဲဝံ့ဝံ့ပြုလုပ်ပြီး၊ ပြောင်မြောက်သောစကားလုံးများကြောင့်ဦးဇော်ဇော်မှာ ပြည်တွင်းမီဒီယာများတွင် မကြာခဏ ဖော်ပြခံရပြီး လူသိပိုများလာခဲ့သည်။ သူ၏လက်ထက်မှာပင် အပျော်တမ်းအဆင့်တွင် နှစ် ၁၀၀ ကျော်ကျင်လည်ခဲ့သော ပြည်တွင်းကလပ်ပြိုင်ပွဲကို ဆုကြေးစားစနစ်သို့ ပြောင်းခဲ့ခြင်းဖြစ်သည်။

ယခုအခါ ၎င်း၏ ကုမ္ပဏီမှာ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ဟိုတယ်လုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ဘိလပ်မြေစက်ရုံ စသောများပြားလှသည့် စီးပွားရေးလုပ်ငန်းများစွာကို အောင်မြင်စွာစီမံခန့်ခွဲလုပ်ကိုင်လျက်ရှိသည်။

## မစုပုံချစ်



လွန်ခဲ့သည့် ဆယ်နှစ်က အလယ်တန်းတွင်ပညာသင်ကြားနေခဲ့သော မစုပုံချစ်မှာ ယခုအခါ M.E ဘွဲ့ ထပ်မံရရှိရန်အတွက် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၌ ပထမနှစ် တက်ရောက်လျက်ရှိသည်။မွေးရာပါ ကိုယ်အင်္ဂါမသန်စွမ်းသူတစ်ဦးဖြစ်သည့် သူမသည် ကျောင်းသင်ခန်းစာများကို ခြေထောက်ဖြင့်ရေးသားခဲ့ရသူ ဖြစ်သော်လည်းငယ်စဉ်မှတက္ကသိုလ်အထိ နှစ်စဉ် ထူးချွန်သော အောင်မြင်မှုများကို ရရှိခဲ့သည်။ ၂၀၀၅ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

တက္ကသိုလ်ဝင်တန်းအောင်ပြီးနောက် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တွင်IT (Information Technology) အဓိကဘာသာရပ်ကို တက်ရောက်ခဲ့ရာ ၂၀၀၉ ခုနှစ်တွင် B.Tech ဘွဲ့ကိုလည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် B.E ဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ နည်းပညာတက္ကသိုလ်တက်ရောက်ခဲ့သည့် နှစ်များတွင်လည်း နှစ်စဉ် Roll-1 ရရှိခဲ့ပြီး တစ်ဖက်တွင်လည်း ဂျပန်သံရုံးမှ ကျင်းပစစ်ဆေးသော JLPT စာမေးပွဲများကို ဝင်ရောက်ဖြေဆိုကာ ၂၀၀၈-၂၀၀၉ ခုနှစ်များတွင် Level-4 နှင့် Level -3 တို့ကိုအောင်မြင်ခဲ့သည်။

ထို့အပြင် လူမှုရေးလုပ်ငန်းများ၊ ပရဟိတလုပ်ငန်းများကိုလည်း မေတ္တာရှင်ရွှေပြည်သာ ဆရာတော်ဦးဇဝန၏နောက်တွင် လိုက်ပါကာဆောင်ရွက်ပေးလျက်ရှိသည်။

အလံနှင့်တံဆိပ်များစွာထွက်ပေါ်ခဲ့သောနှစ်၊ နိုင်ငံရေးဆိုသည့် ဝေါဟာရကိုတွင်တွင်ကျယ်ကျယ်ပြောဆိုရေးသားသုံးစွဲကြသူများ အများအပြား ထွက်ပေါ်ခဲ့သည့်နှစ်။ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသီချင်းနှင့် ဓာတ်ပုံများကိုအများပြည်သူမြင်ကွင်းတွင်နားဆင်မြင်တွေ့ခဲ့ကြရသောနှစ်။ ပြည်သူတို့ မြင်တွေ့၊ ဖတ်ရှုရင်းနှီးခဲ့ဖူးသူများ မဟုတ်သည့် ပါတီနိုင်ငံရေးသမားဆိုသူများ အများအပြား ထွက်ပေါ်လာခဲ့သော နှစ်။ အသက် ၁၈ နှစ်မှ အသက် ၃၇ နှစ်ကျော် နိုင်ငံသားတို့ ပထမဆုံးအကြိမ် မဲပေးခွင့်ရရှိခဲ့ကြသောနှစ်။ ငြင်းခုံစရာများနှင့် အဆုံးသတ်ခဲ့သော နှစ်။



ဓာတ်ပုံ - ရဲမောင်မောင်(အမရပူရ)



ဓာတ်ပုံ - လမင်းနိုင်

# ဆယ်စုနှစ်အတွင်း ရွေးကောက်ပွဲ

ထိုနှစ်ကတော့ နှစ်ဆယ်တစ်ရာစု၏ ပထမဆယ်စုနှစ် နောက်ဆုံးနှစ်ဖြစ်သော ၂၀၁၀ ပြည့်နှစ်ပင် ဖြစ်သည်။ ၂၀၀၀-၂၀၁၀ ဆယ်စုနှစ်တစ်ခုလုံး၏ အနိမ့်အမြင့်အတက်အကျကို အဓိက ပါဝင်ပုံဖော်ခဲ့သော ထိုနှစ်တွင်မြန်မာနှစ်၂၀အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပခဲ့သည့်ရွေးကောက်ပွဲတွင် ဒေါင်းတံဆိပ်အလံလွှင့်ထူထားသည့် မဲဆွယ်စည်းရုံးရေးယာဉ်များ၊ ခမောက်တံဆိပ်ဖြင့် အလှဆင်ထားသည့် စည်းရုံးရေးယာဉ်များကို ရန်ကုန်မြို့ကဲ့သို့မြို့ကြီးများတွင်နေရာအနှံ့မြင်တွေ့ကြရသည်။ မိုက်ကရိုဖုန်းဖြင့် နိုင်ငံရေး ဟောပြောစည်းရုံးမှုများလည်း ခပ်ကျဲကျဲတွေ့ရသည်။

ရွေးကောက်ပွဲက ဆယ်စုနှစ်တစ်ခုကို မည်ကဲ့သို့ ပုံဖော်ခဲ့သည်ကို ကွန်ပျူတာသင်တန်းကျောင်းတစ်ခုမှ သင်ကြားရေးဆရာဦးအောင်ပြည့်ဖြိုးက "ပထမဆုံးကျင်းပတဲ့ရွေးကောက်ပွဲမို့လို့ကြိုဆိုခဲ့ပါတယ်။ လိုချင်တဲ့ အခြေအနေကတော့ မရသေးဘူး။ သိသာတဲ့အပြောင်းအလဲကတော့ ပါတီရဲ့အသံတွေကြားရပါတယ်။ မီဒီယာတွေမှာလည်း နိုင်ငံရေးသတင်းတွေ ပါလာတယ်"ဟု ပြန်လည်သုံးသပ်ပြောဆိုသည်။

ကျင်းပမည့် ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန် နိုင်ငံရေးပါတီအဖြစ် ဖွဲ့စည်းခွင့်ပြုချက်များ မပေးခင်ကပင် စတင်လှုပ်ရှားခဲ့သည့် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးသုဝေကတော့ ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သော်လည်းအပြောင်း အလဲတစ်ခု ဖြစ်ခဲ့သည်ဟု သုံးသပ်သည်။ "ရွေးကောက်ပွဲ ကျင်းပချိန်မှာ နိုင်ငံရေးလှုပ်ရှားမှုတွေ လုပ်နိုင်ခဲ့ကြတယ်။ နိုင်ငံရေးပါတီတွေလှုပ်ရှားလာဖို့အခွင့်အလမ်းတွေကို ဒီရွေးကောက်ပွဲက ပေးခဲ့တယ်"ဟု သုံးသပ်ပြောဆိုသည်။

၂၀၁၀ ရွေးကောက်ပွဲကတော့ ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေး အခင်းအကျင်းနှင့် ရွေးကောက်ပွဲအပြီး နိုင်ငံရေး အခင်းအကျင်းတို့က သည်ဆယ်စုနှစ်အတွင်းအစီအစဉ်တကျရှိခဲ့သည့် နိုင်ငံရေးအရွေ့တစ်ခုဖြစ်သည်ဟု ရွေးကောက်ပွဲတွင် မဲမပေးခဲ့သည့် အစိုးရဝန်ထမ်းအငြိမ်းစားတစ်ဦးက သုံးသပ်သည်။

၂၀၁၀ ရွေးကောက်ပွဲတွင် နိုင်ငံတော်ဝန်ချုပ်ဦးသိန်းစိန်ဦးဆောင်ပါဝင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက မဲဆန္ဒနယ်အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ရာ ၇၀ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရရှိခဲ့သည်။

ဒီမိုကရေစီအင်အားစု ပါတီများဟုဆိုသည့် ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ရခိုင်အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီစသည့် ပါတီတို့က ရွေးကောက်ပွဲ နီးကပ်လာချိန်တွင် အများပြည်သူ၏ စိတ်ဝင်စားမှုကို ရရှိခဲ့သော်လည်း တိုင်းရင်းသားပါတီနှစ်ခုသာ ရွေးကောက်ပွဲတွင် အခြေအနေအနည်းငယ် ကောင်းခဲ့သည်။

ရွေးကောက်ပွဲမကျင်းပမီကပင် မဲဆန္ဒရှင်များက အဖြေကို ကြိုတင်ခန့်မှန်းထားကြပြီးဖြစ်သော်လည်း ပြည်တွင်းသာမက နိုင်ငံတကာက ပါရွေးကောက်ပွဲရလဒ်ကို စောင့်ကြည့်ခဲ့ကြသည်။

ဆယ်စုနှစ်အတွင်းက အထင်ကရအဖြစ်အပျက်များထဲမှ ၂၀၁၀ တွင်ပြီးဆုံးခဲ့သော ရွေးကောက်ပွဲအကျိုးဆက်က နောက်ဆယ်စုနှစ်တစ်ခုဆီသို့ ဆက်လက်သယ်ဆောင်ရွေ့လျားနေဆဲဖြစ်သည်။



ရန်ကုန်မြို့ပုဇွန်တောင်မြို့နယ် ၅၆ လမ်းရှိ ရုံးတစ်ရုံးရှေ့လူအုပ်ကြီးရောက်နေသည်။ ရာနှင့်ချီ သော လူအုပ်ထဲတွင် လူလတ်ပိုင်းအရွယ် အမျိုးသား၊အမျိုးသမီး အများဆုံးဖြစ်သော်လည်း အဘိုးကြီး၊အဘွားကြီးများလည်းပါသည်။ ဘုန်းတော်ကြီးနှင့် သီလရှင်အချို့ကိုလည်းတွေ့ရသည်။ သူတို့က နံနက်မိုးလင်းမှ ညနေပိုင်းအထိ တစ်စုံတစ်ခုကို စောင့်မျှော်နေ သည်။

"နေ့တိုင်းသွားတယ်၊ ကိုယ်လိုပဲ အဲဒီကျမှ ထွက်လာတာ လူတွေ အများကြီးပဲ"ဟု အသက် ၃၈နှစ်အရွယ် ရန်ကုန်မြို့ခံ အမျိုးသားတစ်ဦးကပြောသည်။

# သင်ခန်းစာများပေးခဲ့သော
# ဘဏ်များ လဲပြိုမှု

၂၀၀၂ ခုနှစ် ဒီဇင်ဘာလက အတွေ့အကြုံကို သူက ပြန်ပြောပြနေခြင်းဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်တွင် အတိုးငွေမက်လောက်အောင်ပေး၍ စုငွေများလက်ခံခဲ့သော စီးပွားရေးလုပ်ငန်းများပေါ်ပေါက်ခဲ့သည်။ ထိုလုပ်ငန်းများက မီဒီယာမျိုးစုံတွင် ပေါ်ပေါ်ထင်ထင် ကြော်ငြာသည်။ အတိုးငွေများကိုလည်း လုပ်ငန်းချင်းအပြိုင် တစ်ရာကျပ်လျှင် လေးကျပ်မှ ရှစ်ကျပ်အထိပေး၍ ငွေစုသူများကို ဆွဲဆောင်ခဲ့သည်။

အစောပိုင်းနှစ်များတွင် အတိုး ပုံမှန်ပေးနိုင်သော်လည်း အာမခံချက်မရှိမှု၊ စနစ်မကျသော စီမံခန့်ခွဲမှုတို့မှ အစပြုပြီး ၂၀၀၂ ခုနှစ်ကုန်ပိုင်းတွင် ငွေစုသူများ၏ ယုံကြည်မှု လျော့ကျလာမှုနှင့်အတူ ငွေစုလုပ်ငန်းလုပ်သည့် အကျိုးဆောင်လုပ်ငန်းများ တစ်ခုပြီးတစ်ခုပြိုလဲတော့သည်။ နာမည်ကျော်မင်းသား၊ မင်းသမီးတို့၏ တီဗီကြော်ငြာဖြင့် ဆွဲဆောင်ခဲ့သော သစ္စာပန်းခင်း၊ ဧရာမြေ၊ Arrow စသောအကျိုးဆောင်လုပ်ငန်းများလည်းပါသည်။ အတိုးငွေကောင်းကောင်းပေးသည်ကိုမျှော်၍ ငွေစုထားသူများမှာ အတိုးလည်းမရ၊ အရင်းပါဆုံး အခြေဆိုက်ခဲ့သည်။

"ပင်စင်စား ဦးလေးကြီးတစ်ယောက်ဆို အိမ်ရောင်းပြီး ထည့်ထားတာ။ ဒီလိုလည်းဖြစ်ရော နေစရာမရှိ၊ စားစရာမရှိဖြစ်သွားတယ်။ အဲဒီမှာ သူက ငွေမရရင် မဟာခန်ရုံးခန်းက မပြန်ဘူးဆိုပြီး နေတာ"ဟု အထက်ပါအမျိုးသားက ပြန်ပြောပြသည်။ သူတို့မိသားစုမှာလည်း တိုက်ခန်းကို သိန်းနှစ်ဆယ်ဖြင့် ရောင်း၍ရသော ငွေဆယ်သိန်းအပါအဝင် စုစုပေါင်း ကျပ်သိန်းနှစ်ဆယ်ကျော် ဆုံးရှုံးခဲ့သည်။

"လစဉ် ဝင်ငွေလည်းလိုတယ်။ အဖေအတွက် ဆေးဖိုးက အဲဒီ့ခေတ်(၂၀၀၁-၂၀၀၂ ခုနှစ်)ကကိုပဲ တစ်သိန်းခွဲ၊ နှစ်သိန်းလောက်ကုန်တော့ အတိုး လစဉ်ရရင် မဆိုးဘူးဆိုပြီး ရေတိုလိုက်ခဲ့မိတာ"ဟု သူ့အတွက် ခါးသီးလှသောသင်ခန်းစာအပြီးနောင်တရစကားကို အထက်ပါအမျိုးသားက ဖွင့်ဟသည်။ သူကဲ့သို့ပင် အကျိုးဆောင်လုပ်ငန်းယုံမိသူများအားလုံးမှာ သက်ဆိုင်ရာမှလည်း ကြားဝင်ဖြေရှင်းပေးမှု ထိထိရောက်ရောက် မလုပ်နိုင်ခဲ့သဖြင့် အထိနာခဲ့သည်။

ထိုဂယက်၏အကျိုးဆက်ကကြီးမားသည်။ ခဲမှန်ဖူးသောစာကဲ့သို့ ငွေစုရင် မိမိငွေထုပ်ပါပျောက်ကုန်သော လူအများက စုဘဏ်များကိုပါ အယုံအကြည်လျော့နည်းလာသည်။ လူထုယုံကြည်မှုလျော့ကျ၍ ဘဏ်တွင် ငွေပြန်ထုတ်ကြသည်မှစကာ အာရှခေ၊ မေဖလားဝါးဘဏ်ကြီးများ ပြိုလဲကာ ဘဏ်များကပ်ဆိုက်မှု-Bank Crisis ကို ၂၀၀၃ နှစ်ဆန်းပိုင်းတွင် ကြုံတွေ့ရတော့သည်။

ဘဏ်ကြီးအချို့ ပြိုလဲခဲ့ရသည်နှင့်ပတ်သက်၍ ဘဏ်လုပ်ငန်းပညာရှင်ဦးဝင့်ကျော် မကွယ်လွန်မီ ၂၀၁၀ ဇွန် ၁၉ ရက်က အောက်ပါအတိုင်း ပြောခဲ့ဖူးသည်။

"၂၀၀၃ မှာ ဖြစ်တာတွေကို ပြန် စဉ်းစားကြည့်ရင် အဲဒီ့အချိန်တုန်းက ဘဏ်တွေက တက်နေတဲ့အချိန်ပါ။ ဘဏ်တွေဘက်က ဘာမှ မတော်မတရား လုပ်ထားတာမျိုးမရှိပါဘူး။ ဒါပေမဲ့ လူတွေဘက်က အယုံအကြည်မဲ့တာက တစ်ယောက်မဲ့ အကုန်လိုက်မဲ့တာမျိုးဖြစ်ကုန်တာ"

ဘဏ်အကျပ်အတည်းကာလအလွန်တွင် အကျိုးဆောင်များမှ စတင်ခဲ့သော ဂယက်ကြီးကြောင့် စီးပွားပျက်သူများခဲ့ခြင်း၊ ဘဏ်နှင့်သက်ဆိုင်သော စည်းမျဉ်း၊ စည်းကမ်းများ ပိုမိုတင်းကျပ်လာခြင်း၊ နိုင်ငံစီးပွားရေးကျဆင်းလာခြင်း စသည်တို့ကြောင့် ဘဏ်လုပ်ငန်းဖွံ့ဖြိုးမှုလျော့ကျခဲ့သည်။

အကောင်းဘက်မှ ရှုမြင်လျှင် အကျိုးဆောင်လုပ်ငန်းများမှစကာ ဘဏ်များ အကျပ်အတည်းကြုံတွေ့ရသော ၂၀ ရာစု၏ ပထမဆုံးဆယ်စုနှစ် (၂၀၀၀-၂၀၁၀)တွင် ငွေကြေးနှင့်ပတ်သက်၍ အကြီးမားဆုံးဖြစ်စဉ်မှ သင်ခန်းစာယူစရာ များစွာကျန်ခဲ့ကြောင်း ဘဏ်ပညာရှင်များက ပြောသည်။ "ကုမ္ပဏီတစ်ခု ပြိုလဲသွားတာက အဲဒီ့ကုမ္ပဏီရဲ့ အစုရှယ်ယာတွေကိုပဲထိခိုက်တယ်။ ဘဏ်တစ်ခုပြိုလဲသွားရင် ဘဏ်အစုရှယ်ယာရှင်တွေသာမဟုတ်ဘူး။ ပြည်သူတစ်ဦးချင်းစီရဲ့ စီးပွားရေးကို ထိခိုက်ပြီး တိုင်းပြည်ရဲ့ စီးပွားရေးကိုလည်း ထိခိုက်နိုင်တာပေ့ါ။ အဲဒီတော့ ဘဏ်တွေဟာ တိုင်းပြည်စီးပွားရေးရဲ့ အဓိကသော့ချက်လိုလည်း ဖြစ်နေတာပေ့ါ။ ဒါကြောင့် ဘဏ်တွေဘက်ကလည်း သတ်မှတ်ထားတဲ့စည်းမျဉ်းစည်းကမ်းအတိုင်းလုပ်မယ်၊ ပြည်သူတွေဘက်ကလည်း ဖြစ်ပေါ်လာတဲ့ သတင်းအပေါ်မှာ အယုံအကြည်မဲ့မယ်ဆိုရင်လည်း ဝုန်းခနဲ မယုံကြည်တာမျိုး၊ ယုံကြည်တယ်ဆိုလည်း ဝုန်းခနဲ ယုံကြည်တာမျိုးမဖြစ်သင့်ဘူး။ ဒါပေမဲ့ လူတွေက ဘဏ်တွေကို တစ်ချိန်လုံး လေ့လာစောင့်ကြည့်ရမယ်။ ဘဏ်တွေဘက်ကလည်း Transparency (ပွင့်လင်းမြင်သာမှု)ရှိရမယ်။ အဲဒီလိုရှိရင် ပြိုလဲစရာမရှိဘူး"ဟု ဘဏ်ပညာရှင် ဦးဝင့်ကျော်က ၂၀၁၀ ဇွန်လ ၁၉ ရက်က ပြုလုပ်ခဲ့သော 7Day Newsနှင့် သီးသန့်အင်တာဗျူးတွင် အထက်ပါအတိုင်း ပြောကြားခဲ့သည်။

ဘဏ်အကျပ်အတည်းဖြစ်ပြီး ၇ နှစ်အကြာ ပြည်တွင်းဘဏ်လုပ်ငန်းတွင် ထင်သာမြင်သာသောအပြောင်းအလဲများ စတင်ခဲ့သည်။ စီးပွားရေးလုပ်ငန်းရှင်ကြီးလေးဦးကို သက်ဆိုင်ရာက ပုဂ္ဂလိကဘဏ်များ ဖွင့်လှစ်ခွင့်ပြုခြင်းဖြစ်သည်။ ၂၀၁၀ ဩဂုတ်လ ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သော ပုဂ္ဂလိကဘဏ်အသစ်လေးခုကြောင့် ဘဏ်ဝန်ဆောင်မှုကောင်းများကို ငံ့လင့်နေသော ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ မျှော်လင့်ချက်များ ပိုရှင်သန်လာသည်။

အဆိုပါဘဏ်အသစ်လေးခုပေါင်းလျှင်ပင် လက်ရှိ၌ အစိုးရနှင့် ပုဂ္ဂလိကဘဏ်ပေါင်း ၁၉ ဘဏ်ရှိသည်။ သို့သော် ပါလီမန်ခေတ်တွင် နိုင်ငံခြားဘဏ်ခွဲ ၁၄ခု၊ နိုင်ငံသားပိုင်ဘဏ် ၁၀ခုနှင့် အစိုးရဘဏ် ၁ခု စုစုပေါင်း ၂၅ ခုရှိပြီး ဘဏ်တိုင်းတွင် နိုင်ငံခြားငွေ လက်ခံနိုင်၍ ထိုကာလနှင့် နှိုင်းယှဉ်လျှင် လုပ်ငန်းမှာများစွာ ဖွံ့ဖြိုးတိုးတက်ရန် လိုသေးကြောင်း ဗဟိုဘဏ်ဒုတိယဉက္ကဋ္ဌ(အငြိမ်းစား)၊ လက်ရှိ ကမ္ဘောဇဘဏ် ဒုတိယဉက္ကဋ္ဌ(၂)ဦးသန်းလွင်က ပြောသည်။ လက်ရှိတွင် ပြည်တွင်းဘဏ်များထဲတွင် နိုင်ငံခြားငွေလက်ခံသော ဘဏ်နှစ်ခုသာရှိသည်။

ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုများပြားလာပြီး၊ စီးပွားရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာသော ယနေ့ကာလတွင် ဘဏ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးရန်လိုကြောင်း ဦးသန်းလွင်ကသုံးသပ်သည်။ ထို့အပြင် ၂၀၁၅ ခုနှစ်တွင် အာဆီယံဒေသတွင်း လွတ်လပ်သောကုန်သွယ်မှုနယ်မြေအဖြစ် စတင်မည်ဖြစ်၍ မြန်မာဘဏ်များ၊ အာဆီယံဘဏ်များနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရန် ပြုပြင်ပြောင်းလဲပြင်ဆင်မှုများ လုပ်ရန်လိုကြောင်း ၎င်းက ဆက်လက်အကြံပြုသည်။

"ဒီအတိုင်းနေလို့မရဘူး။ ပြုပြင်ပြောင်းလဲဖို့လိုတယ်။ Financial Secter (ငွေကြေးကဏ္ဍ)မှာ Reform က လုပ်ဖို့လိုတယ်"ဟု ဗဟိုဘဏ် ဒုတိယဉက္ကဋ္ဌအငြိမ်းစားက ပြောသည်။ အာဆီယံဘဏ်များနှင့် တန်းတူယှဉ်ပြိုင်လုပ်ကိုင်နိုင်ရန် ပြုပြင်ပြောင်းလဲမှုများကို အစိုးရကပင် ဦးဆောင်ရမည်ဟု ၎င်းကပြောသည်။

ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်များက ဗဟိုဘဏ်မှ ခွင့်ပြုလျှင် ဘဏ်ဝန်ဆောင်မှုအသစ်များကို ပြည်သူများသို့ ပေးရန်ပြင်ဆင်ထားကြောင်းဆိုကြသည်။

ဘဏ်လုပ်ငန်း ပြန်လည်ဖွံ့ဖြိုးစပြုလာသည်ဆိုနိုင်သော လက်ရှိကာလတွင်ပင် ယခုလပိုင်း၌ ပုဂ္ဂလိကဘဏ်အချို့နှင့်ပတ်သက်သော ကောလာဟလများ ထွက်ပေါ်ခဲ့ပြန်၍ ငွေအပ်ထားသူများ သောကများခဲ့ရသည်။ အချို့က အပ်ထားသောငွေများကိုပင် ပြန်ထုတ်လိုက်ကြသည်။

"လူတွေကို ဘဏ်နဲ့ပတ်သက်ပြီး ဗဟုသုတမရှိဘူးလို့ပြောဖို့ခက်တယ်။ ဘာလို့လဲဆိုတော့ သူတို့ပိုက်ဆံကို သူတို့ဆုံးရှုံးမှာကြောက်ကြတာပေ့ါ" ငွေကြေး၊ ဘဏ်တို့နှင့်ပတ်သက်၍ လူအများစုက ၂၀၀၂-၂၀၀၃ တွင်ကြုံခဲ့ရသော အကျိုးဆောင်နှင့် ဘဏ်အကျပ်အတည်းနောက်ပိုင်း အစိုးရိမ်ပိုခြင်းအပေါ် စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးက သူ၏အမြင်ကိုပြောသည်။ **အချမ်ပို(I)သို့**



ဓာတ်ပုံ - နေလင်းထွန်း

7DAY NEWS JOURNAL
Vol.10, No.1 • MARCH 10 , 2011

# ဆယ်စုနှစ် မှတ်တိုင်များ
(၂၀၀၀ - ၂၀၁၀)

## ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်

အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်အဖြစ်ကျခံခဲ့ရာမှ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၁၃ရက်တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၃ မေလ၃၀ရက် နေအိမ်အကျယ်ချုပ်မတိုင်ခင် ၁၉၈၉ခုနှစ် ဇူလိုင် ၂၀တွင် ပထမဆုံးအကြိမ်အဖြစ် နေအိမ်အကျယ်ချုပ်ကျခံခဲ့ရသည်။

တစ်ဖန် ၂၀၀၀ပြည့်နှစ် စက်တင်ဘာ ၂၃တွင် ဒုတိယအကြိမ် နေအိမ်အကျယ်ချုပ်ကျခံခဲ့ရပြီး၊ ၂၀၀၃ ခုနှစ် မေ ၃၀တွင် တတိယအကြိမ်အဖြစ် အကျယ်ချုပ်ကျခံခဲ့ရခြင်းသည် နှစ်အကြာဆုံးကျခံခဲ့ရခြင်းဖြစ်သည်။ ယခုနောက်ဆုံးအကြိမ် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ရန်အတွက် နှစ်ကြိမ် တိတိ နေအိမ်အကျယ်ချုပ်သက်တမ်း တိုးမြှင့်ခံခဲ့ရသည်။

## အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဖျက်သိမ်း

အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဖျက်သိမ်းလိုက်ကြောင်း ၂၀၀၄ အောက်တိုဘာ ၂၂ ရက်က နိုင်ငံတော်ပိုင်သတင်းစာမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်း၍ အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဖျက်သိမ်းလိုက်သည်။

## နိုင်ငံတော်အလံသစ်ပြောင်း

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် တတိယမြောက်အလံဖြစ်လာသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရအတည်ပြုပေးခဲ့သော ကြယ်ဖြူတစ်လုံးပါဝါ၊ စိမ်း၊ နီ၊ သုံးရောင်ခြယ်အလံအား အောက်တိုဘာလ ၂၁ ရက်နေ့ ညနေ ၃နာရီတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းစစ်ဌာနချုပ်များ ဝန်ကြီးဌာနများ၊ အစိုးရုံးဌာနများတွင် တစ်ပြိုင်တည်းပြောင်းလဲလွှင့်ထူခဲ့သည်။

နိုင်ငံတော်အလံသစ်မှာ ထောင့်မှန်စတုဂံပုံဖြစ်ပြီး အလျား ၉ ပေ အနံ ၆ ပေရှိကာ အရောင်သုံးရောင်မှာ အနံ ၆ ပေအတွင်း သုံးပုံတစ်ပုံစီအညီအမျှရှိသည်။



## ကျပ်ငါးထောင်တန်ထုတ်ဝေ



မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကျပ်ငါးထောင်တန်ကို ၂၀၀၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စတင်ထုတ်ဝေခဲ့သည်။ ကျပ်ငါးထောင်တန်သည် အနီရောင်ဖြစ်ပြီး မျက်နှာစာတွင် ဆင်ဖြူတော်ပုံနှင့် ကျောဘက်တွင် လွှတ်တော်အဆောက်အအုံပုံ ပုံနှိပ်ပါရှိသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၀၄ ခုနှစ် အောက်တိုဘာလကလည်း နှစ်ရာတန်၊ ငါးရာတန်နှင့် တစ်ထောင်ကျပ်တန် ငွေစက္ကူ(အရွက်သေး)များကို ထုတ်ဝေခဲ့သည်။

## ကုလအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်



ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တစ်ဦးအနေနှင့် ၄၄နှစ်ကျော်အတွင်း မြ
အဖြစ် အတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်းက ၂၀၀၈ခုနှစ် မေ ၂၂ရက်က ‌

မစ္စတာဘန်ကီမွန်းက ထိုနှစ် မေ ၂၅ရက်မှာပင် ဒုတိယအကြိမ်ထပ်မံလာ
အကြိမ် ထပ်မံလာရောက်ခဲ့သည်။

## နှစ်သစ်ကူး ရုံးပိတ်ရက် ဆယ်ရက်သတ်မှတ်

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရဝန်ထမ်းများကို လစာတိုးနှင့် တစ်ပြိုင်နက် နှစ်သစ်ကူးရုံးပိတ်ရက်ကို ၂၀၀၆ ခုနှစ်တွင် ရက်တိုးသတ်မှတ်ခဲ့သည်။

၂၀၀၆ ခုနှစ် ဧပြီလ နှစ်သစ်ကူးရုံးပိတ်ရက်ကို ဧပြီ ၁၀ ရက်မှ ၁၉ ရက်(မြန်မာနှစ်ဆန်း ၁ ရက်) အထိ ပိတ်ပေးခဲ့သည်။

ယခင်က နှစ်သစ်ကူးရုံးပိတ်ရက်ကို သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ၅ ရက်သာ ပိတ်ခဲ့သည်။

နှစ်သစ်ကူးရုံးပိတ်ရက် ဆယ်ရက်သတ်မှတ်ကြောင်းကို ၂၀၀၆ ခုနှစ် မတ်လ ၂၇ရက်က အလုပ်သမားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့သည်။

## ခိုင်ရွှန်းလဲ့ရည်သေဆုံးမှု

ရွှေဂုံတိုင်အထူးကုဆေးခန်းတွင် မှားယွင်းခွဲစိတ်မှုကြောင့် သေဆုံးခဲ့သည့် အသက်၁၅နှစ်အရွယ် ခိုင်ရွှန်းလဲ့ရည် သေဆုံးမှု ၂၀၀၉ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခဲ့၍ ဆေးရုံတက်ရာမှ အူအတက်ရောင်ရောဂါနှင့် မှားယွင်းခွဲစိတ်ခဲ့သောကြောင့် အသက်သေဆုံးခဲ့ခြင်းဖြစ်သည်။ သေဆုံးရသည့်အကြောင်းရင်းကို မြန်မာနိုင်ငံဆေးကောင်စီမှ စုံစမ်းရေးအဖွဲ့ဖွဲ့၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်သည်။ ခွဲစိတ်မှုပြုလုပ်ခဲ့သည့် ဒေါက်တာဦးကြည်စိုးအား ဆေးကုသခွင့်လိုင်စင် ၅နှစ် ပိတ်သိမ်းကာ ခွဲစိတ်မှုတွင် ပါဝင်ခဲ့သည့် ဆရာဝန်များနှင့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် အထူးကုဆေးခန်းအား ပြင်းထန်စွာသတိပေးမှုများ ပြုလုပ်ခဲ့သည်။



## မြန်မာ့ဘောလုံး ဆုကြေးစားစနစ် စတင်ကျင့်သုံး

နှစ်ပေါင်း ၁၀၀ကျော်ကြာ အပျော်တမ်းစနစ်ဖြင့် ယှဉ်ပြိုင်လာသော မြန်မာ့ပြည်တွင်းဘောလုံးအသင်းပြိုင်ပွဲကို ဆုကြေးစားစနစ်(ပရော်ဖက်ရှင်နယ်)သို့ ၂၀၀၉ခုနှစ်၊ မေလ ၁၆ရက်တွင် စတင်ပြောင်းလဲခဲ့သည်။

နာမည်ကျော် စီးပွားရေးလုပ်ငန်းရှင်ရှစ်ဦး စတင်တည်ထောင်ထားသော အသင်းများပါဝင်သည့် ၎င်းပြိုင်ပွဲကို မြန်မာနေရှင်နယ်လိဂ်ဟုအမည်ပေးခဲ့သည်။ မြန်မာနေရှင်နယ်လိဂ်စတင်ပြီး ၂နှစ်အကြာ ပြိုင်ပွဲဝင်အသင်း ၁၂သင်းရှိလာပြီဖြစ်သည်။

## ယာဉ်စီးခ ခုန်တက်



၂၀၀၅ ခုနှစ်အောက်တိုဘာ ၂၀ရက်မှစ၍ ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသော ယာဉ်စီးခများကို တိုးမြှင့်ကောက်ခံခဲ့သည်။ ဂိတ်အစမှဂိတ်ဆုံးအထိ ယာဉ်စီးခ ကျပ် ၄၀၊ ၆၀၊ ၈၀သတ်မှတ်ကောက်ခံခဲ့သည်။ သဘာဝဓာတ်ငွေ့သုံးယာဉ်အဖြစ် ပြောင်းလဲခဲ့ပြီး ဓာတ်ငွေ့ရောင်းဈေး တစ်ကီလိုဂရမ်လျှင် ၅၄ကျပ် ၇၀ပြားမှ ၂၇၃ ကျပ် ၅၀ပြားသို့ ၂၀၀၇ခုနှစ်ဩဂုတ်လက ပြောင်းလဲခဲ့ပြီးနောက် ခရီးစဉ်တစ်ဖြတ်လျှင် ကျပ်၅၀ သတ်မှတ်ခဲ့ကာ ဂိတ်စမှအဆုံး ကျပ်၂၀၀ ဖြစ်ခဲ့သည်။ စက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်းများသည် ဩဂုတ်လ ၁၅ ရက်နေ့မှစတင်၍ စက်သုံးဆီတစ်ဂါလန် ၁၅၀၀ကျပ်မှ ၂၅၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၀၀၀ကျပ်စသည်ဖြင့် ပြောင်းလဲခဲ့သည်။



...န်မာနိုင်ငံသို့ ပထမဆုံးအကြိမ် ခရီးစဉ်
...လာရောက်ခဲ့သည်။
...ရောက်ခဲ့ပြီး၊ ၂၀၀၉ခုနှစ်တွင် တတိယ

## ဆန်စပါးမူဝါဒသစ် စတင်

အစိုးရက ကာလရှည်စီမံလုပ်ကိုင်ခဲ့သော ဆန်စပါး ပြည်ပတင်ပို့ခြင်းလုပ်ငန်းကို ပုဂ္ဂလိကသို့ ၂၀၀၄ ခုနှစ်တွင် စတင်လုပ်ကိုင် ခွင့်ပြုခဲ့သည်။ ဆန်စပါးမူဝါဒသစ် နှင့်ပတ်သက်၍ နိုင်ငံတော်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ တာဝန်ရှိသူများက UMFCCI အပါအဝင်၊ ဆန်စပါးနှင့်သက်ဆိုင်သောအသင်းများမှ တာဝန်ရှိသူများကို ၂၀၀၃ ခုနှစ် ဧပြီ ၂၃ရက်တွင် စတင်အသိပေးခဲ့သည်။ ဆန်စပါးမူဝါဒသစ်စတင် အသက်ဝင်ပြီးနောက်ပိုင်း ဆန်စပါးထုတ်လုပ်မှု သိသာစွာတိုးတက်လာခဲ့သော်လည်း ဆန်ပြည်ပတင်ပို့မှု သိသာစွာတိုးမလာသေးပေ။ ဆယ်စုနှစ်အတွင်း ဆန်စပါးနှင့်ပတ်သက်ပြီး ထူးခြားမှုတစ်ခုမှာ ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးရန် ၂၀၀၉ ခုနှစ်တွင် ဆန်စပါးအထူးပြု ကုမ္ပဏီ ၃၀ကျော် စတင်ပေါ်ပေါက်လာခြင်းဖြစ်သည်။

စပါးစိုက်တောင်သူများကို ၂ကျပ်တိုးဖြင့် စိုက်ပျိုးစရိတ်ထုတ်ချေးပြီး၊ လယ်ယာသုံးသွင်းအားစုများ ရောင်းပေးကာ ထွက်လာသော စပါးကို ပြန်ဝယ်၍ ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ ရောင်းချပေးသည်။ ထို့အပြင် ၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းအတွင်း ဆန်စပါးနှင့်သက်ဆိုင်သော အသင်းသုံးသင်းကို မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဟု ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ပြည်တွင်းဆန်စပါး ဖူလုံ၍ ပြည်ပဈေးကွက် ပိုမိုထိုးဖောက်နိုင်ရန် စုစည်းဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

## နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ပုဂလိကပိုင်ပြု

အစိုးရက ကာလရှည်လုပ်ကိုင်ခဲ့သော စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်စေခြင်း (ပုဂ္ဂလိကပိုင်ပြုခြင်း)မှာ ၂၀၀၉-၂၀၁၀ ခုနှစ်များတွင် အများဆုံးဖြစ်သည်။ အထင်ရှားဆုံး ပုဂ္ဂလိကပိုင်ပြုခြင်းများမှာ ၂၀၁၀ နှစ်ဆန်းပိုင်းတွင် တစ်နိုင်ငံလုံးရှိ စက်သုံးဆီဆိုင် ၂၄၆ဆိုင်ကို ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်စေခြင်း၊ နိုင်ငံတစ်ဝန်းရှိ လမ်းမကြီးများ၊ ရေအားလျှပ်စစ်စီမံကိန်းများကို ပုဂ္ဂလိကသို့ B.O.T (တည်ဆောက်၊ လုပ်ကိုင်၊ လွှဲပြောင်း) စနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်း၊ ဆိပ်ကမ်းများ ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခြင်း၊ နိုင်ငံပိုင်အဆောက်အအုံများကို ပုဂ္ဂလိကပိုင်ပြုခြင်းတို့ဖြစ်သည်။ ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းများပြားလာသည့်အတွက် အမျိုးသားစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်တွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကိုပင် သီးခြားဖွဲ့စည်းဆောင်ရွက်လာသည်။

ထို့အပြင် နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၏ ၉၀ရာခိုင်နှုန်းကို ပုဂ္ဂလိကသို့လွှဲပြောင်းသွားမည်ဖြစ်ပြီး၊ ကျန် ၁၀ ရာခိုင်နှုန်းကိုသာ အစိုးရက ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၂၀၁၁ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ကျင်းပသော မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းသားစုံညီ ညီလာခံတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်က ပြောကြားခဲ့သည်။

## ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်းများ



မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စီဒီအမ်အေ ၈၀၀နှင့် ၄၅၀မဂ္ဂါဟဇ်ဖုန်းများကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလနှင့် ဇွန်လများမှစတင်ကာ ကျပ်ငါးသိန်းဖြင့် လျှောက်ထားခွင့်ပြုခဲ့သဖြင့် မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းအသုံးပြုသူဦးရေသည် ဆယ်စုနှစ်တစ်စု၏ နောက်ဆုံးတစ်နှစ်တာကာလအတွင်း တိုးတက်မှုအမြင့်ဆုံးဖြစ်လာခဲ့သည်။

အထိုင်ဖုန်းများနှင့် အသုံးပြုနိုင်သည့် ဧရိယာအကန့်အသတ်ဖြင့် သုံးစွဲခွင့်ပြုခဲ့သည့် ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်းများကို ယခုအချိန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာထိ သုံးစွဲနိုင်ပြီဖြစ်ကာ ၈၀၀ မဂ္ဂါဟဇ်ဖုန်းများကို အလုံးရေတစ်သိန်းရှစ်သောင်းခွဲကျော်နှင့် ၄၅၀မဂ္ဂါဟဇ်ဖုန်းများကို အလုံးရေတစ်သိန်းနှစ်သောင်းကျော်အထိ သုံးစွဲမှုပြုနေကြပြီဖြစ်သည်။

## မိနစ်ပိုင်းသာခြားသည့် သုံးနေရာဆက် ဗုံးပေါက်ကွဲမှု



၂၀၀၅ ခုနှစ် မေလ ၇ ရက် ရန်ကုန်မြို့ရှိ လူစည်ကားရာနေရာ သုံးနေရာတွင် မိနစ်ပိုင်းသာခြား၍ တစ်ပြိုင်နက် ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့သည်။

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်ဆက်သွယ်မှုဗဟိုဌာန၊ မရမ်းကုန်းမြို့နယ်ရှိ Junction-8 စင်တာနှင့် မြေနီကုန်းရှိ ဒဂုံစင်တာ စသည့်နေရာသုံးနေရာတွင် မွန်းလွဲ ၂နာရီ မိနစ် ၅၀၊ ၂နာရီ ၅၅ မိနစ်နှင့် ၃နာရီ အချိန်များတွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုများကြောင့် သေဆုံးသူ ၂၃ဦးထိရှိခဲ့ပြီး ဒဏ်ရာရရှိသူဦးရေ ၁၅၀ထိရှိခဲ့သောကြောင့် နိုင်ငံတွင်းဖြစ်ပွားသော အကြီးမားဆုံးဗုံးပေါက်ကွဲမှုဖြစ်ခဲ့သည်။ ထိုပေါက်ကွဲမှုဖြစ်ပြီးနောက် ဆယ်စုနှစ်တစ်ခုအတွင်း ဖြစ်ပွားသည့် ပေါက်ကွဲမှုတစ်ခုမှာ ၂၀၁၀ ခုနှစ် ဧပြီလ ၁၅ရက်တွင် ရန်ကုန်မြို့ ကန်တော်ကြီးစောင်းအတွင်းရှိ သင်္ကြန်မဏ္ဍပ်တစ်ခု၌ ဖြစ်ပွားခဲ့သည်။ အင်အားပြင်းထန်သောလက်ပစ်ဗုံးသုံးလုံးဖြင့် ဖောက်ခွဲခဲ့ခြင်းကြောင့် လူ၁၄ဦးသေဆုံးခဲ့ပြီး လူ ၁၀၀ကျော် ဒဏ်ရာရရှိခဲ့သည်။

## သဘာဝဓာတ်ငွေ့(စီအင်န်ဂျီ)သုံးယာဉ်များအဖြစ် ပြောင်းလဲ




၂၀၀၄ ခုနှစ်ဩဂုတ်လမှစ၍ ရန်ကုန်မြို့တွင်းပြေးဆွဲသည့် ခရီးသည်တင်ယာဉ်များ၊ ဃ-ကျောင်း ကြို/ပို့ယာဉ်များ၊ တက္ကစီယာဉ်များ၊ က-ကုန်စည်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များနှင့် ဌာနဆိုင်ရာယာဉ်များ၊ ရန်ကုန်မြို့အခြေပြု ပဲခူး၊ ညောင်လေးပင်၊ ကျိုက်ထီးရိုး၊ ဘားအံ၊ မော်ဘီ၊ တိုက်ကြီး၊ လက်ပံတန်း၊ မအူပင်၊ ညောင်တုန်း၊ ပုသိမ်မြို့များသို့ ပြေးဆွဲသည့် ခရီးသည်တင်ယာဉ်များ ဓာတ်ဆီ၊ ဒီဇယ်ယာဉ်များအား စီအင်န်ဂျီယာဉ်အဖြစ် ပြောင်းလဲတပ်ဆင် အသုံးပြုခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ စီအင်န်ဂျီယာဉ်အဖြစ် ပြောင်းလဲခြင်းကို စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားကူးသန်း၊ စက်မှု ၂စသည့်ဌာန ဆိုင်ရာများ အပါအဝင် ပုဂ္ဂလိက ကုမ္ပဏီ ၃၅ ခုကို ဆောင်ရွက်ခွင့်ပြုခဲ့သည်။ ၂၀၀၈ ခုနှစ် ဩဂုတ်လ ၂၈ ရက်တွင်မှ စီအင်န်ဂျီယာဉ်အဖြစ် ပြောင်းလဲမှုယာယီရပ်နားခဲ့သော်လည်း စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ဖြင့်ယာဉ်အချို့ကို စိစစ်ပြောင်းလဲပေးခဲ့သည်။

7 DAY NEWS JOURNAL
Vol.10, No.1 · MARCH 10 , 2011



## မင်္ဂလာဈေးမီး

မြန်မာနိုင်ငံ၏ မီးလောင်ကျွမ်းမှုသမိုင်းတွင် အချိန်အကြာဆုံး မီးလောင်ကျွမ်းမှုအဖြစ် စံချိန်သစ်တင်ခဲ့သည့် မင်္ဂလာဈေးကြီး မီးလောင်မှု ၂၀၁၀ ပြည့်နှစ် မေ ၂၄ရက်တွင်ဖြစ်ပွားခဲ့သည်။ စတုတ္ထထပ်ရှိ အလှကုန်ဆိုင်တွင် ရေနွေးအိုးပလပ်ကို မပိတ်ခဲ့မိရာမှ မီးပြန်လာချိန်တွင်အနီးရှိ ပစ္စည်းများသို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

အဆိုပါမီးလောင်မှုကြောင့် ဆိုင်ခန်းများမှ ပစ္စည်းဆုံးရှုံးမှု တန်ဖိုးငွေ ကျပ်သိန်းပေါင်းနှစ်သိန်းကျော်ရှိခဲ့သည်ဟုသိရသည်။

ဆယ်စုနှစ်အတွင်း ဈေးမီးလောင်မှုများ အများအပြားဖြစ်ပွားခဲ့ရာ ၂၀၀၇ခုနှစ်တွင် တန်ဖိုး ကျပ်သန်း ၃၅၀ကျော်ဆုံးရှုံးခဲ့သည့် ပခုက္ကူမြို့မဈေး မီးလောင်မှု၊ ၂၀၀၈ ခုနှစ်တွင် တန်ဖိုးကျပ် သန်း ၃၅၀ကျော်ဆုံးရှုံးခဲ့သည့် မန္တလေး ရတနာပုံဈေးမီးလောင်မှုနှင့် ၈၃သန်းကျော် ဆုံးရှုံးခဲ့သည့် မော်လမြိုင်မြို့ အမှတ်-၁ ဈေးမီးလောင်မှုစသည့် မီးလောင်မှုများ အပါအဝင် ရန်ကုန်မြို့ သယ်န်းကျွန်းဈေး၊ တွံတေးဈေး စသည့် ဆုံးရှုံးမှုတန်ဖိုးကြီးမားသောဈေး မီးလောင်မှုများဖြစ်ပွားခဲ့သည်။

## ခိုးကူးခွေကာကွယ်ရုံမှုမက ကွန်ပျူတာများကိုပါဖျက်ဆီးခဲ့သော ဆော့ဖ်ဝဲ

၂၀၀၃ ခုနှစ် နိုဝင်ဘာလ နောက်ဆုံးပတ်တွင် တေးသံသွင်းတစ်ခုမှ ခိုးကူးခွေကာကွယ်ထားသည့် ဆော့ဖ်ဝဲထည့်သွင်းထားသည်ဆိုသော 'တစ်ဘဝလုံးချစ်မယ့်သူ'ဗီစီဒီကို ဖြန့်ချိခဲ့သည်။ အဆိုပါဗီစီဒီခွေတွင် ထည့်သွင်းထားသည့်ဆော့ဖ်ဝဲမှာ ခိုးကူးခွေကာကွယ်သည့်ဆော့ဖ်ဝဲမဟုတ်ဘဲ ထိုအခွေထည့်ဖွင့်သည့်ကွန်ပျူတာများ၏ Operation System-OS ကို ဖျက်ဆီးသည့်ဆော့ဖ်ဝဲဖြစ်နေသည်။ ထို့ကြောင့် သီချင်းခွေနားထောင်ခဲ့သည့် ကွန်ပျူတာများ၏ အချက်အလက်များ ပျက်စီးကုန်၍ နည်းပညာလောကနှင့် ဂီတလောကတွင် ကျင့်ဝတ်၊ စားသုံးသူအခွင့်အရေး၊ နည်းပညာစသည်တို့နှင့်သက်ဆိုင်၍ မေးခွန်းများစွာပေါ်ထွက်လာပြီး ဂယက်ကြီးမားစွာရိုက်ခတ်ခဲ့သည်။ နောက်ဆုံးသက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပညာရှင်များက စစ်ဆေးရာတွင် အဆိုပါဆော့ဖ်ဝဲမှာ ခိုးကူးကာကွယ်သည့်ဆော့ဖ်ဝဲမဟုတ်ဘဲ ပရိုဂရမ်ရေးသားသူအများစု ဖန်တီး နိုင်သော ကွန်ပျူတာဖျက်ဆီးသည့် ဆော့ဖ်ဝဲဖြစ်နေခြင်းမှာ ထုတ်လုပ်သူနှင့် ပရိုဂရမ်ရေးသားသူတို့၏အမှားကြောင့်ဖြစ်၍ သက်ဆိုင်သူများကို ခေါ်ယူသတိပေးပြီး ခံဝန်လက်မှတ်များရေးထိုးစေခဲ့ကြောင်း ၂၀၀၃ခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် ပြုလုပ်ခဲ့သော ကွန်ပျူတာနှင့်ဆက်စပ်သည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည့် အစည်းအဝေးတွင် e-National Task Force မှ တာဝန်ရှိသူကပြောကြားခဲ့သည်။ ထို့အပြင် ခိုးကူးမရအောင်ဆိုကာ အလားတူ ပရိုဂရမ်များ ဆက်လက်ထည့်သွင်းပါက နည်းပညာဥပဒေချိုးဖောက်မှုဖြင့် ပြင်းထန်စွာအရေးယူမည်ဖြစ်ကြောင်း လုပ်ငန်းရှင်များသို့ အသိပေးပြောကြားခဲ့သည်။ အဆိုပါဖြစ်စဉ်မှာ ဒီဇင်ဘာလလယ်မှစတင်ပြီး ဇန်နဝါရီလကုန်ပိုင်းတွင်မှ အဆုံးသတ်ခဲ့၍ တစ်လခွဲကျော်ကြာမြင့်ခဲ့သည်။

## တက္ကသိုလ်ဝင်တန်း ဘာသာရပ်တွဲပြောင်းလဲ

၈ တန်းအောင်မြင်သော ကျောင်းသားများအနေဖြင့် ၉ တန်းနှင့် ၁၀ တန်းတွင် ပညာသင်နှစ်အတန်ကြာ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ သင်္ချာဘာသာ၊ သိပ္ပံဘာသာနှင့် လူမှုရေးဘာသာဟူ၍ ဘာသာရပ် ၅ မျိုး လေ့လာ သင်ယူကြရသည်။ သို့သော် ၂၀၀၁-၂၀၀၂ ပညာသင် နှစ်မှစတင်၍ ဘာသာရပ် ၆ မျိုး ရွေးချယ်သင်ယူရသောစနစ်သို့ ပြောင်းလဲလိုက်သည်။ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် သင်္ချာဘာသာရပ်တို့အား မသင်မနေရ ဘာသာရပ်များအဖြစ်သတ်မှတ်၍ သမိုင်း၊ ပထဝီ၊ စီးပွားရေး၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာရပ်များအား မိမိစိတ်ကြိုက် ရွေးချယ်သင်ယူနိုင်သောစနစ်သို့ ပြောင်းလဲလိုက်သည်။ ကျောင်းသားများအနေဖြင့် ဘာသာတွဲ ၇တွဲ ခွဲခြားထားသည်မှ နှစ်သက်ရာဘာသာတွဲတစ်တွဲကို ရွေးချယ်သင်ကြားရခြင်းဖြစ်သည်။



## တပ်မတော်အရာရှိကြီးများ အရပ်ဘက်ပြောင်း

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ခေါင်းဆောင်သော ဝန်ကြီးများ၊ ဒုဝန်ကြီးများ၊ မြို့တော်ဝန်များ၊ ဒုမြို့တော်ဝန်များ ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်ကြရာ တွင် နိုင်ငံတော်ဝန်ကြီးချုပ်အား ဧပြီလ ၂၆ရက်ကစ၍ နိုင်ငံပိုင်မီဒီယာများတွင် ဦးသိန်းစိန်ဟု စတင်ခေါ်ဝေါ်သုံးစွဲခြင်းဖြင့် အရပ်ဘက် ပြောင်းလဲခဲ့သည်။ ဤသို့ ပြောင်းလဲခေါ်ယူပြီးနောက် ၁၉၉၃ ခုနှစ်ကတည်းက လူမှုရေးအသင်းတစ်သင်းအဖြစ် ဖွဲ့စည်းခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကို နိုင်ငံရေးပါတီအဖြစ် ပြောင်းလဲတည်ထောင်ခဲ့သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေ

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို နာဂစ်ဖြစ်ပြီး မကြာမီ မေလ ၁၀ရက်က နာဂစ်ဒဏ်သင့်ဆိုးရွားသည့်ဒေသ များမှလွဲ၍ ကျန်ဒေသများ၌ ကျင်းပခဲ့သည်။

နာဂစ်ဒဏ်သင့်ဒေသများအတွက် နောက်ဆက်တွဲ ဆန္ဒခံယူပွဲကို နှစ်ပတ်အကြာ မေ ၂၄တွင် ဆက်လက်ကျင်းပခဲ့သည်။ နှစ်ကြိမ်ခွဲ၍ ကျင်းပခဲ့သော ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၂၂,၇၀၈,၄၃၄ ဦးအနက် ၂၂,၄၉၆,၆၆၀ဦးက ဆန္ဒမဲပေးခဲ့ကြပြီး၊ ဆန္ဒမဲပေးသူများအနက် ၉၂ ဒသမ ၄ရာခိုင်နှုန်း ထောက်ခံခဲ့ကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုခဲ့သည်။

ပြည်ထောင်စုသမ္မတနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးကအတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၈ ခုနှစ် မေလ ၂၉ရက်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက်အမှတ် ၇/၂၀၀၈ ဖြင့် ကြေညာခဲ့သည်။

## ပထမဆုံးအကြိမ် အသည်းအစားထိုးကုသမှု

မြန်မာနိုင်ငံ၏ ဆေးပညာသမိုင်းတွင် ပထမဦးဆုံးသော အသည်းအစားထိုးကုသမှုကို ၂၀၀၄ခုနှစ် ဩဂုတ်လ ၂၅ရက်တွင် အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့သည်။ ဦးနှောက်လှုပ်ရှားမှုမရှိတော့ဘဲ ဦးနှောက်သေသွားသည့်အလှူရှင်ထံမှ အသည်းကို အသည်းပျက်စီးနေသော ဝေဒနာရှင်အမျိုးသားအား အစားထိုးကုသခဲ့ခြင်းဖြစ်သည်။

ပထမအကြိမ်ခွဲစိတ်မှုအပြီး နောက်ငါးနှစ်အကြာ ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၄ရက်တွင် ဒုတိယအကြိမ်အသည်းအစားထိုးမှုပြုလုပ်ခဲ့သည်။

ယင်းဒုတိယအကြိမ်အသည်းအစားထိုးကုသမှုမှာ အသက်ရှင်နေသည့် အလှူရှင်ထံမှ အသည်းတစ်ဝက်ရယူပြီး အသည်းဝေဒနာရှင်အား အစားထိုးကုသခဲ့ခြင်းဖြစ်သည်။

## လူတုပ်ကွေးရောဂါ A($H_1N_1$)




ကမ္ဘာတစ်ဝန်းလုံး အထိတ်တလန့်ဖြစ်ခဲ့သည့် A(H1N1) ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားခဲ့သော ကမ္ဘာ့လူတုပ်ကွေးရောဂါ မြန်မာနိုင်ငံသို့လည်း ကူးစက်ဖြစ်ပွားခဲ့ရာ ၂၀၀၉ ခုနှစ်အတွင်း လူထုအတွင်း ကျန်းမာရေးဆိုင်ရာ ဂယက်ရိုက်ခတ်ခြင်း အလွန်ပြင်းထန်ခဲ့သည်။



စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် အသက် ၁၃ နှစ်အရွယ် အမျိုးသမီးငယ်တွင် ရောဂါပိုးစတင်တွေ့ရှိကြောင်း ကြေညာခဲ့ပြီး ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားခြင်းမရှိဘဲ ပြည်ပနိုင်ငံများမှ ပြန်လာသူများသာ ဖြစ်ပွားခဲ့ပြီး နောက်ဆုံးထုတ်ပြန်သော သတင်းများအရ စုစုပေါင်း ၁၈၁ဦးဖြစ်ပွားခဲ့သည်။

ထိုရောဂါအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးမှု ဒုတိယအဆင့်ထိ သတ်မှတ်ခဲ့ပြီး အချို့နိုင်ငံများတွင် လူအများအပြားသေဆုံးခဲ့သော်လည်း မြန်မာနိုင်ငံတွင် ထိုရောဂါကြောင့် အသက်သေဆုံးသူမရှိကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

# ကြွေလွင့်ခဲ့သည့် လူသိထင်ရှား ပုဂ္ဂိုလ်များ





ဆယ်စုနှစ်တစ်ခုအတွင်း မြန်မာနိုင်ငံ၏ နယ်ပယ်အသီးသီး၌ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များစွာ ကွယ်လွန်ဆုံးပါးသွားခဲ့ကြရာ ၎င်းတို့အနက်မှ လူသိများထင်ရှားသူများကိုရွေးချယ်ဖော်ပြထားပါသည်။

**၂၀၀၁**

-ဖေဖော်ဝါရီ ၁၉ရက်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ဆင်ရေးအထူးအဖွဲ့မှူး၊ စစ်ဦးစီးအရာရှိချုပ် (ကြည်း)၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး။

**၂၀၀၂**

-မေလ ၂၅ရက်စာရေးဆရာကြီး လင်းယုန်မောင်မောင်

-မေလ ၁၁ ရက်စာရေး ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်

-၂၀၀၂ ဒီဇင်ဘာ ၅ ရက် တွင်ကာကွယ်ရေးဦးစီးချုပ် (ငြိမ်း) ဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးနေဝင်း (၉၃ နှစ်)

**၂၀၀၃**

- မတ်လ ၃ရက် စာရေးဆရာကြီး ကြပ်ကလေး (သက်လုံ)

**၂၀၀၄**

- ဩဂုတ် ၁၅ စာပေ ပညာရှင်၊ ကဗျာဆရာကြီး မင်းသုဝဏ်

- ဩဂုတ် ၁၄ တေးရေး၊တေးဆို ထူးအိမ်သင်

**၂၀၀၅**

- နိုဝင်ဘာ ၁၀ရက် သမိန်ပေါသွပ်ဖန်တီးရှင်ကာတွန်း မောင်ဝဏ္ဏ

- နိုဝင်ဘာ ၁၁ရက် မြင်ရာဇာတ္တတ်ပီဖန်တီးရှင် ကာတွန်းဆွေမင်း(ခနေဖြူ)

- နိုဝင်ဘာ ၁၉ ရက် အရိုင်းဇာတ်ကောင် ဖန်တီးရှင် ကာတွန်းသော်က

- နိုဝင်ဘာ ၃၀ ရက် သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း

- ဒီဇင်ဘာ ၇ ရက် စာပေ၊ ဂီတ၊ ရုပ်ရှင်ပညာရှင်ကြီး ဦးသုခ

**၂၀၀၆**

-ဇွန် ၁၈ရက် သမိုင်းသုတေသီ တော်ဖုရားလေး ဦးအောင်ဇေ

-နိုဝင်ဘာ ၂၄ရက်တွင် သဘင်ပညာရှင်ကြီးစိန်အောင်မင်း

**၂၀၀၇**

- ဇူလိုင် ၁၁ ရက် အကယ်ဒမီဒွေး

- ဩဂုတ် ၅ရက် စာရေးဆရာ တာရာမင်းဝေ

- အောက်တို ဘာ ၁၂ ရက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

**၂၀၀၈**

- မတ်လ ၁၀ရက် တေးသံရှင်စိုင်းထီးဆိုင်

- ဧပြီ ၇ရက် စာရေးဆရာမကြီး လူထုဒေါ်အမာ

- ဧပြီ ၁၃ရက် စာရေးဆရာကြီး ပခုက္ကူ ဦးအုံးဖေ

- ဩဂုတ် ၁ရက် စာရေးဆရာ၊ ပေဒင်ဆရာကြီး မင်းသိခ်

**၂၀၀၉**

- ဇွန် ၁၉ရက် ကာတွန်းဆရာကြီး ဦးဖေသိန်း

- ဇွန် ၂ရက် သတင်းစာဆရာကြီး မောင်ဆုရှင်

- ဩဂုတ် ၁၂ရက် မင်းသားကြီးဇော်ဝမ်း

- အောက်တိုဘာ ၂ရက် စာရေးဆရာ၊ ကဗျာဆရာကြီး ဒေါက်တာထီလာစစ်သူ

- အောက်တိုဘာ ၂၄ ရက် စာရေးဆရာနီကိုရဲ

- ဒီဇင်ဘာ ၁၅ ရက် စာရေးဆရာကြီး အီကြာကွေး

**၂၀၁၀**

- ဧပြီ ၂၄ ရက် သတင်းစာဆရာ သာဂဒိုး၊

- မေ၁၆ရက် စာရေးဆရာ၊တေးသံရှင်၊သရုပ်ဆောင် အကယ်ဒမီသုမောင်

- ဩဂုတ် ၁၇ရက် သတင်းစာဆရာ သခင်အုန်းမြင့်

- စက်တင်ဘာ ၂၃ စာရေးဆရာ မိုးဟိန်း (သားဂျာနယ်ကျော်)

- အောက်တိုဘာ ၂ ရုပ်ရှင်သရုပ်ဆောင် ဒေါ်တင်တင်လှ

- နိုဝင်ဘာ ၅ စာရေးဆရာဒါရိုက် တာတင်သန်းဦး

**ပျံလွန်တော်မူခဲ့သော ထင်ရှားသည့်ဆရာတော်ကြီးများ**

- ၁၃၆၅၊ နတ်တော်လဆန်း ၆ ရက် သာမည ဆရာတော် ဘဒ္ဒန္တဝိနယ

- ၁၃၆၅ တပို့တွဲလဆန်း ၉ရက် ကုံလုံဆရာတော်ကြီး

- ၁၃၆၈ နတ်တော်လဆန်း ၃ ရက် ဗောဓိတစ်ထောင်ဆရာတော်ကြီး ဘဒ္ဒန္တနာရဒ

- ၁၃၇၀ တန်ခူးလပြည့်ကျော် ၁၀ရက်၊ ချောင်းဝဆရာတော်ကြီး ဘဒ္ဒန္တဂုဏသာမိ

- ၁၃၇၁ နတ်တော်လဆန်း ၈ ရက် ဖြူးဆရာတော်ကြီး ဘဒ္ဒန္တနရပတိ

# ဆယ်စုနှစ်ရဲ့ဖျက်အားပြင်း နာဂစ်

ဆယ်စုနှစ် တစ်ခုအတွင်း မြန်မာနိုင်ငံ၏ ရာသီဥတုမှာ ထင်သာမြင်သာပြောင်းလဲလာခဲ့သည်တွင် နာဂစ်မှာ ထင်ရှားသော ပြယုဂ်တစ်ခုဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်အကြောင်းပြောလျှင် မပါမဖြစ် ဇာတ်လိုက်ဖြစ်ခဲ့သည်မှာ နာဂစ်မုန်တိုင်းဖြစ်သည်။ ၂၀၀၈ခုနှစ် မေလ ၂ နှင့် ၃ ရက်တို့တွင်နှစ်ရက်ဆက်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ဖျက်အားပြင်းပြင်းနှင့် ဝင်ရောက်တိုက်ခတ်ခဲ့သည်။ မုန်တိုင်းအဆင့်သတ်မှတ်ချက် အဆင့်-၄အထိရောက်ခဲ့ပြီး အချို့ ပင်လယ်နှင့်နီးသောဒေသများတွင် ပင်လယ်ဒီရေမှာ ၁၀ ပေအထိ ထူးကဲစွာတက်ခဲ့ပြီး ထိုအချက်ကြောင့် ပင်လူ့အသက်ပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ဆန်အိုးဟု တင်စားခေါ်ဝေါ်ကြသောဧရာဝတီတိုင်းတွင် ကျွဲနွားများအားလုံးနီးပါး သေဆုံးခဲ့ကြသဖြင့် လယ်ယာလုပ်ငန်းများတွင် များစွာထိခိုက်နစ်နာခဲ့ရသည်။ နာဂစ်ကြောင့် လူပေါင်း ၁၃၈,၀၀၀ ယောက် သေဆုံးခဲ့ကြောင်းသတင်းထုတ်ပြန်ခဲ့သည်။



နာဂစ်မုန်တိုင်းကြောင့် အမေရိကန်ဒေါ်လာ ၁၀ဘီလီယံ ပျက်စီးဆုံးရှုံးခဲ့သည်ဟုလည်း နိုင်ငံတကာအဖွဲ့အစည်းများက ခန့်မှန်းခဲ့ကြသည်။ နာဂစ်မုန်တိုင်း၏ လေတိုက်နှုန်း ပြင်းအားကြောင့် ရန်ကုန်မြို့ရှိ သစ်ပင်ကြီးအားလုံးနီးပါး လဲပြိုခဲ့သည်။

နာဂစ်မုန်တိုင်းသည် ကမ္ဘာပေါ်တွင် ၇ ခုမြောက် သေဆုံးမှုအများဆုံးမုန်တိုင်းအဖြစ် နိုင်ငံတကာအဖွဲ့အစည်းများကသတ်မှတ်ခဲ့ကြသည်။

သမိုင်းတွင် မကြုံဖူးအောင် ဖျက်အားပြင်းသော နာဂစ်အလွန် တစ်နှစ်အကျော် ၂၀၁၀တွင်လည်း နာဂစ်နီးပါး လေတိုက်နှုန်းပြင်းသော ဂီရိမုန်တိုင်းက ရခိုင်ပြည်နယ်သို့ ဝင်မွှေပြန်သည်။ ၂၀၀၆ခုနှစ်က မာလာမှစပြီး၊ အာကပ်ရှ်(၂၀၀၇)၊ နာဂစ်(၂၀၀၈)၊ ဘစ်ဂျ်လီ(၂၀၀၉)၊ ဂီရိ(၂၀၁၀)ဟူ၍ ငါးနှစ်ဆက် မြန်မာနိုင်ငံသို့ မုန်တိုင်းဝင်ခဲ့သည်။ သဘာဝဘေးအန္တရာယ် ကျရောက်မှုလျော့နည်းသည်ဆိုသော မြန်မာနိုင်ငံအတွက် အထူးသတိပြုစရာပင်။ ဒီနေ့ခေတ် ရာသီဥတုဖောက်ပြန်မှုက ဘယ်သူကိုမျှ၊ ဘယ်နိုင်ငံကိုမျှ ချန်မထားတော့။ ၂၀၁၀နွေတွင် တစ်နိုင်ငံလုံး ကြုံတွေ့ခဲ့ရသော ပူပြင်းခြောက်သွေ့မှုက ထိုအချက်ကို ပိုထင်ရှားစေသည်။ အနာဂတ်တွင် ဖောက်လွဲဖောက်ပြန်ရာသီဥတုနှင့် ရင်ဆိုင်ရန် အသင့်ဖြစ်အောင် ပြင်ဆင်ထားနိုင်ပါမှ အသက်ရှည်တော့မည်ဖြစ်၏။

## အချပ်ပို(E)- သင်ခန်းစာများပေးခဲ့သော ဘဏ်များ လဲပြိုမှု မှ

ဘဏ်လုပ်ငန်းပညာရှင်များနှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများက ဘဏ်တွင် ငွေအပ်နှံထားသူများအနေနှင့် ဘဏ်တစ်ခုမှာ မည်မျှအခြေအနေဆိုးဆိုး ဆုံးရှုံးစရာလုံးဝမရှိဘဲ အာမခံချက်အပြည့်ရှိကြောင်း တညီတညွတ်တည်းပြောသည်။ ဘဏ်များပြိုလဲလျှင်ပင် ဗဟိုဘဏ်က ဝင်ရောက်စီမံလုပ်ကိုင်ကာ ပေးလျော်မည်ဖြစ်၍ ငွေအပ်နှံထားသူများ ငွေပြန်မရရန် စိုးရိမ်စရာမရှိကြောင်း ၎င်းတို့က ပြောသည်။

သို့သော် ဘဏ်လုပ်ငန်းများ အောင်မြင်ရန် ပြည်သူများ၏ ယုံကြည်မှုလိုအပ်၍ ယုံကြည်မှုကို ဖျက်ဆီးသော ကောလာဟလများကို မယုံရန်လိုကြောင်း ၎င်းတို့က ဆိုသည်။ ယုံကြည်မှုလျော့နည်း၍ အပ်ထားသောငွေများ ဝိုင်းထုတ်ပြီး ဘဏ်တစ်ဘဏ်ပြိုလဲလျှင် အခြားဘဏ်များသို့ပါ ဆင့်ကဲဆင့်ကဲကူးစက်တတ်၍ ဘဏ်လုပ်ငန်းမှာ များစွာသိမ်မွေ့နက်နဲသည်။ ထို့အပြင် ကောလာဟလများ ထွက်ပေါ်စေသော မခိုင်လုံဘဲ၊ ဘက်လိုက်သည့် သတင်းရေးသား ဖော်ပြမှုများကို မီဒီယာများက မပြုလုပ်ကြရန်လိုကြောင်း ဘဏ်ပညာရှင်များကဆိုသည်။

ထိုနည်းအတိုင်းပင် ဘဏ်များနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိရန်လည်း အရေးကြီးကြောင်းလည်း ၎င်းတို့က ထောက်ပြသည်။

# ကိန်းဂဏန်းများကပြောသော ဆယ်စုနှစ်




**ပျောက်ကွယ်လာသော အာတိတ်ရေခဲပြင်**

အာတိတ်ရေခဲပြင် သိသိသာသာအရည်ပျော်လာခဲ့သည်။ ကမ္ဘာမြေထိပ်ပိုင်းမှ ရေခဲပြင်ထုထည် တဖြည်းဖြည်းဆက်လက်ကျဆင်းလာခြင်းဖြစ်သည်။ ရေခဲပြင်ဧရိယာနည်းပါးလာသဖြင့် ပိုမိုနည်းပါးသော နေရောင်ခြည် ပမာဏကို အလင်းပြန်စေမည်ဖြစ်၍ ကမ္ဘာကြီး ပိုမိုပူနွေးမည့်ဆီသို့ ဦးတည်စေနိုင်ကြောင်း သိပ္ပံပညာရှင်များကပြောသည်။




**မြေလှန်ပစ်ရန်ခက်ခဲသော ဘိန်းစိုက်ပျိုးမှု**

အာဖဂန်နစ္စတန်နိုင်ငံရှိ ခရိုင်ပေါင်း ၃၄ ခရိုင်အနက် ခရိုင် ၉ ခရိုင်တွင် ဘိန်းစိုက်ပျိုးလျက်ရှိသည်။ ဘိန်းစိုက်ပျိုးခြင်းအပေါ် မဟာမိတ်များ၏ ထိန်းချုပ်ရန်ကြိုးစားအားထုတ်မှုမှာလည်း စိတ်ပျက်ခဲ့ရသည်။



**အမေရိကန်ကာကွယ်ရေး အသုံးစရိတ်**

အမေရိကန်စစ်ဘက်အသုံးစရိတ်သည် လက်ရှိတွင် နိုင်ငံပေါင်း ၂၀ ကျော်၏ ကာကွယ်ရေးအသုံးစရိတ် စုစုပေါင်းထက် ပိုများသည်။



**အကျဉ်းသားအရေအတွက်**

အခြားမည်သည့်နိုင်ငံထက်မဆို အမေရိကန်နိုင်ငံတွင် အကျဉ်းသားအရေအတွက်ပိုများသည်။ အရွယ်ရောက်ပြီးသူ ၁၀၀ လျှင် တစ်ယောက်မက ထောင်ထဲတွင်ရောက်နေရာ ၂၀၀၈ ခုနှစ်တွင် ၎င်းတို့အတွက် ကန်ဒေါ်လာ ၅၂ ဘီလီယံကုန်ကျခဲ့သည်။






**လက်ကိုင်ဖုန်းပေါ်များလာခြင်း**


အိန္ဒိယ လက်ကိုင်ဖုန်းဈေးကွက်သည်ကမ္ဘာ့အကြီးဆုံးဈေးကွက်တစ်ခုဖြစ်ပြီး နိုင်ငံ၏ ကျေးလက်ဆင်းရဲသားများအတွက် ဖြစ်နိုင်ခြေအသစ်များဖန်တီးပေးနေသည်။





**တရုတ်နိုင်ငံ၏ အင်တာနက်အသုံးပြုမှု**

ဆင်ဆာဖြတ်မှုနှင့် စောင့်ကြည့်မှုများရှိသော်လည်း တရုတ်နိုင်ငံတွင် အင်တာနက်အသုံးပြုသူ တစ်ဟုန်ထိုးမြင့်တက်လာသည်။ လူဦးရေ၏ ၃၀ ရာခိုင်နှုန်း အွန်လိုင်းအသုံးပြုကြသည်။





## ဆယ်စုနှစ်ကိုလွှမ်းမိုးခဲ့သော ပုဂ္ဂိုလ်များ

**ဘီလ်ဂိတ် (ဘီလ်နှင့် မလင်ဒါဂိတ်စ် ဖောင်ဒေးရှင်းတည်ထောင်သူ)**




ဘီလ်ဂိတ်သည် တစ်ကိုယ်ရေသုံးကွန်ပျူတာ နည်းပညာအစောပိုင်းကပင် နည်းပညာလုပ်ငန်းများအပေါ်တွင် များစွာဩဇာကြီးမားခဲ့သူဖြစ်ပြီး ယခုနောက်ပိုင်း မိုက်ခရိုဆော့ဖ်ကော်ပိုရေးရှင်းမှ အနားယူပြီးချိန်မှာပင် ယင်းလုပ်ငန်းအပေါ်တွင် ဩဇာကြီးမားနေဆဲဖြစ်သည်။

မစ္စတာဂိတ်သည် ၂၀၀၈ ခုနှစ်တွင် မိုက်ခရိုဆော့ဖ်ကုမ္ပဏီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခဲ့ပြီး Bill and Melinda Gates ဖောင်ဒေးရှင်းကို ထူထောင်ခဲ့သည်။ ယင်းဖောင်ဒေးရှင်းမှာ ကမ္ဘာအကြီးဆုံး ပရဟိတအလှူရှင်အဖွဲ့ကြီးဖြစ်ပြီး အဖွဲ့ကြီး၏ ရည်မှန်းချက်မှာ ဖွံ့ဖြိုးဆဲကမ္ဘာကို နှိပ်စက်နေသော ကြိုတင်ကာကွယ်နိုင်သည့် ရောဂါဘယများ ပပျောက်သွားရေးဖြစ်သည်။ ရောဂါဘယများကို သုတေသနပြုရန်နှင့် တားဆီးရန် သိပ္ပံနှင့် နည်းပညာများကို ဖောင်ဒေးရှင်းက အဓိကအသုံးချသည်။ လူအသေအပျောက်များသော ရောဂါဘယများကို ၎င်းတို့ ဖောင်ဒေးရှင်းက တိုက်ဖျက်သွားနိုင်မည်ဟု မစ္စတာဂိတ်က မျှော်လင့်ထားသည်။

ဘီလ်ဂိတ်ကို မိုက်ခရိုဆော့ဖ်ကော်ပိုရေးရှင်းကို တည်ထောင်သူအဖြစ်သာမက ဩဇာကြီးမားသော ကရုဏာရှင်အဖြစ်လည်း ဆယ်စုနှစ်က အမှတ်ရနေမည်ဖြစ်သည်။

**ဆာဂျီဘရိုင်ယန်နှင့် လယ်ရီပေ့ဂျ် (ဂူးဂဲလ်ကို တည်ထောင်သူများ)**



ကမ္ဘာပေါ်တွင် ဝင်ရောက်ကြည့်ရှုသူအများဆုံး ဝက်ဘ်ဆိုက်၊ ကမ္ဘာပေါ်တွင် အကောင်းဆုံးအလုပ်ရှင်၊ ကမ္ဘာပေါ်တွင် ဩဇာအရှိဆုံး အမှတ်တံဆိပ်စသည့်ဂုဏ်ပုဒ်များကို ပိုင်ဆိုင်ထားပြီး "မကောင်းတဲ့စိတ် မမွေးနဲ့" ဟူသောစကားအား ကုမ္ပဏီ၏ ကြွေးကြော်သံအဖြစ် ရယူထားသော ဂူးဂဲလ်ကုမ္ပဏီကို တည်ထောင်သူများဖြစ်သည်။

**စာမျက်နှာ(k)သို့**

စာမျက်နှာ( ၂ ) ဆယ်စုနှစ်ကိုလွှမ်းမိုးခဲ့သော ပုဂ္ဂိုလ်များ မှ

လူပေါင်းများစွာအတွက် အင်တာနက်ဆိုသည်မှာ ဂူးဂဲလ်ပင်ဖြစ်သည်။ ၎င်းတို့အတွက် ဂူးဂဲလ်ဆိုသည်မှာ ကမ္ဘာလုံးဆိုင်ကွန်ရက်ကြီးကို ဝင်ရောက်ရန် တံခါးပေါက်ဖြစ်သည်။ အင်တာနက်ရှာဖွေရေးအင်ဂျင် ဂူးဂဲလ်အား စတန်းဖို့တက္ကသိုလ်ကျောင်းသားများဖြစ်သော ဆာဂျီဘရိုင်ယန်နှင့် လယ်ရီပေ့ဂျ်တို့က ၁၉၉၈ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ဂူးဂဲလ်က အင်တာနက်အား လုံးလုံးလွှမ်းမိုးထားခဲ့သည်။

## ဟူကျင်တောင် (တရုတ်သမ္မတ)



တရုတ်သမ္မတ ဟူကျင်တောင်သည် ဝန်ကြီးချုပ်ဝမ်ကြားပေါင်နှင့်အတူ တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စဉ်ဆက်မပြတ် ဖြစ်ပေါ်ရေးကို ဆယ်စုနှစ်တစ်ခုဦးဆောင်ခဲ့သူဖြစ်ပြီး တရုတ်နိုင်ငံအား ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်လာရန် ဦးဆောင်ခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးရာထူးကို ၂၀၀၂ ခုနှစ်ကပင် ရယူထားခဲ့ပြီး ၂၀၀၃ ခုနှစ်မှစ၍ တရုတ်နိုင်ငံ၏ သမ္မတအဖြစ် ဦးဆောင်ခဲ့သည်။ တရုတ်နိုင်ငံတွင် ဩဇာကြီးမားသော ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌရာထူးကိုလည်း ၂၀၀၄ ခုနှစ်ကပင် ရရှိခဲ့ပြီး တရုတ်ကွန်မြူနစ်ပါတီ၏ စတုတ္ထမျိုးဆက်ခေါင်းဆောင်ပိုင်းကို ဦးဆောင်နေသူဖြစ်သည်။

မစ္စတာဟူကျင်တောင်သည် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွင် ရှေးရိုးဆန်သော်လည်း နိုင်ငံခြားရေးပေါ်လစီတွင် တရုတ်နိုင်ငံ၏ ငြိမ်းချမ်းသော ဖွံ့ဖြိုးတိုးတက်မှုဟူသော ပေါ်လစီကိုချမှတ်၍ နိုင်ငံတကာ ဆက်ဆံရေးတွင် ပါဝါအပျော့ကို အသုံးပြုခဲ့သည်။ မစ္စတာဟူကျင်တောင်၏ လက်ထက်မှာပင် အာဖရိကတိုက်၊ လက်တင်အမေရိကနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တရုတ်နိုင်ငံ၏ ဩဇာအလွန်ကြီးမားလာခဲ့သည်။

## ဂျော့ချ်ဒဗလျူဘုရှ် (အမေရိကန်ပြည်ထောင်စု၏ ၄၃ ယောက်မြောက် သမ္မတ)

အမေရိကန်နိုင်ငံ တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ဖြင့် ၂၀၀၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲကို အနိုင်ရရှိ၍ အမေရိကန်၏ ၄၃ ယောက်မြောက် သမ္မတဖြစ်လာခဲ့သူ ဂျော့ချ်ဒဗလျူဘုရှ်သည် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုဖြစ်ပေါ်ခဲ့ပြီးနောက် အမေရိကန်၏ တုံ့ပြန်မှုကို ဦးဆောင်ခဲ့သူဖြစ်သည်။ အာဖဂန်နစ္စတန်စစ်ပွဲကို စတင်ရန် အမိန့်ပေးခဲ့သူဖြစ်ပြီး ၂၀၀၃ ခုနှစ်တွင် အီရတ်ကို ကျူးကျော်ရန် အမိန့်ပေးခဲ့သူလည်း ဖြစ်သည်။

သမ္မတဘုရှ်လက်ထက်တွင် အမေရိကန်နိုင်ငံသည် နိုင်ငံတကာသဘောတူညီချက် အများအပြားမှ နုတ်ထွက်ခဲ့ပြီး ကမ္ဘာကြီးပူနွေးမှုနှင့်ပတ်သက်၍ ချုပ်ဆိုထားသည့် ကျိုတိုသဘောတူညီချက်မှ နုတ်ထွက်ခဲ့ခြင်းမှာ မှတ်မှတ်ရရ ဖြစ်ခဲ့သည်။

အီရတ်စစ်ပွဲနှင့် အာဖဂန်နစ္စတန်စစ်ပွဲကို စတင်ခဲ့သူဖြစ်သော်လည်း ၂၀၀၅ ခုနှစ် အမေရိကန်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည် ကက်ထရီနာမုန်တိုင်းကိုင်တွယ်မှုတွင် အကြီးအကျယ်ဝေဖန်ခံခဲ့ရသည်။

ဂျော့ခ်ဒဗလျူဘုရှ်အား တိုင်းမ်မဂ္ဂဇင်းက တစ်နှစ်အတွင်း အကျော်ကြားဆုံး ပုဂ္ဂိုလ်အဖြစ် ၂၀၀၀ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်တွင် ရွေးချယ်ခဲ့သည်။

## ရူးပက်မားဒေါ့ (News Corp ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်)



ရူးပက်မားဒေါ့သည် ကမ္ဘာ့ဒုတိယအကြီးဆုံး မီဒီယာ လုပ်ငန်းအုပ်စုကြီး News Corp ကို တည်ထောင်သူ၊ ရှယ်ယာအများဆုံးပိုင်ရှင်၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်ရာ ၎င်းအားဆယ်စုနှစ်စာရင်းမှ လျစ်လျူရှုထားရန် မဖြစ်နိုင်ပေ။ ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ် ၁၀၀ စာရင်းတွင် မပါဝင်သော်လည်း ကမ္ဘာပေါ်ရှိမည်သူမဆို ၎င်း ပုံနှိပ်ထုတ်ဝေသော စာစောင်တစ်ခုကို မကြည့်ရှုမိဘဲနေရန်မှာ ခက်ခဲလွန်းပါသည်။

အမေရိကန်၊ ဗြိတိန်၊ ကနေဒါ၊ ဩစတြေးလျနှင့် အခြား ကမ္ဘာ့နိုင်ငံများတွင် တယ်လီဗေးရှင်းလုပ်ငန်းများ၊ သတင်းစာများ၊ ပုံနှိပ်လုပ်ငန်းများစွာကို ထိန်းချုပ်ထားသူ မီဒီယာသူဌေးကြီးသည် ယခု ဆယ်စုနှစ်အတွင်း လူပေါင်းများစွာ၏ သဘောထားအမြင်ကို ပြောင်းလဲနိုင်စွမ်းရှိသူအဖြစ် ရှုမြင်ရမည်ဖြစ်သည်။

စာမျက်နှာ(L)မှ

# ဆယ်စုနှစ်ကို ဝါးမျိုခဲ့သော အဖြစ်အပျက်များ




Facebook၊ Twitter၊ MySpace၊ Xanga စသည့် လူမှုကွန်ရက်ဝက်ဘ်ဆိုက်များမှာလည်း ၂၀၀၀ ပြည့်လွန်နှစ်များကို ပုံသွင်းနေသည့် ခေတ်သစ်ပုံဆောင်မှုများဖြစ်လာခဲ့ပြီဖြစ်သည်။

### (၆) အိုဘားမား အမေရိကန်နိုင်ငံ၏ ပထမဦးဆုံးလူမည်းသမ္မတဖြစ်လာခြင်း



၁၈၆၃ ခုနှစ်အထိ ကျွန်စနစ်ကို မဖျက်သိမ်းသေးသည့် အမေရိကန်နိုင်ငံတွင် လူမျိုးရေးခွဲခြားမှုများ ၁၉၀၀ ပြည့်လွန်နှစ်များအထိ ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ ထောင်စုနှစ်သစ်တွင်မူ လူမျိုးရေးခွဲခြားဆက်ဆံမှုများ အပြုသဘောဆောင်လာခြင်းနှင့်အတူ ဟာဝိုင်အီကျွန်းစုတွင် မွေးဖွားခဲ့ပြီး ကိုလံဘီယာနှင့် ဟားဗတ်တက္ကသိုလ်တို့တွင် ပညာသင်ယူခဲ့သော အီလီနွိုက်ပြည်နယ်၊ လူမည်းလွှတ်တော်အမတ် ဘားရက်အိုဘားမားသည် ဒီမိုကရက်တစ်ပါတီအား ကိုယ်စားပြု၍ အမေရိကန်နိုင်ငံ၏သမ္မတဖြစ်လာခြင်းမှာ ကမ္ဘာကြီးကို ဖမ်းစားခဲ့သည့်အဖြစ်အပျက်ဖြစ်သည်။

### (၇) အမေရိကန်ပြည်ထောင်စုတွင် ကက်ထရီနာမုန်တိုင်း ဝင်ရောက်ခြင်း



၂၀၀၅ ခုနှစ် ဩဂုတ်လတွင် အမေရိကန်နိုင်ငံ အရှေ့တောင်ပိုင်းကမ်းခြေဒေသများသို့ Category 5 ဟာရီကိန်းမုန်တိုင်းကက်ထရီနာဝင်ရောက်ခဲ့ခြင်းကြောင့် စုစုပေါင်း ကန်ဒေါ်လာ ၈၉ ဒသမ ၆ ဘီလီယံဖိုးခန့် ပျက်စီးဆုံးရှုံးသည်ဟု ခန့်မှန်းခဲ့ပြီး အလာဘားမား၊ ဖလော်ရီဒါ၊ ဂျော်ဂျီယာ၊ အိုဟိုင်းယိုး၊ မစ္စစ္စပီ၊ လူဝီစီယားနားပြည်နယ်များတွင် လူအသေအပျောက်ဖြစ်ပေါ်ခဲ့သည်။ လူသေဆုံးမှုမှာ ၁၈၃၆ ဦးသာရှိခဲ့သော်လည်း မုန်တိုင်းဝင်ရောက်ပြီး ငါးနှစ်ရှိလာသည့်အချိန်မှာပင် ယာယီနေအိမ်များတွင် နေထိုင်နေရသူများ ထောင်နှင့်ချီ၍ ရှိနေဆဲဖြစ်သည်။

### (၈) ကမ္ဘာ့စူပါ ပါဝါအဖြစ် တရုတ်နိုင်ငံ ပေါ်ထွက်လာခြင်း

ထောင်စုနှစ်လွန်နှစ်များကို မှတ်မှတ်ရရရှိနေမည်ဆိုပါက တရုတ်နဂါးကြီး အိပ်ပျော်နေရာမှ လူးလွန့်နိုးထလာခဲ့ပြီး ကမ္ဘာ့စီးပွားရေးအခင်းအကျင်းကို မမှတ်မိနိုင်လောက်အောင် ပြောင်းလဲစေခဲ့သည်ဟူသောအချက်လည်း ပါဝင်ရမည်ဖြစ်သည်။


တရုတ်နိုင်ငံသည် ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍတွင် ဘီလူးကြီးဖြစ်လာပြီး တရားဝင်ကမ္ဘာ့ဒုတိယအကြီးမားဆုံးစီးပွားရေးနိုင်ငံဖြစ်လာခဲ့ပြီဖြစ်ရာ စူပါပါဝါနေရာတစ်နေရာပင် တောင်းဆိုနိုင်သည့် အနေအထားရရှိလာပြီဖြစ်သည်။

### (၉) iPod မှ စတင်ခဲ့သည့် နည်းပညာပစ္စည်းများ



ယနေ့ တွေ့မြင်နေရသော iPod များသည် Apple အမှုဆောင်အရာရှိချုပ်က ၂၀၀၁ခုနှစ် အောက်တိုဘာ ၂၃ရက်နေ့တွင် စတင်မိတ်ဆက်ခဲ့သည့် မူရင်းမှ အတန်ငယ်ကွာခြားလာပေပြီ။ နည်းပညာပစ္စည်းများ၏ အနာဂတ်မှာ မှန်းဆကြည့်ရန်ပင် ခက်ခဲပြီး လက်တွေ့ဘဝများကို ထင်ဟပ်နိုင်မည်လားဆိုသည်မှာ မေးခွန်းထုတ်စရာ ဖြစ်နေသည်။

### (၁၀) အရှေ့အလယ်ပိုင်းနှင့်မြောက်အာဖရိက ကန့်ကွက်ဆန္ဒပြမှုများ



၂၀၁၀ ပြည့်နှစ်ကုန်ပိုင်းကာလတွင်စတင်ဖြစ်ပေါ်ခဲ့သည့်အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက ကန့်ကွက်ဆန္ဒပြမှုများအား အာရပ်ကမ္ဘာ၏ နွေဦးရာသီဟု ရည်ညွှန်းကြသည်။ တူနီးရှားနိုင်ငံမှစတင်ခဲ့သော ကန့်ကွက်ဆန္ဒပြမှုများကြောင့် တူနီးရှားခေါင်းဆောင်၊ အီဂျစ်ခေါင်းဆောင်များပြုတ်ကျခဲ့ခြင်းနှင့်အတူ လစ်ဗျားနိုင်ငံ၌ သမိုင်းတွင်လောက်သည့် အဖြစ်အပျက်များ ဖြစ်ပေါ်လာစေခဲ့သည်။ အယ်ဂျီးရီးယား၊ ဘာရိန်း၊ အီရန်၊ အီရတ်၊ ဂျော်ဒန်၊ အိုမန်၊ ယီမင်နိုင်ငံတို့တွင် ကြီးမားသော ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပေါ်လာစေခဲ့သည်။ ကူဝိတ်၊ မော်ရီတာနီးယား၊ မော်ရိုကို၊ ဆော်ဒီအာရေးဗီးယား၊ ဆိုမာလီယာ၊ ဆူဒန်နှင့် ဆီးရီးယားနိုင်ငံတို့တွင် သေးငယ်သောအဖြစ်အပျက်လှုပ်ရှားမှုများဖြစ်ပေါ်စေခဲ့သည်။ အာရပ်နွေဦး မည်မျှကြာမြင့်မည်နည်းဆိုသည်ကိုမူ. . . ။

*—Ref: Internet/Wikipedia*

7DAY NEWS JOURNAL
Vol.10, No.1 · MARCH 10 , 2011

# ဆယ်စုနှစ်ကို ဝါးမျိုခဲ့သော အဖြစ်အပျက်များ

**ဆယ်နှစ်ဟူသော အချိန်ကာလတစ်ခုဖြတ်သန်းခဲ့ပြီးပါက ကမ္ဘာ့အဖြစ်အပျက်များကို ပြန်လည်ငဲ့စောင်းကြည့်လျှင် မြင်ကွင်းအချို့မှာ မှုန်ပျပျသာမြင်နိုင်တော့မည်ဖြစ်သော်လည်း အချို့သောမြင်ကွင်းများမှာမူ သတိမပြုမိ မနေနိုင်အောင် ရုပ်တည်ထင်ရှားဖြစ်တည်မှုများလည်းရှိခဲ့သည်။**



### (၁) စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု

လူတစ်ယောက်၏ ဘဝတစ်လျှောက်တွင် မိမိမည်သူနှင့် ဘာတွေလုပ်ခဲ့သနည်း၊ ဘယ်ကိုဦးတည်သွားမည်နည်း ဆိုသည်ကို ပုံဖော်ပေးသောအခိုက်အတန့်များရှိပါသည်။ ထို့အပြင် အချို့အခိုက်အတန့်များမှာ လူတစ်စုကိုသာမက တစ်နိုင်ငံလုံးကိုပါထိခိုက်သည်။ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်နေ့တွင် အမေရိကန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပေါ်ခဲ့သည့်အချိန်မှာ ယင်းကဲ့သို့သောအခိုက်အတန့်ဖြစ်သည်။

ယင်းတိုက်ခိုက်မှုများဖြစ်ပေါ်ပြီး တစ်လမပြည့်သေးခင်မှာပင် အမေရိကန်နိုင်ငံက အာဖဂန်နစ္စတန်စစ်ပွဲကိုစတင်ခဲ့သည်။

၉/၁၁ တိုက်ခိုက်မှုဖြစ်ပေါ်ပြီး မကြာမီ တိတိကျကျဆိုရသော် ၄၅ ရက်အတွင်းမှာပင် အမေရိကန်၌ မျိုးချစ်ဥပဒေ (The Patriot Act)ကို ပြဋ္ဌာန်းခဲ့ပြီး အမေရိကန်အစိုးရ၏ သတင်းစုဆောင်းခြင်း၊ ငွေကြေးလွှဲပြောင်းမှုကို စည်းမျဉ်းသတ်မှတ်ခြင်းနှင့် ရွှေ့ပြောင်းနေထိုင်သူများအား အကြမ်းဖက်မသင်္ကာသူများအဖြစ် ထိန်းသိမ်းရာတွင် ပြောင်းလဲမှုများရှိလာခဲ့သည်။

ယင်းစည်းလုံးညီညွတ်မှုများကို အခြေတည်၍ အီရတ်စစ်ပွဲလည်းဖြစ်ပေါ်ခဲ့သည်။ အီရတ်စစ်ပွဲမှာ နောက်ပိုင်းတွင် အီရတ်ပြည်သူများက ဘဝနှင့်ရင်း၍ပေးဆပ်နေရသည့် အမေရိကန်ဆွဲ့ခန်း တယ်လီဗေးရှင်းစစ်ပွဲအဖြစ်သာ ရုပ်တည်နေခဲ့သည်။ ဆယ်စုနှစ် တစ်ခုကြာမြင့်ခဲ့ပြီဖြစ်သော်လည်း အီရတ်နှင့် အာဖဂန်နစ္စတန်ပြည်သူများမှာ ၎င်းစစ်ပွဲများ၏ဒဏ်ကို ခါးစည်း၍ခံစားနေကြရဆဲ ဖြစ်သည်။

### (၂) ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဆုတ်ယုတ်မှု



၂၀၀၉ခုနှစ်အတွင်းက အမေရိကန်နိုင်ငံတွင် စတော့ဈေးကွက်များ စတင်ပြိုဖြစ်ကြောင်း အချက်ပေးခေါင်းလောင်းသံပေါ်ထွက်လာပါက ယင်းအသံကြောင့် ထိတ်လန့်မှုဖြစ်ပေါ်သလို စိတ်အားတက်ကြွလာသူများလည်းရှိသည်။ ထိတ်လန့်ခြင်းမှာ စီးပွားရေးဆုတ်ယုတ်မှုသည် ကမ္ဘာတစ်ဝန်းပျံ့နှံ့သွားပြီး ကမ္ဘာ့အစွန်အဖျားနေရာများမှာပင် စီးပွားပျက်ကပ်ဒဏ်ကို ခံစားနေရသည်ဟူသော အသိကြောင့်ဖြစ်သည်။ စိတ်အားတက်စရာမှာ ခေါင်းလောင်းသံ မြည်ဟည်းလာ၍ စတော့ဈေးကွက် စတင်လည်ပတ်ပြီ၊ စီးပွားရေးလုပ်ငန်းများ၏ ရွေ့လျားမှုသည် လားရာတစ်ခုတည်းကိုသာ ဦးတည်ရမည်၊ အထက်သို့သာဟူသော အသိကြောင့်ဖြစ်သည်။

သို့ဖြစ်စေကာမူ ယင်းအခြေအနေက ကမ္ဘာ့ဈေးကွက်များပြိုလဲခြင်းကို မကာကွယ်နိုင်ခဲ့ပေ။ ချမ်းသာသောနိုင်ငံများတွင် အလုပ်လက်မဲ့ များပြားလာခြင်းကို ရင်ဆိုင်ရသလို၊ ဆင်းရဲသည့် နိုင်ငံများတွင် နိုင်ငံသားများအား ကျွေးမွေးရေးအတွက် ရုန်းကန်နေရသည်။ ယင်းအခြေအနေမှာ ယခုအချိန်အထိ မှန်ကန်နေဆဲ။

### (၃) အိန္ဒိယသမုဒ္ဒရာဆူနာမီ



၂၀၀၄ ခုနှစ် ခရစ္စမတ်နေ့အလွန်ရက်မှာ တည်ငြိမ်အေးဆေးနေသယောင်ထင်ရသည်။ ရုတ်တရက်ဆိုသလို သတင်းဌာနအားလုံးက အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပေါ်ခဲ့သည့် ၉ ဒသမ ၃ ပြင်းအားရှိ မြေငလျင်၏ ကြောက်မက်ဖွယ်ရာပုံရိပ်များကို တစ်ပြိုင်နက်တည်း ထုတ်လွှင့်ပြသကြတော့သည်။ မြေငလျင်ကြောင့် အိန္ဒိယသမုဒ္ဒရာတွင် ပေ ၈၀ အမြင့်လှိုင်းလုံးကြီးများဖြစ်ပေါ်လာခဲ့ပြီး အန္တာတိကနှင့် ဂျပန်နိုင်ငံအထိပါ ရိုက်ခတ်ခဲ့သည်။

သမိုင်းတွင် အဆိုးရွားဆုံး ဆူနာမီဟု မှတ်တမ်းတင်ခဲ့ရပြီး လှိုင်းလုံးကြီးများသည် ကုန်းတွင်းသို့ တစ်မိုင်နှင့် တစ်မိုင်ခွဲခန့်အထိဝင်ရောက်ခဲ့သည်။ ဆူနာမီဒဏ် အဓိကခံစားရသောနိုင်ငံများမှာ အင်ဒိုနီးရှား၊ ထိုင်း၊ အိန္ဒိယ၊ မော်လ်ဒိုက်၊ သီရိလင်္ကာ၊ မြန်မာ။ တရားဝင် ကိန်းဂဏန်းများအရ သေဆုံးသည့်လူဦးရေ စုစုပေါင်းမှာ ၂၇၆,၈၅၆ ဦး၊ အချို့ကလည်း ထိုထက်ပိုများသည်ဟု ခန့်မှန်းကြသည်။ လူပေါင်းနှစ်သန်းမှာ အိုးပစ်အိမ်ပစ်ရွှေ့ပြောင်းနေထိုင်ကြရသည်။ ကမ္ဘာတစ်ဝန်းနိုင်ငံအသီးသီးမှ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးခဲ့မှုသည် ကန်ဒေါ်လာ ၇ ဘီလီယံကျော်ခဲ့သည်။ ဆူနာမီဒုက္ခသည်များမှာ ယခုအချိန်ထိ နာလန်ထူလာပြီဟုမဆိုသာ။

### (၄) စီချွမ်ငလျင်နှင့် ဟေတီငလျင်



၂၀၀၈ ခုနှစ် တရုတ်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၉ ရစ်ချ်တာစကေးရှိ စီချွမ်ပြည်နယ်ငလျင်ကြောင့် လူပေါင်း ၆၉,၀၀၀ နီးပါးသေဆုံးခဲ့ပြီး ၁၈,၀၀၀ ပျောက်ဆုံးကာ ၃၇,၀၀၀ ဒဏ်ရာရရှိခဲ့သည်။ ငလျင်ကြောင့် လူဦးရေ ၄ ဒသမ ၈ သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်ရန် သုံးနှစ်အတွင်း ယွမ်ငွေတစ်ထရီလီယံ (ကန်ဒေါ်လာ ၁၄၆ ဘီလီယံ) အသုံးပြုသွားမည်ဟု အစိုးရက ကတိပြုထားသည်။

၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁၂ ရက်နေ့ ဟေတီနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ပြင်းအား ၇ ရစ်ချ်တာစကေးရှိ မြေငလျင်ကြောင့်လည်း လူပေါင်းသုံးသိန်းကျော်သေဆုံးပြီး သုံးသိန်းကျော်ဒဏ်ရာရရှိခဲ့သည်။ လူပေါင်းတစ်သန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ဆင်းရဲသောနိုင်ငံအား နိုင်ငံတကာမှအကူအညီများပေးရေး ကတိကဝတ်ပြုခဲ့ကြသော်လည်း ဟေတီနိုင်ငံတွင် ဘဝပေါင်းများစွာ လမ်းဘေး၌ နုံချာစုတ်ပြတ်နေဆဲပင်။

### (၅) အင်တာနက်သတင်းဖြန့်ချိရေး၊ လူမှုကွန်ရက်များ တွင်ကျယ်လာမှု



ယခု ဆယ်စုနှစ်အတွင်းမှာပင် အူကြောင်ကြောင် ကောလိပ်ကျောင်းသားများနှင့် အဆောင်တွင် ပျင်းပျင်းနှင့် ၎င်းတို့တီထွင်ခဲ့သော မော်ပညာများလွှမ်းမိုးလာသည်ကိုတွေ့မြင်ရသည်။ ၁၉၉၈ ခုနှစ် မတိုင်မီက Google ဟုပြောလိုက်လျှင် တိရစ္ဆာန်တစ်ကောင်၏ အမည်လား၊ ရေခဲသုပ်တစ်မျိုး၏အမည်လား မကွဲပြားခဲ့သော်လည်း နောင် ၁၂နှစ် ကြာမြင့်ပြီးနောက်တွင် Google ဆိုသည်မှာ အင်တာနက်မှ လိုရာရှာဖွေပေးနိုင်သော ကမ္ဘာ့အကောင်းဆုံးကုမ္ပဏီတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ပေပြီ။

စာမျက်နှာ(K)သို့